City MAGAZINE

Vol- 248, 2017

မြန်မာ့စီးပွားရေးကို ဧရာင်းပေးမယ်ဆိုရင်





City MAGAZINE

VOL - 248, 2017

အယ်ဒီတာချုပ်

ကိုရာဇာ

အမှုဆောင်အရာရှိ

စောလှဦး

အကြံပေးအယ်ဒီတာ

ဖိုးမောင်သက်

အယ်ဒီတာ

ကိုစော(ပထဝီဝင်)

စာပြင်

သင်မိုးနီ၊ အောင်ကျော်

မျက်နှာပုံးနှင့်အတွင်းဒီဇိုင်း

MOE-Z

စာစီစာရိုက်

မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ

သန့်စင်

ပန်းချီသရုပ်ဖော်

အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ပုံနှိပ်ထုတ်ဝေသူ

ဦးသစ္စာ

ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်

မြို့တော်ပုံနှိပ်တိုက်မြေ(၀၀၅၈၃)

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး

ကျော်မင်းထိုက်၊ အောင်မျိုးသန့်

ဖုန်း - ၀၉၂၅၄၂၃၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖုန်း ၀၁-၅၁၃၆၇၀၊

ဖက်(စ်) ၀၁-၅၁၃၆၂၆

Email: yangoncitynews@gmail.com

တန်ဖိုး

၂၀၀၀ ကျပ်

အုပ်ရေ

၂၀၀၀

City MAGAZINE

VOL : 248, 2017

CONTENTS

4 **EDITORIAL NOTE**

POEM

5 သာစွရဂုံ မိဂဒါဝုန် မြင်းမူမောင်နိုင်မိုး

6 ရုပ်ဓမ္မ မောင်စိမ်းနောင်(လယ်ဝေး)

7 ပြည်ထောင်စုသား ကျော်စောဟန်

8 ထိန်းသိမ်းရမည့်အမွေ မောင်လွမ်းနိုင်(စံပယ်ငုံ)

24 ဝေရောစန ကျောက်စိမ်းစေတီ တင့်ထွန်း(ချောက်)

25 ကိုယ်ပိုင်အလင်းနှင့် သစ္စာရှင် မင်းသစ်ဝင်း(ကျောက်တံခါး)

26 နောင်ထုံး၏ အခြားတစ်ဖက် မင်းသွေးနွယ်(ဂီးကုန်း)

82 မြန်မာ့ဝါဆိုလ မင်းမောင်နွယ်(မွန်ဌာနီ)

83 ပြောင်းလဲပြုပြင် မြို့တော်တစ်ခွင် ဝိုင်းမောင်(မာန်အောင်)

84 သူများအကြောင်း၊ ကိုယ့်အကြောင်း စောငယ်ငယ်

CARTOON

9 မောင်မောင်ထွေး 10 လေနီကြမ်း 11 မောင်မောင်ညွှတ်

12 ဖြူးလေး 13 ရွှေကိုဦး 48 လင်းအောင် 49 ကျော်ကိုကို

50 ကိုထွဋ် 118 စိစိတီဇို 131 ရန်ကြီးအောင်

COVER ESSAY

27 မြန်မာ့စီးပွားရေးကို ဇောင်းပေးမယ်ဆိုရင် ဇော်ဟိန်း

CITY ARTICLE

14 တော်ကာကျတဲ့ ပြည်တော်သာမူဝါဒ ကိုကော်

37 အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်များအကြောင်း ကိုစော(ပထဝီဝင်)

RELIGION

20 စကြာမာရ်အောင် ဘွဲ့တော်ဆောင်
ဆဲတော်ကြို စိန်ရောင်ခြည်စေတီတော် မောင်မြတ်မွန်(ဆူးလေ)

51 စုဒ္ဓသမ(၁၄)ပါးမြောက် တိဝိဋ္ဌကဓရ တိဝိဋ္ဌကကောဝိဒ
ဓနတိုင်းရင်းသား ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝိရိယနန္ဒ(နောင်ချို)၏
တိဝိဋ္ဌကဂုဏ်ဟူဏ ကံညွန့်လှိုင်(တောင်ကြီး)

EXPERIENCE ESSAY

69 နှုတ်စည်း မကျေးဥ





ARTICLE

77 ရုပ်ရှင်ခေတ်ဦးမှသည် အနာဂတ်ရုပ်ရှင်ခေတ်ဆီသို့ (အပိုင်း-၁) သိပ္ပံစာရေးဆရာကိုကိုအောင်

102 လူတိုင်းသိသင့်သော မြေဆီလွှာရှိ အက္ကဏိဝများမှ အပင်များအပေါ် အကျိုးသက်ရောက်မှု ဒေါ်သက်သက်ထူး

115 သိမှတ်ဖွယ်ရာ ခန္ဓာကိုယ်မှာ ပေါက်ပေါက်

OPINION

55 ရှင်သန်ခြင်းရသ ထူးကြီးမြင့်ကျော်ကျော်

EXTRAORDINARY

89 ဂင်းနက်စ်မှတ်တမ်းများ ကိုခန့်(သုတေသန)

TRANSLATE

61 ကျက်သရေရှိစွာ "အို" ကြပါ ဘနင်း

PHOTO

106 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ သန့်စင်

CELEBRITY

119 *Celebrity and Showbiz* ကိုသားကြီး

SHORT STORY

31 ၂၁ရာစုအကြို ဦးနှောက်များ မစန္ဒာ

42 သားနဲ့မဟုတ်ဘူး အဖေနဲ့ သောင်းဝေဦး

65 လောကသဲသရာမှာလေ မုဒုံ-သုမန်

76 အီးမေးလ်(ဝါ) အီးစာ ကိုဇော်

85 ကျွန်မနာမည် ညိုမ မြမြလိုင်

93 မနှောင်းသောနှောင်တ မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆု၇)

110 အညာရတို့၏ မိုးကောင်းကင် အောဘုန်းခေတ်

123 မချစ်ဆေး ရဲမြတ်တင်

136 အမေ ကျေနပ်နိုင်ပါစေ မြနင်းဝေအောင်

YOUTH

132 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် ကိုစော(ပထဝီဝင်)

JOKE

60, 68, 72, 81, 88, 101, 105, 114, 130 မောင်သိဟ

HEALTH

73 အစာအသောက်နှင့် နီးနွယ်ဖြစ်တတ်သော ကင်ဆာများကို ကာကွယ်ပါ ဒေါက်တာမြင့်သန်းထွန်း

LONG STORY

144 ပုန်းကွယ်သူတို့ ပေါ်လိမ့်မယ် ဆင်ဖြူကျွန်းအောင်သိန်း











ရှေးဦးစကား

မင်္ဂလာပါ။ City Magazine-248 အတွက် ရှေးဦးစကားဆိုချင်ပါသည်။ တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာဆိုသလို၊ ထုတ်ဝေသူ၊ စာရေးသူများ၏ ရင်တွင်းဖြစ်စေတနာဖြင့် မဂ္ဂဇင်းထွက်နိုင်အောင် အားထုတ်ခဲ့ရသလို၊ စာဖတ်သူများ၏ မေတ္တာဖြင့် အားပေးမှုကြောင့် အစဉ်အလာမပျက် ထုတ်ဝေနိုင်ခြင်း ဖြစ်ပါသည်။

ယခုလထုတ် City Magazine-248 တွင်လည်း သုတ၊ ရသစုံ ပါအောင် စီစဉ်ထားပါသည်။ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေခြင်းသဘောနှင့် တင်ဆက်ထားပါသည်။ ကဏ္ဍစုံအောင်လည်း စီမံထားပါသည်။ လေးစားမှုဖြင့် သမ္ဘာရင့် ကလောင်ဟောင်းများ၏လက်ရာကို ဖော်ကျူးထားသလို၊ လက်ကမ်းကြုံဆိုမှုဖြင့် ကလောင်သစ်များ၏ လက်ရာကိုလည်း ဖော်ပြထားပါသည်။

စေတနာ၊ မေတ္တာဖြင့် ထောက်ပြသော ဝေဖန်ချက်များကို အလေးအနက်ထား ကြုံဆိုလျက်- - -။

အယ်ဒီတာချုပ်



သာစွရဂုံ မိဂဒါဝုန်

❁ ဒို့ . . .မိဂဒါဝုန်၊ သာမျိုး စုံ၏
ရဂုံမြို့တွင်း၊ ထုံကြိုင်သင်းသည့်
လဲ့ ဝင်း ဖြူ ပြာ၊ နီ ရွှေ ဝါနှင့်
စုံစွာ ရောင်သွေး၊ ပန်းတို့မွှေးလျက်
ပြေးခုန် လွှားလွှား၊ ဆော့ကစား၍သည့်
သား သမင် ပေါ၊ ဘေးမဲ့တောသို့
မြတ်စော ဗုဒ္ဓ၊ မြန်းကြွလာသည်
ဝါဆိုလပြည့် ညချမ်းတည်း။

❁ ဝါဆို လပြည့်၊ မိုးငွေ့ငွေ့တည့်
ထိုနေ့ညချမ်း၊ အလှဆန်းသည့်
လစန်း သီတဂူ၊ ဤ ဇမ္ဗူသို့
ထွက်ပြူဝင်းပ၊ အလင်းငှစဉ်
ဓမ္မစကြာ၊ ဒေသနာကို
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသော်
နာရ အထူး၊ တရားဦးကို
ညွှတ်နူးပန်ဆင်၊ ဦးထိပ်တင်သည်
ပဉ္စဝဂ္ဂီ ငါးဦးတည်း။

❁ ဓမ္မစကြာ၊ ဒေသနာကား
သစ္စာလေးပါး၊ မြတ်တရားကို
ထင်ရှား လူနတ်၊ မြင်စေအပ်သည့်
မိန့်မှတ် မြွက်ကျူး၊ တရားထူး တည့်
ညစ်ညူး ဘီရာ၊ ကိလေသာနှင့်
ဇာတိ စသား၊ ဒုက္ခများလျှင်
မြစ်ဖျား၌ရာ၊ တဏှာအစစ်
ဧကန်ဖြစ်၏၊ ရင်းမြစ်သေချာ
တွေ့အောင်ရှာလျက်
သမ္မာဒိဋ္ဌိ၊ အစရှိသည့်
မဂ္ဂင်မပဋိပဒါ၊ မဂ်ရှစ်ဖြာဖြင့်
ဇာတိ ဒုက္ခ၊ ချုပ်ငြိမ်းရအောင်
ပယ်ရမည်မှာ၊ ထိုတဏှာဟု
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည်
လောကတန်ဆောင်၊ ဉာဏ်အရောင်လျှင်
ထွန်းပြောင်လျှံညီး၌ပြီတည်း။

❁ "သြော် . . .ကာမသုခ၊ အတ္တကိလမထ
စွန်းစနစ်ပါး၊ မလိုက်စား၁ဘဲ
ရှစ်ပါး မဂ်၏၊ ဉာဏ်မျက်စိဖြင့်
မဂ္ဂင်မပဋိပဒါ၊ မြတ်ဓမ္မာကို
ကောင်းစွာ မြင်သိ၊ ဆင်ခြင်ဘိ"ဟု
အရိယ သစ္စာ၊ ထွန်းလင်းလာအောင်
မဟာကရုဏာတော်၊ မေတ္တာတော်ဖြင့်
ဟောဖော်ညွှန်ပြ၊ မြတ်ဗုဒ္ဓအား
ပဉ္စဝဂ္ဂီ၊ စသည်ဝင်ပါ
ဗြဟ္မာနတ်အပေါင်း၊ ခြိမ့်ခြိမ့်ညောင်းမျှ
သောင်းသောင်းဖျဖျ၊ ပူဇော်ကြသည်
သာစွရဂုံ မိဂဒါဝုန်။
လောက လမင်း အလင်းဂုဏ်။
တုလွတ်မဲ့ကင်း ပြီးပြည့်စုံ။ ။
(မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ဝယ်
ဗာရာဏသီပြည် မိဂဒါဝုန်တောအတွင်း၌
ဓမ္မစက္ကပ္ပဝတ္တနသုတ် ခေါ် ဓမ္မစကြာသုတ် တော်ကို
ဟောကြားတော်မူခဲ့သော ဂုဏ်တော်အနန္တ မြတ်ဗုဒ္ဓအား
ဦးချကော်ရော် ပူဇော်ရှိခိုး လက်အုပ်မိုးလျက်)

မြင်းမူမောင်နိုင်မိုး

ရုပ်ဓမ္မ



အရုဏ်မှသည်၊ မိုးသောက်သည်၌
ချိုကြည်နွေးထွေး၊ ရောင်ခြည်ပေးလျက်
အပြေးရောက်လာ၊ ကြိုဆိုပါသည်
မြေလွှာဝမ်းမြောက် မဆုံးတည်း။

သို့မှဆင့်ဆင့်၊ မြင့်ထက်မြင့်သော်
ဝင့်ကြွားမာန်တင်း၊ ညှာတာကင်းလျက်
ပူပြင်းချက်နာ၊ မလွှဲသာဖြို
မြေလွှာခံခက် မဆုံးတည်း။

ထောင်ရောင်ဖြန့်ခင်း၊ အို . . .နေမင်းငဲ့
အချင်းကြောင့်လျှင်၊ ပန်းမန်ပင်တို့
သက်ဝင်နိုးထ၊ လှုခဲ့ရလည်း
လှစ်ပြခဲ့လေ၊ မွန်းတည့်နေကြောင့်
မသေတစ်မယ်၊ သောကန္တယ်လျက်
နွမ်းနယ်လှိုက်မော၊ ဒုက္ခတောမှာ
နစ်မျော ညှိုးလျကြပါ၏။

အို . . .
ယခုသောခါ၊ ချိန်ဆည်းဆာမို့
ခမျာမိုန်ညှိုး၊ ဝပ်ရိုကျိုးလျက်
ငုတ်လျှိုးဟန်ပြင်၊ တွေ့ရစဉ်ဝယ်
ယခင်မာန်များ၊ မြင်ရန်ထားဘိ
သနားဖွယ်ပ၊ ရုပ်ဓမ္မကို့
ထုတ်ပြလှစ်ခြွေ၊ ပြုခဲ့လေသို့
သံဝေ ရယူမဆုံးတည်း။ ။

မောင်စိမ်းနောင်(လယ်ဝေး)

ပြည်ထောင်စုသား


ထန်းတောညိုစိမ်းစိုမြ
ဝန်းရံခ လယ်ကွင်းတွေ
စိမ်းမြဝေဝေ၊
ကျွန်းပေါ်တဲ့ ရောမြေ
အညာပြေ(ပြည်)ထင်မှား၊
ထန်းရည်ချိုထန်းရည်ခါး
သောက်လိုရာရစေသား
စိတ်လက်ပျော်ပါး။

ထန်းပင်ဆိုအညာသားပ
ယိုးမှားကြ ငယ်စဉ်ခါ
လွဲခဲ့ရရှာ၊
အညာက ထန်းတောညိုမှာ
ဇရာလို လယ်မခ၊
ယာမြေတွေဗလပွ
ဝန်းရံလို့ခ။

တောင်ပေါ်နဲ့ မြေပြန့်သား
ခွဲခြားလို့မနေသာ
ပြည်ထောင်စုရှာ၊
ပျော်ပိုက်လို့ နစ်ခြိုက်ရာရာ
ရေကြည်ရာ နဲ့အပြာ၊
သွေးစည်ကာညီနောင်များ
လက်တွဲကာရှင်ပျော်ပါး
ပြည်ထောင်စုသား။

ကျော်စောဟန်





ထိန်းသိမ်းရမည့်အရေး

✣ ကြွေသူတွေ ကြွေနေခဲ့ပြီပဲ
နေသူတွေ နေလေခဲ့ပြီပေါ့
ခြေအနေမဲ့ခဲ့တဲ့ အချိန်အခါ
တွေဝေမနေနဲ့တော့ အကြိမ်တစ်ရာ။

✣ စနစ်ဟောင်းအကုန်
ဖြစ်ကြောင်းစုံတို့တွေသိမှတော့
တစ်ခေတ်ပြောင်းအကြို တို့တွေညှိရမှာပဲ
အသိနှင့်အတတ်ပညာ
သြော် သတိနှင့်ထပ်ယှဉ်ခါ။

✣ တည်တဲ့စေ အမွန်ထည်တွေးပါလို့
ကြည်သန့်စေ အဓွန့်ရှည်ရေးတွေလဲ
ပြည်အနှံမြေ ဖွံ့စည်းမနေးစေလင့်
အထွတ်အမြတ်ရွေးခဲ့တဲ့
လွတ်လပ်ရေးဆိုတဲ့ လေးချိုးကဗျာ
အတွေးတစ်မျိုးသာစေဘို့ ဟစ်မြည်ကြွေး။
ဘေးဘိုးဆွဲကွဲပါ ပါစေမဟဲ့ တစ်ခေတ်တစ်ပြည်အရေး။

✣ ရိုင်း မမိစေလင့်
ရိုင်း မိလျှင်မမော်တန်ဘု
မှိုင်း မမိစေလင့်
မှိုင်း မိလျှင်မလျော်ကန်ဟု
တိုင်း မထိလာနှင့်
တိုင်း ထိလျှင် နော်တော်လုန်လာခဲ့
ပျော် စံ သာတင်ဖဲ့ တစ်မောင်း တစ်ခိုက်မှာ
လျော်ကန်စွာအလှည့်အပြောင်းကြုံကြိုက်ခဲ့ရ
တော်မှန်စွာ မရွံမစောင်း မငိုက်စေနှင့်တော့
ကိုယ့်မြေနှင့် ကိုယ့်ကံကြမ္မာ
ကြုံဆုံခါ ဖန်လာခိုက်မှာ
အမိုက်တရား ကိုရှောင်
အမြိုက်တရား ကို ဆောင်ရင်းကြည်ချိုကြပါစို့
တည်သကို တစ်နှယ် တစ်ခက် တစ်အား တွေနှင့်
ညီအစ်ကို တွယ်လက်များတွေနှင့်
ပြယ် မပျက် မပြား စေနှင့် တို့လွတ်လပ်ရေး
ပြည်သူတို့ရေ ဆယ်သက်မမှား စေနှင့်ကာကွယ်ပေး။

မောင်လွမ်းနိုင်(စံပယ်ငုံ)

CITY CARTOON



CITY CARTOON



CITY CARTOON



CITY CARTOON



CITY CARTOON





တော်ကာကျတဲ့ ပြည်တော်သာမှတ်ဒဲ

ကိုဇော်

စင်ကာပူသည် ၁၉၆၀ ပြည့်နှစ်ကျော်သွားသည်အထိ မလေး ရှားလက်အောက်ခံမှ သီးခြားခွဲထွက်ပြီး လွတ် လပ်သောနိုင်ငံတစ်ခု ဖြစ်တည်လာနိုင်ဖို့အရေး ကြိုးစား ရုန်းကန်လှုပ်ရှား လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရပါတယ်။ နောက် ၂နှစ် ကျော်ခန့်ကြာပြီးနောက် စင်ကာပူသမ္မတနိုင်ငံ ဖြစ်လာခဲ့သော်လည်း၊ နိုင်ငံရဲ့ စီးပွားရေးမှာ ချွတ်ခြုံကျပြီး ဆင်းရဲမွဲတေမှုတွေနှင့် သီးခြားစုပေါင်းနေထိုင်တတ်ကြသော နိုင်ငံရဲ့ လူမျိုးစုတွေကြားထဲမှ မစွတာလီကွမ်ယု ဦးဆောင်သော ပြည်သူ့အဖွဲ့အစည်းပါတီ(PAP) သည် စင်ကာပူနိုင်ငံသားတွေ ရွေးချယ်တင်မြှောက် ခြင်း ခံခဲ့ရပြီး နိုင်ငံရဲ့ အာဏာရပါတီ ဖြစ်လာခဲ့ပါတယ်။

စင်ကာပူနိုင်ငံအတွင်း လက်နက်ကိုင် သောင်းကျန်းသူပုန်အဖွဲ့အစည်းရဲ့ အန္တရာယ်ရန်ဘေး မရှိခဲ့သော်လည်း နိုင်ငံအတွင်းရှိ အခြားသော အတိုက်အခံပါတီများရဲ့ ဝေဖန်ပြစ်တင်ရှုံ့ချမှုတွေရှိနေတဲ့ကြားထဲမှ နိုင်ငံရဲ့လူမျိုးစုများဖြစ်ကြသော တရုတ်မျိုးနွယ်ဖွား



တရုတ် လူမျိုး၊ မလေးမျိုးနွယ်ဖွား မလေး လူမျိုး၊ တမီလ်မျိုးနွယ်ဖွား ကုလား လူမျိုး၊ ကပြားမွေးဖွားသူ (Eucasia) တို့တတွေ တန်းတူညီမျှသော စားဝတ်နေရေး၊ နိုင်ငံတွင်း ဆင်းရဲချမ်းသာ ကွာဟမှုတွေ မကြီးထွားလာစေရေး၊ နိုင်ငံတော် တရားဥပဒေ စိုးမိုးရေးနှင့် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အား ရှေးရှုပြီး၊ စည်းကမ်းနည်း စနစ် ဥပဒေသစ်များကို ရေးဆွဲချမှတ်ထားခြင်းနှင့်အညီ ဘက်မလိုက်ဘဲ သမာသမတ်တိကျမှန်ကန်စွာ လက်တွေ့အကောင်အထည်ဖော်ပြီး စီမံအုပ်ချုပ်သော ပြည်တော်သာစီမံကိန်းအား ကြိုးစားလုပ်ကိုင် ဆောင်ရွက်ခဲ့ကြပါတယ်။ ထို့အတူ လူမျိုးစုနိုင်ငံသားတွေရဲ့ နှလုံးစိတ်ဝမ်း ထဲမှာ၊ တစ်သွေးတည်းမှ အားလုံးတစ်သားတည်း (One For All, All For One) လူမျိုးစုတွေသည်လည်း တစ်နိုင်ငံတည်းသား (One People, One Nation) ဆောင်ပုဒ်ကို ဦးတည်ချက်ထားပြီး ဦးစားပေးတစ်ရပ်အနေနဲ့ ပြည်တော်သာစီမံကိန်းကြီးရဲ့ အခြေခံ

အဆောက်အုံကို ခိုင်မာထောက်ခံပေးတဲ့ အုတ်မြစ်ချမှတ်ခဲ့ပါတယ်။

▼ ▼ ▼ ▼ ▼

စင်ကာပူနိုင်ငံတွင် လူမျိုးစုတွေ ယုံကြည်ကိုးကွယ်နေကြသော ဘာသာကြီးများဖြစ်ကြသည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတွေအပြင် အခြားသော ဘာသာကွဲလေးများကိုလည်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုထားပါတယ်။ လူမျိုးစုတွေရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုပွဲတော်နှင့် ဘာသာရေးပွဲတော်များကိုလည်း ဆင်ယင်ကျင်းပခွင့်ပြုပေးထားပါတယ်။ ထို့အတူ နိုင်ငံတော်ရဲ့ ပွဲတော်နေ့များအဖြစ် တရားဝင်သတ်မှတ်ပေးကာ အသိအမှတ်ပြုပေးထားပါတယ်။ ဘာသာရေးတွေနှင့်ပတ်သက်ပြီး ငြင်းခုန်စကားများခိုက်ရန်ဖြစ်ပွားခဲ့ရင် ကြီးလေးသောထောင်ဒဏ် အပြစ်ပေးကျခံခြင်းနှင့် ဒဏ်ငွေဆောင်ရခြင်းမှာ ဘာသာရေးဆိုင်ရာ မူဝါဒချမှတ်ထားသော ဥပဒေပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။

ဘာသာစကားနှင့် စာပေဆိုင်ရာ မူဝါဒချမှတ်ပြဋ္ဌာန်းပေးထားပါတယ်။ တရုတ်ဘာသာ(မန်ဒရင်း)၊ အင်္ဂလိပ်ဘာသာ၊ မလေးဘာသာနှင့် တမီလ်ဘာသာတွေကို ကျောင်းတွေမှာ သင်ကြားခွင့်၊ ဘာသာစကားပြောဆိုခွင့် ပြုထားပါတယ်။ ဥပမာအားဖြင့် စင်ကာပူမြေအောက်ရထားဘူတာရုံ(SMRT STATION)တွေမှာ တရုတ်ဘာသာ(မန်ဒရင်း)၊ အင်္ဂလိပ်ဘာသာ၊ မလေးဘာသာနှင့် တမီလ်ဘာသာ စသည့်ဘာသာလေးမျိုးရဲ့ စာတွေဖြင့် လမ်းညွှန်အမှတ်အသားတွေကို ရေးသားပေးထားပါတယ်။

စင်ကာပူနိုင်ငံသားလူမျိုးစုတွေအတွက် အခြေခံကျသော စားဝတ်နေရေးကို စင်ကာပူ အစိုးရရဲ့ အိမ်ရာဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့(Housing Development Board. HDB) မှ အရစ်ကျပေး တန်ဖိုးနည်းအိမ်ရာတိုးတက်ဖွံ့ဖြိုးမှုစီမံကိန်း မူဝါဒကို ရေးဆွဲချမှတ်ကာ စည်းကမ်းနည်းစနစ်ဥပဒေအားကျင့်သုံးစေခဲ့ပါတယ်။ ၎င်းမူဝါဒမှာ မတူခြားနားသော လူမျိုးစုတွေ အတူတကွရောနှောပြီး စုပေါင်းနေထိုင်ခြင်း(Community) နှင့် လူမျိုးစုတွေချင်း သင့်မြတ်အေးချမ်းသာယာစွာ အတူယှဉ်တွဲ နေထိုင်စားသောက်နိုင်ကြဖို့အတွက် စီမံကိန်းဝင် ဆောင်ရွက်ချက်ဖြစ်သော တိုက်ခန်းများ(HDB FLATS) နှင့် လူမျိုးဘာသာမရွေး စားသောက်နိုင်သော စျေးဆိုင်များ(Markets & Shops) တို့သည် စားဝတ်နေရေးဆိုင်ရာ မူဝါဒရဲ့ အခြေခံအုတ်မြစ်ချလိုက်ခြင်းပင် ဖြစ်ပါတယ်။

တိုက်ခန်း(HDB FLat) မှာ နေထိုင်သူများအနေနဲ့ စည်းကမ်းနည်းစနစ်ဥပဒေကို လိုက်နာကျင့်ကြံ လုပ်ကိုင်ဆောင်ရွက် စားဝတ်နေထိုင်သွားရမှာဖြစ်သကဲ့သို့ တိုက်ခန်းတွင် စားဝတ်နေရေး သက်သောင့်သက်သာ အဆင်ပြေစေဖို့ အဆင့်မြင့် စံချိန်စံညွှန်းမီတဲ့ လေဝင်လေထွက်ကောင်းမွန်သော ပြတင်းပေါက်ကျယ်များပါရှိခြင်း၊ နေရောင်ခြည်ကောင်းမွန်စွာရရှိစေခြင်း၊ လျှပ်စစ်လိုင်း၊ ဂက်စ်(Gas) ပိုက်လိုင်း၊ ရေပိုက်လိုင်း၊ ဖုန်းလိုင်း၊ Cable TV စနစ်၊ အမှိုက်စွန့်ပစ်ဖို့စနစ်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်၊ ဓာတ်လှေကားများကို လုံခြုံစိတ်ချရအောင် ဆက်သွယ်တပ်ဆင် ဖြန့်ဖြူးပေးဝေရေး ဝန်ဆောင်မှုအပြည့်အဝ ပေးထားပါတယ်။

တိုက်ခန်း(HDB FLAT)ရဲ့ တန်ဖိုးကို အရစ်ကျပေးဆပ်ရာတွင်လည်း နေထိုင်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးကြီးမဖြစ်စေဘဲ၊ အလုပ်မှရသော လစာဝင်ငွေပေါ် မူတည်ပြီး နှစ်သုံးဆယ်အတွင်း လစဉ်အရစ်ကျ မပျက်မကွက် ပေးဆပ်သွားနိုင်အောင် စီစဉ်ပေးထားသည်မို့ နှစ်ရှည်စီမံကိန်း မူဝါဒချမှတ်ပေးထားသော တိုက်ခန်းပိုင်ရှင် ဖြစ်လာစေနိုင်ပါတယ်။

HDB မှ ထိုတိုက်တန်းလျားများကို နှစ်စဉ် လာရောက်စစ်ဆေးပြီး လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှု(Maintenance) နှင့် ပြန်လည်မွမ်းမံခြင်း(Renovation) များကို ဝန်ဆောင်မှုပေးနေပါတယ်။

တိုက်ခန်းနေထိုင်သူတို့ရဲ့ သုံးစွဲမှုပေါ်မူတည်ပြီး လျှပ်စစ်၊ ရေ၊ ဂက်စ်တွေရဲ့ မီတာကျသင့်ငွေကို (PEOPLE UTILITIES BOARD. PUB) သို့ လစဉ်ပေးဆောင်သွားရမှာ ဖြစ်ပါတယ်။

တိုက်ခန်းများမှ လျှပ်စစ်၊ ရေ၊ ဂက်စ် တို့ကို လွန်ကဲစွာသုံးစွဲမှုနှင့် ချို့ယွင်းယိုစိမ့်ပျက်စီးမှုတွေကို (PUB) မှာ လာရောက်စစ်ဆေး ညှိနှိုင်းဆွေးနွေးပညာပေးခြင်း၊ ပြင်ဆင်ပေးခြင်းနှင့် အရေးယူခြင်းများအား လုပ်ကိုင်ဆောင်ရွက်ပေးသော ဝန်ဆောင်မှုပေးနေပါတယ်။

▼ ▼ ▼ ▼ ▼

တိုက်ခန်းများမှ စွန့်ပစ်လိုက်သော အမှိုက်များကို သိမ်းဆည်းသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေစေသော ပန်းမန်သစ်ပင်များနှင့် သာယာလှပသန့်ရှင်းနေစေဖို့ စည်ပင်သာယာသန့်ရှင်းရေး

အခြေခံကျသော စားဝတ်နေရေးကို စင်ကာပူအစိုးရရဲ့ အိမ်ရာဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (Housing Development Board. HDB) မှ အရစ်ကျပေး တန်ဖိုးနည်းအိမ်ရာ တိုးတက်ဖွံ့ဖြိုးမှုစီမံကိန်းမူဝါဒကို ရေးဆွဲချမှတ်ကာ စည်းကမ်းနည်းစနစ်ဥပဒေအား ကျင့်သုံးစေခဲ့...



(Municipal) ဌာနမှ လုပ်ကိုင်ဆောင်ရွက်ဝန်ဆောင်ပေးမှုများနှင့်အတူ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် သန့်ရှင်းရေးလုပ်ပြီး ပိုးသတ်ဆေးများ ဖြန်းပေးထားပါတယ်။

ခွေးလေခွေးလွှဲ၊ ကြောင်၊ ကြွက်၊ ငှက်များနှင့် ပိုးမွှားကောင်များ မရှိရလေအောင် စည်းကမ်းနည်းစနစ်ဥပဒေများ ချမှတ်ကာ မူဝါဒကို အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ထားသောကြောင့် အိမ်မှာ ညအိပ်ချိန်တွင် ခြင်ထောင်ထောင်ပြီး အိပ်ရန်မလိုအပ်သည်အထိ ပိုးမွှားအန္တရာယ်ကင်းစင်လို့နေပါတယ်။

စင်ကာပူနိုင်ငံတွင် ပစ္စက္ခအခြေအနေမှာ စက်ရုံလုပ်ငန်းမှ ထုတ်လုပ်လိုက်သောစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအမြောက်အမြား ထုတ်လုပ်လာသည်နှင့်အညီ စက်ရုံမှစွန့်ထုတ်ပစ်လိုက်သော အမှိုက်များနှင့် ဝယ်ယူစားသုံးဆောင်သူတို့အား ဆွဲဆောင်နိုင်ရန်အတွက် လှုပခမ်းနားထည်ဝါစွာဖြင့် ထုပ်ပိုးထားသော ပစ္စည်းများသည် ထုတ်ကုန်ပစ္စည်းထက် အရွယ်အစား၊ အလေးချိန်ပမာဏအားဖြင့် လွန်ကဲနေမှု၊ ဝယ်ယူစားသုံးဆောင်သူတွေရဲ့ စွန့်ပစ်လိုက်သော အမှိုက်များလာမှုတွေကြောင့်၊ စည်းကမ်းနည်းစနစ်ကျသော အမှိုက်စွန့်ပစ်ခြင်းကို ကျင့်သုံးနေသကဲ့သို့၊ စွန့်ပစ်သော အမှိုက်များကို ထိန်းသိမ်းမှုနည်းဗျူဟာဖြစ်တဲ့ အမှိုက်ထွက်ရှိမှုပမာဏကို လျှော့ချခြင်း (Reducing the amount of waste)၊ အသုံးမလို၍ စွန့်ပစ်လိုက်သော ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း (Reducing items that are now being discarded)၊ အသုံးပြုပစ္စည်းများကို ထပ်မံအသုံးပြုနိုင်စေရန် ပြန်လည်ဆောင်ရွက်ခြင်း(Recycling Materials) စသော အချက်သုံးချက်အပေါ် အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်။ အမှိုက်များထွက်ရှိရာ အရင်းအမြစ်အား အနည်းဆုံးဖြစ်သွားစေရန် လျှော့ချခြင်း၊ စွန့်ပစ်အမှိုက်ပစ္စည်းများကို ပြန်လည်အသုံးချခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းပင်ဖြစ်ပါတယ်။ နည်းပညာဖြင့်တီထွင်ကာ သေချာစွာ စီစဉ်ဆောင်ရွက်ထားသော အမှိုက်များမှ ရရှိတဲ့ စွမ်းအင်ကိုအသုံးပြုပြီး အမှိုက်မီးရှို့စက်လေးလုံးဖြင့် ပြာအဆင့်သို့ ရောက်သွားသည်အထိ မီးရှို့ဖျက်ဆီးခြင်းပင်ဖြစ်ပါတယ်။

၁၉၉၉ ခုနှစ်မှစတင်ကာ လူသားတို့ဖန်တီးပြုလုပ်ထားသော အမှိုက်များဖို့ပြီး တည်ဆောက်ထားတဲ့ စီမာကောင်း စွန့်ပစ်ရာ မြေကျွန်း(Semakau Land Fill) တစ်ခုဖြစ်လာခဲ့ပါတယ်။ စင်ကာပူနိုင်ငံရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းစနစ်ကောင်းတစ်ခုပင် ဖြစ်ပါတယ်။

▼ ▼ ▼ ▼ ▼

အိမ်မှာနေရင် စည်းကမ်းနည်းစနစ်ဥပဒေ လိုက်နာကျင့်ကြံနေထိုင်စားသောက်လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့၊ လမ်းခရီးသွားတဲ့အခါမှာလည်း လမ်းစည်းကမ်း နည်းစနစ်ဥပဒေကို ချမှတ်ပေးထားပါတယ်။ လမ်းခရီးသွားရင်း ဆေးလိပ်၊ အရက် မသောက်ရ၊ တံတွေးမထွေးရ၊ အမှိုက်ပစ်မချရ၊ အိမ်မွေးတိရစ္ဆာဆန်တွေကို အစာချကျွေးခြင်း မပြုလုပ်ရသကဲ့သို့ လမ်းပေါ် မစင်စွန့်ရင်လည်း ပြန်သိမ်းကျုံး သန့်စင်သွားရမှာဖြစ်ပါတယ်။ လူကူးမျဉ်းကျား၊ လမ်းကျော်ကုန်းတံတားများမှ ကားလမ်းတွေကို ဖြတ်ကူးသွားရမှာဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးကို ကုန်းလမ်းခရီးသယ်ယူပို့ဆောင်ရေးအတွက် စင်ကာပူဘတ်စ်ကား သယ်ယူပို့ဆောင်ရေးဝန်ဆောင်

မှု(SBS)မှ နှစ်ထပ်ဘတ်စ်ကားကြီးများ၊ နှစ်စီးတွဲ ဘတ်စ်ကားများနှင့် လုံလောက်သော အစီးရေ လိုင်းပေါင်းစုံပြေးဆွဲပေးနေသကဲ့သို့ စင်ကာပူမြေအောက်ရထား (SMRT) နှင့်လည်း နိုင်ငံတစ်ဝန်းလုံးကို သက်သောင့်သက်သာနဲ့ လျင်မြန်စွာစီးနင်းသွားလာနိုင်အောင် ဝန်ဆောင်မှုပေးထားပါတယ်။ ထို့ထက် အရေးပေါ်လျင်မြန်စွာ ခရီးသွားလိုပါက အငှားယာဉ်ကား(TAXI)တွေက အဆင်ပြေ လုံခြုံစိတ်ချရအောင် လိုရာခရီးသို့ ပို့ဆောင်ပေးသော ဝန်ဆောင်မှုပေးနေပါတယ်။ TAXI ကားပေါ် စတက်တာနဲ့ စင်ကာပူ ၂ဒေါ်လာ ဈေးဆင့်မှစပြီး မီတာကျသင့်ငွေမှာ သွားလိုရာခရီးရဲ့ အကွာအဝေးပေါ်မူတည်ပြီး ပေးရမှာဖြစ်ပါတယ်။

▼ ▼ ▼ ▼ ▼

စင်ကာပူနိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာ မူဝါဒနှင့် စည်းကမ်းနည်းစနစ် ဥပဒေများကို စိမံရေးဆွဲချမှတ်ပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသော စီးပွားရေးစက်မှုလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသားနှင့် အကျိုးတူပူးပေါင်း လာရောက်လုပ်ကိုင်လိုသော နိုင်ငံခြားသား စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ကြေး၊ စက်ရုံနှင့် မြေနေရာ ငှားရမ်းလုပ်ပိုင်ခွင့် နှစ်သက်တမ်း၊ လုပ်ငန်းအခွန်ငွေတို့အား အထူးနှုန်းထားဖြင့် စီမံသတ်မှတ်ပေးထားသောကြောင့် စင်ကာပူနိုင်ငံတွင် အချိန်တိုကာလအတွင်းမှာပင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ တရှိန်ထိုးများပြားဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးဆိုင်ရာမူဝါဒနှင့် နိုင်ငံသားများ အလုပ်အကိုင် စီးပွားရေးအခွင့်အလမ်းပေါများကာ ဝင်ငွေရရှိလာစေရေးအတွက် စည်းကမ်းနည်းစနစ်ဥပဒေသစ်များ ရေးဆွဲစီမံ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံရဲ့ ပစ္စက္ခအခြေမှာ မှတ်ပုံတင်ပြီးသော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းပေါင်း တစ်သိန်းငါးသောင်းကျော်အထိ ရှိနေပါတယ်။ ထိုသို့ လုပ်ငန်းများရဲ့ အခြေခံမူဝါဒအချက်တွေမှာ–

၁။ လုပ်ငန်းအဖွဲ့အစည်းဆိုင်ရာ မူဘောင်သတ်မှတ်ချက်။
၂။ လုပ်ငန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့များမှ ဖြည့်ဆည်းပေးစွမ်းနိုင်မှု။
၃။ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာလွယ်ကူလျင်မြန်သော လုပ်ငန်းဆိုင်ရာ စည်းကမ်းနည်းစနစ် ဥပဒေပြဋ္ဌာန်းချက်များ။
၄။ ဘဏ္ဍာငွေကြေး အရင်းအနှီး ထောက်ပံ့ပေးနိုင်မှု။
၅။ လုပ်ငန်းတိုးတက်စေသော နည်းပညာများနှင့် နည်းပညာများဖြန့်ဝေပေးနိုင်မှု။
၆။ နိုင်ငံတကာတွင် စီးပွားရေးဈေးကွက်ဝင်အောင် ချဲ့ထွင်လုပ်ကိုင်နိုင်မှု။
၇။ ဆန်းသစ်စွန့်ဦးတီထွင်နိုင်သော နည်းပညာရပ်များကို အားပေးမြှင့်တင်နိုင်မှု။
၈။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများပေါ်တွင် လုပ်ငန်းရှင်အသစ်များ စိတ်ပါဝင်စားမှုရှိလာအောင် ဆွဲဆောင်နိုင်စွမ်းရှိဖို့တွေပဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ စက်မှုကဏ္ဍတွေမှာ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း



စင်ကာပူနိုင်ငံရဲ့ လူမျိုးစုများသည် တစ်စိတ်တစ်ဝမ်းတည်းနှင့် စည်းကမ်းနည်းစနစ်ဥပဒေ ချမှတ်ထားသောမူဝါဒကို လိုက်နာကျင့်ကြံ ကြိုးစားလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသောကြောင့် အချိန်တိုအတွင်းမှာ ပြည်တော်သာစီမံကိန်းရဲ့ အောင်မြင်မှုပန်းတိုင်ရောက်ခဲ့...



တွေက ဂဝ ရာခိုင်နှုန်းအထိ ရှိလာနေပါတယ်။ ထိုစက်မှုလုပ်ငန်းတွေမှာ ချမှတ်ထားသော စက်မှုဆိုင်ရာ မူဝါဒနှင့် စည်းကမ်းနည်းစနစ်ဥပဒေအရ စင်ကာပူနိုင်ငံမှ လုပ်သားအင်အားပေါင်း ၆၅ ရာခိုင်နှုန်းအထိ လုပ်ငန်းခွင်တွေထဲမှာ ပါဝင်နေရာယူ လုပ်ကိုင်ဆောင်ရွက်နေနိုင်ကြတာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းတွေကို စီးပွားရေးပညာဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့(Economic Development Board)မှ ထိန်းသိမ်းစောင့်ကြပ်ကွပ်ကဲကာ လိုအပ်မှုများကိုလည်း ဖြည့်ဆည်းပေးနေပါတယ်။ ထုတ်ကုန်အရည်အသွေးမြှင့်တင်ပြီး ပြည့်မီတဲ့ စံချိန်စံညွှန်းထုတ်လုပ်မှုနှင့် ဆန်းသစ်တီထွင်မှုကို (Standard Productivity and Innovation Board) ဘုတ်အဖွဲ့မှ လုပ်ဆောင်ပေးနေပါတယ်။ International Enterprise Singapore အဖွဲ့အစည်းမှလည်း နိုင်ငံတကာ စျေးကွက်ဝင်ဆန့်အောင် ဖော်ဆောင်နိုင်ရေးနှင့် ကုန်သွယ်မှုချောမွေ့ပြေလည်သွားစေရန်ဆောင်ရွက်ပေးနေပါတယ်။ Agency For Science Technology and Research ကိုယ်စားလှယ်အဖွဲ့အစည်းမှ Singapore Technology marine, Industry တွေကို သိပ္ပံနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်သလို စမ်းသပ်ချိန်ညှိ ပံ့ပိုးပေးနေကြပါတယ်။

နိုင်ငံတွင်း လိုအပ်နေသော လုပ်ငန်းကျွမ်းကျင်ဝန်ထမ်းနှင့် လူစွမ်းအားအရင်းအမြစ် ရာပြည့်ကိန်း ရရှိစေရန်အတွက် အလုပ်သမားနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန(MINISTRY OF MANPOWER) မှ တာဝန်ယူဦးဆောင်ကာ လုပ်အားစွမ်းရည်ပြည့်ဝမှုရရှိစေရန် အရည်အချင်းမွမ်းမံမြှင့်တင်ရေး သင်တန်းများ စီမံပို့ချပေးနေပါတယ်။ လုပ်ငန်းခွင် စိတ်ချလုံခြုံရေးသည် အဓိကထား(Safety First) ပါတယ်။

စင်ကာပူနိုင်ငံသည် သဘာဝသယံဇာတမှာ သုညနှင့် ရေချိုပင် မထွက်သော်လည်း စီးပွားရေး အခြေခံအဆောက်အအုံရဲ့ အုတ်မြစ်ကို စည်းကမ်းနည်းစနစ်ဥပဒေနှင့် မူဝါဒများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ကာ စီမံခန့်ခွဲပြည့်စုံကောင်းမွန်မှု၊ လုပ်ငန်းစွမ်းရည် ပြည့်ဝစွာလုပ်ဆောင်မှုတွေနဲ့ ခိုင်မာစွာအုတ်မြစ်ချခဲ့ပြီး၊ အပေါ်ထပ် စီးပွားရေးအဆောက်အအုံကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကြောင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ကောင်းမွန်စွာ တည်ဆောက်နိုင်ခဲ့ပါတယ်။ ၎င်း စီးပွားရေးအပေါ်ထပ် အဆောက်အအုံကောင်းမွန်ဖွံ့ဖြိုးတိုးတက်မှုပေါ်မူတည်ပြီး နိုင်ငံရဲ့စီးပွားရေးမှာလည်း ခိုင်မာလာသည်ထက် ပိုမိုခိုင်မြဲတောင့်တင်းနေဆဲ ဖြစ်လာပါတယ်။

စင်ကာပူနိုင်ငံသည် ခေတ်မီတိုးတက်စည်ပင်သာယာ ဖွံ့ဖြိုးလှပချမ်းသာကြွယ်ဝလာသော စင်ကာပူမြို့တော် ဖြစ်လာသည်နှင့်အညီ လူနေမှုအဆင့်အတန်းသည်လည်း ခေတ်မီတိုးတက် မြင့်မားလာခဲ့ရပါတယ်။

စင်ကာပူနိုင်ငံရဲ့ လူမျိုးစုများသည် တစ်စိတ်တစ်ဝမ်းတည်းနှင့် စည်းကမ်းနည်းစနစ်ဥပဒေ ချမှတ်ထားသော မူဝါဒကို လိုက်နာကျင့်ကြံ ကြိုးစားလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသောကြောင့် အချိန်တိုအတွင်းမှာ ပြည်တော်သာစီမံကိန်းရဲ့ အောင်မြင်မှုပန်းတိုင် ရောက်ခဲ့ရပါပြီ။ အကျိုးစံစားနိုင်ခဲ့ကြပါပြီ။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် စတင်ချီတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင်လည်း နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံဖြစ်သော နိုင်ငံသားများ စီးပွားရေးအခွင့်အလမ်းတွေ ပွားများကာ ဝင်ငွေရရှိလာစေမည့် အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် စည်းကမ်းနည်းစနစ်ဥပဒေသစ်များ ရေးဆွဲစီမံ အကောင်အထည်ဖော်ထုတ်သင့်ပါတယ်။ မြန်မာတို့ရဲ့ လက်မှုလယ်ယာ လုပ်ငန်းများကို စက်မှုလယ်ယာအဖြစ် ပြောင်းလဲဖို့သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

ကိုဇော်

စကြာမာရ်အောင် ဘွဲ့တော်ဆောင်
ဆံတော်ကြို စိန်ရောင်ခြည်စေတီတော်

မောင်မြတ်မွန်(ဆူးလေ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရွေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် ၉၅ တွင် ပါဝင်နေကာ၊ ကမ္ဘာ့အံ့ဖွယ်၊ မြန်မာကျက်သရေ၏ အထွတ်အထိပ်၊ ရန်ကုန်မြို့ကြီး၏ အထိမ်းအမှတ်သင်္ကေတ (Symbo) ဖြစ်တော်မူသည့် မြတ်ဘုရားရွှေတိဂုံသို့ သွားရောက်ဖူးမြော်ရာ လမ်းခုလတ်ဖြစ်သော ရွှေတိဂုံဘုရားလမ်း (မူလအမည် ဆံတော်ကြိုလမ်း) ဒဂုံမြို့နယ်မှာ တည်ထားကိုးကွယ်ထားသည့် သမိုင်းဝင်/သမိုင်းတင်စေတီတော်မြတ်ကြီးပင် ဖြစ်ပါပေသည်။

စကြာမာရ်အောင် ဘွဲ့တော်ဆောင် ဆံတော်ကြို စိန်ရောင်ခြည်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှုသမိုင်းစဉ်မှာ မြတ်ဘုရား ရွှေတိဂုံသမိုင်းကြောင်းနှင့် စပ်ဆိုင်နေသကဲ့သို့ ''ဝတ္ထုကံမြေ'' နှင့် ပတ်သက်သော သမိုင်းသင်ခန်းစာယူဖွယ်ရာဖြစ်စဉ်များကို လေ့လာပွားများနိုင်ကြစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါပေသည်။

စိန်ရောင်ခြည် ဘွဲ့မည်၏ အဓိပ္ပာယ် 'ဝဓနက်'

''ဝရဖိန်တစ်နှုန်း၊ စိန်တုံးစိန်ခိုင်၊ စိန်တိုင်စိန်ခဲကဲ့သို့၊ မကွဲမအက်၊ မပျက်ကြေနိုင်''သော မြတ်ဗုဒ္ဓ၏ အဆင်းတော်နှင့်တူစွဆက်ကာဆက်ကာ ဖြာထွက်နေသည့် ရောင်ခြည်တော် ခြောက်သွယ်၊ ဘဝင်္ဂကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာကို ဂုဏ်ဒြပ်ပြုကာ၊ ''စိန်ရောင်ခြည်''ဟု ဘွဲ့တော်ဆောင်ထားခြင်းဖြစ်ပေသည်။ စကြာမာရ်အောင် ဘွဲ့တော်ဆောင် စိန်ရောင်ခြည်စေတီတော် တည်ထားကိုးကွယ်မှု သမိုင်းကြောင်းစဉ်ဆက်သည်ကား . . . သိဂုံတ္တရကုန်းမူထက်တွင် မြတ်ဘုရားရွှေတိဂုံအား တည်ထားကိုးကွယ်ရန် ဥက္ကလာပမင်းကြီးသည် ဗိုလ်ခြေတစ်ထောင် အခြံအရံဖြင့် 'တဖုသနှင့် ဘလ္လိက'ညီနောင်တို့ ပင့်ဆောင်လာကြသည့် သက်တော်ထင်ရှား မြတ်ဘုရား၏ 'ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်း'ကို ကြိုဆိုသယ်ယူလာသော ခရီးစဉ်လမ်းခုလတ်တွင် 'တိမ်အုပ်မှောင် သိဂုံတော်တောင် ဘယ်ဌာနရယ်–လို့၊ ရွယ်ဆနိုင်ဘူးဖြစ်နေ၍ ခေတ္တနားရသောနေရာတွင် အထိမ်းအမှတ်ပြုပြီး တည်ထားကိုးကွယ်သည့် 'ဆံတော်ကြို စေတီတော်'မြတ်ပင် ဖြစ်ပါသည်။ ဆံတော်ကြိုလမ်းဟု



အနွယ်တွေသည်ပြုထားခြင်းမှာ ဗိုလ်တထောင်မြစ်ဆိပ်မှသည် သိဂုံတွေရ ကုန်းတော်မြတ်အထိ 'ဆံတော်ရှစ်ဆူ'အား ပင့်ဆောင်ခဲ့သော လမ်းကြောင်းဖြစ်သည်ကို အထိမ်းအမှတ် ပြုထားခြင်းဖြစ်ပေသည်။ နယ်ချဲ့တို့၏ ရန်ကုန်မြို့ကွက်တွင်မူ Great Pagoda Road ဟု အမည်ပေးထားရာ စစ်ကြိုခေတ် Pre-War ကာလမှာပင် ဝံသာနု ရက္ခိတစိတ်ဓာတ်ပြည့်ဝသည့် မြန်မာသခင်များက ရွှေတိဂုံဘုရား ကြီးသို့ တက်ရောက်ဖူးမြော်ရန် လမ်းဖြစ်သောကြောင့် 'ရွှေတိဂုံ ဘုရားလမ်း'ဟု ခေါ်ဝေါ်သမုတ်ခဲ့ခြင်းဖြစ်ပေသည်။

မြတ်ဘုရားရွှေတိဂုံသို့ တက်ရောက်ဖူးမြော်ရန် 'ဆံတော်ကြို လမ်းကာလကမူ' ဘုရား၊ ကျောင်း၊ ကန် ဟူသော မြန်မာ့ဓလေ့ ထုံးစံနှင့် ညီညွတ်စွာ ဆံတော်ကြိုလမ်းတစ်လျှောက်တွင် ရန်ကုန် ရာဇဝင်သမိုင်း၌ ထင်ရှားခဲ့သည့် ဘုန်းတော်ကြီးကျောင်းတိုက်များ အစီအရီတည်ရှိခဲ့ဖူးသည်။ ယင်း ဘုန်းတော်ကြီးကျောင်းများမှာကား ရွှေဂူဘုရားကြီးကျောင်းတိုက်၊ ဦးဥတ္တမကျောင်းတိုက်၊ ထန်းတော ကျောင်းတိုက်၊ ဘုန်းတော်ကြီးဦးပြား(ဗြား)ကျောင်းတိုက်နှင့် ရှေး ဟောင်း လက်ရာစာရင်းဝင်ဖြစ်သော 'ကျားကူးသိမ်'ကျောင်းတိုက် များပင် ဖြစ်ကြပေသည်။ ဘုန်းတော်ကြီး ဦးဥတ္တမကျောင်းတိုက် သည် စကြာမာရ်အောင် ဘွဲ့တော်ဆောင် စိန်ရောင်ခြည်စေတီတော် ၏ တောင်ဘက်တွင် တည်ရှိနေကာ၊ စေတီတော်၏ မျက်နှာချင်း ဆိုင်တွင် ဘုန်းတော်ကြီး ဦးပြား(ဗြား)ကျောင်းတိုက် တည်ရှိခဲ့သည်။ နယ်ချဲ့တို့၏ ရန်ကုန်မြို့ကွက်ကာလတွင် ကျယ်ဝန်းသည့် ဘုန်းတော် ကြီးဦးပြား (ဗြား)ကျောင်းတိုက်နေရာကို သိမ်းယူကာ၊ ထိုစဉ်က ရန်ကုန်မြို့ မြောက်ဘက်အစွန် 'Boundary' တွင် တည်ရှိနေသည့် 'ကြားတောရ'နေရာသို့ ပြောင်းရွှေ့စေခဲ့ရာ၊ နောင်တွင် 'ဦးပြား တောရ'ဟုပင် အမည်တွင်လာခဲ့ပေသည်။ ကျယ်ဝန်းသည့် ဘုန်း တော်ကြီးဦးပြား ကျောင်းတိုက်နေရာတွင်မူ သစ်၊ ဝါး၊ ခနိမ်များဖြင့် စပါးကျီပုံစံ အဆောက်အအုံကြီးကို မီးပန်းဆိုင်းများဖြင့် ဦးစွာတည် ဆောက်ပေးကာ 'Assembly Hall' အမည်ပေး၍ အခမ်းအနားများ ကျင်းပရာ ဖြစ်ခဲ့သည်။ ခရစ် ၁၈၉၇ ခုနှစ်တွင် ဝိတိုရိယဘုရင်မကြီး ၏ စိန်ရတုမွေးနေ့အထိမ်းအမှတ်ဖြင့် သရဖူအထွတ်တင် မျှော်စင်ပါ ဝိတိုရိယခေတ်လက်ရာ အုတ်ထမ်းနှစ်ထပ်အဆောက်အအုံကြီး တည်ဆောက်ပေးကာ 'JubiLeeHall' အမည်ပေးထားသည်။ (၁၉၉၀ ပြည့်နှစ်တွင် ဂျူဘလီဟောကို ဖြိုဖျက်ပြီး ခန့်ညားထည်ဝါ လှပကျယ်ဝန်းသည့် တပ်မတော် စစ်သမိုင်းပြတိုက်ကြီးကို တည် ဆောက်ထားသည်။)

စကြာမာရ်အောင် ဘွဲ့မည်ဆောင်ခဲ့သည်ကား

ကုန်းဘောင်မင်းဆက်ကာလတွင် 'ရန်ကုန်မြို့'ကို အဝေး ရောက် မြို့ဝန်အုပ်ချုပ်သည်။ ထိုကာလတွင် ဘိုးတော်မင်းတရား ကြီး၏သားတော် 'ခညဝတီမင်းသား'သည် ကောဇာ ၁၁၆၄ ခရစ်– ၁၈၀၂ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကာ 'ရာဟုသူရိန်၊ မြူတိမ် မီးခိုး . . .'စသည့် ဖျက်ငါးမျိုးကြောင့် ယိုယွင်းနေသော 'ဆံတော်ကြိုစေတီ'ကို ပြုပြင်မွမ်းမံတည်ဆောက်ပြီး 'စကြာမာရ် အောင်' ဘွဲ့မည်ဖြင့် ထီးတော်တင်ခဲ့သည်။ ထိုနည်းတူစွာ ဘိုးတော် မင်းတရား၏ ဝန်ကြီးတစ်ပါးဖြစ်သူ 'စကြာဝန်ကြီး'ကလည်း 'ဆံတော်ကြို'စေတီတော်ကို ရွှေတိဂုံပုံစံတူ စေတီအဖြစ် တည်ထား ကိုးကွယ်ပြီး 'လောကမာရ်အောင်စေတီ' ကမ္မည်းတင်ခဲ့သေးသည် ဟု 'ရန်ကုန်ရာဇဝင်သမိုင်း'တွင် သတင်းစာဆရာကြီး ဦးသိမ်းမောင်

က 'သုတေသနမှတ်တမ်း' ပြုထားပေသည်။

မျက်မှောက်ကာလတွင် ဖူးမြော်ရသော 'စိန်ရောင်ခြည်စေတီတော်' ပုံတော်မှာကား 'ဗုဒ္ဓဂယာ'ရှိ မဟာဗောဓိစေတီတော်ပုံတူ တည်ဆောက်ထားကာ ထီးတော်အတွက်ကိုမူ ရွှေပိန်းချထားလေသည်။ စေတီတော်အား အရပ်ရှစ်မျက်နှာ၏ ပူဇော်ရာအထိမ်းအမှတ်အဖြစ် ပွင့်ထွန်းတော်မူပြီးသော ဗုဒ္ဓဆင်းတုတော်များကို ပွင့်ရာဗောဓိများအား နောက်ခံထားကာ 'မုဒြာပုံစံ အသွယ်သွယ်ဖြင့် တင့်တယ်သပ်ယပ်စွာ ထုဆစ်ပူဇော်ထားပေသည်။ စေတီတော်တွင်းရှိ လိုဏ်ဂူပတ်လည်လမ်းနှင့် နံရံပတ်လည်များတွင်မူ 'ပုံရွာ မိုးညှင်း သမ္မဒ္ဓေစေတီတော်'ပုံစံကဲ့သို့ပင် ဗုဒ္ဓဆင်းတုတော်များကို နံရံပတ်လည်အပြည့်တွင် ထုဆစ်ပူဇော်ထားလေသည်။ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ပုံစံတူ 'စိန်ရောင်ခြည်စေတီတော်ကြီး'၏ ဥဏ်တော်အမြင့်မှာမူ ၉၄ ပေနှင့် ၆ လက်မ ဖြစ်ပါပေသည်။

မျက်မှောက်ကာလတွင် ဖူးမြော်ရသော 'စိန်ရောင်ခြည်စေတီတော်' ပုံတော်မှာကား 'ဗုဒ္ဓဂယာ'ရှိ မဟာဗောဓိစေတီတော်ပုံတူ တည်ဆောက်ထားကာ ထီးတော်အတွက်ကိုမူ ရွှေပိန်းချထားလေသည်။

စိန်ရောင်ခြည်စေတီတော်တည်ရာမြေ၏ ဖြစ်ရပ်အတွေ့တွေ

စိန်ရောင်ခြည်စေတီတော် တည်ရာမြေသည် မြန်မာတို့အထွတ်အမြတ်ထားရာ မြတ်ဘုရားရွှေတိဂုံသို့ သွားရောက်ဖူးမြော်ရာ လမ်းခုလတ်ဖြစ်သည့် ဒဂုံမြို့နယ် Cantoment မြေတိုင်းရပ်ကွက် အမှတ် ၃၂/ဘီတွင် တည်ရှိလေသည်။ တည်နေရာ အကွက်အကွင်းကျသည့်အတွက် ကိုလိုနီခေတ်၏ အထွတ်အထိပ်ကာလဖြစ်သော ခရစ် ၁၉၀၂ ခုနှစ်တွင် ဘုရားမြေ သုည၀ဿမ ဝ၅၂ ဇကနယ်ခဲ့တာဝန်ရှိသူတစ်ဦးက ခွဲစိတ်ရောင်းချခဲ့၍ ဦးရွှေရိုး၊ ဦးရွှေအိုးတို့က ဝယ်ယူခဲ့ကြပြီး အိန္ဒိယနိုင်ငံသား 'မန်ဂလာပရန်ဂျီဗန်'သို့ လွှဲပြောင်းရောင်းချလိုက်သည်။ မန်ဂလာပရန်ဂျီဗန် ကွယ်လွန်သွားသောအခါ 'ဒေါက်တာ မီတား'ဆိုသူက အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ပေသည်။

ခရစ်–၁၉၂၅ ခုနှစ်တွင် ဦးမောင်ကြီး ဒေါ်ဇန်မိသားစုက ပျက်စီးဟောင်းနွမ်းယိုယွင်းနေသော စေတီတော်ကြီးကို ပြင်ဆင်မွမ်းမံပြီး ထီးတော်သစ်တင်ရန် ကိုလိုနီအရာရှိများထံ လျှောက်ထား၍ စိစဉ်ဆောင်ရွက်ခြင်းကို 'ဒေါက်တာမီတား'က ကိုလိုနီနယ်ချဲ့တရားရုံးသို့ 'တား၀ရမ်း'လျှောက်ထားခဲ့ရာ တရားရုံးက စေတီတော်အား ပြင်ဆင်မွမ်းမံ ထီးတော်သစ်တင်ခြင်းကို တားမြစ်ခဲ့သည်။ ကိုလိုနီခေတ်၏ အထွတ်အထိပ်တွင် ဘာသာ/သာသနာ ညှိုးမှိန်ခဲ့ရသည့် သမိုင်းသက်သေပင် ဖြစ်ပါပေသည်။

ထိုဖြစ်ရပ်ကို ဝံသာနုရက္ခိတစိတ်ဓာတ်ပြင်းပြသူ 'ဦးရန်ပ'က



အမျိုးဘာသာ/သာသနာအတွက် စတင်ဆော်သြမှုကြောင့် ခရစ် ၁၉၃၉ နှစ်တွင် 'မင်းတိုင်ပင်အမတ် ဦးဘသိန်း'က မင်းတိုင်ပင်အမတ် အစည်းအဝေးတွင် စိန်ရောင်ခြည်စေတီတော် ဝတ္တကမြေပြဿနာကို မေးခွန်းထုတ်မေးမြန်းပေးခဲ့သော်လည်း ကိုလိုနီခေတ်ဖြစ်နေသောကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ နယ်ချဲ့အစိုးရအဖွဲ့အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ထွက်ခွာသွားရချိန်တွင် ဂျပန်စစ်တပ်၏ အုပ်ချုပ်မှုအောက်သို့ ရန်ကုန်မြို့ကြီး ရောက်ရှိခဲ့ရသည်။ ခေတ်ပြောင်းချိန်ကို အခွင့်ကောင်းယူကာ သရက်တောကျောင်းတိုက်၊ အုတ်လှေကား ဆရာတော်ကြီးက ကြီးမှူးပြီး စိန်ရောင်ခြည်စေတီတော်ကို ထီးတော်သစ် တင်လှူနိုင်ခဲ့ပေသည်။

သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့ ပြန်ဝင်လာပြီး 'CASB' အုပ်ချုပ်ရေးကာလမှာ ဝတ္တကမြေပြဿနာကို ဆက်လက်ဖြေရှင်းခဲ့ရသော်လည်း မပြီးပြတ်ခဲ့ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် 'သာသနာညွှန်ကြားရေးဝန်ရုံး'၏ စေတီတော်ပရဝုဏ်အတွင်းရှိ 'ကုလားပိုင်မြေကွက်'ကိစ္စ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအရ အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ကော်မတီကို ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ဖွဲ့စည်းပေးခဲ့သည်။ ထိုကော်မတီ၏ ဆောင်ရွက်ချက်ကြောင့် ၁၉၅၃ ခုနှစ်၊ အောက်တိုဘာ၊ သီတင်းကျွတ်လတွင် စေတီတော်ကြီးအား ဦးစွာ 'မီးပူဇော်ခွင့်'ရရှိခဲ့ပေသည်။ ဘုရားမြေ ပြန်လည်ရရှိခဲ့ပါသော်လည်း 'သပိတ်စုံ၊ သူပုန်ထ၍ တောမှရန်ကုန်မြို့သို့ စုပြုံတက်လာကြသူများက စေတီတော်မြေကွက်လပ်မှာ ဝင်ရောက်တဲထိုးနေထိုင်ခဲ့ကြပြန်သည်။ ဘုရားဝတ္တကမြေအတွင်းဝယ် ဖြစ်သလိုတည်ဆောက်ထားသော ကျူးကျော်တဲများဖြင့် ပြွတ်သိပ်နေခဲ့ပေသည်။ ထို့ကြောင့် တဲအိမ်များကို သာသနာရေးဦးစီးဌာနက ရှင်းလင်းဖယ်ရှားပြီး ဆရာတော် ဦးကောဝိဒအား စေတီတော်ကြီးကို အနီးကပ်စောင့်ရှောက်တော် မူစေခဲ့သည်။ ထို့နောက် စေတီတော်တောင်ဘက် 'ဦးဥတ္တမကျောင်းတိုက်နေရာ'တွင် တည်ရှိနေသည့် 'မြန်မာ့စိုက်ပျိုးရေးရုံးချုပ်'က ဝန်ထမ်းများပါဝင်သော 'ယာယီဂေါပကအဖွဲ့'ဖြင့် စေတီတော်ကြီးအား ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ကြလေသည်။

'စိန်ကောင်း၊ ကျောက်ကောင်းများကို ရွေအနားကွပ်ဖြင့်သာတင့်တယ်စေရသကဲ့သို့' စိန်ရောင်ခြည်စေတီတော်မြတ်အား ၁၉၉၀ ပြည့်နှစ်တွင် ဘက်စုံမွမ်းမံတည်ဆောက်ရေးဖြင့် 'ချိန်တုန်းခါသင့်၊ ပန်းနှယ်ပွင့်အောင်' ဆောင်ရွက်ပေးလိုက်သောကြောင့် 'သစ်လွင်တောက်ပလာကာ၊ သဒ္ဓါဓာတ်များ ယိုညွတ်ရသော စေတီတော်ကြီးသည် မူလဝတ္တကမြေအတွင်းဝယ် တင့်တယ်သပ္ပာယ်စွာ ဖူးမြော်ခံတော်မူနေပေပြီ။ သို့ရာတွင် မြတ်ဘုရားရွှေတိဂုံသို့ ဘုရားဖူးလာသူများ၏ လမ်းခုလတ်တွင် တည်ထားသည့်အတွက် ပစ္စက္ခကာလတွင်မူ 'ကပ်ကျော်စေတီတော်'ဖြစ်နေရပါကြောင်း မှတ်တမ်းပြုလိုက်ရပေသတည်း။

မောင်မြတ်မွန်(ဆူးလေ)





ဝေဠုဝန ကျောက်စိမ်းစေတီ

(ကာချင်း)

❁ ဘုန်းမိုးသွန်းရွာ မြန်မာလော မြန်မာလော။
ဟုတ်တည်း လုံမောင် လုံမောင်။
ဟုတ်တည်း လုံမ လုံမ။

❁ ဝေဠုဝန စေတီက
မြန်မာ့ဂုဏ်ဆောင်တယ် ဂုဏ်ဆောင်တယ်။

❁ ကျောက်စိမ်းပကတိ လုံးတော်ပြည့်
ဖူးလှည့် လွန်တင့်တယ် လွန်တင့်တယ်။

❁ အောင်မြေသာစွ အမရ
ထာဝရ ငြိမ်းချမ်းတယ် ငြိမ်းချမ်းတယ်။

❁ ရန်ကုန် မန္တလေး အဝေးပြေး
လမ်းဘေး မဝေးတယ် မဝေးတယ်။

❁ စစ်ကိုင်း မြစ်ငယ် လမ်းမဝယ်
ထည်ဝါ ခန့်ညားတယ် ခန့်ညားတယ်။

❁ ဆင်ရွာ၊ မြင်းမူး၊ ပြန့်တပြူး
ရွာဦး တည်ရှိတယ် တည်ရှိတယ်။

❁ မုခ်ဦး မျက်နှာ လေးဘက်မှာ
လက်ရာ လွန်သမှာယ် လွန်သမှာယ်။

❁ စေတီပတ်လည်(လယ်) တန်ဆာခြယ်
ဆယ်ဘွဲ့ ဇာတ်စုံတယ် ဇာတ်စုံတယ်။

❁ ငှက်ပျောဖူး၊ စိန်ဖူး အထူးထူး
အံ့မူး ကျောက်စိမ်းထည် ကျောက်စိမ်းထည်။

❁ သရက်ကင်း ဟူ စိန်တောင် မူ
တစ်ဆူလုံး ကျောက်စိမ်းထည် ကျောက်စိမ်းထည်။

❁ ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ လွန်ပြေပြစ်
ကျစ်လျစ် ရွှေချင်ဖွယ် ရွှေချင်ဖွယ်။

❁ မိုးစွန်တမွတ် ခေါင်အထွတ်
ဖြောင့်မတ် မြင့်ဖြူးသွယ် မြင့်ဖြူးသွယ်။

❁ လရောင်အောက်မှာ ညချမ်းခါ
ရောင်ဝါ ရွှန်းဝင်းတယ် ရွှန်းဝင်းတယ်။

❁ နေရောင်အောက်မှာ နေ့အခါ
ဖလဲဝါ ထွန်းလင်းတယ် ထွန်းလင်းတယ်။

❁ နောင်ရှည်တဲ့
ရောင်ခြည်လွှဲ
ကမ္ဘာတည်အံ့။ ။

တင့်ထွန်း(ချောက်)

ကိုယ်ပိုင်အလင်းနှင့် သစ္စာရှင်



❍ ငွေဝန်းသော်တာ၊ ထိန်လင်းသာသည်
ထည်ဝါခုံညား၊ အလင်းများသခင်
စွမ်းအားရှင်ဟု၊ ဖြူစင်လမင်း
ဂုဏ်သတင်းနှင့် ချစ်ခြင်းချီမြွေ လပြည့်ည။

❍ လကွယ်ညမှာ၊ သော်တာဘယ်ရောက်
အမှောင်အောက်တွင်၊ ကြောက်စိတ်တစ်ဝက်
ထိတ်တစ်ဝက်နှင့် စိတ်ပျက်ဝမ်းနည်း မှောင်မည်းမည်း။

❍ အမှောင်မည်းကြား၊ သိမ်ငယ်သွားခိုက်
အားကိုးစရာ၊ လမသာချိန်
ကြယ်ပြာလဲ့လဲ့၊ မှန်သဲ့သဲ့အောက်
ချိန့်အားလျော့၊ အလင်းဖျော့လည်း
ရင်ကော့တည့်တည့်၊ လျှောက်လှမ်းခဲ့ပေါ့
လင်းလဲ့ရောင်ဝါ၊ ငွေကြည်ပြာသို့
မဟာကျေးဇူး၊ အထူးတင်ရှိ လေးစားမိ။

❍ ဘော်ငွေလမင်း၊ ဂုဏ်ရောင်လင်းလျက်
ထုံသင်း ချီမြှုင်၊ အလင်းလိုင်လည်း
ကိုယ်ပိုင်မဟုတ်၊ ဟိတ်ဟန်ထုတ်၍
သရုပ်မှန်ရှိ၊ ပကတိမူ
နေ၏ အလင်း၊ ငှားရမ်းသူ
ချစ်ခြင်းမထိုက်၊ ဟန်ဆောင်ခိုက်မှာ
ပြည့်လိုက် ကွယ်လိုက်၊ ဆန်းလိုက် ဆုတ်လိုက်
စရိုက်မျိုးစုံ၊ မာယာဘုံက
ပုံပြင်ယမင်း လတစ်စင်း။

❍ ကြယ်စင်ဖြိုးဖြောက်၊ လမ်းမပေါက်လည်း
စူးရောက်သေချာ၊ သူရောင်ဝါသည်
ခိုင်မာတည်တံ့၊ အရှည်ခံ၍
ရှင်းသန့်မြင့်မြတ်၊ ဂုဏ်ချင်းဆိုင်သော်
ကိုယ်ပိုင်အလင်း၊ သူဆောင်ကြဉ်း၏
ပြစ်ကင်းစင်သော မေတ္တာများ။
ချစ်ခြင်းလွင်သော သစ္စာတရား။

မင်းသစ်ဝင်း(ကျောက်တံခါး)

ပျိုးထောင်စဉ်က . .
ဥယျာဉ်တွင်းမှာ၊ ရောင်ဖြာယှက်မြူး
ပန်းစုံဖူးစေ၊ ကြည်နူးစေဖို့
စေတနာထားလျက်၊ အားလုံးတွက်ဟု . . .။

ပေါင်းသင်စဉ်က . .
ဥယျာဉ်တွင်းမှာ၊ ဝေဆာထူးတင့်
ပန်းစုံပွင့်စေ၊ ချမ်းမြေစေဖို့
စေတနာထားလျက်၊ အားလုံးတွက်ဟု . . .။

ဖူးပွင့်စုံညီ
ဂုဏ်ရည်ခြယ်မှုန်း၊ ဥယျာဉ်နန်းမှာ
တမ်းမက်မျော်လင့်၊ ပွဲလယ်တင့်စွာ
ပျော်ခွင့်ကြုံရ၊ ကြည်မွေ့ရခိုက်
အလှတရား၊ နောင်ထုံးကြားမှ
ဖမ်းစားညွတ်ကွင်း၊ မရောင်ခွင်းနိုင်
ညှင်းလေပြည်သန့်၊ ခင်းအဖြန့်ဝယ်
ပျံထုံစွဲနစ်၊ ကျွမ်းတည်ရစ်အောင်
ချစ်ခြင်းဆောင်နှင်း၊ "ပန်းသတင်း"ကြောင့်
ရင်တွင်းဆန္ဒ၊ လမ်းလွှဲပြ၍
အတ္တကြီးမား၍ဖြို . . .
"နောင်ထုံး"ဟူသည့် နောက်ကွယ်ဆီ . .
ကိုယ့်လိုအဖြစ်မျိုး ကြုံနိုင်မည် . .
နားလည် မြင်ကြ စေချင်သည် . . .။ ။

မင်းသွေးနွယ်(ဂီးကုန်း)

နောင်ထုံး၏အခြားတစ်ဖက်





မြန်မာ့စီးပွားရေးကို ကောင်းပေးမယ်ဆိုရင်

ဇော်ဟိန်း

၂၀၁၅ ခုနှစ်ဟာ အာဆီယံအသိုက်အဝန်း (ASEAN Community) စတင်ထူထောင်တဲ့ နှစ် ၅၀ ရွေရတုနှစ် ဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ စင်ကာပူ ၅ နိုင်ငံ စုပေါင်းထူထောင်ခဲ့ကြပါတယ်။ ၁၉၈၄ ခုနှစ်မှာ ဘရူနိုင်းနိုင်ငံ ပါဝင်လာပြီး၊ ၁၉၉၅ ခုနှစ်မှာတော့ ဗီယက်နမ်နိုင်ငံ ပါဝင်လာခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ လာအိုနဲ့ မြန်မာနိုင်ငံတို့ အသင်းဝင်အဖြစ် ပါဝင်ခဲ့တဲ့အပြင် ၁၉၉၉ ခုနှစ်မှာ ကမ္ဘောဒီးယားနိုင်ငံ ပါဝင်လာခဲ့တဲ့အတွက် အာဆီယံအဖွဲ့ကြီးဟာ အရှေ့တောင်အာရှ ၁၀ နိုင်ငံနဲ့ ပေါင်းစည်းထူထောင်ပြီး ဖြစ်သွားခဲ့ပါတယ်။

အာဆီယံအဖွဲ့ရဲ့ ခက်မသုံးဖြာကတော့ အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်း (ASEAN Political and Security Community-APSC)၊





အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) နဲ့ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်း(ASEAN Socio Cultural Community- ASCC) ဖြစ်ကြပြီး အားလုံးထဲမှာ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) က ရေပန်းအစားဆုံးနဲ့ ခရီးအရောက်ဆုံး ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းသာမက အာဆီယံအသိုက်အဝန်းကြီးတစ်ခုလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေတာဖြစ်လို့ ၁၀ နိုင်ငံခေါင်းဆောင်များနဲ့ အစိုးရအဖွဲ့များက စိတ်ဝင်စားပြီး တွန်းအားပေးနေကြတာဟာ သဘာဝကျပါတယ်။

ဒါပေမဲ့ နိုင်ငံတစ်ခုချင်းအလိုက် အခြေခံ အဆောက်အအုံ ပြည့်စုံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု စံနှုန်းချင်းမတူညီတာကြောင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ထူထောင်ရာမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ အစား ဒီဇင်ဘာလ ၃၁ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့ရပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုနောက်ကျလေးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ လွတ်လပ်သော ကုန်သွယ်မှုကို ၂၀၁၈ ခုနှစ်အထိ ကာလတိုးမြှင့် သတ်မှတ်ပေးခဲ့ပါသေးတယ်။ ဖွံ့ဖြိုးမှုနောက်ကျ လေးနိုင်ငံဆိုပေမယ့် ဗီယက်နမ်နိုင်ငံကတော့ ပြည်သူက စိတ်ဓာတ်ကောင်းသလို၊ အုပ်ချုပ်သူ အစိုးရအဖွဲ့အစည်းကလည်း စီမံခန့်ခွဲမှုကောင်းတဲ့အတွက် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်သွားပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုနောက်ကျနိုင်ငံတွေကို လက်တွဲခေါ်နေရတာကြောင့် အာဆီယံစီးပွားရေး တိုးတက်မှုဟာ ထင်သလောက် ခရီးမပေါက်သေးဘူးဆိုပေမယ့် ကမ္ဘာ့ကုန်သွယ်မှုအဆင့်မှာ ရှေ့တန်းကျကျနေရာကို ရထားပြီးဖြစ်ပါတယ်။

အာဆီယံစီးပွားရေး အသိုက်အဝန်းရဲ့ ကမ္ဘာ့ကုန်သွယ်မှုအဆင့်အတန်းကို လေ့လာတဲ့အခါ အာဆီယံဟာ ကမ္ဘာ့စျေးကွက်အဆင့် ၆ ဖြစ်ပြီး အရွယ်အစားအရ ကမ္ဘာ့လူဦးရေအများဆုံး အဆင့် ၃၊ စားသုံးဆီထုတ်လုပ်မှု အဆင့် ၁၊ ရော်ဘာထုတ်လုပ်မှု အဆင့် ၁၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အဆင့် ၃၊ ကျောက်မီးသွေးထုတ်လုပ်မှု အဆင့် ၃၊ ဆန်ထုတ်လုပ်မှု အဆင့် ၂ စသည်ဖြင့် လူဦးရေအရ ကုန်ထုတ်လုပ်မှုအရ တန်းမနိမ့်တာ တွေ့ရပါတယ်။ ပထဝီနိုင်ငံရေးသဘောအရ ကြည့်ပြန်ရင်လည်း အရှေ့အုပ်စုနဲ့ အနောက်အုပ်စုအကြားမှာ အရှေ့တောင်အာရှဒေသဟာ အရေးပါတဲ့ အနေအထားမှာရှိနေပြန်ပါတယ်။ စစ်အေးကာလနောက်ပိုင်းမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ကုန်းမြေသာမက ပင်လယ်ရေပြင်ကိုပါ နိုင်ငံရေး၊ စီးပွားရေးအရ ချဲ့ထွင်လာကြတဲ့အတွက် စစ်ရေးအရှိန်အဟုန်တွေ မြင့်တက်လာပြီး မာန်တထောင်ထောင်၊ ရန်တစောင်စောင်နဲ့ ဖြစ်နေကြပါတယ်။ ကိုရီးယားကျွန်းဆွယ်အရေး၊ ဂျပန်နဲ့ ဖိလစ်ပိုင်ကျွန်းစုများအရေး၊ တောင်တရုတ်ပင်လယ်အရေးတွေက အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးသာမက နိုင်ငံရေး၊ စီးပွားရေးကိုပါ ရိုက်ခတ်နေပြီ ဖြစ်ပါတယ်။ မတူညီတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု ဘာသာဓလေ့ထုံးတမ်းတွေကို အခြေပြုထားတဲ့ အာဆီယံအဖွဲ့ဝင် ဆယ်နိုင်ငံဟာ တူညီတဲ့ စီးပွားရေးရည်မှန်းချက်ကို အရောက်လှမ်းနိုင်ဖို့ဆိုတာ ဆယ်နိုင်ငံခေါင်းဆောင်များရဲ့ အရည်အချင်းအပေါ်မှာ များစွာမူတည်နေပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ကမ္ဘာ့နိုင်ငံရေးမျက်နှာစာမှာ သမိုင်းကြောင်းအရ ပုံရိပ်ကောင်းတွေ ရယူပိုင်ဆိုင်ထားပေမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း အပြည့်အဝယှဉ်ပြိုင်နိုင်စွမ်း မရှိသေးတဲ့ ဖွံ့ဖြိုးမှုနောက်ကျနိုင်ငံရဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ်ပဲ ရှိနေ

ပါသေးတယ်။ နိုင်ငံတကာမှာ စီးပွားရေးအရ မျက်နှာသာရအောင်၊ အလေးပေးခံရအောင်ဆိုတာထက် ပြည်သူတွေရဲ့ စီးပွားရေး အခက်အခဲကို ဖြေရှင်းပေးနိုင်အောင် အစိုးရအဖွဲ့က စိမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်ဟာ မူဝါဒသဘောဖြစ်လို့ ယေဘုယျဆန်ဆန်ပဲ ဖော်ပြထားတာကို ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုအဆင့် တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တွေက လက်တွေ့ကျပြီး အသေးစိတ် စီမံချက်တွေ ထပ်ဆင့်ရေးဆွဲ အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးသိအိုရီတွေ ကျွမ်းကျင်ပိုင်နိုင်တဲ့ ပညာရှင်တွေပေါများသလို အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေလည်း မနည်းမနောရှိနေတာ တွေ့ရပါတယ်။ အလားတူပဲ လက်တွေ့မဆန်၊ နိုင်ငံရဲ့ အခြေအနေနဲ့ မကိုက်ညီသေးတဲ့ သီအိုရီသမား ပညာရှင်တွေနဲ့ အာဏာပိုင်အဖွဲ့အစည်းရဲ့ အထူးအခွင့်အရေးပေးမှုကြောင့် လုပ်ပိုင်ခွင့်တွေရပြီး ချမ်းသာကြွယ်ဝလာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလည်း များစွာရှိနေပါတယ်။ အစိုးရအဖွဲ့အနေနဲ့ လက်တွေ့အသုံးချ စီးပွားရေးပညာရှင်တွေအပါအဝင်၊ ဂုဏ်သိက္ခာရှိပြီး တိတ်တွင်ကြံဆနိုင်စွမ်းရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကြံဉာဏ်များကို ရယူသင့်ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ နေကြတယ်ဆိုပေမယ့် ကျေးလက်ပြည်သူအားလုံး ဆင်းရဲမွဲတေနေတာ မဟုတ်သလို၊ မြို့ပြကို အမှီပြုနေထိုင်တဲ့ ၃၀ ရာခိုင်နှုန်းသော မြို့နေလူတန်းစားတွေထဲမှာ မြို့ပြဆင်းရဲသား လက်လုပ်လက်စားတွေ ပါဝင်နေတယ်ဆိုတာ သတိပြုစေချင်ပါတယ်။ အဓိကအချက်ကတော့ ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်မှာ သတ်မှတ်ထားတဲ့ ဆင်းရဲမွဲတေမှု၊ သို့မဟုတ် ဆင်းရဲနွမ်းပါးမှု စံနှုန်းအရ မြန်မာနိုင်ငံမှာ ဆင်းရဲသားကျော်မွဲလူတန်းစား ၂၆ ရာခိုင်နှုန်း ရှိနေသေးတယ်ဆိုတာပဲ ဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်မှာ ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျော့ချ၊ လျော့ကျစေရမယ်လို့ ပြောဆိုခဲ့ပေမယ့် နောက်ပိုင်းမှာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားခဲ့ပါတယ်။ ပြည်သူတွေအတွက် စားဝတ်နေရေးအဆင်ပြေအောင် ဖန်တီးပေးနိုင်ရင် ဆင်းရဲမှုဟာ လျော့ကျရုံမက ပျောက်လို့တောင် သွားနိုင်ပါတယ်။ ပြည်သူတွေရဲ့ တစ်နေ့လုပ်ခဝင်ငွေဟာ လူတစ်ဦးချင်းစီရဲ့ စားဝတ်နေမှုကို ကာမိစေရအောင် စိမံဆောင်ရွက်ရာမှာ ကုန်ဈေးနှုန်းတည်ငြိမ်ဖို့ လိုအပ်သလို သင့်တင့်မျှတတဲ့ လုပ်ခလစာ၊ ဝင်ငွေရရှိဖို့ လိုအပ်ပါတယ်။ ကုန်ဈေးနှုန်းအတက်အကျ၊ တန့်တည်မှုဟာ စီးပွားရေးသိအိုရီအရ ဝယ်လိုအားနဲ့ ရောင်းလိုအားကသာ ပြဋ္ဌာန်းထားတဲ့အတွက် ကော်မတီဖွဲ့၊ အမိန့်ညွှန်ကြားချက်တွေထုတ်ပြီး လုပ်လို့မရတဲ့ အနေအထားမှာရှိနေတဲ့အပြင် ဈေးကွက် စီးပွားရေးစနစ်အရ ကန့်သတ်ချုပ်ခြယ်ထားလို့ မဖြစ်နိုင်တဲ့သဘော ရှိပါတယ်။

> ကျေးလက်ပြည်သူအားလုံး ဆင်းရဲမွဲတေနေတာ မဟုတ်သလို၊ မြို့ပြကို အမှီပြုနေထိုင်တဲ့ ၃၀ ရာခိုင်နှုန်းသော မြို့နေလူတန်းစားတွေထဲမှာ မြို့ပြဆင်းရဲသား လက်လုပ်လက်စားတွေ ပါဝင်နေတယ်ဆိုတာ...

မြန်မာနိုင်ငံဟာ စက်မှုထွန်းကားရေးကို ရေရှည်အတွက် မျှော်မှန်းထားနိုင်သော်လည်း လက်ရှိအခြေအနေမှာတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံထားတဲ့ စိုက်ပျိုးစီးပွား နိုင်ငံအဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် လယ်ယာ၊ သားငါး၊ သစ်တောထွက်ပစ္စည်းဆိုင်ရာ ကုန်ထုတ်လုပ်မှုကို တိုးတက်အောင် လုပ်ဆောင်ကြရပါမယ်။ ဒီလိုထုတ်လုပ်မှုတိုးတက်လာအောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို ဖန်တီးတည်ဆောက်ပေးရမှာက အစိုးရရဲ့တာဝန် ဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံရေးကို ဦးစားပေးပြီး ပြည်ပို့ကုန်ကိုလည်း ဒုတိယဦးစားပေးအဖြစ်သော်လည်းကောင်း၊ သီးခြား စီမံချက်နဲ့သော်လည်းကောင်း ချမှတ်ဆောင်ရွက်သင့်ပါတယ်။ အခြေခံအဆောက်အအုံဆိုင်ရာ စွမ်းအင်၊ လမ်းတံတား၊ ဆိပ်ကမ်း စတာတွေအပြင် Soft Infrastructure လို့ခေါ်တဲ့ မူဝါဒ၊ ဥပဒေ၊ အမိန့် ညွှန်ကြားချက်တွေဟာလည်း လုပ်ငန်းကွင်းဆက်တွေ ချောမွေ့စေအောင် ဖော်ဆောင်





ဖန်တီးပေးရပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေကို လုပ်သာကိုင်သာရှိအောင် ဖြေလျှော့ပေးရပါလိမ့်မယ်။ ရောင်းကုန်ပစ္စည်းတွေကို လည်း အရည်အသွေးစံချိန်မီတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်၊ စျေးကွက်တန်းဝင်မယ့် ကုန်စည်တွေဖြစ်အောင် ပြုလုပ်ကြရပါလိမ့်မယ်။ အာဆီယံစျေးကွက်မှာတော့ မြန်မာ့ထုတ်ကုန်ဟာ ကွက်ပျောက်နေဆဲဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ အပေါ်မှာ ၇၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း အထိ အမှီပြုနေကြရတာ ဖြစ်ပါတယ်။ အသေးစားဆိုရာမှာလည်း အသေးစား စီးပွားရေးလုပ်ငန်းနဲ့ အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်း(Small Scale Industry and Cottage Industry) ဆိုပြီး ခွဲခြားနိုင်သေးလို့ ဒီခေတ်မှာတော့ M S M Es(Micro, Small and Medium Enterprises) လို့ သတ်မှတ်ပြောဆို ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေသာမက လယ်ယာသားငါး၊ သစ်တောထွက် ကုန်ထုတ်လုပ်ငန်းတွေကိုပါ တပြေးညီတိုးတက်လာအောင် ဆိုင်ရာဝန်ကြီးဌာနတွေက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါလိမ့်မယ်။ စျေးကွက်တန်းဝင်မယ့် ကုန်ထုတ်သီးနှံ၊ သားငါးအမျိုးအစား၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်မယ့် သစ်တောထွက်ကုန်စည်တို့ကို ရွေးချယ်သတ်မှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရပါလိမ့်မယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတွေကို လည်း လက်ရှိဦးတည်ရည်မှန်းထားတဲ့ စီးပွားရေးစနစ်နဲ့ ကိုက်ညီပြီး နိုင်ငံတကာ စံနှုန်းတွေနဲ့ အံဝင်ခွင်ကျအောင် လိုအပ်သလို ပြုပြင်ရေးဆွဲရပါလိမ့်မယ်။ ပြုပြင်ပြောင်းလဲသင့်တဲ့ ဥပဒေတစ်ရပ်အတွက် မူကြမ်းမှသည် ပြဋ္ဌာန်းထုတ်ပြန်သည့်ကာလအထိ အချိန်တိုတောင်းစေရမှာဖြစ်တဲ့အပြင် နောက်ဆက်တွဲလုပ်ငန်းစဉ်များဖြစ်တဲ့ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေကိုလည်း အမြန်ဆုံးထုတ်ပြန်နိုင်အောင် လွှတ်တော်အဆင့်ဆင့်နဲ့ ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းများကလည်း ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ လုပ်ငန်းကွင်းဆက်တွေကို သွက်သွက်လက်လက် အသက်ဝင်လာစေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဇောင်းပေးလုပ်ဆောင်ကြမယ်ဆိုရင် ပြည်ထောင်စု၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နယ်မြေဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဆိုင်ရာကော်မတီဝင်များသာမက ပုဂ္ဂလိက အရပ်ဘက်အဖွဲ့အစည်းများအားလုံး ညီညွတ်မျှတစွာ ပါဝင်လုပ်ဆောင်ကြဖို့ လိုပါတယ်။ မြန်မာနိုင်ငံ ပြည်သူများအနေနဲ့ ခေါင်းဆောင်မှုကောင်းရင် နောက်လိုက်ကောင်းတွေအဖြစ် တစ်ပြိုတစ်မ အများစုက လိုက်ပါဆောင်ရွက်ကြမှာဖြစ်ကြောင်း အာမခံ ရေးသားလိုက်ရပါတယ်။

ဇော်ဟိန်း


> **အာဆီယံစျေးကွက်မှာတော့ မြန်မာ့ထုတ်ကုန်ဟာ ကွက်ပျောက်နေဆဲ ဖြစ်ပါတယ်။**

ရထားပေါ်မှ တိုးဝှေ့ဆင်းပြီး ဘူတာကြီးအပြင်ဘက်ရောက်တော့မှ ဦးခင်မောင်သည် သက်ပြင်းကို ဟင်းကနဲချမိသည်။

မီးရောင်မှိန်မှိန်အောက်၌ ကိုယ့်အာရုံနှင့်ကိုယ် ပျားပန်းခတ်လှုပ်ရှားနေသူများကို ငြိုးငွေ့စွာငေးကြည့်ရင်း ''ဘယ်သွားရင် ကောင်းမလဲ''ဟု စဉ်းစားနေမိသည်။ ခင်အောင်က သာကေတမှာ၊ လေးနွယ်က သုဝဏ္ဏမှာ။ နှစ်ယောက်စလုံး ဝေးတာချည်းပဲ။ အိမ်ကလည်း ကျဉ်းတာချည်းပဲ။

ဦးခင်မောင်က တွေးနေစဉ် သူ့ကို မိန်းကလေးတစ်ဦးက ကိုယ်တစောင်းတိုက်သွားသည်။ ယခုခေတ်ပုံစံအတိုင်း ဆံပင်တိုတို၊ ထဘီတိုတိုနှင့်ဖြစ်သည်။ အတွန့်တွေအဖတ်တွေပါသော အင်္ကျီကခပ်ပွပွ၊ ခွာမြင့်ဖိနပ်က သုံးလက်မ၊ ရေမွှေးနံ့သင်းပျံ့ပျံ့နှင့် အတူ နောက်လှည့်မကြည့်ပဲ 'ဆောရီး'ဟု ပြောသွားသောအသံသာ လွင့်ပြီးကျန်ရစ်ခဲ့သည်။

''မင်း ဆောရီးတာက အရေးမကြီးဘူး၊ ငါ့ပိုက်ဆံအိတ်မှရှိသေးရဲ့လား''



သူ့တိုက်ပုံအင်္ကျီအတွင်းအိတ်တွင် ထည့်ထားသော သားရေပိုက်ဆံအိတ်ကလေးကို ဦးခင်မောင် ကမန်းကတန်း စမ်းကြည့်သည်။ ဟိုတစ်ခါတုန်းက ရေမွှေးနှံ့တသင်းသင်းနှင့် ကောင်မလေးနှစ်ယောက် သူ့ကိုဝင်တိုက်ပြီး ''ဆောရီး''သွားစဉ်က ပိုက်ဆံအိတ်ကလေး ပါသွားသည်ကို သူ မမေ့သေး။

''ဦးလေး ကားယူသွားမလား''

သူ့ဘေးတွင် ကပ်၍ပြောလိုက်သော အသံကြားရတော့ ''ငါ ဘယ်သွားရရင် ကောင်းမလဲ''ဟု အပြေးအလွှားစဉ်းစားမိပြန်သည်။ ''ခင်အောင့်မိန်းမက ကော်တရာမ၊ လေးနွယ်ယောကျ်ားက ဘုဆတ်ဆတ်နဲ့၊ တတ်နိုင်ရင်တော့ တည်းခိုခန်းတည်းလိုက်ရင် ကောင်းမှာ''ဟုတွေးမိစဉ် ကားဆရာလေးက ''ကားယူမလားဦးလေး'' ဟု ထပ်မေးသည်။

''အေး–သုဝဏ္ဏဘယ်လောက်လဲကွ''

''ဂိတ်ဆုံးလား''

''ရေနံ့သာတင်ပါကွာ၊ အဲဒီအထိ လမ်းကောင်းပါတယ်''

''ရေနံ့သာဘယ်ဘက်လား၊ ညာဘက်လားဦးလေး၊ ဘယ်ဘက်သာ လမ်းကောင်းတာ၊ ညာဘက်ကတော့ သိပ်မကောင်းဘူးဗျ''

ကားဆရာက လမ်းကို အတော်ကျွမ်းဟန်ရှိနေတော့ ဦးခင်မောင်ပြီးရင်း သက်ပြင်းချမိသည်။

''သိပ်မဆိုးပါဘူးကွာ၊ ဟိုးအထဲအထိလည်း မသွားရပါဘူး၊ ဈေးအလွန်တင်ပါ''

''ငါးဆယ်ပဲ ထားလေ''

''မြတ်စွာဘုရားရေ''

ဦးခင်မောင်မျက်လုံးအစုံသည် ရှေ့သို့ ပြူးထွက်လာသည်။ ဒုက္ခရောက်သောအခါမှ ရံဖန်ရံခါ သတိရတတ်သော ဘုရားရှင်ကို အလွန်သတိရသွားသည်။

''ရက်စက်လှချည်ကလားကွာ''

''စင်းလုံးငှားတာမဟုတ်လား ဦးလေးရ''

''ကားငှားတာ စင်းလုံးငှားတာ မဟုတ်လို့၊ တစ်ပိုင်းတည်း ငှားလို့ရသလား ငါ့လူ''

ဦးခင်မောင်က အူကြောင်ကြောင်နှင့် ဘုဆတ်ဆတ်ပြောတော့ ကားဆရာလေးက

တည်းခိုစရိတ်ရော စားစရိတ်ရော ထောင်းလိုက်ရင်တော့ မလွယ်ဘူး၊ ငါရမယ့် တိအေ ဒီအေလေးတွေကို မစုမိတဲ့အပြင်...

သူ့ကို အ , ရန်ကောဟူသော မျက်နှာထားနှင့် စိတ်ပျက်လက်ပျက်ကြည့်သည်။

''ရတာပေါ့ဗျ၊ နှစ်ဦးစပ်ပြီး ငှားရင် တစ်ပိုင်း၊ လေးဦးစပ်ရင် တစ်စိတ်ဗျ''

''အဲ...''

''ဦးလေးက ဘယ်ကလာတာလဲ ခင်ဗျ''

''တောကဟေ့...တောက''

ကားဆရာလေး၏အမေးက ''ခင်ဗျား တောကလာတာလား''ဟု အဓိပ္ပာယ် သက်ရောက်သည်ဟု ထင်သောကြောင့် ဦးခင်မောင်က ခပ်ရွဲ့ရွဲ့ဖြေသည်။ ထို့နောက်မှ ''တောကလာတဲ့ တောသားဆိုပြီး ပိုဆိုးနေမှအခက်''ဟု တွေးမိရင်း ကားဆရာကို မသိမသာ မျက်စောင်းငဲ့ကြည့်မိသည်။

''ရန်ကုန်သား တောရောက်နေလို့ဟော့'' အဆက်အစပ်မရှိပြောရင်း ''အဟမ်း'' ခနဲ ချောင်းဟန့်သည်။ ကားဆရာကတော့ သူ့ကိုဂရုမပြုအား၊ အထုပ်အပိုးတွေဆွဲပြီး ဖြတ်သွားသူတစ်ဦးကို ''ကားယူမလားအစ်ကိုကြီး''ဟု လှမ်းမေးနေသည်။

''အင်း တည်းခိုခန်းမှာတည်းလိုက်ရင် လောလောဆယ်တော့ ကားခသက်သာသွားမှာပဲ၊ ဒါပေမယ့် အစည်းအဝေးက ချက်ချင်းပြီးမှာမဟုတ်ဘူး၊ ရက်ရှည်ဦးမယ်၊ ရက်ဆက်ဦးမယ်ဆိုရင် တစ်ပတ်ဆယ်ရက်ကြာသွားနိုင်တယ်၊ တည်းခိုစရိတ်ရော စားစရိတ်ရော ထောင်းလိုက်ရင်တော့မလွယ်ဘူး၊ ငါရမယ့် တိအေ ဒီအေလေးတွေကို မစုမိတဲ့အပြင် အိတ်ထဲကတောင် ပဲ့ပါသွားဦးမယ်''

သူသည် တွေးရင်း ရှေ့တွင် အသာချထားသော ယိုးဒယားခြင်းကို ကောက်ဆွဲသည်။

''ကဲကွာ၊ မင်းပြောသလို စပ်တူစီးတာပေါ့၊ စောင့်တောစောင့်ရမယ်ထင်တယ်နော်''

''ခဏပါဗျာ''

သူ့ကို ကားဆရာက လေးဘီးကားခပ်အိုအို ခပ်ဟောင်းဟောင်းကလေးဆီသို့ ခေါ်လာသည်။ ကားနောက်ခန်းကို လှမ်းတက်လိုက်တော့ သူ့ကိုယ်အလေးချိန်ကြောင့် ကားက လေးအိသွားသည်။

''သုဝဏ္ဏသွားမယ်၊ ကျောက်မြောင်းတာမွေ့ ပုသိမ်ညွန့်ရောက်မယ်''

ကားဆရာ၏အသံကို နားထောင်ရင်း ရှပ်အင်္ကျီအိတ်ထဲတွင် ထည့်ထားသော ငွေစက္ကူအသစ်ကလေးကို မသိမသာစမ်းကြည့်မိသည်။

''စပ်တူစီးတာတောင် ဆယ့်ငါးကျပ်နှစ်ဆယ်တော့ပေးရမယ် ထင်ပါရဲ့၊ ဟိုတစ်ခါ သမီးကိုစျေးလွှတ်လိုက်တုန်းက ဝက်သားသည်က မှားပြီး ငွေပိုအမ်းတယ်တဲ့၊သမီးက ငွေလေးဆယ်ပြန်ပေးလိုက်ရတယ်တဲ့၊ အခုလည်း ကားဆရာက မှားပြီး ပိုများအမ်းနေမလားမသိဘူး''

ဦးခင်မောင်စဉ်းစားသည်။

''ပိုပြီးများအမ်းလာရင် ငါက သမီးလေးလို လွယ်လွယ်ကူကူ ပြန်ပေးဖြစ်ပါ့မလား''

ဦးခင်မောင်က သူ့စိတ်ကို သူပြန်မေးမိသည်။ သူ့စိတ်ကလည်း သူ့ကိုတိုက်ရိုက်မဖြေ။ ''ငါ့ဝင်ငွေက တစ်လတစ်ထောင်လောက်ရှိတာပဲ၊ ဒါပေမယ့် တစ်လတစ်လ စားစရိတ်နဲ့ပဲ လုံးလည်လိုက်နေတယ်၊ ပိုက်ဆံလေးဆယ် ကိုယ့်လက်ထဲရောက်လာရင် ကံကောင်းလို့ပေါ့'' ဟု ဝေ့လည်ကြောင်ပတ်တွေးနေလေသည်။

သာယာနာပျော်ဖွယ် မရှိလှသော လေးဘီးကားလေးအသံကြားတော့ လေးနွယ် ခေါင်းထောင်သွားသည်။ စက်က တဝူးဝူးအော်ကာ ကိုယ်ထည်က ကျလိ ကျလိနှင့် သံစုံမြည်နေသော...

''အို– ငါဘာတွေ တွေးနေတာလဲ၊ ပိုအမ်းရင် ပြန်ပေးရမှာပေါ့''

ဦးခင်မောင်သည် သူ့အတွေးကို ကမန်းကတန်းပြင်ဆင်၍တွေးသည်။ ထိုစဉ် ကားပေါ်သို့ နောက်ထပ်လူသုံးယောက် တက်လာသည်။ အမျိုးသမီးက နှစ်ယောက်၊ အမျိုးသားက တစ်ယောက်၊ အမျိုးသားဆီမှ ခွေးနှံ့ရပြီး အမျိုးသမီးနှစ်ဦး၏ ခြင်းတောင်းထဲမှ မစီမာဆီးသီးထုပ်အနှံ့က ပျံ့ထွက်နေသည်။

အမျိုးသားက လက်ဆွဲအိတ်တစ်လုံးတည်းသာပါလာသည်။ အမျိုးသမီးနှစ်ဦး၏ အထုပ်အပိုးများကား မနည်းလှချေ။

''အခု စီးတာက တစ်ပိုင်းလား၊ တစ်စိတ်လား ဘာလဲမသိဘူး၊ ဟိုလူနဲ့ ဒီအမျိုးသမီးကတော့ အတူတူဟုတ်ပုံမရပါဘူး။ သုံးပုံတစ်ပုံများ ဖြစ်မလားမသိဘူး၊ ကားဆရာက ဘယ်လိုဝေပုံချပြီး တောင်းမယ်မသိပါဘူး''

ဦးခင်မောင်တွေးမိစဉ် ကားအိုကလေးသည် ကတ္တရာလမ်းပေါ်တွင် တယိမ်းယိမ်း တယိုင်ယိုင်နှင့် ပင်ပန်းစွာ စ၍ပြေးလေသည်။ ကားအင်ဂျင်သံကလည်း ''ဝီအီဝီအီ''နှင့် တိရစ္ဆာန်တစ်ကောင်လို ညည်းတွားအော်မြည်နေသည်။

''နင့် ငါပြောသားပဲ၊ တရုတ်စတွေက သုံးလေးကျပ်သာ တင်လို့ကောင်းတာ၊ ဘာမှမမြတ်ပါဘူးလို့၊ ဓာတ်ဘူးနဲ့ မတ်ခွက်ဝယ်လာတာကမှ ဟုတ်ဦးမယ်''

''ပါတော့ ပါသားပဲ''

''ဘာများလို့လဲ၊ ဓာတ်ဘူးနှစ်လုံးနဲ့ မတ်ခွက်ကလေးသုံးခွက်များ၊ တော်သေးရဲ့၊ ဖန်ခွက် နှစ်ဒါဇင်ပါလို့''

''ဘာလုပ်မှာတုန်း၊ မြတ်မှာက နည်းနည်းရယ်၊ကွဲမှာစိုးလို့ တစ်လမ်းလုံး ဘုရားတနေရတာနဲ့ မကာမိဘူး''

''ငါတို့ ဝယ်တာလည်း ဟုတ်သေးပါဘူးဟယ်၊ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့''

''အစ်မကလည်း အဒေါ်ဆုံးလို့ အသုဘသွားတာပဲဟာ၊ စရိတ်ကျအောင် နည်းနည်းပါးပါးဝယ်လာတဲ့ဟာကို၊ တကယ့် ကုန်သည်ကြီးတွေလိုတော့ ဘယ်သူက တွက်တတ်မလဲ''

''အေးဟယ်၊ အသွားတုန်းက ဇောင်းပါတိတ်တွေ ဆယ့်လေးငါးထည်ဆွဲသွားမိရင်ကောင်းမှာ၊ လေး ငါး ခြောက်ဆယ်မြတ်လည်း မဆိုးဘူးပေါ့၊ ကလေးမုန့်ဖိုးရတာပေါ့''

ထမင်းချိုင့်၊ ရေပုလင်းနှင့်ရေခွက်သာ



ပါသဖြင့် ချောင်နေသော ယိုးဒယားခြင်းကို ငုံ့ကြည့်ရင်း ဦးခင်မောင် နောင်တရမိလေသည်။

* * * * *

''ကိုးနာရီကျော်နေပြီ၊ ကိုဦးကလည်း ခုထိမလာသေးဘူး၊ ဒီနေ့ သိပ်နေမကောင်းလို့ ကားကို စောစောသိမ်းမယ်ဆိုပြီး .....''

လေးနွယ်က လမ်းမကို မျှော်ကြည့်သည်။

''အုံနာကြေးတောင် ရသေးရဲ့လား မသိပါဘူးဟယ်၊ ဒီနေ့တော့ လေးငါးဆယ်လောက် အိမ်ပြန်ပါမှဖြစ်မယ်၊ အိမ်မှာ ငွေပြတ်နေပြီ၊ သားငယ်လေးက ကိုယ်နွေးတေးတေးနဲ့၊ ဆရာဝန်များပြရဦးမလားမသိဘူး၊ သွေးလွန်တုပ်ကွေးတော့ မဟုတ်ပါစေနဲ့၊ ကြောက်လွန်းလို့ပါ၊ ဟော...ပြောရင်းဆိုရင်း လာပြီလားမသိ''

သာယာနာပျော်ဖွယ် မရှိလှသော လေးဘီးကားလေးအသံကြားတော့ လေးနွယ် ခေါင်းထောင်သွားသည်။ စက်က တဝူးဝူးအော်ကာ ကိုယ်ထည်က ကျလိ ကျလိနှင့် သံစုံမြည်နေသော ကားအိုကလေးက ချိုင့်ခွက်များနှင့်ပြည့်နေသောလမ်းထဲသို့ တလူးလူးတလိမ့်လိမ့်နှင့် ဝင်လာပြီး အိမ်ရှေ့တွင်ရပ်သည်။

''ဟယ်...အစ်ကိုကြီးရယ်''

ကားပေါ်မှခြင်းတောင်းတစ်ဖက်၊ အိတ်တစ်ဖက်ဆွဲပြီး ဆင်းလာသော အစ်ကိုကြီးကိုမြင်တော့ လေးနွယ်ပျော်သွားသည်။ သို့သော်လည်း ''ဒီမှာတည်းမလို့ထင်တယ်'' ဟုတစ်ဆက်တည်း စဉ်းစားမိတော့ အတော်လေး စိတ်ညစ်သွားသည်။

''အိမ်မှာ ခြင်ထောင်အပိုလည်းမရှိ၊ စောင် ခေါင်းအုံးလည်းမရှိ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ခွဲသိပ်ထားတဲ့ သားကြီးကိုပါ ငါတို့ ခြင်ထောင်ထဲ ပြန်ထည့်ပြီး၊ သားကြီး ခြင်ထောင်ကိုပဲ ထောင်ပေးလိုက်ရရင်တော့ ဖြစ်ပါတယ်၊ အင်း...ငါတို့ ခြင်ထောင်ထဲမှာတော့ သားကြီးရော၊သားငယ်ရော၊ အကန်အကျောက်က ကြမ်းပါဘိနဲ့၊ မနက်လင်းရင် ကိုယ်တွေလက်တွေကို နာနေတော့မှာပဲ''

စက်ထက်မြန်သော ဦးနှောက်က ချက်ချင်းပင် တဒက်ဒက်နှင့် စဉ်းစားသည်။

''ခေါင်းအုံးနဲ့စောင်ကတော့ ဖြစ်ပါ

တယ်၊ ကိုယ့်ဆီက ခွာပေးလိုက်ရုံပဲ၊ အဲ–ထမင်းမစားရသေးဘူးဆိုရင်တော့အခက်ပဲ၊ အိမ်မှာ ဘာဟင်းမှလည်း မရှိတော့ဘူး၊ ထမင်းလည်း နည်းနည်းပဲကျန်တယ်၊ တတ်နိုင်ပါဘူး၊ ထမင်းကို ဟိုဘက်ခန်းက လှမ်းတောင်းလိုက်မယ်၊ နောက်ပြီး ဘဲဥနှစ်လုံးလောက်ပြေးဝယ်ပြီး ကြော်ပေးလိုက်ရုံပေါ့၊ ဘုရားမလို့ လမ်းထိပ်ကကုန်စုံဆိုင်လေးမပိတ်ပါစေနဲ့ဦး၊ မအိပ်ပါစေနဲ့ဦး''

နေရာမှ အပြေးထကာ အစ်ကိုကြီးလက်ထဲမှ ခြင်းခွင့်အိတ်ကို ဆီးကြိုယူရင်း ဦးနှောက်က စီစဉ်သည်။ နှုတ်ကမူ ''အစ်ကိုကြီး ရထားနဲ့လာတာလား၊ နောက်ကျတယ်နော်၊ သားရေ ကိုဇော်၊ ရေအေးအေးလေး တစ်ခွက်ခပ်ပြီး ဘဘဆီယူခဲ့စမ်း''ဟု ပြောသည်။

''ရထားက လမ်းမှာပျက်နေလို့ အဝင်နောက်ကျသွားတာ၊ကားတွေကလည်း စျေးကြီးလိုက်တာဟာ၊ သုဝဏ္ဏကိုဘယ်လောက်တောင်းတယ် အောက်မေ့လဲ၊ ငါးဆယ်တဲ့ခင်ဗျ''

ဦးခင်မောင်က ထန်းလက်ကုလားထိုင်မာကြောကြောပေါ်တွင် သူ့တစ်ကိုယ်လုံးပုံချလိုက်သည်။

''အဲဒီလောက်မှ မတောင်းရင်လည်း မကိုက်ဘူး အစ်ကိုကြီးရဲ့၊ ဓာတ်ဆီစျေးကလည်းကြီး၊ အုံနာစျေးကကြီး၊ တိုလီမိုလီအသေးအမွှား ပျက်တော့လည်း ကိုယ့်ဟာကိုယ်ပြုပြင်ဆိုတော့ ကိုယ့်အတွက် တစ်ညလေးငါးဆယ်ကျန်ဖို့ အတော်ပင်ပန်းရတာ၊ တစ်ခါတလေ လူပြတ်တဲ့လမ်း တစ်ယောက်တည်းလိုက်မိပြန်တော့လည်း အခက်၊ ခရီးသည်က ကိုယ့်ဆီကပြန်လုသွားတာက ရှိသေး၊ မကြားမိဘူးလား၊ ပစ္စည်းလုရုံမကဘူး လူသတ်ပြီး ကားပါ လူသွားတာလေ၊ လုပ်ကိုင်စားရတာလည်း မလွယ်ပါဘူး အစ်ကိုကြီးရာ''

လေးနွယ်က ညည်းသည်။ ပြီးတော့မှ ''ဩ၊ အစ်ကိုကြီး ထမင်းစားမယ်မဟုတ်လား၊ လုပ်လိုက်မယ်နော်''ဟု ပြောရန် သတိရသည်။



''ရေကလေး၊ အရင်ချိုးလိုက်ချင်သေးတယ်ဟ''

ဦးခင်မောင်က ဝါးခနဲ သမ်းသည်။

''တော်ပါသေးရဲ့၊ ညနေက ရေတစ်စည်ဝယ်ထားမိပေလို့''

လေးနွယ်က ကျိတ်ပြီး သက်ပြင်းချသည်။ မြို့သစ်၏ ရေဒုက္ခကို မြို့သစ်တွင်နေသူများသာ သိကြလိမ့်မည်ထင်သည်။

''မောင်ဦးရော မမြင်ပါလား''

''ကားထွက်ဆွဲတယ်လေ''

''ဟ နင်တို့တွေ စီးပွားရေးသောင်းကျန်းလှချေကလား၊ တိုက်ဆောက်တော့ မလို့လား''

''အစ်ကိုကြီးကလည်းနော်၊ အစ်ကိုကြီးတို့အိမ်မှာရော၊ ဆီတစ်ပိဿာ ခြောက်ဆယ့်ငါးကျပ်၊ အာလူးတစ်ပိဿာ ကိုးကျပ်၊ ကြက်သွန်တစ်ပိဿာ တစ်ဆယ်ဝယ်သုံးနေရတာပဲမဟုတ်ဘူးလား၊ မမစုက ဘာမှမညည်းဘူးလား၊ အစ်ကိုကြီးရတဲ့လခနဲ့ စားလောက်သလား၊ ကိုဦးက သုံးရာ့နှစ်ဆယ်စကေးဆိုတော့ သိပ်မဆိုးဘူးလို့ပြောရမှာပေါ့လေ''

လေးနွယ်က လေရှည်ကြီးနှင့်ပြောသည်။ ဦးခင်မောင်က လက်ကာရင်း ''တော်ပါတော့ဟာ ငါသိပါတယ်၊ နှင့်ကို နောက်တာပါ''ဟု ပြောသည်အထိ စကားကို မရပ်ချင်။

ဦးခင်မောင်က ဘာမှပြန်မပြောတော့ဘဲ ရယ်နေလေသည်။

ဦးခင်မောင် ရေချိုးခန်းထဲဝင်သွားတော့မှ လေးနွယ်သည် တစ်ဖက်ခန်းမှ ထမင်းကျန်များကို အားနာနာနှင့် တောင်းရသည်။ လျှပ်စစ်မီးဖိုလေး ကမန်းကတန်း ဖွင့်ပြီး ဘဲဥကိုမွှေ၍ ကြော်သည်။

''တော်သေးရဲ့ဟော့၊ ဒီနေ့ မီးလာပေလို့၊ မီးများမလာရင် မီးသွေးမီးဖိုကြီး ပြန်မွှေးနေရရင်တော့ ဒုက္ခာပဲ၊ ဟင်း–ရေတွေလည်း ချိုးနေလိုက်တာ တစ်စည်လုံးကုန်တော့မယ်ထင်ပါရဲ့''

လေးနွယ်က ထမင်းပွဲပြင်ရင်းစဉ်းစားသည်။ အိပ်ငိုက်နေသော သားကြီးကို ''သား…သွား၊ မေမေတို့ခြင်ထောင်ထဲမှာပဲအိပ်၊ ညီလေးနားသိပ်မကပ်နဲ့၊ မင်းတို့နှစ်ကောင်လုံးက အအိပ်ကြမ်းကြမ်းနဲ့၊ တစ်ယောက်နဲ့ တစ်ယောက်ကန်ကျောက်နေကြ



ထမင်းပွဲက များများစားစားပြင်စရာမရှိ။ ထမင်းတစ်ပန်းကန်၊ ဘဉ်ကြော်တစ်ပွဲ၊ ငါးပိရည်ကျဲကျဲတစ်ခွက်နှင့် ကန်စွန်းရိုးနီပြုတ်ကလေး ငါးပင်၊ သခွားသီးက နှစ်စိတ်သာဖြစ်သည်။

ဦးမယ်''ဟု ပြောတော့ သားကြီးက နာခံ၍ အေးဆေးစွာ အပေါ်ထပ်တက်သွားသည်။ အသက်ရှစ်နှစ်ပြည့်ပြီးဖြစ်၍ မိဘ၏အခက်အခဲကို အတန်ငယ် နားလည်နိုင်စွမ်းရှိလာပြီ ထင်သည်။ သားငယ်သာဆိုလျှင်တော့ ''သား ခြင်ထောင်နဲ့သားအိပ်မယ်၊ မေမေတို့ နဲ့အိပ်ဘူး၊ အဲဒီဘဘကြီးကို ပြန်ခိုင်းလိုက်'' ဟုပြောကာ ငိုလိမ့်မည်ထင်သည်။

ထမင်းပွဲက များများစားစားပြင်စရာမရှိ။ ထမင်းတစ်ပန်းကန်၊ ဘဉ်ကြော်တစ်ပွဲ၊ ငါးပိရည်ကျဲကျဲတစ်ခွက်နှင့် ကန်စွန်းရိုးနီပြုတ်ကလေး ငါးပင်၊ သခွားသီးက နှစ်စိတ်သာဖြစ်သည်။ ရေနွေးကြမ်းအိုးနှင့် ရေနွေးကြမ်းပန်းကန်းလုံးပါချပြီး အားဖြည့်ထားသော်လည်း တယ်ပြီးမြိုင်မြိုင်ဆိုင်ဆိုင်မရှိလှချေ။

''ငါတို့ ငယ်ငယ်တုန်းက မေမေစျေးကပြန်လာရင် ပုစွန်တွေနှိက်ပြီး မီးဖုတ်စားကြတာသတိရတယ်၊ နောက်ပြီး အာလူးတွေရော၊ အစ်ကိုကြီးက အာလူးမီးဖုတ်ဆိုရင် သိပ်ကြိုက်တာ၊ အစ်ကိုလေးကတော့ ကြက်သွန်ဖြူတစ်လုံးတွေကို မီးအုံးပြီး 'ချိုတယ်ဟ၊ နောက်ပြီး အီးပေါက်တယ်ဟ'နဲ့ ပြောပြောပြီးကျွေးတာလေ။ တစ်ခါတုန်းကတော့ ရွှေငှက်ပျောသီးကြီးတစ်ဖီးလုံးကို သုံးယောက်သားခိုးပြီး ထပ်ခိုးပေါ်တက်စားကြတာ၊ အစ်ကိုလတ်ဆို ဗိုက်ကြီးအင့်ပြီး ပက်လက်လှန်အိပ်နေရသေးတယ်၊ နောက်ပြီး တစ်ယောက်အိမ်ကိုတစ်ယောက်လည် တမ်း ကစားကြတာရော သိပ်ပျော်စရာကောင်းတာပဲ၊ အဲဒီတုန်းကတော့ 'သြော် လာပါ၊လာပါ၊ ကြွပါရှင့်၊ အဲဒီမှာ ထိုင်ပါရှင့်၊ ဒီမှာအိပ်ပါရှင့်၊ ဒါကလေးသုံးဆောင်လိုက်ပါဦးရှင့်'နဲ့ ကြောင်အိမ်ထဲက ခိုးလာသမျှကို ပန်းကန်သေးသေးလေးတွေထဲ ထည့်ကျွေးရတာ သိပ်ပျော်တာပဲ၊ အခုလည်း ငယ်ငယ်တုန်းက ငါတို့ကစားသလိုပဲ ကြွပါရှင့်၊ လာပါရှင့်၊ သုံးဆောင်ပါရှင့်နဲ့ ပြောနိုင်ရင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ မီးဖို ချောင်ငဲ့ကြည့်ရ၊ ပိုက်ဆံအိတ်ငဲ့ကြည့်ရနဲ့''

လေးနွယ် အရှည်ကြီးစဉ်းစားမိပြန်သည်။ ''ဟင်း...ကြည့်ရတာမှ ရေချိုးခန်းထဲက ရေကအစ၊ အိမ်သာသုံးတဲ့စက္ကူအစ ငဲ့ကြည့်နေရတာ ရှင်ရေ၊ အကုန်လုံး ပိုက်ဆံချည်းပဲ''ဟု အသံထွက်ပြီး ညည်းချင်စိတ်ပင် ပေါက်လာသည်။

အစ်ကိုကြီး ထမင်းစားနေစဉ် အပေါ်ထပ်မှ ခြင်ထောင်ကိုယူလာပြီး၊ အိမ်ရှေ့ကွပ်ပျစ်တွင် ထောင်ပေးသည်။ အောက်မှ ဖျာကအနားအနည်းငယ်စုတ်နေသော်လည်း မတတ်နိုင်။ နောက်ဖျာတစ်ချပ်က ပို၍ပင် စုတ်သေးသည်။ ခေါင်းအုံးကတော့ သူ ခေါင်းအုံးကိုပင် ခေါင်းအုံးစွပ်အသစ်လဲကာ ပေးလိုက်သည်။ စောင်ကတော့ ရှုံ့ရှုံ့စော်နည်းနည်းနံသည်။ သားငယ်က ငါးနှစ်ကျော်ပြီဖြစ်သော်လည်း သေးမပြတ်သေး။ သူ ရှုံ့ရှုံ့မပန်းဖူးသော စောင်မရှိချေ။

ဆယ်နာရီထိုးလုနီးမှ ကိုဦးပြန်ရောက်လာသည်။ ''ဟာ...အစ်ကိုကြီးရောက်နေလား၊ အလုပ်ကိစ္စလာတာလား၊ မမစုရော နေကောင်းရဲ့လား၊ခင်ဗျ''ဟု ပျူပျူငှာငှာ နှုတ်ဆက်သော်လည်း သူချိုးစရာရေက စည်ပိုင်းဖင်ကပ်သာကျန်တော့သဖြင့် အတန်ငယ် မျက်နှာပျက်ချင်သည်။

''ပင်ပန်းတယ်ဗျာ၊ အိပ်တော့မယ်'' ဟု အကြောင်းပြပြီး အိပ်ရာစောစောဝင်သွားလေသည်။

''အစ်ကိုကြီး အိပ်တော့လေ''

''အေး''

''စောင်ကတော့ သေးစော်နည်းနည်းနံတယ်''

''ငါတို့အိမ်မှာလည်း မထူးပါဘူးဟာ''

ဦးခင်မောင်က ခြင်ထောင်ထဲဝင်ရင်း 'ရထားကလည်း ခုန်သလားမမေးနဲ့၊ လူကို ကိုင်ရိုက်ထားတဲ့အတိုင်းပဲ''ဟု ပြောသည်။

လေးနွယ်က မီးမပိတ်ခင်''အစ်ကိုကြီးရော သူဌေးမဖြစ်သေးဘူးလား''ဟု နောက်နောက်ပြောင်ပြောင်ပြောသည်။ ဦးခင်မောင်က ပြက်လုံးကောင်းတစ်ခု ကြားရသလို ရယ်သည်။ ''ငါလား စုထားလိုက်တဲ့ ပစ္စည်းနည်းတာမဟုတ်ဘူး၊ အိမ်နောက်ဖေးကတွင်းထဲမှာချည်းပဲ''ဟုပြောလေသည်။

လေးနွယ် ခြင်ထောင်ထဲရောက်တော့ ကိုဦး အိပ်ပျော်နေချေပြီ။ သားငယ်လေးကမူ ကိုယ်ပူကျပြီး ချွေးအတန်ငယ်စို့နေသည်။

''တော်သေးရဲ့ဟဲ့၊ သွေးလွန်တုပ်ကွေးတော့ မဟုတ်နိုင်ပါဘူး''ဟု စိတ်သက်သာရရဖိစဉ် သားကြီးက ''မေမေရာ၊ ဘကြီးကလည်း မန္တလေးကနေတစ်ဆင့်လာတာပဲ ဟာ ထိုးမှန့်လေး၊ လမုန့်လေးတောင် ဝယ်မလာဘူး''ဟု အိပ်ချင်မူးတူးပြောသည်။

''နင့် ထိုးမုန့်တွေ လမုန့်တွေက ဘယ် စျေးဖြစ်နေပြီလဲမှ မသိတာ၊ ဝယ်နိုင်မလားဟဲ့''

လေးနွယ်က ကလေးကိုငေါက်လိုက် သော်လည်း စိတ်ထဲမှာမူ ''ဟုတ်ပါရဲ့ အစ်ကိုကြီးကလည်း အနည်းဆုံးတော့ မစီမာဆီးသီးထုပ်ဖြစ်ဖြစ်ပေါ့၊ ပါလာဖို့ ကောင်းပါတယ်''ဟု တွေးမိသည်။

''သူတို့တွေလည်း ချမ်းသာနေလောက်ပါပြီ၊ မမစုက အထိန်းအသိမ်း၊ အစုအဆောင်းကောင်းတယ်၊ အစ်ကိုကြီးကလည်း ချွေတာတတ်တယ်၊ တကယ်ဆိုကိုယ့်ညီမလေးပဲ၊ နှစ်ထောင်မျိုး သုံးထောင်မျိုး အရင်းအနှီးလေးထုတ်ပေးရင် ဘယ်လောက်ကောင်းမလဲ၊ အိမ်ရှေ့မှာ အလှကုန်လေးအစ အိမ်သုံးဆောလေးအစ ရောင်းရရင် အိမ်အလုပ်လည်းမပျက်၊ အမြတ်အစွန်းလည်း ရ၊ ဟန်ကိုကျနေမှာ''

လေးနွယ် လက်မောင်းခေါင်းအုံးအိပ်ကာတွေးရင်း အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အစ်ကိုကြီးက ပိုက်ဆံ တစ်ထပ်ကြီးပေးသည်ဟု မက်လေသည်။

* * * * *

နောက်တစ်နေ့မနက်တွင် အိပ်ရာမှ နိုးနိုးချင်း မျက်စိနှစ်လုံးမပွင့်မီ လေးနွယ်၏ ဦးခေါင်းထဲသို့ ရောက်နေကျအတွေးက ပြေးဝင်လာသည်။

''ဒီနေ့ ဘာဟင်းချက်ရပါ့မလဲ''

လေးနွယ်က ထိုအတွေးကြီးကို ပြန်ပြီးတွန်းထုတ်ရန် ကြိုးစားသော်လည်း မအောင်မြင်။ ခြေရင်းခေါင်းရင်း ပြောင်းပြန် ဇောက်ထိုးမိုးမျှော် အိပ်နေကြသော သားနှစ်ကောင်ကို စောင်ခြုံပေးပြီး အိပ်ရာမှထသည်။ ကိုဦးကတော့ နံရံဘက်လှည့်ပြီး ခပ်ကွေးကွေး အိပ်နေသည်။

မျက်နှာသစ် သနပ်ခါးရေကျဲပွတ်ဆံပင်ကို တစ်ပတ်လျှိုဆွဲထုံး၊ အတန်ငယ်လတ်သည့် အင်္ကျီလဲ၊ ထိုအလုပ်များကို ဇယ်ဆက်သလိုလုပ်ပြီး၊ လေးနွယ် ကိုဦး၏အင်္ကျီအိတ်ထဲနှိုက်ရသည်။ ဆယ်တန်ငါးရွက်၊ ငါးကျပ်တန်သုံးရွက်တွေ့ရ၍ ပျော်သွားသည်။

''ဘာစားမလဲ အစ်ကိုကြီး''

''လွယ်တာချက်ပါဟာ''

အစ်ကိုကြီးက ခြင်ထောင်ကိုဖြုတ်သိမ်းနေသည်။

''လွယ်တာတော့ ဘာမှမလွယ်ဘူး အစ်ကိုကြီးရေ၊ အကုန်ပိုက်ဆံခဲချည်းပဲ'' လေးနွယ်စိတ်ထဲမှ ပြောသည်။

''ရော့ဟေ့ စျေးဖိုး၊ ကြက်သားလေး ဝယ်ခဲ့ကွာ''ဆိုပြီး အစိတ်တန်နှစ်ရွက် လောက် ပေးလိုက်တော့ ဘာဖြစ်တတ်လို့ တုန်းဟု ဆက်၍စဉ်းစားသည်။ သို့သော် သူ့အစ်ကို ဦးခင်မောင်ကမူ ထိုသို့စဉ်းစားမိဟန်မတူချေ။

စျေးဘက်သို့ ခပ်သုတ်သုတ်လျှောက်လာစဉ် အေးအေးလွင်တို့ အိမ်ရှေ့ကျတော့ ကလေးတွေကစားနေသည်ကို တွေ့ရသည်။ အေးအေးလွင်၏ သမီး အကြီးမလေးက ဒန်အိုး၊ ဒယ်အိုးသေးသေးလေးများထဲတွင် သစ်ရွက်တွေကို လှီးထည့်ထားသည်။ တုတ်ချောင်းသေးသေးလေးနှင့် ထိုးမွှေနေသည်။ သားအငယ်ကောင်က ''ကြက်သား၊ ဝက်သား၊ ဘဲသား၊ ပုစွန်၊ ငါးသလောက် ပေါင်း၊ အမဲနှပ်၊ငါးဖယ်သုပ်ရမယ်၊ ခရမ်းသီးနှပ်၊ ချဉ်ပေါင်ကြော်ရမယ်''ဟု ဘေးကနေပြီး အော်နေသည်။ ''ဩော် . . . ဘုန်းဘုန်းဘုရား ကန်တော့ဆွမ်းပါဘုရား၊ ဟိုက အစ်မကြီး ဘာဟင်းနဲ့ သုံးဆောင်မှာလဲ၊ ဒီဘက်စားပွဲမှာ နေရာရှိတယ်''ဟု ဆက်အော်တော့ လေးနွယ်ပြုံးမိသည်။

အေးအေးလွင်၏ အစ်မတစ်ယောက်က မြို့ထဲတွင် ထမင်းဆိုင်ဖွင့်ထားသည်ဟု



ကြားဖူးသည်။ ကလေးတွေကလည်း သူတို့မြင်သမျှ ကြားသမျှကို အတုမြင် အတတ်သင်ကြဟန်တူသည်။

''ချိုင့်ထဲ ထည့်ပေးလိုက်တော်ရေ့၊ အိမ်မှာ ဧည့်သည်ရောက်နေလို့''

သမီးအလတ်မက ကစားစရာ ဒန်ချိုင့်သေးသေးလေးကို လှမ်းပေးသည်။

''ဘာဟင်းနဲ့ထည့်ရမလဲ အစ်မကြီး၊ ကြက်သား ဝက်သား ဘဲသား ပုစွန်''

''ဘာအပေါဆုံးလဲ''

အလတ်မက ဟင်းရွက်များကို ကုန်၍ ကြည့်သည်။ သက်ပြင်းကို ဟင်းကနဲချသည်။

''ပေါတာကိုပဲထည့် ပေါတာကိုပဲထည့်''

''ဧည့်သည်ကျွေးတာပဲ အစ်မကြီးကလည်း ပိုက်ဆံအကုန်ခံပြီး ကောင်းကောင်းလေးကျွေး''

''အို . . . အကုန်မခံနိုင်ဘူးတော်ရေ့၊ ကုန်စရာလည်းမရှိဘူး၊ ငါလည်းပေါပေါပဲစားရတာ၊ ဧည့်သည်ကိုလည်း ပေါပေါပဲကျွေးရမှာပဲ''

အလတ်မက ခေါင်းတယမ်းယမ်းလက်တယမ်းယမ်းနှင့် မျက်နှာကိုရှုံ့ကာ ပြောသည်။ ဒီအပြောတွေ ဒီအမူအရာတွေကို သူအမေဆီမှ တိုက်ရိုက်ကူးယူထားရော့သလားဟု လေးနွယ်တွေးမိလေသည်။

အကြီးမက ချိုင့်ထဲသို့ သေးသေးနှပ်နှပ်လှီးထားသော မြက်များထည့်ပေးသည်။ သူက ''ရော့ ပိုက်ဆံ''ဟု ဟန်ဆောင်ပေးသည်။ ကလေးဆောင်း ထီးအစုတ်ကလေးကို ချိုင်းကြားညှပ်ကာ ချိုင့်ပေါက်စနလေးကိုဆွဲပြီး ပြန်လှည့်သွားသည်။

အငယ်ကောင်က ''ကြက်သား၊ ဝက်သား၊ ဘဲသား၊ ပုစွန်''ဟု ဆက်၍အော်နေစဉ် လေးနွယ်လည်း ခြင်းတောင်းပေါ့ပေါ့လေးကို လေးငံ့ဆွဲဆွဲရင်း ဈေးဘက်သို့ဆက်၍လျှောက်လာသည်။ ဟိုဘက်ဒီဘက်ကို မကြည့်တော့ဘဲ မြေကြီးကိုသာငုံ့ကြည့်လာသည်။

ကြဲကြဲဖန်ဖန် ကစားလည်း ကစားတတ်တဲ့ ကလေးတွေ''ဟု တွေးရင်း ပြုံးမိသော်လည်း ရင်ထဲတွင်ကား ငိုချင်နေလေသည်။

မစန္ဒာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ၊ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်များအကြောင်း

စည်ပင်သာယာရေးကော်မတီများအနေဖြင့် ကော်မတီနယ်နိမိတ်အတွင်းမှ ပြည်သူများ သန့်ရှင်းလတ်ဆတ်သော အသား၊ ကျန်းမာရေးနှင့် ညီညွတ်သောအသား၊ သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် အသားထုတ်လုပ်ဖြန့်ဖြူးနေမှုစနစ်များအကြောင်းကို ပြည်သူများ သိရှိနားလည်နိုင်စေရန် တင်ပြပေးသွားမည်ဖြစ်ပါသည်။

နေပြည်တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ် ဆောင်ရွက်မှုအခြေအနေ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ စတင်တည်ထောင်စဉ်မှ ၃၀-၆-၂၀၁၂ နေ့အထိ အသားထုတ်လုပ် ဖြန့်ဖြူးခွင့်ကို သတ်မှတ်ဈေး/နေရာအလိုက် အခြေခံလေလံနှုန်းထား သတ်မှတ်ကာ ဈေးနှုန်းအမြင့်ဆုံးပေးသူ တစ်ဦးတည်းကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော ဈေးပြိုင်လေလံစနစ် ကျင့်သုံးခဲ့ပြီး၊ ၁-၇-၂၀၁၂ နေ့မှစ၍ အသားရောင်းချလိုသူအားလုံးကို လုပ်ကိုင်ဆောင်ရွက်စေနိုင်ရန် ဈေးခုံစနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

ဈေးခုံစနစ်၏ရည်ရွယ်ချက်

အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သားသတ်လိုင်စင်လေလံစနစ်အား ဖျက်သိမ်း၍ ဈေးခုံစနစ်ဖြင့် ဆောင်ရွက်ရာတွင် ယခင် သားသတ်လိုင်စင်ရရှိသူ တစ်ဦးတည်းသာ ချုပ်ကိုင်ခွင့်ရရှိသော်လည်း ယခင်စနစ်၌ အသားရောင်းလိုသူများ အပြိုင်အဆိုင် ရောင်းဝယ်ခြင်းအားဖြင့် အသားဈေးနှုန်းများ ကျဆင်းလာစေရန်၊

(ခ) ပြည်သူလူထုသည် သန့်ရှင်းလတ်ဆတ်သော အသားများအား ဈေးနှုန်းသင့်တင့်စွာဖြင့် ရွေးချယ်ဝယ်ယူစားသုံးနိုင်စေရန်၊

(ဂ) လေလံစနစ်ပပျောက်ပြီး အမှန်တကယ်ရောင်းလိုသူများသည် သင့်တင့်မျှတသော အရင်းအနှီးဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်စေရန်နှင့် ရေရှည်လုပ်ကိုင်ဆောင်ရွက်နိုင်သော စနစ်ဖြစ်စေရန်။

ဈေးခုံစနစ် ဆောင်ရွက်မှုအခြေအနေ

ဈေးခုံစနစ်တွင် သတ်မှတ်ဈေး/နေရာအလိုက် ယခင် သုံးနှစ်အတွင်းရရှိခဲ့သည့် ဈေးပြိုင်လေလံနှုန်းအနက် အနည်းဆုံးကို ဈေးခုံကြေးအဖြစ် သတ်မှတ်ကာ ယင်းဈေး/နေရာတွင် အသားဖြန့်ဖြူးရောင်းချလိုသူ အရေအတွက်နှင့် အညီအမျှခွဲဝေတွက်ချက်၍ တစ်ဦးလျှင် ကျပ်တစ်ဆယ်သိန်းထက် မကျော်လွန်ပါက တစ်ကြိမ်တည်း ပေးသွင်းစေခြင်း၊ ကျပ်တစ်ဆယ်သိန်းထက်ကျော်ပါက လစဉ် အရစ်ကျ ပေးသွင်းစေသည့်စနစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းအတွက် အသားထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိသူသည် အောက်ပါအခွန်အခများကို ဌာနသို့ ပေးဆောင်ရကြောင်း တွေ့ရှိရပါသည်-

(က) အာမခံစပေါ်ငွေ - ဈေးခုံကြေးကျသင့်ငွေ၏ ၅ပုံ ၁ပုံ

(ခ) ဈေးခုံကြေး(ဘဏ္ဍာရေးတစ်နှစ်အတွက်)

(၁) အမဲ - ၁၄ သိန်း မှ ၂၆၅.၀၃၂ သိန်း

(၂) ဝက် - ၅.၃ သိန်း မှ ၇၉၉.၃၄၄ သိန်း

(၃) ဆိတ် - ၁.၀ သိန်း မှ ၃၆.၀၀၀ သိန်း

(ဂ) သားသတ်ရုံခ+ကျန်းမာရေးစစ်ဆေးခ(တစ်ကောင်ထုတ်လုပ်ခြင်းအတွက်)

(၁) ကျွဲ၊ နွား - ၂၀၀၀/-

(၂) ဝက် - ၆၀၀/-

(၃) သိုး-ဆိတ် - ၃၅၅/-

(ဃ) အသားရောင်းချခွင့်လိုင်စင်(နေ့ရက်တစ်ခုတွင် ရောင်းချွေင့် တစ်နှစ်အတွက်)

(၁) မြို့ပေါ်ဈေး - ၃၁၀၀/-

(၂) ကျေးလက်ဈေး - ၂၆၀၀/-

(င) ချိန်ခွင်ခ(နေ့ရက်တစ်ခုတွင် ရောင်းချွေင့် တစ်နှစ်အတွက်)

(၁) မြို့ပေါ်စျေး – ၂၄၀၀၀/
(၂) ကျေးလက်စျေး – ၁၂၀၀၀/

စျေးခုံစနစ်သို့ ပြောင်းလဲကျင့်သုံးချိန်မှ လက်ရှိအချိန်အထိ အသားဖြန့်ဖြူးရောင်းချမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

စဉ်	ဘဏ္ဍာရေးနှစ်	အမဲ		ဝက်		ဆိတ်		ဝှေးပေါင်း	
		စျေး	ရောင်းသူ	စျေး	ရောင်းသူ	စျေး	ရောင်းသူ	စျေး	ရောင်းသူ
(က)	၂၀၁၂-၂၀၁၃	၂၁	၈၅	၂၇	၈၉	၁၇	၂၉	၆၅	၂၀၃
(ခ)	၂၀၁၃-၂၀၁၄	၂၀	၅၁	၂၅	၈၉	၁၇	၁၇	၆၂	၁၅၇
(ဂ)	၂၀၁၄-၂၀၁၅	၁၉	၃၃	၂၅	၆၉	၁၇	၂၅	၆၁	၁၂၇

မှတ်ချက်။ စျေးခုံစနစ် စတင်ဆောင်ရွက်ချိန်တွင် လုပ်ငန်းဆောင်ရွက်လိုသူအများအပြား လျှောက်ထားဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာရေးနှစ်အလိုက် လုပ်ကိုင်ဆောင်ရွက်သူအရေအတွက် လျော့ကျလာကြောင်း တွေ့ရှိရပါသည်။

စျေး/နေရာတစ်ခုတွင် ပုဂ္ဂိုလ်တစ်ဦးမှ စျေးခုံတစ်ခုံသာ ဆောင်ရွက်ခွင့်ပြုကြောင်း သိရှိရပါသည်။ ခွင့်ပြုနိုင်သည့် စျေးခုံအရေအတွက်ထက် ကျော်လွန်၍ အသားထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်လိုသူ ပိုမိုများပြားမှုကြောင့် စျေးအတွင်းနှင့် ပျံကျစျေးတန်းတွင် စျေးခုံခွင့်ပြုချထား၍ ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

အသားထုတ်လုပ်ခြင်းအတွက် အခြေခံထုတ်လုပ်ရန် ကောင်ရေကို ဌာနမှ ပုံသေမသတ်မှတ်ဘဲ လစဉ် လဆန်း ၅ရက်နေ့တွင် တစ်လထုတ်လုပ်နိုင်မည့် ကောင်ရေကို လိုင်စင်စီမှ ဆန္ဒပြုတင်ပြချက်အပေါ် ဌာနမှ တွက်ချက်၍ နောက်လ လဆန်း ၅ရက် နောက်ဆုံးထားပေးသွင်းစေကြောင်း တွေ့ရှိရပါသည်။

စျေးခုံစနစ်ဖြင့် ဆောင်ရွက်ခြင်းအပေါ် သုံးသပ်ချက်

အသားထုတ်လုပ်ဖြန့်ဖြူးခွင့်အား စျေးပြိုင်လေလံစနစ်မှ စျေးခုံစနစ်သို့ ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခြင်းဖြင့် အောက်ပါအားသာချက်များရရှိကြောင်း တွေ့ရှိရပါသည်–

(က) စျေးခုံကြေးကို လစဉ်အရစ်ကျပေးသွင်းနိုင်သည့်အတွက် အရင်းအနှီးနည်းနည်းဖြင့် လူအများမှ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊
(ခ) တစ်ဦးတည်း အသားထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်စနစ်မှ အသားထုတ်လုပ်ဖြန့်ဖြူး ရောင်းချလိုသူအားလုံးကို စနစ်တကျ မှတ်ပုံတင်ရောင်းချစေနိုင်ခြင်း၊
(ဂ) အသားစျေးနှုန်း ပုံသေသတ်မှတ်မှုမရှိဘဲ လွတ်လပ်စွာ အပြိုင်ရောင်းဝယ်မှုပြုနိုင်ခြင်း၊
(ဃ) ထုတ်လုပ်သူဦးရေနှင့် ထုတ်လုပ်မှုပမာဏ ကန့်သတ်ချက် မရှိခြင်းကြောင့် ထုတ်လုပ်မှုပမာဏများပါက စျေးနှုန်း သက်သာမှုရှိနိုင်ခြင်း၊

စျေးပြိုင်လေလံစနစ်မှ စျေးခုံစနစ်သို့ ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခြင်းဖြင့် အောက်ပါအားနည်းချက်များရှိကြောင်း တွေ့ရှိရပါသည်–

(က) သတ်မှတ်စျေးခုံကြေးအား လုပ်ကိုင်ခွင့်ရရှိသူများမှ အညီအမျှ ခွဲဝေပေးဆောင်ရသည့်အတွက် လုပ်ကိုင်သူဦးရေအတိုးအလျော့ကြောင့် ကော်မတီအနေဖြင့် စျေးခုံကြေးဝင်ငွေလျော့နည်းခြင်းမရှိသော်လည်း လုပ်ကိုင်ခွင့်ရရှိသူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ခြင်းနှင့် လုပ်ကိုင်သူလျော့နည်းပါက နေ့စဉ်ထုတ်လုပ်မှုကောင်ရေ ကျဆင်းကာ သားသတ်ရုံခ + ကျန်းမာရေးစစ်ဆေးခဝင်ငွေလျော့ကျသွားစေနိုင်ခြင်း၊
(ခ) တိရစ္ဆာန်အရှင် ကုန်ကြမ်းဝယ်ယူရာတွင် ဝယ်ယူသူဦးရေများပြားလာကာ ယှဉ်ပြိုင်စျေးနှုန်း တိုးမြှင့်ပေးမှုကြောင့် ကုန်ကြမ်းစျေးနှုန်းမြင့်တက်ကာ အမြတ်အစွန်းနည်းပါးလာခြင်း၊ အရင်းအနှီးနည်းပါးသူများ ပါဝင်လုပ်ကိုင်ရာတွင် ငွေကြေးပြဿနာများ၊ လိမ်လည်မှုများပေါ်ပေါက်ပြီး၊ စျေးခုံစည်းကမ်းဖောက်ဖျက်ကျူးလွန်မှုများ ဖြစ်ပေါ်လာခြင်း၊
(ဂ) ကော်မတီပိုင် အသားထုတ်လုပ်ရုံ မရှိသေးသဖြင့် လုပ်ငန်း ဆောင်ရွက်သူမှ မိမိတတ်နိုင်သည့် ကိုယ်ပိုင်ငွေဖြင့် အသားထုတ်လုပ်ရုံ တည်ဆောက်ရသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အသားထုတ်လုပ်ရန် အာမခံချက်မရှိခြင်း၊
(ဃ) ကော်မတီနယ်နိမိတ်ဇရိယာ ကျယ်ပြန့်ပြီး ကျေးလက်ဒေသဇရိယာများခြင်းကြောင့် ဌာနအနေဖြင့် အသားထုတ်လုပ်ရုံများတွင် အသားထုတ်လုပ်မည့်တိရစ္ဆာန်ကို အရှင်စစ်ဆေးခြင်း၊ သတ်ပြီးစစ်ဆေးခြင်း၊ ထုတ်လုပ်ကောင်ရေ စစ်ဆေးခြင်းများ မဆောင်ရွက်နိုင်ဘဲ စျေးသို့ရောက်ရှိလာသော အသားကိုသာ စစ်ဆေးမှုပြုနိုင်ခြင်း၊
(င) အမဲအသားထုတ်လုပ်မှုများတွင် ကျွဲ၊ နွားအရှင် ကုန်ကြမ်းကို ဒေသတွင်း၌ လွယ်ကူစွာဝယ်ယူနိုင်ပြီး အမြင့်ဆုံး ထုတ်လုပ်ခွင့်ပြုသော ကောင်ရေကန့်သတ်ချက်မရှိသည့်အပြင်၊ အသားထုတ်လုပ်ရုံများမှ သီးခြားစီ အလှမ်းဝေးစွာ တည်ရှိမှုအနေအထားအရ ဌာနမှစစ်ဆေးကွပ်ကဲနိုင်မှု အခက်အခဲကြောင့် လယ်ယာကိုင်းကျွန်းသုံး ကျွဲနွား လျော့ပါးမှုမှ ကာကွယ်ရန်ခက်ခဲခြင်း၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်နေ ပြည်သူလူထုအား သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အသားများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်–

(က) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်သည် အကျယ်အဝန်းဇရိယာ(၂၃၁ ·၁၈)စ/မိုင် ကျယ်ဝန်း၍ မြို့နယ် ၃၃ မြို့နယ်ရှိပြီး၊ ခန့်မှန်းလူဦးရေ ၄·၈ သန်း ခန့် မိုတင်းနေထိုင်ကာ နေ့စဉ်စားသုံးမှုအတွက် အမဲ

သား(၁၆၀၀၀)ပိသာခန့်၊ ဝက်သား(၆၀၀၀၀)ပိသာခန့်နှင့် သိုးဆိတ်သား (၄၀၀၀)ပိသာခန့်၊ စုစုပေါင်း အသား(၈၀၀၀၀)ပိသာခန့်လိုအပ်ပြီး အသားထုတ်လုပ်ရေးဌာနခွဲ (အမဲ၊သိုး–ဆိတ်)ရွာသားကြီး၊ အသားထုတ်လုပ်ရေးဌာနခွဲ(ဝက်)ရွာသာကြီး၊ အသားထုတ်လုပ်ရုံခွဲ(ဝက်)ရွာမ၊ အသားထုတ်လုပ်ရုံခွဲ(အမဲ၊ သိုး–ဆိတ်)လှိုင်သာယာ၊ အသားထုတ်လုပ်ရုံခွဲ(သိုး–ဆိတ်)ရွှေပြည်သာတို့မှ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဌာန၏ အသားထုတ်လုပ်ရုံများနှင့် အလှမ်းဝေးကွာသော ဒေသများဖြစ်သည့် ဒလနှင့် ဆိပ်ကြီး/ခနောင်တို့မြို့နယ်တို့တွင် မြို့နယ်တွင်း အသားထုတ်လုပ်ခွင့်လိုင်စင်များခွင့်ပြု၍ အသားထုတ်လုပ်ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ပါသည်။

(ခ) ရန်ကုန်မြို့နေ ပြည်သူလူထုစားသုံးရန် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အသားများကို သင့်တော်သောနှုန်းထားဖြင့် ရောင်းချနိုင်ရေးအတွက် အခြား တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်မတူသော ထူးခြားမှုအခြေအနေအရ လိုင်စင်ချထားရာတွင် လေလံပစ်ခြင်းမပြုဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၃/၉၉ ဖြင့် ထုတ်ပြန်သည့် တိရစ္ဆာန်များမွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ အခန်း(၃)၊ နည်းဥပဒေ(၁၅)(၁၆)၊ နည်းဥပဒေ(၃၁)ပါ စီမံခန့်ခွဲခွင့်နှင့်အညီ နှစ်စဉ် ဘဏ္ဍာရေးနှစ် မစတင်မီ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန် သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို(ကော်မတီနှင့် ဌာနမှ အမည်ပျက်စာရင်းသွင်းခံရသူမှအပ) လာရောက်လျှောက်ထားနိုင်ပြီး၊ အသားထုတ်လုပ်ရုံ၏ ထုတ်လုပ်နိုင်မည့် အကျယ်အဝန်း၊ ရေရရှိမှု၊ သန့်ရှင်းရေးဆောင်ရွက်နိုင်မှုနှင့် အသားစားသုံးမှုလိုအပ်ချက်အရ နေ့စဉ်ထုတ်လုပ်ရန်လိုအပ်သည့်ပမာဏ အပေါ်မူတည်၍ ထုတ်လုပ်မည့် အသားအမျိုးအစား အလိုက် လိုင်စင်အရေအတွက်ကို ခွင့်ပြုခြင်းများဆောင်ရွက်ပါသည်။

(ဂ) ထိုသို့ အသားထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုရာတွင် ယခင် ဘဏ္ဍာရေးနှစ်၌ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိသူများအနက်မှ လိုင်စင်စည်းကမ်း ဖောက်ဖျက်မှုမရှိသူများ၊ နေ့စဉ် စားသုံးမှုလိုအပ်ချက်အရ တွက်ချက်ခွင့်ပြုထားသော လိုင်စင်စီမျာဖြင့် လုံလောက်မှုမရှိခြင်း၊ ခွင့်ပြုလိုင်စင်စီများမှ အကြောင်းအမျိုးမျိုးဖြင့် လျော့နည်းသွားခြင်းတို့ကြောင့် ထပ်မံခွင့်ပြုရန် လိုအပ်ပါက စောင့်ဆိုင်းတန်းစီစာရင်းဖြင့် မှတ်တမ်းတင်ထားရှိသည့် အသစ်လျှောက်ထားသူများအား လိုအပ်ချက်အပေါ်မူတည်၍ ခွင့်ပြုနိုင်ရေး တင်ပြဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

(ဃ) အသားထုတ်လုပ်ရုံများတွင် အသားထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိသူများအား နေ့စဉ် အသားစားသုံးမှု လိုအပ်ချက်အပေါ် မူတည်၍ တစ်ရက် အနိမ့်ဆုံး အခြေခံထုတ်လုပ်ရမည့် ကောင်ရေနှင့် လယ်ယာကိုင်းကျွန်း ကျွဲ၊ နွားပြုန်းတီးမှုကာကွယ်ရေးအတွက် ပိုမိုထုတ်လုပ်ခွင့်မပြုသည့် အမြင့်ဆုံးကောင်ရေကို သတ်မှတ်၍ ထုတ်လုပ်စေခြင်း၊

(င) အသားထုတ်လုပ်ရုံများတွင် တိရစ္ဆာန်ဆေးကုဆရာဝန်များမှ ထုတ်လုပ်မည့်တိရစ္ဆာန်အရှင်များကိုအသားမထုတ်လုပ်မီ ကျန်းမာရေးစစ်ဆေးခြင်း၊ အသားထုတ်လုပ်ပြီး ကူးစက်ရောဂါကင်းရှင်းမှု ရှိ/မရှိ စစ်ဆေးခြင်း၊ စစ်ဆေးပြီး ရောင်းချခွင့်ပြုသည့်အသားများကို ဆေးတံဆိပ်ရေးဆွဲပေးခြင်း၊

(စ) အသားထုတ်လုပ်ရုံများရှိ အသားထုတ်လုပ်ခွင့်ရရှိသူများမှ ထုတ်လုပ်သောအသားများကို မြို့တော်နယ်နိမိတ်အတွင်းရှိ သားငါးရောင်းချသည့် ဈေးများသို့ နေရာကန့်သတ်သတ်မှတ်ခြင်းမပြုဘဲ လွတ်လပ်စွာ အပြိုင်အဆိုင် ဆက်လက်ဖြန့်ဖြူးရောင်းချစေပြီး ယင်းဈေးများတွင် အသားထုတ်လုပ်ခွင့်ရရှိသူများကိုယ်တိုင် သို့မဟုတ် တစ်ဆင့်ဖောက်သည် ဝယ်ယူရောင်းချသူများမှ စားသုံးသူသို့ ပြန်လည်ရောင်းချခြင်း၊

အသားထုတ်လုပ်ခွင့်ရရှိသူသည် ဌာနသို့ အောက်ပါအခွန်အခများ ပေးသွင်းရပါသည်–

(က) **အာဗာဒံဝေပါင်ငွေ (တစ်နှစ်လျှင်)**

(၁) **အမဲလိုင်စင်** - ၂၀ သိန်း

(၂) **ဝက်နှင့် သိုး-ဆိတ်လိုင်စင်** - ၁၀ သိန်း

(ခ) **လိုင်စင်ကြေး(အမဲ၊ သိုး-ဆိတ်၊ ဝက်)** - ၅ သိန်း

(ဂ) **ထုတ်လုပ်ကောင်ရော+ကျန်းမာရေးစစ်ဆေး(တစ်ကောင်လျှင်)**

(၁) **အမဲ(သားရေရောင်းခ၊ အူလလီစာ၊ ခေါင်းခနှင့်ခြေသိုးပါဝင်ပြီး)** - ၃၀၀၀/

(၂) **ဝက်** - ၂၅၀၀/

(၃) **သိုး-ဆိတ်(သားရေရောင်းခ၊ အူကလီစာနှင့် ခြေသိုးပါဝင်ပြီး)** - ၆၅၀၀/

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်ခွင့်ပြုခဲ့မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	ဘဏ္ဍာရေးနှစ်	အမဲ	ဝက်	သိုးဆိတ်	စုစုပေါင်း
(က)	၂၀၁၃-၂၀၁၄	၅၁	၃၁	၇	၈၉
(ခ)	၂၀၁၄-၂၀၁၅	၄၉	၃၀	၇	၈၆

မှတ်ချက်။ ။ ။

မှုကြောင့် အမဲအသားထုတ်လုပ်သူ နှစ်ဦးနှင့် ဝက်အသားထုတ်လုပ်သူ တစ်ဦးကို လိုင်စင်ပယ်ဖျက်အရေးယူခဲ့ပြီး၊ အမဲအသားထုတ်လုပ်သူ နှစ်ဦးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အမဲအသားထုတ်လုပ်ခွင့် အသစ်လေးဦးကို ခွင့်ပြုခဲ့သော်လည်း နှစ်ဦးသာ လုပ်ငန်းလုပ်ကိုင်ခဲ့ပါသည်။

အသားလက်လီရောင်းချမှုအတွက် အသားရောင်းချခွင့်လိုင်စင်ကြေးကို တစ်နှစ်လျှင် အောက်ပါအတိုင်း ကောက်ခံပါသည်-

စဉ်	စျေးအဆင့်	အသားရောင်းချခွင့်လိုင်စင်နှုန်း
(က)	က အဆင့်စျေး	၆၀၀၀/-
(ခ)	ခ အဆင့်စျေး	၄၅၀၀/-
(ဂ)	ဂ အဆင့်စျေး	၃၀၀၀/-
(ဃ)	ဃ အဆင့်စျေး	၂၀၀၀/-

လိုင်စင်စနစ်ဖြင့် ဆောင်ရွက်ခြင်းအပေါ် သုံးသပ်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အသားထုတ်လုပ်ဖြန့်ဖြူးခွင့်ပြုသည့် လိုင်စင်စီစနစ်တွင် အောက်ပါအားသာချက်များရှိကြောင်း တွေ့ရှိရပါသည်-

(က) လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်လွှာခေါ်ယူခြင်းကို ဘဏ္ဍာရေးနှစ် မစတင်မီ အများပြည်သူသိရှိစေရန် သတင်းစာများ၌ ပွင့်လင်းမြင်သာစွာကြော်ငြာ၍လျှောက်လွှာများရောင်းချပေးခြင်း၊ လျှောက်ထားသူများအနက် စည်းကမ်းဖောက်ဖျက်၍ ကော်မတီနှင့် ဌာနမှ အမည်ပျက်စာရင်းသွင်းခံရသူမှအပ မည်သူမဆို လျှောက်ထားနိုင်ပြီး၊ အသားထုတ်လုပ်ရုံ၏ ထုတ်လုပ်နိုင်မည့် အကျယ်အဝန်း၊ ရေရရှိမှု၊ သန့်ရှင်းရေး ဆောင်ရွက်နိုင်မှုနှင့် အသားစားသုံးမှု လိုအပ်ချက်အရ နေ့စဉ်ထုတ်လုပ်ရန် လိုအပ်သည့်ပမာဏအပေါ်မူတည်၍ ထုတ်လုပ်မည့် အသားအမျိုးအစားအလိုက် လိုင်စင်အရေအတွက်ကို ခွင့်ပြုခြင်းဖြစ်၍ တစ်စုံတစ်ဦးကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းမဟုတ်ဘဲ လုပ်ငန်းဆောင်ရွက်လိုသူ မည်သူမဆို လျှောက်ထားဆောင်ရွက်နိုင်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် လိုင်စင်ကြေးတစ်နှစ်အတွက် ကျပ်ငါးသိန်းသာ ပုံသေသတ်မှတ် ကောက်ခံသည့်အတွက် လုပ်ငန်းဆောင်ရွက်လိုသူများ အရင်းအနှီးအနည်းဆုံးဖြင့် လုပ်ကိုင်နိုင်ခြင်း၊

(ဂ) အသားထုတ်လုပ်သူအရေအတွက်၊ ထုတ်လုပ်ရန်လိုအပ်သည့် ပမာဏ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ခံမည့်သူနှင့် အလုပ်သမားများကို တိကျစွာသတ်မှတ်ပြီး စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ဃ) ထုတ်လုပ်သည့်အသား၏ အရည်အသွေးနှင့် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်မှုအတွက် အာမခံချက် ပြည့်ဝခြင်း၊

(င) တိရစ္ဆာန်မှ တိရစ္ဆာန်သို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်ရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်ထိန်းချုပ်ရန် လွယ်ကူခြင်း၊

(စ) အသားထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် တိရစ္ဆာန်အရှင် ကုန်ကြမ်းဝယ်ယူမှုစျေးနှုန်းအရ သင့်တင့်သောစျေးနှုန်းဖြင့် ရောင်းချရေးအတွက် အမှုဆောင်အဖွဲ့ ဖွဲ့စည်းကာ ဝိုင်းဝန်းစုပေါင်း ညှိနှိုင်းကြပ်မတ်ကွပ်ကဲထိန်းချုပ်နိုင်ခြင်း၊

(ဆ) ကျွဲ၊ နွားပွဲစျေးများတွင် ကုန်ကြမ်းအရှင် ဝယ်ယူခွင့်ရရှိရေးနှင့် ဝယ်ယူရေးအတွက် လုပ်ငန်းရရှိသူအားလုံး၏ ကိုယ်စား အမှုဆောင်အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးသဖြင့် အချင်းချင်းယှဉ်ပြိုင်ဝယ်ယူမှုမရှိဘဲ စျေးနှုန်းမှန်ကန် သင့်တင့်စွာ ဝယ်ယူရရှိပြီး စျေးနှုန်းကြီးမြင့်မှု လျော့နည်းစေခြင်း၊

(ဇ) အမဲအသားထုတ်လုပ်မှုတွင် စားသုံးမှုလိုအပ်ချက်ထက်မပိုစေဘဲ အမြင့်ဆုံးထုတ်လုပ်ခွင့်ပြုသည့် ကောင်ရေကန့်သတ်ထားခြင်းကြောင့် လယ်ယာကိုင်းကျွန်း ကျွဲ၊ နွားပြုန်းတီးမှုကို အကာအကွယ်ဖြစ်စေခြင်း၊

(ဈ) အခွန်အခများကောက်ခံရာတွင်တိကျစွာကောက်ခံနိုင်ခြင်း၊

(ည) အမှုဆောင်အဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ တရားမဝင်အသားထုတ်လုပ်မှုနှင့် တင်သွင်းသယ်ဆောင်မှုများကို ရှာဖွေဖော်ထုတ် ဖမ်ဆီးဆောင်ရွက်နိုင်ခြင်း၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင့်သုံးလျက်ရှိသောစနစ်တွင် အောက်ပါအားနည်းချက်များကို တွေ့ရှိရပါသည်-

(က) အသားထုတ်လုပ်ရုံများ၊ စျေးခြံများ၏ နေရာအကျယ်အဝန်း၊ ရေရရှိမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နိုင်မှု အခြေအနေအရ လုပ်ငန်းဆောင်ရွက်သူအရေအတွက် ကန့်သတ်ချက်ရှိရာ နှစ်စဉ် လိုင်စင်ချထားမှု၌ မူလ လိုင်စင်စီ အရေအတွက် လျော့သွားခြင်းမရှိပါက အသစ်လျှောက်ထားသူများ လုပ်ကိုင်ခွင့်ရရှိရန် အခွင့်အလမ်းနည်းပါးခြင်း၊

(ခ) မြို့တော်နယ်နိမိတ်အတွင်း စားသုံးမှုလိုအပ်ချက်ကို တွက်ချက်၍ ချိန်ဆထုတ်လုပ်ခွင့်ပြုခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်သူအရေအတွက်နှင့် ထုတ်လုပ်မှုပမာဏ အတိုးအလျော့ဖြစ်မှု နည်းပါးခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ရာတွင် လိုင်စင်ကြေးနည်းပါး၍ နှုန်းသေဖြစ်ခြင်းကြောင့် လေလံကြေးနှင့် စျေးခုံကြေးများကဲ့သို့ တစ်လုံးတည်းဝင်ငွေ မြင့်မားစွာမရရှိဘဲ နေ့စဉ်ထုတ်လုပ်မှုအတွက် ထုတ်လုပ်ခနှင့် ကျန်းမာရေးစစ်ဆေးခများမှသာ ဝင်ငွေရရှိခြင်း၊

အသားထုတ်လုပ်ဖြန့်ဖြူးခွင့်အတွက် ဈေးခုံစနစ်နှင့် လိုင်စင်စီစနစ်အပေါ် နှိုင်းယှဉ်သုံးသပ်ချက်

အသားထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဈေးခုံစနစ်ကျင့်သုံးခြင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်စနစ် ကျင့်သုံးခြင်းတို့အား အောက်ပါအတိုင်း နှိုင်းယှဉ်တွေ့ရှိရပါသည်-

(က) နေပြည်တော်ကောင်စီနယ်မြေသည် ရန်ကုန်မြို့တော်နယ်နိမိတ်ထက် (၁၁)ဆကျော်ခန့် ပိုမိုကျယ်ဝန်း၍ ကျေးလက် ဒေသများပြားကာ လူနေကျဲပါးခြင်း၊ ရန်ကုန်မြို့တော်တွင် မြို့နယ်များစွာ ဆက်စပ်မှုရှိပြီး လူနေသိပ်သည်းခြင်း၊

(ခ) အသားစားသုံးမှု လိုအပ်ချက် ၈.၅ ဆခန့် ကွာခြားခြင်း၊

(ဂ) နေပြည်တော်ကောင်စီနယ်မြေတွင် အသားရောင်းချသည့် ဈေး/နေရာ အမဲ(၁၉)၊ ဝက်(၂၅)နှင့် ဆိတ်(၁၇)၊ စုစုပေါင်း (၆၁)နေရာရှိပြီး အသားရောင်းချသည့် ဈေးသည် ဦးရေ (၁၂၇) ဦးသာ ရှိသော်လည်း ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း အသားရောင်းချသည့်ဈေး (၁၇၃)ဈေးတွင် အသားရောင်းချသူ (၁၈၀၀)ခန့် ရှိသည့် အတွက် ဈေးခုံစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ခက်ခဲခြင်း၊

(ဃ) နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ကော်မတီဝိုင် အသားထုတ်လုပ်ရုံမရှိဘဲ ပဂ္ဂလိကမှ ကိုယ်ပိုင်ငွေကြေးဖြင့် တည်ဆောက်ထားသော အသားထုတ်လုပ်ရန် နေရာများသာရှိ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကော်မတီဝိုင်နှင့် ကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ အသားထုတ်လုပ်ရုံများတည်ရှိပြီးဖြစ်ခြင်း၊

(င) နေပြည်တော်ဈေးခုံစနစ်သည် တစ်ဦးတည်း အသားထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့်စနစ်မဟုတ်ဘဲ အသားထုတ်လုပ်ဖြန့်ဖြူးရောင်းချလိုသူအားလုံးကို စနစ်တကျမှတ်ပုံတင်ရောင်းချခွင့်ပြုသကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီ၏ အသားထုတ်လုပ်ခွင့် လိုင်စင်စနစ်သည်လည်း နှစ်စဉ် ဘဏ္ဍာရေးနှစ်မစတင်မီ သတင်းစာများ၌ ပွင့်လင်းမြင်သာစွာ ကြော်ငြာခေါ်ယူ၍ နှစ်စဉ် အသားထုတ်လုပ်ရန် လိုအပ်သည့်ပမာဏအရ လိုင်စင်ချထားခွင့်ပြုပေးခြင်း ဖြစ်သဖြင့် တစ်ဦးတစ်ယောက်ကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းမဟုတ်ဘဲ လုပ်ငန်းဆောင်ရွက်လိုသူများအနက် စည်းကမ်းနှင့်ကိုက်ညီသူများကို စနစ်တကျရွေးချယ်ဆောင်ရွက်ခွင့်ပြုသော စနစ်ဖြစ်ခြင်း။

အကြံပြုတင်ပြချက်

သားသတ်လိုင်စင်စီ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၆-၂-၂၀၁၃ ရက်စွဲပါ စာအမှတ် ၂၃၄/၃၄၉ လိုင်စင် ၃-၄၄/အဖရ(၂၀၁၃)ဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ သုံးသပ်ချက်များအား ၄-၃-၂၀၁၃ ရက်နေ့တွင် ပြန်လည် တင်ပြရန် ညွှန်ကြားချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၈-၂-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁/၂-ရ(၆)စီမံဖြင့် လေလံစနစ်နှင့် အခြား သားသတ်စနစ်ကို လူနေသိပ်သည်းမှုမရှိသော ပြည်နယ်၊ တိုင်းဒေသများရှိမြို့များတွင် လူနေထိုင်မှုအခြေအနေနှင့် စားသုံးရန်လိုအပ်သည့် ပမာဏအပေါ်မူတည်၍ ဆောင်ရွက်ပြီး လိုင်စင်စီစနစ်ကို လူနေထိုင်သည့်ဧရိယာ၊ လူဦးရေ ပမာဏ၊ စားသုံးရန်လိုအပ်ချက်နှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေတို့အရ ရန်ကုန်တိုင်းဒေသကြီးဧရိယာအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဈေးခုံစနစ်ဖြင့် အသားထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ကိုင်ခွင့်ပြုခြင်းအပေါ် လေ့လာချက်အရ ဧရိယာကျယ်ဝန်း၍ လူနေသိပ်သည်းမှုမရှိသော နေပြည်တော်ကောင်စီနယ်မြေနှင့် ဈေးခုံစနစ်ကျင့်သုံးခြင်းသည် သင့်လျော်မှုရှိသော်လည်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ လုပ်ငန်းဆောင်ရွက်ခွင့်အား နှစ်စဉ် ဘဏ္ဍာရေးနှစ် မစတင်မီ သတင်းစာများတွင် ပွင့်လင်းမြင်သာစွာ ကြော်ငြာခေါ်ယူ၍ နှစ်စဉ် လိုအပ်သည့် ပမာဏအရ လိုင်စင်ခွင့်ပြုချထားခြင်းဖြစ်သဖြင့် တစ်ဦးတစ်ယောက်တည်းကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းမဟုတ်ဘဲ ဆောင်ရွက်လိုသူများအနက် စည်းကမ်းနှင့် ကိုက်ညီသူများကို စနစ်တကျ ရွေးချယ်ဆောင်ရွက်ခွင့်ပြုသော စနစ်ဖြစ်ခြင်း၊ တစ်နှစ်လျှင် လိုင်စင်ကြေး ငါးသိန်းသာ သတ်မှတ်ကောက်ခံသောကြောင့် အရင်းအနှီးအနည်းဆုံးဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၊ အသားထုတ်လုပ်ရန် လိုအပ်သည့်ပမာဏအရ ထုတ်လုပ်သူနှင့် အလုပ်သမားများအား သတ်မှတ်စည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးအချက်အခြာကျ၍ နိုင်ငံတကာမှ လေကြောင်း/ရေကြောင်းဖြင့် လာရောက်သော ဧည့်သည်များ၏ အဓိက ဝင်/ထွက်ပေါက်ဖြစ်သဖြင့် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာမခံချက်ပြည့်ဝသော အသားများကိုသာ တင်သွင်းရောင်းချနိုင်ခြင်း ဆောင်ရွက်နိုင်ပါသည်။

ယခုတင်ပြခဲ့သော အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်များတွင် နေပြည်တော်ကောင်စီနယ်နိမိတ်အတွင်း အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်နှင့် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်များ မတူညီသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မတူညီရသော အကြောင်းရင်းများကိုလည်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ အသားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များ၊ နားမလည်သည်များရှိပါကလည်း သက်ဆိုင်ရာ အသားထုတ်လုပ်ဖြန့်ဖြူးရာ ဌာနများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

ကိုစော(ပထဝီဝင်)


စာသင်ခန်းစိုးသားနဲ့ပါမောက္ခကြီးအစ်မနဲ့ ....

ရေချိုးခန်းတစ်ခုလုံး Shampoo နံ့နှင့် ဆပ်ပြာမွှေးနံ့များ သင်းထုံနေ၏။

''အပျံစားပြင်လာခဲ့နော် ဘရဏီ''

ဆိုသည့် အန်တီကြည်အသံကို သူမ ကြားယောင်နေသည်။

ရေမှုန်ရေမွှားလေးများကား အဆက်မပြတ် သူမကိုယ်ပေါ်သို့ ကျရောက်နေသည်။ ခေါင်းက ဆံပင်များကို လက်နဲ့သပ်တင်ပြီး ရေပန်းအောက်တည့်တည့်မှ မျက်နှာကို အပေါ်မော့လိုက်၏။



နူတ်ခမ်းလွှာရဲရဲလေးအား မဟတဟလေး လုပ်၍ ရေပန်းလေးကိုခံယူပြီး သူမ ဆော့ကစားလိုက်သည်။ ဒီလို လွတ်လွတ်လပ်လပ် ရေချိုးရသည်ကို သူမ ကြိုက်သည်လေ။ ဒီလိုနေနိုင်အောင်လည်း ကိုယ်ပိုင် Apartment ဝယ်ထားခဲ့ပြီးပြီပဲ။ အခုလည်း ဖိမ်ယူ၍ စိတ်ကြိုက် သူမ ရေချိုးနေသည်။

ရေချိုးရင်း ဂီတသံကိုလည်း နားထောင်နေမိသေး၏။ စီဒီကက်ဆက်မှ ဂီတသံညှင်းညှင်းက...

"မင်းမရှိတဲ့ညတွေ...ကိုယ်တစ်ယောက်တည်း မေရယ်...လွမ်းရက်များလည်းကွယ် ကြာရှည်လွန်းခဲ့ပါတယ်...မျှော်ကာမိုင်ငေးဆဲ အမြန်ပြေးတွေ့လိုက်ချင်...တိမ်လွှာပြင်တွေ ကျော်လွှားမယ်...အချိန်တန်ရင် အလွမ်းစိတ်ပို"

Listen to the Radio သို့မဟုတ် ရင်ဂို၏ "အတောင်ပံပါရင် မင်းဆီကို" သီချင်းသံ ဖြစ်နေ၏။

"ဟင်း...ဟင်း...လွမ်းတယ်တဲ့၊ ယောကျ်ားတွေက ဒီလိုပဲပြောတတ်ကြတာပါပဲ"

တွေးပြီး ပြုံးလိုက်သည်။

ပြီးတော့ သူမကိုယ်သူမ ပြန်ကြည့်မိ၏။

အိစက်ဝင်းလဲ့နေသော အသားအရေ၊ အချိုးအဆက်ကျနလှသော ခန္ဓာကိုယ်တည်ဆောက်မှု၊ ရှည်လျားနက်မှောင်နေသော ဆံပင်များ၊ ဒါတွေသည်သာမကပါ လက်ချောင်းကလေးတွေက ဖယောင်းလုံးတွေလို သွယ်လျလှပသည်။ လက်ဖဝါးလေးက နီရဲနူးညံ့နေသည်။ လက်မောင်းအိုးများက ပြည့်တင်းပြီး ဆင်စွယ်နှစ်ရောင်ပေါက်နေ၏။ သေးကျင်သော ခါးနှင့် ဖြောင့်စင်းသော ပေါင်တံများကလည်း သူမ၏အလှအပကို အားဖြည့်ပေးနေသည်။ ကုန်ကုန်ပြောရလျှင် ခြေချောင်းလေးများကပင် လုံးလုံးဝန်းဝန်းနှင့် လှပနေပါသည်။ နှင်းဆီဖူးလို နူတ်ခမ်း၊ စင်ရော်တောင်လို နာတံ၊ မြန်မာဆန်သော မျက်နှာတို့ ပေါင်းစပ်လိုက်သည့်အခါ သူမသို့မဟုတ် မောရဏီ၏ အလှအပက သူတို့လောကတွင် ကျော်ကြားနေသည်မှာ အံ့သြစရာ မဟုတ်တော့ပါ။

နာမည်ကိုကလည်း တခြားသူမှမဟုတ်ဘဲ၊ မောရဏီပဲလေ။ မောရဏီဆိုတော့ လှရမှာပေါ့။ လှလို့လည်း မောရဏီလို့ မှည့်ထားတာမဟုတ်လား။

"ဟင်း...ဟင်း...ဘာတဲ့၊ တက္ကသိုလ်မှာ မြန်မာစာယူခဲ့တုန်းက ဖတ်ခဲ့ဖူးတာ"

"ရိုးတန်ရိုးဆစ် ပြေပြစ်ချောမော၊ မြကြောစိမ်းစိမ်း ရှိန်းရှိန်းစိုစို လှသည့်ကိုယ်၌ ရှိက်ဖိုကြီးငယ် အသွယ်သွယ်မူတဲ့"

မောရဏီက ထပ်ပြီးစဉ်းစားကာ နှစ်ခြိုက်စွာပြုံးလိုက်ပြန်ပါသည်။

"အဲဒီ ရှိက်ဖိုကြီးငယ် အသွယ်သွယ်ကို သူတို့ကြိုက်နေတာ၊ ဟင်း...ဟင်း...ဟင်း အလကားး ယောကျ်ားတွေ"

"ဒါပေမဲ့ ကိုယ်ဖြစ်ချင်တာ ဖြစ်ဖို့တော့ အဲဒီယောကျ်ားတွေနဲ့ တွေ့ရအုံးမှာပေါ့လေ၊ မတွေ့လို့မှမဖြစ်တာ၊ ဝတ်နိုင်စားနိုင်၊ သွားနိုင်လာနိုင်မှ လူရာဝင်တာ၊ ပွဲတိုးတာ၊ ဒီလို ငွေများများရမှ ငွေများများရအောင်ကလည်း လောလောဆယ် ဒါပဲလေ၊ ဒါကြောင့် သူတို့နဲ့ တွေ့ရတာပေါ့၊ တွေ့မယ်ဆိုတော့ ပြင်ရဆင်ရ၊ ခြယ်ရ သရအုံးမှာပေါ့၊ အလှတွင်အယဉ်ဆင့်ပြီး အသွင်တင့်အောင် လုပ်ရအုံးမှာပေါ့"

ဩော်...မောရဏီရယ်။

* * * * *

မောရဏီတို့အုပ်စုမှာ ခပ်ညှဉ့်ညှဉ့်တစ်ယောက်မှ မပါပါ။ ချောကလျာဦး၊ အိသက်ထားခင်၊ ပြုံးသန္တာချို၊ သွင်မမမျိုး၊ စောရည်နန္ဒာ၊ အေးသန္တာသက်၊ ဒါတွေက မောရဏီ သူငယ်ချင်းတွေ...

"အခုတွေ့မယ့်သူက ရိုးရိုး Boss မဟုတ်ဘူး၊ High Boss နော် ဘရဏီ၊ သူမှာ စက်ရုံတွေလည်း ရှိတယ်၊ ကုမ္ပဏီတွေလည်း ရှိတယ်၊ သူက သိပ်ရိုးတာ၊ ဒါအရင်ဆုံး အပြင်ထွက်တာပဲ၊ အဆင်ပြေအောင် ဆက်ဆံနော်"

Boss နဲ့ မိတ်ဆက်ပေးမည့် အန်တီကြည်က ဆိုသည်။

အန်တီကြည်က မောရဏီတို့အုပ်စုတစ်စုလုံးအား အခုလိုပင် Boss များနှင့် မကြာခဏ ဆုံစည်းပေးတတ်သည်။ လူငယ်လူရွယ်များနဲ့က သိပ်မဆုံစည်းဖြစ်။ သူတို့ဆီက သိပ်မြိုးမြိုးမြက်မြက်ရလေ့မရှိ။ ရက်ရက်ရောရော ပေးတတ်ကမ်းတတ်သည်က အခုလို အရွယ်ရနေတဲ့ လူကြီးတွေနဲ့တွေ့မှ။ ခုချိန်မှာ သမီးနဲ့ ဦးဇာတ်လမ်းတွေကလည်း မထူးတဲ့ဇာတ်လမ်းတွေဆိုတော့ သိပ်ကိစ္စမရှိ။

"ရပါတယ် အန်တီရဲ့၊ မေသိပါတယ်"

မောရဏီတို့အုပ်စုမှာ ခပ်ညှဉ့်ညှဉ့် တစ်ယောက်မှ မပါပါ။ ချောကလျာဦး၊ အိသက်ထားခင်၊ ပြုံးသန္တာချို၊ သွင်မမမျိုး၊ စောရည်နန္ဒာ၊ အေးသန္တာသက်၊ ဒါတွေက မောရဏီ သူငယ်ချင်းတွေ။ တချို့က ကျောင်းမှာကတည်းက သိလာတာ။ တချို့ကျတော့ ဒီရောက်မှ သိလာကြတာ။

ရုပ်ရည်တွေကလည်း အားလုံးအပျံစားတွေချည်းပဲ။ အတိုင်းအထွာ၊ အချိုးအဆက်ကလည်း ၃၂-၂၄-၃၆ ထက်တော့ ညှဉ့်သူမပါ။ အသက်ကလည်း အကြီးဆုံး သွင်မမမျိုးမှ ၂၅ ရယ်။ ပြီးတော့ ပညာအရည်အချင်းကျတော့လည်း အနည်းဆုံး ဆယ်တန်း အောင်ပြီးသားတွေချည်းပဲ။ တချို့က ဘွဲ့ရတွေ၊ ပြီးတော့ အားလုံး အလုပ်လက်ရှိတွေနဲ့။ Foreign Language နဲ့ Computer တွေလည်း တက်နေကြလေရဲ့။ အချိန်ပိုလေးတွေမှာ စုပြီး အတွေ့အကြုံဖလှယ်တာ၊ သတင်းဖလှယ်တာလေးတွေလည်း လုပ်ရတယ်။ မြိုးမြိုးမြက်မြက်ရမယ့် ကိစ္စလေးတွေလည်း ဆွေးနွေးရတယ်။

ဟိုတစ်နေ့က သွင်မမမျိုး၊ မောရဏီတို့အခေါ် မမမျိုးပေါ့။ မမမျိုးကပြောတယ်-

"သူနဲ့တွေ့တဲ့ ဘိုးတော်ကြီးက အသက်ငါးဆယ်ကျော်ပြီဆိုပဲ၊ High Boss ပဲတဲ့။ အသက်သာ ငါးဆယ်ကျော်ဆိုတယ်



အားကောင်းမောင်းသန်တဲ့''

''အဲဒီ မောင်းသန်တဲ့ ဘိုးတော်ကြီးက ဘာတွေပြောသွားသေးလဲဟင် မမမျိုး''

မေဘရဏီက စကားဝိုင်းတွင် နည်းနည်း စပ်စုလိုက်သည်။

''ဘာပြောရမှာလဲ ဘရဏီရယ်၊ သူ အိမ်ထောင်ရေး မသာယာကြောင်း၊ သူ အဘွားကြီးက ရောဂါသည်မို့ စိတ်ပျက်ကြောင်း၊ အလုပ်များလို့ ခေါင်းရှုပ်ရကြောင်း၊ ဒါကြောင့် အေးအေးဆေးဆေး နားချင်ကြောင်း၊ အပန်းဖြေချင်ကြောင်းပေါ့''

''ပြီးတော့ရော''

''ပြီးတော့ ထုံးစံအတိုင်း ချစ်ကြောင်း၊ ခင်ကြောင်း ဘာညာကွိကွပေါ့ကွယ်''

အရပ်ငါးပေ ခြောက်လက်မကျော်ပြီး မြန်မာအမျိုးသမီးများတွင် အရပ်ရှည်ပါပေသည်ဟု ဆိုစမှတ်ပြုနိုင်သည့် မမမျိုးက ဆို၏။ အရပ်နှင့်လိုက်ဖက်အောင်လည်း မမမျိုးကိုယ်လုံးကိုယ်ပေါက်က ဖြောင့်စင်း တောင့်တင်း၏။ အမျိုးသမီးဝတ် စပို့ရှပ်လက်တို အဝါရောင်နှင့် ဂျင်းဘောင်းဘီဝတ်ပြီး Bay Watch မင်းသမီး၊ Panmala Enderson ရဲ့ Design နဲ့ ပုရိသယောကျ်ားများကို ဆွဲဆောင်နိုင်သည့် စွမ်းရည်အပြည့်ရှိသော မမမျိုးကိုကြည့်၍ မေဘရဏီက အဓိပ္ပာယ်ပါပါပြုံးလိုက်၏။

''ဇာတ်လမ်းက ဘယ်လိုပြီးသွားလဲ၊ လုပ်ပါအုံး''

''ဘယ်လိုပြီးရမှာလဲ၊ ကိုယ့်ပညာတွေသုံးပြီး အပြတ်ပြုစုပေးလိုက်တာပေါ့''

''အဲဒီတော့''

''အင်း...ဂဏန်းခြောက်လုံးလေကွာ''

''ခြောက်လုံးကြီးများတောင်လား''

သူတို့အုပ်စုထဲမှ တစ်ပြိုင်တည်းအသံထွက်လာ၏။

''ဟုတ်တယ်၊ ခြောက်လုံးကြီးများတောင်၊ ပြီးတော့ပြောသွားသေးတယ်၊ သမီးနဲ့ ထပ်တွေ့ချင်သေးတယ်တဲ့၊ သိပ်ကျေနပ်တာပဲတဲ့''

''မမမျိုးကရော''

''ဟဲ့...သူခေါ်ရင် တွေ့ရမှာပေါ့ဟဲ့၊ မက်စရာကြီးပဲဥစ္စာ၊ ထူးတယ်ဟဲ့''

''ဟင်း...ဟင်း...ဟင်း...''

ခပ်အုပ်အုပ်ရယ်သံများ ထွက်လာပြန်၏။

ဒါမျိုး မေဘရဏီလည်း တွေ့ဖူးပါသည်။ သိပ်တော့ မပြောချင်ပါ။ ပြောရရင်လည်း မေဘရဏီယူထားတဲ့ မြန်မာစာထဲက လိုပါပဲ။

''ကညာရွယ်စစ်၊ ငယ်နမျစ်နှင့် အသစ်ကိုတွေ့၊ အဟောင်းမေ့လျက်၊ တပ်ပြွေ အာသာ၊ ကြိုက်ရာရာတိုင်း''

ဆိုသလို ဖြစ်မှာပေါ့။ ဟင်း...ဟင်း ဟင်း...မသိတာကျလို့။

* * * * *

''ကဲ...မေ၊ ဒါ ကိုယ်ပြောထားတဲ့ Boss ဦးအောင်မြင့်ဦးပဲ၊ Boss က တအားရိုးတာ၊ ကိုယ်အတင်းခေါ်လာလို့ ပါလာတာ''

''Boss ဒါ ကျွန်တော် ပြောပြောနေတဲ့ မေ...အဲ...မေဘရဏီလေ''

သားနှားခန့်ညားသည့် အခန်းကျယ်ကြီးက စားပွဲဝိုင်းကြီးတွင် အန်တီကြည့် မိတ်ဆွေ ကိုရွှေလမင်းက မေဘရဏီနှင့် ဦးအောင်မြင့်ဦးအား မိတ်ဆက်ပေးသည်။

ရှေးမြန်မာမင်းသားကြီး ကျော်ဆွေလိုလို၊ အမေရိကန်မင်းသားကြီး ဂရီဂိုရီပက်လိုလိုနှင့် သိမ်မွေ့သောဟန်အမူအရာရှိသည့် ဦးအောင်မြင့်ဦးက...

''မေ့ နာမည်ကြားဖူးတာ ကြာပါပြီ၊ သိပ်တွေ့ချင်လှပါတယ်၊ တွေ့လည်း နာမည်ကြီးလောက်အောင် လှပါပေတယ်၊ မေ့ကြည့်ရတာ ဘာမှ ပြောစရာမရှိပါဘူး၊ ပြစ်မျိုးမှည့်မထင်ပါပဲ''

အလဲ့...ရိုးတယ်သာဆိုတယ် Boss က အလာကြီးပါလား။ စကားလုံးလှလှတွေသုံးတတ်ပါလား။ မမမျိုး Boss လိုများလား မသိ။

''ဟင်း...ဟင်း...ဦးက ဒီလိုမှန်တာ ပြောတာ မေ သဘောကျပါတယ်''

ဦးအောင်မြင့် ဦး၏ ဘယ်လက်မှ Rolex နာရီ၊ စိန်လက်စွပ်နှစ်ကွင်းနှင့် နဝရတ်ကိုးသွယ် လက်စွပ်တို့ကိုကြည့်ပြီး

မောဘရဏီက ရယ်သံလေးတစ်ဝက်ဖြင့် ပြော၏။

''ကိုယ်တို့ First Meet မိတ်ဆွေဖြစ် အနေနဲ့ မေကြိုက်တာ မှာစားပါ၊ ဒါမှမဟုတ် ကိုယ်မှာပေးရမလား''

ဦးအောင်မြင့်ဦးက တိုးတိတ်ညင်သာစွာ ပြောသည်။

''ရပါတယ် ဦးရဲ့၊ မေ့ဟာမေ မှာပါမယ်''

ပထမဆုံးအကြိမ် တွေ့ကြခြင်းဖြစ်၍နေ့ အချိန်လည်းဖြစ်နေသဖြင့် Nest Coffee, Cheese Straw နှင့် Sandwich လောက်သာ မှာဖြစ်သည်။

မောဘရဏီနဲ့ ဦးအောင်မြင့်ဦးတို့ တိုးတိတ်စွာ စကားပြောနေကြစဉ် ကိုရွှေလမင်းက အလိုက်သိစွာ အပြင်ထွက်သွားသည်။ မောဘရဏီတို့ ရောက်နေသည်က နာမည်ကြီး ဟိုတယ်ကြီးတစ်ခုဖြစ်၏။

ဦးအောင်မြင့်ဦးက နာမည်အတော်ရထားသည့် လုပ်ငန်းရှင်တစ်ယောက်မှန်း မောဘရဏီ စုံစမ်းသိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မောဘရဏီ စိတ်ဝင်စားသည်။ ရုပ်ရည်ကလည်း သူမျှော်မှန်းထားသည်ထက် ပိုမိုခန့်ညားသားနားနေသည်။ အသက်အမှန်ကိုတော့ သူမ မသိ။ ဒါပေမဲ့ မျက်နှာနှင့် အသားအရေများကိုကြည့်ရသည်မှာ အတော်နု၏။ အသက်လေးဆယ်သာသာ,သာ ဖြစ်မည်ထင်သည်။ အဝတ်အစားကလည်း အရောင်လွင်လွင်၊ အဆင်နုနု ဝတ်ထားသည်။

''မေနဲ့ အေးအေးဆေးဆေး ထပ်တွေ့ချင်ပါတယ်၊ ဦးကို အချိန်သတ်သတ်ပေးပါ''

သူစကားသံက တိုးတိတ်ညင်သာလွန်းလှသည်။

''မေ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ မိတ်ဆွေဖြစ် အထိမ်းအမှတ်အနေနဲ့ ဒါလေးလည်း လက်ခံပါ''

ကတ္တီပါဘူးအနီလေးတစ်လုံးအား သူက ဖွင့်ပြလိုက်သည်။ တဖျပ်ဖျပ်အရောင်တောက်နေသည့် စိန်လက်စွပ်ကလေးတစ်ကွင်း။

ဘူးလေးပေးရင်း လက်ချင်းထိတွေ့ကြရာ နွေးထွေးပူရှိန်းသော အထိအတွေ့ကို ခံစားရ၏။ ဦးအောင်မြင့်ဦးက မောဘရဏီ့လက်ကို အသာအယာဆုပ်ကိုင်ထားသည်။



မျက်နှာနှင့် အသားအရေများကို ကြည့်ရသည်မှာ အတော်နု၏။ အသက်လေးဆယ်သာသာသာ ဖြစ်မည်ထင်သည်။

သူမက မရှန်းဝိ။ အပူရှိန်များက သူမလက်ဖျားမှတစ်ဆင့် ကိုယ်တွင်းသို့ပင် စီးဝင်နေသည်ဟု ထင်မိ၏။

လက်ကိုကိုင်ထားရင်း သူက မောဘရဏီ့ မျက်နှာနုနုလေးအား အသေအချာအနီးကပ် စေ့စေ့စပ်စပ်ကြည့်ပြီး...

''မေ့ အသားရော၊ မျက်လုံး မျက်ခုံးလေးတွေရော သိပ်လှတယ်နော်''

လူချင်းထိကပ်သွားသဖြင့် သူအသံက ပိုမိုတိုးတိမ်သွားသည်။ သူထံမှ နာမည်ကျော် C.K ရေမွှေးနံ့ကိုပင် မောဘရဏီရနေသည်။ လူချင်းထိကပ်နေသဖြင့် သူမ ရင်ခုန်ချင်သလိုလို ဖြစ်လာ၏။ လှတယ်ပြောသည်ကိုလည်း သဘောကျနေမိသည်။ တကယ်လှလို့ လှတယ်ပြောတာပဲဟုလည်း မောဘရဏီထင်သည်။

''ကိုယ့်ကို စကားပြောပါအုံး မေ''

''ဘာပြောရမှာလဲ ဦးရဲ့''

မေ့ဘရဏီ့အသံကလည်း တိုးညှင်းနေ၏။ ခေါင်းလည်း ငုံထားမိသည်။

''ကိုယ်ပေးတဲ့လက်ဆောင်ကို မေလက်ခံပါတယ်နော်၊ ကြိုက်ရော ကြိုက်ရဲ့လား''

စိန်လက်စွပ်ကလေးကို မောဘရဏီကြိုက်ပါသည်။ စိန်တစ်လုံးပဲ၊ အနည်းဆုံးလေးငါးဆယ်သိန်းကျော်တော့ တန်လိမ့်မည်။ ဒါမှမကြိုက်ရင် သူမ လူမိုက်ဖြစ်သွားမှာပေါ့။

မောဘရဏီက ငုံထားသောခေါင်းအား အသာအယာညိတ်ပြလိုက်၏။

''မေ လက်ခံတယ်နော်၊ ဒါဖြင့်...''

စကားမဆုံးမီမှာပင် သူက မောဘရဏီ့အား ခပ်ဖွဖွလေးဖက်ကာ ဆွဲထူလိုက်ပြီး တစ်စုံတစ်ရာကို နား,နား တိုးကပ်ပြောလိုက်သည်။

''ဟင်...ဦးကလည်း''

သူမက အနည်းငယ်တွန့်သွားသည်။ သို့ရာတွင် မသိစိတ်၏ စေ့ဆော်မှုကြောင့် အနီးရှိ သူခေါ်ရာသို့ ဖြေးလေးစွာ လိုက်ပါသွားမိသည်။ အလွန်သားနားသည့် Suite Room ကြီးပါပေ။ ကြိုလုပ်ထားလေသည်လားမသိ။

''ဒီနေရာက ပိုကောင်းလို့ပါ မေ''

သူက ဆို၏။ သူတို့နှစ်ယောက်လုံးအတွက် အိစက်ညက်ညောပြီး အမှန်ပင်ကောင်းလှပါသည်။ များစွာလည်း လုံခြုံစိတ်ချရပါ၏။

အပြင်တစ်ခါမှ မထွက်ဖူးဘူးဆိုသည့် Boss က မောဘရဏီထင်ထားသည်ထက် အများကြီးပိုတော်နေပါသည်။ Performance လည်း ကောင်းလှပါသည်။ သူ၏ အယုအယနှင့် သမုဒယကြောင့် ရုတ်ခြည်း မမျှော်လင့်သည့် ငြိမ့်ညောင်းသာယာသော အိပ်မက်ကမ္ဘာလေးတစ်ခုထဲသို့ ရောက်သွားသလို သူမ ခံစားရသည်။ သူထံမှ C.K ရေမွှေးနံ့များနှင့် သူမထံမှ ရှယ်နယ်ရေမွှေးနံ့များသည်ပင် ပေါင်းစပ်သွားကြသည် ထင်၏။ မောဘရဏီ ပန်းလျရင်ခုန်နေပါပြီ။

''ပြန်ကြစို့ ဦးရယ်''

မောဘရဏီက နွမ်းမောသံလေးဖြင့် ပြောလိုက်ရာ...

''ဟုတ်တယ်၊ ပြန်ကြတာပေါ့၊ အပြင်မှာ ကားဆရာလေးနဲ့ ကိုရွှေလမင်း စောင့်နေရတာ နည်းနည်းကြာသွားပြီထင်တယ်''

သူက အလိုက်သိစွာပင် ပြန်ရန် သဘောတူ၏။ အပြင်ရောက်လျှင် မောဘရဏီ့ ပခုံးလေးအား အသာအယာဖက်၍ ငွေစက္ကူ စိမ်းပြာရောင် အသစ်တစ်ထုပ်အား သူမ လက်ထဲထည့်ရင်း...

''စိတ်မဆိုးနဲ့နော် မေ၊ ဒါလေးလည်း လက်ခံပါ၊ မေ့အတွက် မုန့်ဖိုးလေးပါ''

ဒီဦးနဲ့တွေ့ရတာ မောဘရဏီ့အတွက်တော့ အတော်တန်သွားပါပြီ။ သူတို့ အပြင် အရောက်တွင် ကိုရွှေလမင်းလည်း ပြန်ဝင်လာသည်။

''ဩော်...ကိုရွှေလမင်းရေ၊ ကားပေါ်ပါလာတဲ့ ကားဆရာလေးကို မေးပေးပါအုံးဗျာ၊ ဘာများ သုံးဆောင်မလဲ၊ စောင့်နေရတာ နည်းနည်းကြာသွားပြီ၊ ကော်ဖီများ သောက်အုံးမလားလို့ပေါ့''

ကိုရွှေလမင်း ပြန်ထွက်သွားသည်။ ကားနှင့် ကားဒရိုင်ဘာကို အခုမှသတိထားမိသည်။ ကားက Prado အပြာရင့်ရောင်၊ ကားဒရိုင်ဘာလေးက သူမ အရွယ်သာသာ၊ သပ်သပ်ရပ်ရပ် ဝတ်စားထား၏။ ဖြူဖြူချောချော သားသားနားနားဖြစ်၏။ ကားဘေးတွင် မတ်တတ်ရပ်နေသည်ကို သိပ်မဝေးလှသည်မို့ မြင်နေရ၏။

''ဦး''

''ပြောပါ မေ''

''အဲဒါ ဘယ်သူ့ကားလဲဟင်''

''ဦး ကားပါ''

''ဩော်''

''ကားဆရာလေးက ဘာမှမစားတော့ဘူး ပြောပါတယ်''

ကိုရွှေလမင်းက ပြန်ဝင်လာပြီး ပြော၏။ အရေးထဲ အောင်သွယ်တော် ဖိုးရွှေလမင်းက အူကြောင်ကြောင်လုပ်နေ၏။ ဂယောင်ပေးနေပြန်သည်။

''ထပ်မေးပေးပါအုံးဗျာ၊ အင်း...သူ့ကို တစ်ခုခုစားခိုင်းအုံးမှ''

''ဟုတ်ကဲ့၊ ဟုတ်ကဲ့''

ကိုရွှေလမင်း ထွက်သွားပြန်သည်။ ဒီတစ်ခါတော့ သူ ကြာကြာမေးရမည်ကို

ကားနှင့် ကားဒရိုင်ဘာကို အခုမှသတိထားမိသည်။ ကားက Prado အပြာရင့်ရောင်၊ ကားဒရိုင်ဘာလေးက သူမ အရွယ်သာသာ၊ သပ်သပ်ရပ်ရပ် ဝတ်စားထား၏။



သဘောပေါက်သွားသည်ထင်၏။ ကားဆရာလေးနှင့် သွားစကားပြောလိုက်၊ ပြုံးလိုက်၊ ရယ်လိုက်၊ ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့် လုပ်နေကြ၏။ တော်တော်နှင့် ပြန်ဝင်မလာတော့။

''ဦး''

''ပြောပါ မေ''

''ကားဆရာလေးကို ဘာဖြစ်လို့ အတင်းခေါ်ပြီး စားစရာတွေ ကျွေးမွေးနေတာလဲဟင်''

ခုလိုတွေ့တုန်း ခုနကလို နှစ်ယောက်တည်းသာ စကားပြောချင်၏။ သုံးယောက်ဆို မပြောချင်တော့။ ပြောမကောင်းတော့။ ဒါနဲ့များ ဦးက ကားမောင်းသမားလေးကို အတင်းခေါ်ခိုင်းနေသည်။ မောဘရဏီက မနေနိုင်၍ မေးရသည်။

''ပြောပါအုံး ဦးရဲ့၊ ကားဆရာလေးကို ဘာဖြစ်လို့ မရမကခေါ်နေရတာလဲ''

''ကိုယ့်သားမို့ပါ မေ''

သူက အသက်တစ်ချက် ရှူလိုက်ရင်း တိုးညင်းစွာပြော၏။

''ဟယ်...ဦးသားလား၊ ဦးမှာ ဒီလောက်ကြီးတဲ့ သားရှိလား''

မောဘရဏီ အတော်အံ့သြသွားပြီး မေးလိုက်သည်။ ကားဆရာလေးက မမမျိုးတို့ အသက်လောက်တော့ ရှိမည်ထင်သည်။ ဒါဆို ဒီ Boss က အသက်ငါးဆယ်တော့ ရှိပေရော့မည်။ ဒါပေမဲ့ အရွယ်အတော်တင်သေးသည်။ လေးဆယ်သာသာပဲ ထင်ရသည်။ အားကောင်းမောင်းသန်လည်း ရှိသေးသည်။

''ရှိပါတယ် မေ၊ ဒါ ဦးသားကြီးပါ၊ ဦးမှာ သားသမီးသုံးဦးရှိပါတယ်၊ ကျန်တာက သမီးတွေလေ''

ဩော်...အင်း၊ ဒီ ဦးက ရိုးတော့ ရိုးသားရှာသားပဲ။ ဒီလိုရိုးသားတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ မိတ်ဆွေဖြစ်ရတာ အတော်ကောင်းပါသည်။ ဇာတ်လမ်းအစမှာပင် ထိုက်ထိုက်တန်တန်များ ပေးသွားသည်။ နောက်ဆို ဒါထက် မျှော်လင့်ချက်များ အများကြီးရှိဦးမည်။ မမမျိုးပြောတဲ့...

''ဂဏန်းခြောက်လုံးဟဲ့''

ဆိုတဲ့အသံများ မောဘရဏီနားမှာ ကြားနေသည်။

''အင်း...ဂဏန်းခြောက်လုံး၊ ဂဏန်းခြောက်လုံး''

သူက ညည်းညည်းသာသာပြုံးရင်း...

''ဘယ်လိုလဲ မေ၊ သားကို စိတ်ဝင်စားသွားပြီလား၊ ဦးသားက ဘွဲ့ရပြီး M.Sc ဆက်တက်နေတာ၊ သူက စာတော်တယ်၊ ဦးလို စီးပွားရေးတွေ စိတ်မဝင်စားဘူး၊ အေးအေးဆေးဆေး ပညာပဲ။ မေ စိတ်ဝင်စားရင် ဦး လှမ်းခေါ်လိုက်မယ်လေ''

မောဘရဏီက သွက်လက်စွာ ခေါင်းကို တွင်တွင်ရမ်းလိုက်သည်။

''မဖြစ်ချင်ပါဘူး ဦးရဲ့၊ မေက မသိလို့ မေးမိတာပါ''

''သားက သူ့အဖေတော့ ချစ်တယ်၊ ဒါ ကြောင့် အခုလိုက်လာတာ၊ အဖေတစ် ယောက်တည်းသွားတာ စိတ်မချလို့တဲ့လေ''

မောရဏီက ဦးအောင်မြင့်ဦး စကား ကြောင့် လှပစွာပြုံးလိုက်၏။

ငယ်တာရော၊ ကြီးတာရော Selection Grade တွေ မောရဏီ တွေ့ခဲ့ဖူးပါတယ်။ အသပြာ များများစားစားတော့ ငယ်သူတွေဆီက မရတတ်။ အခုလို ကြီးသူ များဆီကသာ ရတတ်သည်။ သူတို့မှာပဲ များများစားစား ပေးနိုင်သည်လေ။ ပြီးတော့ သူသားက ကျောင်းသားပဲ။ ကျောင်းသား ဆီက ဘာရမလဲ။ ဘာမှ ရမှာမှမဟုတ်ဘဲ။ မောရဏီ့အတွက် M.Sc က အသုံးမဝင်ပါ။ အသုံးဝင်သည်က ငွေကြေးနဲ့ စည်းစိမ် ဥစ္စာများသာ ဖြစ်ပါသည်။

''မေက သားနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး ဆိုရင် ဘယ်သူနဲ့ မိတ်ဆွေဖြစ်ချင်လဲ''

ဦးအောင်မြင့်ဦးက မောရဏီ၏ လက်လှလှကလေးနှစ်ဖက်အား နွေးထွေးစွာ ဆုပ်ကိုင်ထားရင်း မရွံ့မရဲဟန်ဖြင့် မေးလိုက်ရာ–

''ဟင်း . . . ဟင်း . . . ဦးကလည်း သိသားနဲ့၊ အဖေနဲ့ အဖေနဲ့''

လူက မစဉ်းစားနိုင်မိမှာပင် . . .

''အဖေနဲ့ . . . အဖေနဲ့''

ဟူသော စကားကို မျက်စောင်းလေး ချစ်စဖွယ်ထိုးကာ ပါးစပ်က ရုတ်ခြည်းဖြေလိုက်မိသည်။

ဦးအောင်မြင့်ဦးက မောရဏီ့ လက်ကလေးနှစ်ဖက်လွှတ်ပြီး နှစ်ခြိုက်စွာပြုံးရင်း–

''ကျေးဇူးပါပဲ မေရယ်''

ဟု ဆိုလိုက်သည်။

မောရဏီက ရွှန်းရွှန်းစားစား ပြန်ကြည့်လိုက်၏။ ဒီလို ညင်ညင်သာသာနဲ့ လူကြီးလူကောင်းမျိုးတွေ့ရတာ ကိုယ့်ကံပဲဟု လည်း ထင်လိုက်၏။ ဒီဦးကို ကြိုက်သွားပါပြီ။

''ကဲ . . . ပြန်ကြစို့''

ကိုရွှေလမင်းက ဝင်လာပြီးပြောသဖြင့်

အပြန်လမ်းတွင်တော့ ကားကိုယ်တိုင်မောင်းရင်း စိန်လက်စွပ်ကလေးပါသည့် ကတ္တီပါဘူးလေးအား ဖွင့်ကြည့်လိုက်မိသည်။

အသာအယာ လှုစုခွဲလိုက်ကြသည်။

ဦးအောင်မြင့်ဦးက မောရဏီ့အား နောက်တစ်ကြိမ်တွေ့ကြရန် မှာသွားသည်။ ဘာပဲဖြစ်ဖြစ် တွေ့လိုက်ရကျိုးနပ်ပါသည်။

အပြန်လမ်းတွင်တော့ ကားကိုယ်တိုင် မောင်းရင်း စိန်လက်စွပ်ကလေးပါသည့် ကတ္တီပါဘူးလေးအား ဖွင့်ကြည့်လိုက်မိသည်။ တစ်လုံးစိန်ကလေးက မှေ့အား မျက်စပစ်ပြနေ၏။ ချစ်စရာကောင်းပါသည်။ သူမ၏ သွယ်လှသော လက်ချောင်းကလေးများနှင့် လည်း လိုက်ဖက်ပါသည်။

''ဟဲ့ . . . ဂဏန်းခြောက်လုံးဟဲ့''

ဆိုသည့် မမမျိုးစကားသံကို ပြန်ကြားယောင်လာ၏။

''အင်း . . . ဒီဦးနဲ့တော့ နောက်တစ်ခေါက် တွေ့ကိုတွေ့ရအုံးမယ်၊ သားနဲ့ ဘာဖြစ်လို့ မိတ်ဆွေဖြစ်မှာလဲ၊ အဖေနဲ့၊ ဟင်း– အဖေနဲ့မှ ဖြစ်မှာ''

''အဖေနဲ့ . . . အဖေနဲ့''

ဆိုသော စကားကို တစ်လမ်းလုံး ရေရွတ်လာ၏။

ဘာပဲဖြစ်ဖြစ် မောရဏီအတွက် သူငယ်ချင်းတွေကို ကြွားစရာတစ်ခု ရပြန်ပါပြီ။

သူငယ်ချင်းတွေကတော့ သားအဖ နှစ်ယောက်ကြီးများနဲ့တောင် တွေ့ခဲ့တယ်ဆိုတော့ ဘယ်လိုနေလဲဆိုပြီး မေးကြ၊ ပြောကြ ပေရော့မည်။ ရယ်တော့ ရယ်စရာကြီး။ မေးချင်တာသာ မေးကြပေတော့။


ဘာပဲဖြစ်ဖြစ်၊ မောရဏီကတော့–

''ဟင်း . . . ဟင်း . . . အဖေနဲ့ပါပဲလေ''

သောင်းဝေဦး



CITY CARTOON



CITY CARTOON



CITY CARTOON



စုဒ္ဓဆဓ(၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဓနုတိုင်းရင်းသား ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝိရိယနန္ဒ(နောင်ချို)၏ တိပိဋကဝုဏ္ဏုပ္ပဇ္ဇ

ကံညွန့်လှိုင်(တောင်ကြီး)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လွတ်လပ်ရေးအကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးလျှင် ဆဋ္ဌသင်္ဂါယနာတင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်ကို သံဃာတော်အချင်းချင်း သတင်းလွှဲ လွှဲ ပြောကြားကြရာမှ ကျန်ထေရဝါဒနိုင်ငံများအထိပင် သတင်းပျံ့လွင့်ခဲ့ပါသည်။ သင်္ဂါယနာတင်မည်ဆိုပါက ပိဋကသုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း ပြောဆိုကြရာမှ တိပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရေးကို ရည်ရွယ်လျက် တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော် အစိုးရမှ နှစ်စဉ်ကျင်းပခဲ့သည်။

တိပိဋကဓရ ရရှိတော်မူခြင်း

ထိုသို့ နှစ်စဉ်ကျင်းပခဲ့သော်လည်း တိပိဋကဓရ တိပိဋကဓရ ကောဝိဒဘွဲ့တော်မှာ နှစ်စဉ်ပေါ်ထွန်းလာခြင်းမရှိခဲ့ပေ။ မြန်မာတစ်နိုင်ငံလုံးတွင် စုစုပေါင်း ၁၃ပါးမြောက်သာ ပေါ်ထွန်းခဲ့ပါသည်။ ယခုအခါတွင် နောင်ချိုဩဇနယ်၊ တောင်ခမ်းကျေးရွာတွင် မွေးဖွားတော်မူသော ဆရာတော်သည် တိပိဋကဓရ ဘွဲ့တော်ကိုရရှိရန် အပတ်တကုတ် ကြိုးစားလာခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၆၁ ကြိမ်မြောက် တိပိဋကဓရဘွဲ့တော်ကို ဘဒ္ဒန္တဝိရိယာနန္ဒအား ၂၄-၅-၂၀၀၉ တနင်္္ဂနွေနေ့တွင် ရန်ကုန်ရောက် ဓနုတိုင်းရင်းသားတို့က ဓနုတိုင်းရင်းသားဓမ္မာရုံတွင် ချီးကျူးဂုဏ်ပြုပွဲကို ဦးမြဲဦးမှဲသဲ ဆက်ကပ်လျှဒါန်းပူဇော်ခဲ့ကြပါသည်။

ဆရာတော်ဖြေကြားအောင်မြင်တော်မူသော ပိဋကသုံးပုံကို လေ့လာကြည့်သောအခါ မြန်မာပြည်တွင်သာမက ကမ္ဘာ၌ပါရဂူအရှည်ကြာဆုံး ပြုလုပ်ကျင်းပရပြီး အောင်မြင်ရန်အခက်ခဲဆုံးဖြစ်သည်။ တိပိဋကဓရ ရွေးချယ်ရေးစာတော်ပြန်ပွဲ၏ ပြဋ္ဌာန်းထားသော ကျမ်းစာများကို အကျဉ်းအားဖြင့် တင်ပြလိုပါသည်။

ပြဋ္ဌာန်းထားသော ကျမ်းစာများ

မြတ်စွာဘုရားဟောကြားတော်မူသော ဗုဒ္ဓဝါစနပါဠိတော်သည် စာအုပ်ရေအားဖြင့် ၄၀ အုပ်၊ စာမျက်နှာအားဖြင့် ၁၆၇၅၅ မျက်နှာရှိ၍ အဋ္ဌကထာ ၅၁ အုပ်၊ ဋီကာ ၂၆ အုပ်ရှိရာ တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီး၌ သင်ရိုးပိဋကသုံးပုံကိုသာ အများဆုံး စာတော်ပြန် ဖြေဆိုကြရပါသည်။

ဖော်ပြပါ ပိဋကသုံးပုံမှာ-

(၁) ဝိနယပိဋကပါဠိတော် ၅ ကျမ်း၊ အုပ်ရေ ၃ အုပ်၊ စာမျက်နှာ ၂၂၆၀

(၂) သုတ္တန္တပိဋကပါဠိတော် ၃ ကျမ်း၊ အုပ်ရေ ၃ အုပ်၊ စာမျက်နှာ ၈၈၉

(၃) အဘိဓမ္မပိဋကပါဠိတော် ၅ ကျမ်း၊ အုပ်ရေ ၄ အုပ်၊ စာမျက်နှာ ၁၃၉၀

(၄) ပါဠိတော်နောက်ပိုင်း ၂ ကျမ်း၊ အုပ်ရေ ၈ အုပ်၊ စာမျက်နှာ ၃၅၅၆

စုစုပေါင်း စာအုပ်ရေ ၂၀ အုပ်၊ စာမျက်နှာ ၈၀၂၆ ရှိ၊ ပါဠိတော်ကြီးများကို အာဂုံပြန်ဆို အောင်မြင်ပါက ''တိပိဋကဓရဘွဲ့'' တော်ကို ဆက်ကပ်ခံရ၍ ၎င်းပါဠိတော်အသီးသီး၏ အဖွင့်ဖြစ်သော အဋ္ဌကထာဋီကာ၊ မူလဋီကာ၊ အနုဋီကာ၊ ယောဇနာဂဏ္ဌိ စသော ကျမ်းများလာ အဓိပ္ပာယ်များကို သဘောရေးဖြေ အောင်မြင်ပါက ''တိပိဋက ကောဝိဒ''ဘွဲ့တော်ကို ဆက်ကပ်ခံရပါသည်။



တိပိဋကကောဝိဒဘွဲ့

ဆရာတော် အရှင်ဝိရိယနန္ဒသည် ''တိပိဋကဓရဘွဲ့'' ဘွဲ့တော်ကို ၁၃၇၀ ခု (၂၀၀၈–၂၀၀၉)ခုနှစ် ၆၁ ကြိမ်မြောက်တွင် ဆက်ကပ်လှူဒါန်းခံရပြီး ကျန်းမာရေးအခြေအနေကြောင့် ကျန်ရှိသော စာမေးပွဲကို ဆက်လက်ဖြေဆိုနိုင်ခြင်းမရှိဘဲ ၈ နှစ်တာ အနားယူခဲ့ပါသည်။ အနားယူစဉ်ကာလအတွင်းတွင်လည်း ''တိပိဋကကောဝိဒ''ဖြေဆိုနိုင်ရန် ပိဋကသုံးပုံ ပါဠိတော်အသီးသီး၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာ၊ ယောဇနာဂဏ္ဌိ စသော ကျမ်းလာအဓိပ္ပာယ်များကို အမြဲမပြတ် လေ့လာဆည်းပူးနေခဲ့ပါသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ်ကျင်းပလာရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ ၆၉ ကြိမ်တိုင်အောင်ပင် ရှိခဲ့ပါသည်။ ၆၉ ကြိမ်မြောက် စာမေးပွဲပြီးမြောက်သည့် ၂၈ ရက်နေ့ ညနေပိုင်းမှာပင် တိပိဋကကောဝိဒ ရေးဖြေစာမေးပွဲကို အောင်မြင်ကြောင်း ကြားသိခဲ့ရပါသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်နေ့တွင် သတင်းစာအသီးသီးမှ မြန်မာနိုင်ငံသမိုင်း၌ ၁၄ ပါးမြောက် တိပိဋကဓရ အာဇာနည်ပေါ်ထွန်းပြီးဖြစ်ကြောင်း ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ မှန်ပါသည်။ နှစ်စဉ်နှစ်တိုင်း ''တိပိဋကဓရ''ရွေးချယ်စာမေးပွဲ ကျင်းပလာသည်မှာ ၆၉ ကြိမ်တိုင် ရှိခဲ့ပါသော်လည်း အလွန်ခက်ခဲနက်နဲသော တော်ရုံတန်ရုံပုဂ္ဂိုလ်များ ပြုနိုင်ခဲသော ပိဋကသုံးပုံ အာဂုံနှင့် ရေးဖြေနှစ်ရပ်စလုံးကို ဖြေဆိုအောင်မြင်နိုင်စွမ်းရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၁၄ ပါးမြောက် ပေါ်ထွန်းလာရခြင်း ဖြစ်ပါသည်။

ဆရာတော် အရှင်ဝိရိယနန္ဒသည် မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေရှိ တိပိဋက နိကာယကျောင်းတိုက်မှ သက်တော် ၄၈နှစ်၊ သိက္ခာတော် ၂၇ ဝါရှိ ဆရာတော်ဖြစ်ပါသည်။ သက်တော် ၂၈နှစ်၊ သိက္ခာတော် ၈ ဝါ ရရှိချိန်ကတည်းက တိပိဋကစာမေးပွဲကို စတင်ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ ပိဋကသုံးပုံ အလုံးစုံအာဂုံရေးဖြေပြီးစီးအောင်မြင်ရန် ၂၁ နှစ်တိုင်အောင် ကြိုးစားအားထုတ်တော်မူခဲ့ပါသည်။

ထို့နောက် ၁၃၇၈/၁၃၇၉ ခု၊ ယခုနှစ်တွင် ''တိပိဋက ကောဝိဒ'' ဘွဲ့တော်ကို ဖြေကြားအောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၆၉ကြိမ်မြောက် ''တိပိဋကဓရ တိပိဋက ကောဝိဒ'' စာမေးပွဲကို အောင်မြင်တော်မူပြီး သာသနာ့ အာဇာနည် အရှင်သူမြတ် အရှင်ဝိရိယနန္ဒနှင့်အတူ သက်ဆိုင်ရာ ဘွဲ့အသီးသီး ရရှိသော အရှင်သူမြတ်စုစုပေါင်း အပါး ၉၀ ကို အောင်လက်မှတ် ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

အခမ်းအနားကို ၂၀၁၇ ခု၊ မေလ ၁၉ ရက် သောကြာနေ့၌ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ အခမ်းအနား သို့ ဒုတိယသမ္မတ ဦးမြင့်ဆွေက တိပိဋကဓရ တိပိဋက ကောဝိဒ

တိပိဋကကောဝိဒ ဖြေဆိုနိုင်ရန် ပိဋကသုံးပုံ ပါဠိတော်အဘိဓမ္မာ အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာ၊ ယောဇနာဂဏ္ဌိ စသော ကျမ်းလာအဓိဂွယ်များကို အမြဲမပြတ် လေ့လာဆည်းပူးနေခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်ရ အရှင်ဝိရိယနန္ဒအား တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်နှင့် အဆောင် အယောင်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ပထမဦးစွာ ''တိပိဋကဓရဘွဲ့''တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးမှာ ''မင်းကွန်းဆရာတော် ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ'' ဖြစ်ပါသည်။ ယခု ဆရာတော် အရှင်ဝိရိယနန္ဒမှာလည်း မင်းကွန်းဆရာတော်ဘုရားကြီး၏ ကျောင်း တိုက်မှပင် ထွက်ပေါ်လာသော သာသနာ့အာဇာနည်မြတ်ကြီး ဖြစ် ပါသည်။ ၆၄ ကြိမ်မြောက် အချိန်အခါက ''တိပိဋက ကောဝိဒ'' တစ်ပါး ပေါ်ထွန်းလာခဲ့သည်။ ထိုဆရာတော်တစ်ပါးမှာ ၁၃ ပါး မြောက် ဘုတလင်ဆရာတော် ဘဒ္ဒန္တကုန္ဒာစရိယပင် ဖြစ်ပါသည်။ ထို ဘုတလင်ဆရာတော် ပေါ်ထွန်းလာပြီးနောက် ဆက်လက်ပေါ် ထွန်းလာခြင်းမရှိဘဲ ၅နှစ်ကြာပြီး ၆၉ ကြိမ်တွင်မှ သာသနာ့ အာဇာနည်တစ်ပါး ထပ်မံပေါ်ထွက်လာသည်။ ထိုဆရာတော်မှာ အရှင်ဝိရိယနန္ဒပင် ဖြစ်ပါသည်။ တိုင်းရင်းသားများထဲမှလည်း ပထမ ဦးစွာပေါ်ထွက်ကာ တိပိဋက ကောဝိဒ တံဆိပ်တော်ကို ဆက်ကပ် ချီးမြှောက်ခြင်း ခံရသည်။

တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တဝိရိယနန္ဒ၏ ထေရပွတ္တိ

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

ဘဒ္ဒန္တဝိရိယနန္ဒသည် ရှမ်းပြည်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းရွာ၊ ခမည်းတော် ဦးဘကျော်+မယ်တော် ဒေါ်တင်ကြည် တို့မှ ၁၃၁၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၂၁-၁-၁၉၅၀ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားလှရတနာဖြစ်ပါသည်။

ဥပမ္မဒမင်္ဂလာ

၁၃၅၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန် မြို့၊ ကျိုက္ကစ်ရွှေကျင်တိုက်သစ် ခဏ္ဍသိမ်တော်၌ ကျိုက္ကစ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် တောင်ဥက္က လာပမြို့နယ်နေ ဦးအုန်းမောင်+ဒေါ်အေးကြည်မိသားစု၊ နောင်ချိုမြို့ နယ်၊ တောင်ခမ်းရွာ ခမည်းတော်+မယ်တော် မိသားစုတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်များ

အရှင်ဝိရိယနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ နယ်၊ တောင်ခမ်းရွာ၊ ရွာဦးကျောင်း ပထမဆရာတော် ဦးစန္ဒဇော တိ၊ ဒုတိယဆရာတော် ဦးယုဇန၊ ဦးသန္တာနန္ဒ၊ ဦးတေဇိဿရ၊ မိုးကုတ်မြို့ ပန်းမအထက် ကျောင်းဆရာတော် ဦးဂန္ဓမာနှင့် နာယကဆရာတော်များ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်း ဆရာ တော်နှင့် စာချဆရာတော်များ၊ ဆပ်သွားဘုံကျောင်းတောရ ဆရာ တော် ဦးဝိလာသ၊ ဦးကဝိဟာရလင်္ကာရ၊ သင်္ကန်းကျွန်း၊ ကျိုက္ကစ် ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသနှင့် စာချ ဆရာတော်များ၊ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရဘဒ္ဒန္တဇာဂရာဘိဝံသ၊ ပြည် တိပိဋကဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မင်းကွန်းတိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌရဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဆရာတော်ဘုရားကြီး၊ မန္တလေးမြို့၊ ပန်းမော်ကျောင်း တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဗုဒ္ဓစာပေပါရဂူ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက် စီမံ အုပ်ချုပ်မှု မဟာနာယက တိပိဋကဓရ ဆရာတော်များထံတော်၌ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

၁။ ၁၃၅၃ ခုနှစ်၊ အဓိုးရဓမ္မာစရိယဘွဲ့
၂။ ၁၃၅၄ ခုနှစ်၊ ဥဘတောဝိဘင်္ဂရေလက်မှတ် (၄၅ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ)
၃။ ၁၃၅၆ ခုနှစ်၊ ဝိနယဓရဘွဲ့(၄၎ ကြိမ်မြောက်)
၄။ ၁၃၅၇ ခုနှစ်၊ ဥဘတောဝိဘင်္ဂကောဝိဒလက်မှတ် (၄၈ ကြိမ်မြောက်)
၅။ ၁၃၅၈ ခုနှစ်၊ ဝိနယကောဝိဒဘွဲ့ (၄၉ ကြိမ်မြောက်)
၆။ ၁၃၅၉ ခုနှစ်၊ ဒီဃဘာဏကဘွဲ့ (၅၀ ကြိမ်မြောက်)
၇။ ၁၃၆၀ ခုနှစ်၊ ဒီဃနိကာယကောဝိဒဘွဲ့ (၅၁ ကြိမ်မြောက်)
၈။ ၁၃၆၂ ခုနှစ်၊ မူလအဘိဓမ္မိကလက်မှတ် (၅၃ ကြိမ်မြောက်)
၉။ ၁၃၆၂ ခုနှစ်၊ မူလအဘိဓမ္မိကကောဝိဒလက်မှတ် (၅၆ ကြိမ်မြောက်)
၁၀။ ၁၃၇၀ ခုနှစ်၊ တိပိဋကဓရဘွဲ့ (၆၁ ကြိမ်မြောက်)
၁၁။ ဝိနယဝိဇ္ဇာဘွဲ့၊ နိကာယုဇ္ဇောတက အတ္တဝိသာရဒဝိနယဓရဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃဥိကာယအဂ္ဂဓမ္မာစရိယဘွဲ့ (၆၁ ကြိမ်မြောက်)

အဘိဓမ္မာကောဝိဒဘွဲ့တံဆိပ်တော်

၆၉ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအဘိဓမ္မာနောက်ပိုင်းမှ နှစ်ကျမ်းရေးဖြေပွဲကို ဖြေဆိုအောင်

မြင်တော်မူသဖြင့် ''အဘိဓမ္မာကောဝိဒဘွဲ့တံဆိပ်တော်''နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်

အရှင်ဝိရိယနန္ဒသည် သင်ရိုးပိဋကသုံးပုံလုံး အာဂုံရော သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် ''တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့'' ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ခဒဏ် ထီးဖြူတော် ၃ လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ်(ရာသက်ပန်) (အဖော် နှစ်ဦးအပါအဝင်) လစဉ် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါသည်။

သို့ပါ၍ အရှင်ဝိရိယနန္ဒအား နှစ်ရှည်လများ ခက်ခဲစွာ ကြိုးပမ်းမှုကို ဂုဏ်ယူဝုံကြွားစွာဖြင့် ''ကဝိမြတ် ထေမဟာ''အစချီသော ပိဒ်စုံရတုဖြင့် ချီးကျူးပူဇော် ဦးတင်လိုက်ရပါသည်ဘုရား----။

ကမ္ဘောဇ
တိပိဋကကောဝိဒဘွဲ့တော်ရ
ဓနုဆရာတော်
အရှင်ဝိရိယနန္ဒအား
ပူဇော်တော်မူသော
''ကဝိမြတ်ထေရ်မဟာ....''အစချီသော
မင်္ဂလာပိဒ်စုံ ရတုပါဘုရား

၁။ ကဝိမြတ်ထေရ်မဟာ၊ မြတ်ဆရာသည်၊ ရှမ်းပြည်မြောက်ပိုင်း၊ ရှုတိုင်းသာဆို၊ မြို့နှောင်ချို၏၊ ဂုဏ်ကိုဆင်မြန်း၊ တောင်ခမ်းရွာမှ၊ အဖမည်ခေါ် ဦးဘကျော်နှင့် မယ်တော် မိခင်ဒေါ်တင်ကြည်မှ တွက်ဆကောဇာ၊ တစ်သုံးရာသုံးတစ်(၁၃၁၁)၊ သက္ကရာဇ်တွင်၊ ဆန်းလျှင်ဆယ့်လေး၊ နှင်းဖွေးဖွေးစို့၊ လပြာသိုတွင်၊ ခွာညိုပျံ့သင်း၊ နေသို့လင်းလက်၊ ဂုဏ်တက်လှိုက်ထူး၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်–ခွာညိုပန်းတို့ မွှေးပြီဘုရား...။

စာလုံးရေ=(၁၀၀)

၂။ အသိမြတ်ဖွေရာ၊ လောင်းအလျာသည်၊ ဦးစွာဆင်မြန်း၊ ပညာပန်းမှာ၊ တောင်ခမ်းရွာမှ၊ ဦးစန္ဒဇော၊ စသောဆရာ၊ စာလိုက်ရာတွင်၊ ကြိုးကာအားထုတ်၊ မိုးကုတ်မြေမှာ၊ ထပ်ကာစိုက်ထူ၊ အမရပူရ၊ သင်ယူကာထား၊ စာချများထံ၊ ထပ်မံခိုလှုံ၊ မြို့ရန်ကုန်သို့၊ ပညာနို့ရည်၊ သောက်စို့ဖော်ညွှန်း၊ သင်္ကန်းကျွန်းပါ၊ လိုဏ်ဂူနာဂ၊ ကလေးဝကျောင်း၊ မင်းကွန်းပြောင်းလင့်၊ လေ့ကျင့်သင်၏။ တိပိဋက၊ ကျောင်းတော်မှပင်၊ မွေနှောက်မြင်ကျယ်၊ ကျမ်းအသွယ် သွယ်ကို၊ ငယ်လတ်ကြီးမှ၊ ဓမ္မာစရိယဘွဲ့၊ ဆွတ်ခူးခဲ့ပေ၊ သာသနာ့ မြေတွင်၊ အောင်ပွဲဆင်ကာ...စာဆိုခန်းသို့ ရွှေးပြီဘုရား...။

စာလုံးရေ=(၁၄၂)

၃။ ပိဋကတ်ဝေဖြာ၊ ထွန်းစေရာဖို့ ဆရာထေရ်မြတ်၊ အတတ် ပညာ၊ နည်းနာနိသျှ၊ ပိဋကသုံးပုံ၊ အလုံးစုံကို၊ အာဂုံရေးဖြေ၊ အောင်မြင်လေသော်၊ ''တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့''၊ ဘွဲ့တံဆိပ်တော်ကို၊ ကပ်တော်ခံရ၊ ရာဇသေဋ္ဌနင်း၊ စိုးရမင်းတို့၊ ကျင်းပပေးချိန်၊ ခြောက်ကိုးကြိမ်မြောက် (၆၉)၊ ချီးမြှင့်မြောက်ရာ၊ အရိုးဝါ ထီးဖြူ၊ ခံယူသုံးလက်၊ ကနက္ကဒဏ်၊ အောင်လံသာသနာ၊ ရရှိပါပြီ၊ ဆက်ကာလှူထား၊ ခရီးသွားရန်၊ ရာသက်ပန်ပင်၊ လိုက်ရန်တူခေါ်၊ အဖော်နှစ်ဦး၊ လွန်စွာထူးလျက်၊ အထက်တန်းလက်မှတ်၊ ဆက်ကပ်ခံပေ၊ ကုန်းရေလေမှ၊ သုံးဌာနတွင်၊ အခမဲ့ပင်တည်း၊ လစဉ်ဆွမ်းဆန်၊ အလှူခံရရှိ၊ (သားတပည့်တစ်စု ဓနုတိုင်းရင်းသား)[၃] များစွာဒကာ၊ ပူဇော်ပါသည်...

ဘဝင်မှာလွှမ်းလို့ အေးပြီဘုရား...။

စာလုံးရေ=(၁၈၇)

ကံညွှန့်လှိုင်(တောင်ကြီး)



ရင်သန့်ခြင်း ရာသ

ထူးကြီးမြင့်ကျော်ကျော်





အဓိပ္ပာယ်မသတ်မှတ်သည့်တိုင်အောင် အဓိပ္ပာယ်ရှိစွာ ရှင်သန်ရမည်ဟု သိထားသင့်သည့်အရာမှာ ဘဝပင်ဖြစ်သည်။ လူဟု ဆိုသမျှ မျှော်လင့်ရည်မှန်းချက်ကိုယ်စီ ရှိကြရပေမည်။

ကျွန်တော်တို့သည် ဘဝတစ်ခုစီကို အသီးသီးရခဲ့ကြပြီဖြစ်သည်။ မိမိရရှိပြီးသော ဘဝတက်လမ်းအတွက် အခြေခံကျသော ဘဝအဓိပ္ပာယ်၊ ဘဝကိစ္စနှင့်ဘဝပန်းတိုင်တို့ကို မျှော်လင့်ယုံကြည်စွာဖြင့် တည်ဆောက်ကြရမည်ဖြစ်ပေသည်။ လူတစ်ဦးအတွက် ဂရုပြုခံယူသင့်သောအရာမှာ ရည်မှန်းချက်၊ မျှော်လင့်ချက်တို့ကို ဆုပ်ကိုင်ကာ အတ္တကို ရှေ့တန်းတင်သောအမှားများစွာထဲမှ ရုန်းထွက်ရန်သာလျှင်ဖြစ်ပေသည်။

ဘဝအဓိပ္ပာယ်၊ ဘဝကိစ္စနှင့် ဘဝပန်းတိုင်တို့သည် တစ်ခုနှင့်တစ်ခုဆက်နွယ်လျက်ရှိသည်။ ဘဝ၏အခြေခံဖြစ်သည့် စားဝတ်နေရေး၊ နိုင်ငံရေးနှင့်တကွ လူမှုကိစ္စအဝဝကို ဆောင်ရွက်ကြုံးပမ်းနေခြင်းသည်ပင် အဓိပ္ပာယ်ရှိသော ဘဝဆီသို့ ကူးသန်းနေခြင်းဖြစ်ပေသည်။



ဘဝတစ်ခုကို ရုန်းကန်မှုနှင့်စတင်ပါသည်။ လူငယ်ဘဝ၊ လူလတ်ဘဝ၊ လူကြီးဘဝစသော ကိုယ်စီဘဝများသည် ရုန်းကန်မှုနှင့် ရှင်သန်လာကြရသည်။ လူငယ်ဘဝမှစ၍ လူမှုရေးတံတားခင်းကာ ဆက်သွယ်မှုနယ်ပယ်ကျယ်ဝန်းလာရသည်။ ထိုနယ်ပယ်အတွင်းမှ သာယာချမ်းမြေ့သောဘဝဆီသို့ ဦးတည်သည့်ခြေလှမ်းများဖြင့် အတ္ထုပ္ပတ္တိကိုယ်စီခင်းပြကြသည်။ ဤသို့ကိစ္စများမြောင်လူတို့ဘောင်တွင် ဆောင်ရွက်စရာကိစ္စများသည်ပင်လျှင် . . . ''လူပ်ရှားရုန်းကန်နေရသောဘဝ'' မည်ပေသည်။ ထိုကဲ့သို့သောဘဝများကြားတွင် ကျယ်ဝန်းသော အကြောင်းအကျိုး အကောင်းအဆိုးများသည် ဆက်စပ်ဖြစ်ပေါ်နေလျက်ရှိပေသည်။

ကျွန်တော်တို့သည် လက်ရှိဘဝတွင် ဝမ်းသာကြည်နူးပျော်ရွှင်မှုမျိုးကိုရယူပိုင်ဆိုင်လိုသောဆန္ဒများရှိကြသည်။ မိမိဖြစ်ချင်သောဆန္ဒ၊ ဖြစ်သင့်သောဘဝကို ဖန်တီးရှင်မှာ မိမိကိုယ်တိုင်သာဖြစ်၍ အခက်အခဲဒုက္ခနှင့် အဆင်ပြေချောမွေ့မှုသုခကို မိမိသာလျှင် တွေ့ကြုံခံစားရမည်ကို သတိပြုသင့်လှပေသည်။ ဘဝ၏ကြီးကျယ်မြင့်မြတ်မှုနှင့် ခိုင်မာသောရည်မှန်းချက်များကို အရင်းပြုကာ ပိုင်ဆိုင်လိုခြင်း၊ ပေးဆပ်ခြင်းများဖြင့် ကြည်နူးမှုကို ပုံဖော်ကြရပေမည်။

နေ့စဉ်နေ့တိုင်း အရေးကြီးသောအရာတစ်ခုကိုပြုပါဟုဆိုလျှင် စိတ်ချမ်းသာရေးကအဓိကဟုပင်ဆိုနိုင်ပါပေသည်။ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းစစ်စစ်သည် သူတစ်ပါး၏ ပျော်ရွှင်ငြိမ်းချမ်းမှုကို အလေးထားဆောင်ရွက်ပေးတတ်ခြင်းမှလည်း ရရှိနိုင်ပေသည်။ ချမ်းသာသူတစ်ဦးဖြစ်ရေးထက် လူအများဝမ်းသာစရာဖြစ်အောင် ဖန်တီးပေးနိုင်သည့် အသုံးဝင်သောသူတစ်ဦးဖြစ်ရန် အရေးကြီးလှပေသည်။

ဤနေရာတွင် ''စိတ်' သည်ကား အောင်မြင်ခြင်း၊ ကျရှုံးခြင်းအမျိုးမျိုးကိုလည်းကောင်း၊ အကောင်းအဆိုးဘဝအမျိုးမျိုး၊ လောကအမျိုးမျိုးကိုလည်းကောင်း ဖန်တီးရာ၌ အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ စိတ်သည် လိုအင်ဆန္ဒမှန်သမျှကို အကောင်အထည်ဖော်ပေးရန် အနန္တစွမ်းအားရှိသည်။ ဘဝအောင်မြင်ရေးတွင် ထက်သန်သောဆန္ဒရှိလျှင် မအောင်မြင်စရာအကြောင်းမရှိပေ။ မိမိ၏စိတ်ကူးသည် မိမိ၏ကံကြမ္မာကိုဖန်တီးပေးသည်သာ ဖြစ်ပေသည်။ ဘဝတွင် အောင်မြင်နေသူတစ်ဦးသည် သူ၏ ကံ၊ ဥာဏ်၊ ဝီရိယတို့ကို အရင်းတည်ကာ ကြိုးပမ်းခဲ့ခြင်းကြောင့်သာဖြစ်ပေသည်။

သူရောကိုယ်ပါ ချမ်းသာသုခပြည့်ဝရန် အတွက် လောကလူသားအားလုံးရိုးသားဖြူစင်ကျန်းမာကြံ့ခိုင်သော အခြေခံစိတ်အဆောက်အအုံသည် မဖြစ်မနေလိုအပ်လှသည်။ အကုသိုလ်နှင့်ဆန့်ကျင်ဖက် ကုသိုလ်စိတ်ထားခြင်းပင်ဖြစ်သည်။ ကုသိုလ်စိတ်မှာ လူ့ဘဝအစိတ်အပိုင်း အားလုံးအတွက် အင်အားကြီးမားသည်ကား အမှန်ပင်ဖြစ်၏ ကုသိုလ်စိတ်ကြောင့် လောကကြီးသည် လှပနေကာ နေချင့်စဖွယ်ဖြစ်နေပေသည်။

လူလောကတွင်ရောက်လာပြီး လူ့ဘဝကို ရလာခြင်းကိုက ကောင်းမွန်သောကံတရားကို ပိုင်ဆိုင်ထားပြီးဖြစ်နေပေသည်။ ရလာသည့်ဘဝ၊ ရောက်နေသောအချိန်မှစပြီး အောင်မြင်မှုအမှန်တရားပန်းတိုင်များဆီသို့ စတင်လျှောက်လှမ်းကြရပေမည်။

ကျွန်တော်တို့၏ ကောင်းမွန်မြင့်မြတ်သည့်အလုပ်(သို့မဟုတ်)ကုသိုလ်အလုပ်တွေက အစခြေလှမ်း စိတ်ကူးစိတ်သန်းရဲ့ ဆွဲဆောင်မှုနဲ့ မိမိအချိန်၊ မိမိအရည်အချင်းတွေကို အချိန်မီအသုံးချနိုင်မှ ဘဝဖြတ်သန်းချိန်တန်ဖိုးရှိလာမည်။ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဘဝရှင်သန်၊ မျှော်လင့်ချက်တွေနဲ့ လန်းဆန်းတက်ကြွ၊ ပြင်းပြတဲ့ ဆန္ဒကသာလျှင်တွေ့ဝေမှု၊ နှောင့်နှေးမှု၊ အခက်အခဲတွေကို ကျော်လွှားနိုင်ပေမည်။ မိမိ၏ စိတ်အေးချမ်းမှုနှင့် လွတ်လပ်မှုသည် သိမ်မွေ့နူးညံ့လာပြီဆိုလျှင် သတိ၊ အသိဉာဏ်ရှိသူ၊ စိတ်အားတောင့်တင်းခိုင်မာသူ၊ အနာဂတ်ရှိသူဖြစ်နေပြီ ဖြစ်သည်။ လူ့ဘဝတွင် အနှစ်သာရရှိရှိ ရှင်သန်နိုင်ရေးအတွက် ပြီးရွှင်တက်ကြွစွာ လုပ်ဆောင်လျက် လောက၏ အလှဖန်တီးရှင်ဖြစ်အောင် လုပ်နိုင်ပါပေသည်။

ဗုဒ္ဓ၏ ဒဿနအလိုအရ လူသတ္တဝါအသီးသီးရှိ စိတ်သည် မိမိတို့၏ဘဝကို ဖန်တီးနိုင်ရုံမက မိမိတို့၏ ပတ်ဝန်းကျင်လောကကိုပါ ဖန်တီးနိုင်စွမ်းရှိလေသည်။ စိတ်၏ ဆွဲဆောင်မှုကြောင့် အကောင်းအဆိုး အမျိုးမျိုးသောအဖြစ်တို့ လိုက်ပါဖြစ်ပေါ်လာရသည်ဟု ဆိုထားပေသည်။

ကျွန်တော်တို့ လူသားများ၏ အခြေခံအုတ်မြစ်သည် ငါးပါးသီလဖြစ်၏။ သူ့

အသက် မသတ်ခြင်း၊ သူဥစ္စာ မခိုးခြင်း၊ ကာမဂုဏ်မမှားခြင်း၊ လိမ်မပြောခြင်းနှင့် မူးယစ်စေတတ်သော အရက်သေစာ သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ဖြစ်၏။ ထို ငါးပါးသီလကိုလည်း လူတိုင်း လိုက်နာကျင့်သုံးအပ်၏။ မိမိသည် ထိုငါးပါးသီလတွင် ဘယ်အရာ၌ ပျက်ယွင်းနေသည်ကို သိပြီး ပြုပြင်ကျင့်သုံးခြင်းဖြင့် အမှားအကျင့်မှ အမှန်အကျင့် ဖြစ်လာရ၏။

လူလောကနယ်ပယ်မှာ အလွန်ရှုပ်ထွေးလှသည်။ အဆင်မပြေဘူးဆိုသည့် ကိစ္စတွေကလည်း များလှသည်။ ကိုယ်ဖြစ်ချင်သလို မဖြစ်သည်များက စဉ်းစားစရာဖြစ်လာသည်။

လူတိုင်းသည် စားဝတ်နေထိုင်နိုင်ရေးအတွက် အသက်ရှင်နေကြရသည်။ လူဘောင်မှာ နေ့စဉ် မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုးသားချင်းများ၊ ပတ်ဝန်းကျင်ရှိ လူများနှင့် ဆက်ဆံနေကြရသည်။ ထို့ကြောင့် လူနှင့် လူပတ်ဝန်းကျင်တို့သည် ခွဲခြား၍မရနိုင်သလို အဆင်မပြေသော လူပြဿနာများ ရှိကြစမြဲဖြစ်သည်။

အဆင်မပြေသော ''ပြဿနာ''ဟု ရည်ညွှန်းလိုက်သည်နှင့် မဖြစ်သင့်သော ကိစ္စသည် မည်သည့်နည်းနှင့်မျှ ကောင်းကျိုးမပြုသည်ကိုလည်း မြင်ကြပေမည်။ ကောင်းကျိုးမပြုသော ပြဿနာကို ပြေလည်ငြိမ်းအေးရန် ပိုမိုကြီးထွားစေဘဲ ရပ်တန့်သွားအောင် ''အရင်ဆုံး''လုပ်သင့်သည်မှာ မနောစိတ်ပုံရိပ် ဖြူစင်ခြင်းပင်ဖြစ်ပါသည်။

လူနှင့်လူချင်း ဆက်ဆံရာတွင် ပြေလည်မှုသည် အရေးပါလှသည်။ အဆင်ပြေစွာ၊ အေးချမ်းစွာ၊ ပြည့်စုံစွာနေနိုင်ရန် ကြိုးစားကြရသည်။ အဘယ်ကြောင့်ဆိုသော် သတ္တဝါအားလုံးသည် တစ်ဦးကိုတစ်ဦး မှီခိုအားထားနေကြရသည်။ လူတွေကို မှီခိုပြီး သတ္တဝါများမှာလည်း ရှင်သန်စေရလေသည်။

လူတိုင်းတွင် ပညာ၊ ရာထူး၊ ပစ္စည်း၊ ငွေကြေးသည် မိမိ၏ ကံအကျိုးပေးမှုရနိုင်သည့် အခွင့်အရေးရှိသည်။ သို့ရာတွင် ကံ၊ ကံ၏အကျိုးအရနှင့် ဝိရိယ၊ ဒါန၊ သီလ၊ စိတ်စေတနာပေါ်မှာ မူတည်ပြီး ရပ်တည်မှုပေါ်မှာ ကံကောင်းကြခြင်းဖြစ်လေသည်။

အောင်မြင်ခြင်း၊ ကျရှုံးခြင်းဆိုသည်မှာ ကြိုးစားရုန်းကန်သူနှင့် တိုက်ရိုက်ပတ်သက်နေသော အရာပင်ဖြစ်သည်။ ရှုံးနိမ့်လျှင် ရှုံးနိမ့်ပါစေ၊ ထိုရှုံးနိမ့်မှုအတွက် စိတ်ဓာတ်မကျသူ၊ ဝမ်းနည်းကြေကွဲသူ မဖြစ်ဖို့ လိုအပ်လှပေသည်။ ဘဝတွင် အပူပြင်းဆုံးခံစားမှုမှာ ''အမုန်း''များပင်ဖြစ်ပေသည်။ အမုန်းကို သုံးစွဲမိသူတိုင်း အရှုံးဆိုသည်ကို ရင်ဝယ်ပိုက်ကြရမည် ဖြစ်ပေသည်။

ကံကောင်းခြင်း တည်မြဲနိုင်ရန်အတွက် စိတ်ကို သတိနှင့်ယှဉ်၍ တည်ဆောက်ဖို့ လိုပါသည်။ မိမိစိတ်ကသာ မိမိဘဝကို ပြုပြင်ပြောင်းလဲနိုင်သည်။ စိတ်ထားဖြူစင်ကာ သန့်ရှင်းနေလျှင် ဘယ်အရောင်တွေ ဘယ်လို ဆိုး၍မရပါ။ စိတ်သန့်ရှင်းက လုပ်ရပ်အားလုံး မှန်ကန်သည်။ မတရားတာ၊ တရားတာ ဆုံးဖြတ်မှုလည်း မှန်သည်။ စိတ်မည်းပါက ဆုံးဖြတ်မှု မှားတတ်လေသည်။ လူကောင်းသည် စိတ်အေးချမ်းမှုရှိသည့်အတွက် အကျိုးပေးလည်းကောင်းသည်။ မိမိ၏ အသိပညာ၊ အတတ်ပညာနှင့်ယှဉ်တွဲကာ သုံးဆောင်မှုမှန်လေ တန်ဖိုးတက်လေဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ အားနည်းသူသည် ကိုယ့်ခံစားမှုကို ဦးစားပေးတတ်ကြသည်။ မျှတစွာစဉ်းစားနိုင်သော အသိမရှိသည့်အတွက် အနိုင်ယူလိုမှုကို ဦးစားပေးသည်။ စိတ်အလိုလိုက်မှုကြောင့် စိတ်ဆင်းရဲခြင်းတွေကို ကိုယ်ပဲခံစားရသည်။ ထိုစိတ်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးကိုလည်း တစ်ခါတည်း ကျူးလွန်မိတတ်သည်။ ကိုယ်စိတ် ပြည့်စုံ ခန္ဓာလုံမှ ကောင်းမှုလမ်းကြောင်း မှန်နိုင်သည်ကို သတိပြုသင့်လှသည်။

ထိုသို့ နှလုံးဖြူစင်ဖို့ရာ အရာရာကို

လူတိုင်းတွင် ပညာ၊ ရာထူး၊ ပစ္စည်း၊ ငွေကြေးသည် မိမိ၏ ကံအကျိုးပေးမှုရနိုင်သည့် အခွင့်အရေးရှိသည်။ သို့ရာတွင် ကံ၊ ကံ၏အကျိုးအရနှင့် ဝိရိယ၊ ဒါန၊ သီလ၊ စိတ်စေတနာပေါ်မှာ မူတည်ပြီး ရပ်တည်မှုပေါ်မှာ ကံကောင်းကြခြင်း...



ချင့်ချိန်ဉာဏ်ယှဉ်၍ ကြည့်တတ်မှသာ အမှန်မြင်ကြမည်။ အမှန်မြင်ပြီဆိုလျှင် အမြော်အမြင်ကြီးစွာ သာယာအေးချမ်းအောင် ညှိနှိုင်းတိုင်ပင် ဖြေလျော့ခွင့်လွှတ် ပူးပေါင်းဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

လူလူချင်း ဆက်ဆံရင်းက အဆင်ပြေအေးချမ်းစွာနေနိုင်ရန် ကြိုးစားရာတွင် ''မေတ္တာ''တရား ထားတတ်ဖို့လည်း အရေးကြီးလှသည်။ မေတ္တာဆိုတာ ကိုယ်ကရှိမှသူကရှိမည်။ ကိုယ်က မေတ္တာမရှိက မေတ္တာရောင်ပြန်မဟပ်နိုင်ပေ။ ထို့ကြောင့် လူတိုင်းအတွက် ကျွန်တော်တို့သည် ဖြူစင်စိတ်နှင့် မေတ္တာထားပြီး ညစ်နွမ်းသောသွေးများ၊ အမုန်းများ မရောနှောစေမှသာ ကျန်းမာ၊ ချမ်းသာခြင်း ကောင်းကျိုးများ ရရှိနိုင်ပါလိမ့်မည်။

မည်သည့်အရာမှန်သမျှသည် လူနှင့် ဝန်းကျင် မကင်းနိုင်ပေ။ တစ်ဦးတစ်ယောက်၏ အကျိုးထက် အများအကျိုးကို သယ်ပိုးနိုင်သော လူသားဖြစ်ရပေမည်။ ကောင်းသောအလုပ် လုပ်ဆောင်ခြင်းဖြင့် မိမိ၏ အသက်ခန္ဓာ တည်တံ့နေသမျှ ခိုင်မြဲသော မေတ္တာတရားဖြင့် လူဘဝ၊ လူလောကကြီးကို တည်ဆောက်ကြရမည် ဖြစ်ပေသည်။

မေတ္တာတရားသည် လူတစ်ဦးနှင့် တစ်ဦး အခြေခံရပ်တည်မှုမတူခြင်း၊ ပညာဗဟုသုတ မတူခြင်း၊ ခံစားနားလည်မှု မတူခြင်းများမှ အကျိုးဖြစ်ထွန်းမှုအရွေ့ အားနည်းပြီး ပွတ်တိုက်စိန်ခေါ်မှုများကို ဖြေလျော့ရာတွင် အဓိကဦးစားပေးရမည့် အကြောင်းတရားဖြစ်သည်။

လူရယ်လို့ဖြစ်လာလျှင် ကြီးပွားချမ်းသာချင်၊ အောင်မြင်ကျော်ကြားချင်၊ ရာထူးအာဏာ ရယူချင်သူများသာဖြစ်သည်။ ထိုသို့ဖြစ်ရန်မှာ ဆင်ခြင်တုံတရား ဉာဏ်အင်အားနှင့် အမှန်တရားကို ကျိုးကြောင်းတိကျစွာ မြင်လွယ်၊ သိလွယ်ရပေမည်။ လိုအပ်သော အားထုတ်မှုနှင့် လုံလောက်သော ကိုယ်ပိုင်အရည်အချင်းရှိရမည်။

ယနေ့ အောင်မြင်ကျော်ကြားနေသော စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သဘင်၊ ဂီတဘက်မှ အနုပညာရှင်များ၊ စာပေလောကမှ ထင်ပေါ်ကျော်ကြားသော စာရေးဆရာ၊ ဆရာမကြီးများ၊ ဒီဇိုင်းပညာရှင်၊ အလှဖန်တီးရှင်များ

လူလူချင်းဆက်ဆံရင်းက အဆင်ပြေအေးချမ်းစွာနေနိုင်ရန် ကြိုးစားရာတွင် "မေတ္တာ"တရား ထားတတ်ဖို့လည်း အရေးကြီးလှသည်။ မေတ္တာဆိုတာ ကိုယ်ကရှိမှ သူကရှိမည်။ ကိုယ်က မေတ္တာမရှိက မေတ္တာရောင်ပြန်မဟပ်နိုင်ပေ။



အပါအဝင် သာမန်လူတို့ထက် အောင်မြင်ကျော်ကြားသူတိုင်းသည် ကိုယ်ပိုင်အရည်အချင်းဖြင့် ဖွဲ့နဲပဲကြီးစွာ ကြိုးစားအားထုတ်ခဲ့ကြ၍ ယခုကဲ့သို့ အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်နေကြခြင်းဖြစ်လေသည်။

အခွင့်အလမ်းဟူသည် ကြိုးစားအားထုတ်သူတိုင်းအတွက် လက်တစ်ကမ်းအလိုတွင် အသင့်ရှိနေစမြဲဖြစ်သည်။ ကြိုးစားအားထုတ်ရာတွင်လည်း သာမန်မဟုတ်ဘဲ ရည်ရွယ်ချက်ကို မြင့်မြင့်မားမားထားပြီး အားထုတ်ရန် လိုအပ်လှသည်။ ထိုကဲ့သို့ ကြိုးစားအားထုတ်မှုမျိုးကို ဖွဲ့ဟ ခေါ်သည်။ ဖွဲ့ရှိက အောင်မြင်သည်ဟူသော စကားပုံရှိသည်။ ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ''ဖွဲ့''ရှိရန် လိုအပ်လှပေသည်။

တချို့က အလုပ်တစ်ခုကို လုပ်ရာတွင် ဖွဲ့မရှိဘဲ လွယ်လွယ်နှင့် လက်လျှော့တတ်ကြသည်။ ဘဝကို အရှုံးပေးလိုစိတ်တွေ သောကတွေ ရင်ထဲကိန်းအောင်းလာတတ်သည်။ မိမိလုပ်ငန်း အောင်မြင်ရန်အတွက် ပူပန်သောက ပွားတတ်တဲ့အကျင့်ကို ဖျောက်ဖျက်ရမည်။ သောကဟာ စိတ်ဓာတ်နဲ့ အားမာန်ကို ထိခိုက်ပျက်ပြားစေနိုင်ပါသည်။ အောင်မြင်နေသူများသည် စိတ်မညစ်၊ စိတ်မပျက်ဘဲ ဖွဲ့မလျှော့သူများ ဖြစ်ပါသည်။ မိမိဘဝကို မြတ်နိုးလျှင် ''အချိန်'' မဖြုန်းဘဲ အချိန်ဖြင့်သာ ဘဝကိုတည်ဆောက်ကြရပါမည်။

ဘဝ၏ တန်ဖိုးအကြီးမားဆုံးသော အရာမှာ ''အချိန်''ဖြစ်သည်။ အချိန်များကို စုစည်းလိုက်မည်ဆိုပါက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလသုံးမျိုး ပိုင်းခြားဖြစ်ပေါ်လာသည်။ လူတိုင်း ဤကာလသုံးမျိုးကို ပိုင်ဆိုင်ကြပါသည်။ ဤသို့ ပိုင်ဆိုင်ကြသော်လည်း တိုးတက်အောင်မြင်မှုခြင်း မတူညီကြပေ။ တချို့က အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ကြသည်။ တချို့က သာမန်မျှသာ တိုးတက်အောင်မြင်ကြသည်။ တချို့ကမူ တိုးတက်အောင်မြင်မှုမရှိဘဲ ဆုတ်ယုတ်၍ နေပေသည်။ ဤသို့ဖြစ်ရခြင်းမှာ ကာလသုံးမျိုးကို အသုံးပြုပုံပြုနည်း ကွဲပြားခြားနားမှုကြောင့်ပင် ဖြစ်ပါသည်။

လူတစ်ဦးအနေဖြင့် စိတ်တိုင်းကျအသုံးချနိုင်သောကာလမှာ ''ပစ္စုပ္ပန်''ကာလသာဖြစ်သည်။ လူတစ်ဦးဘဝအတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံးနှင့် ဘဝကို အဆုံးအဖြတ်ပေးနိုင်ဆုံးသော ကာလမှာ ပစ္စုပ္ပန်ကာလပင်ဖြစ်သည်။ ပစ္စုပ္ပန်ကာလသည် ကိုယ့်သမိုင်းကိုယ်ရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၊ ကိုယ့်တရား ကိုယ်စီရင်သော ကာလသာဖြစ်သည်ဟု မှတ်ယူကြရပေမည်။

ပစ္စုပ္ပန်တွင် ကျွန်တော်တို့ စိတ်ကြိုက်ပြုမူနေထိုင်ခြင်းသည် မိမိအလိုရှိသော အနာဂတ်ကို တည်ဆောက်နေခြင်းပင် ဖြစ်ပါသည်။ အနာဂတ်မျှော်လင့်ချက်သည် ကျွန်တော်တို့အား တက်ကြွလန်းဆန်းမှုကို ဖြစ်စေပါသည်။ မိမိ၏အနာဂတ်ကို တန်ဖိုးထားလေလေ ပြင်းထန်စွာ ကြိုးပမ်းအားထုတ်လေလေပင် ဖြစ်သည်။



ယနေ့လူငယ်များသည် နောင်တစ်ခေတ်တွင် လူကြီးများဖြစ်လာကာ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည်ဖြစ်သည်။ လူငယ်ဟူသည်မှာ ပစ္စုပ္ပန်တွင်သာမက နောင်အနာဂတ်အတွက်လည်း အရေးပါသူများဖြစ်ကြသည်။

လူငယ်သည် ပွင့်လင်းသည်။ ရိုးသားသည်။ ဇွဲရှိသည်။ စွန့်စွန့်စားစား လုပ်ကိုင်ဆောင်ရွက်လိုစိတ်ရှိသည်။ ကိုယ်ကျိုးစွန့်၍ ဖျတ်လတ်စွာ စွန့်စားလိုစိတ်၊ အများအကျိုးသယ်ပိုးလိုစိတ်လည်း ရှိကြသည်။ နိုင်ငံအတွက် ရွှမ်းရွှမ်းခွဲခွဲ ထမ်းရွက်လိုကြသည်။ အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာသည် ယနေ့လူငယ်တို့၏ မှန်ကန်သော ခံယူချက်နှင့် လုပ်ဆောင်ချက်များအပေါ် များစွာတည်မှီနေပေသည်။ အခြေခံအားဖြင့် လိုအပ်သည်မှာ မိမိအရည်အချင်းကို မိမိအတွက်ရော အများအတွက်ပါ အသုံးချလေ့ရှိခြင်းပင် ဖြစ်သည်။

လူငယ်လူရွယ်တိုင်းသည် နိုင်ငံအတွက် တစ်နည်းနည်းဖြင့် အကျိုးပြုသော နိုင်ငံ့သားကောင်းများသာ ဖြစ်လာကြမည်ဆိုပါက ထိုနိုင်ငံသည်လည်း တိုးတက်စည်ပင်သာယာလာမည်ဖြစ်သည်။

ကျောင်းသားပင်ဖြစ်စေ၊ လူငယ်လူလတ်ပင်ဖြစ်စေ၊ လူကြီးပင်ဖြစ်စေ သူ့အရွယ်နှင့် သူ့အခွင့်အလမ်း ကိုယ်စီရှိနေကြသည်။ ထိုအခွင့်အလမ်းကိုရရှိရန် လူတိုင်းတွင် အချိုးအဆတူ ကြိုးစားခွင့်လည်းရှိနေသည်။ သို့ဆိုလျှင် ထိုအခွင့်အလမ်းကို မိမိလက်ဝယ် ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်ရန် အချိန်နှင့်အမျှ ကြိုးစားအားထုတ်နေရန် လိုအပ်လှပေသည်။ ကြိုးစားအားထုတ်နေသူတစ်ဦးအတွက် ထိုက်တန်သောအခွင့်အရေးသည် အဆင်သင့်စောင့်ကြိုလျက်ရှိနေသည်။ ကျွန်တော်တို့သည် အောင်မြင်ကျော်ကြားလိုလျှင် ကိုယ်ပိုင်အရည်အချင်းရှိအောင် ဦးစွာကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီး အခွင့်အလမ်းကို အမိအရဖမ်းဆုပ်ရမည်။ ကျွန်တော်တို့ဆီကို ထိုက်တန်သော အခွင့်အလမ်းတစ်ခု အလိုအလျောက် ရောက်ရှိလာပါလိမ့်မည်။ ထိုအခါ ကျွန်တော်တို့သည် အများတကာထက် ကြီးကျယ်မြင့်မြတ်သော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အဖြစ် လူ့အသိုင်းအဝိုင်းတွင် ထင်ပေါ်ကျော်ကြားနေမည်မှာ ကောန်မုချဖြစ်ပေသည်။

လူတိုင်းသည် ဘဝကို ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးဖြင့် တည်ဆောက်ကြသည်။ ကံသုံးပါးဆိုရာ၌ ကုသိုလ်ကံသုံးပါးနှင့် အကုသိုလ်ကံသုံးပါး ဟူ၍ရှိသည်။ ကုသိုလ်ကံသုံးပါးသည် သာယာလှပ၍ တည်ငြိမ်အေးချမ်းသော ဘဝမျိုးကို တည်ဆောက်ပေးပြီး၊ အကုသိုလ်ကံသုံးပါးသည် အရှုပ်ဆိုးအကျည်းတန်သော၊ ပူလောင်သောဘဝမျိုးကို တည်ဆောက်ပေးသည်။ လူတစ်ဦး၏ဘဝကောင်းမည်၊ ဆိုးမည်ဆိုသည်မှာ ၎င်းပုဂ္ဂိုလ်အနေဖြင့် မည်သို့သော ကံအမျိုးအစားဖြင့် ဘဝကို တည်ဆောက်နေသနည်းဆိုသည့် အချက်ပေါ်တွင် များစွာမူတည်ပေသည်။

လောကတွင် ပညာရှိသူတော်ကောင်းအဖြစ် ရပ်တည်သွားလိုပြီး၊ ဂုဏ်ရည်အပေါင်းနှင့် ပြည့်စုံသော ဘဝမျိုးကို ပိုင်ဆိုင်သွားလိုသူတို့က ကုသိုလ်ကံသုံးပါးကို ပြုကြသည်။ ပညာမဲ့လူမိုက်အဖြစ် ရပ်တည်သွားလိုပြီး ဂုဏ်သိက္ခာကင်းမဲ့၍ မည်းနက်သောဘဝမျိုးကို ပိုင်ဆိုင်သွားလိုသူများက အကုသိုလ်ကံသုံးပါးကို ကျူးလွန်ကြသည်။ ထို့ကြောင့် ကံသုံးပါးကိုကြည့်ပြီး မိမိတို့ ရပ်တည်သွားလိုသော ပုဂ္ဂိုလ်အမျိုးအစားနှင့် ပိုင်ဆိုင်လိုသောဘဝမျိုးကို ရွေးချယ်ရုံသာရှိလေသည်။

နိဂုံးချုပ်အားဖြင့် မိမိဘဝ၏ ဖန်တီးရှင်မှာ မိမိသာဖြစ်သည်။ မိမိဘဝကို မြှင့်သူမှာလည်း မိမိသာဖြစ်သည်။ မိမိကြိုက်နှစ်သက်သော ဘဝမျိုးကို မိမိက ရွေးချယ်တည်ဆောက်နေသည်သာ ဖြစ်သည်။ မနုဿဆိုသည်မှာ သိတတ်သူဟုအဓိပ္ပာယ်ရသည်။ ထိုကြောင့် ကျွန်တော်တို့သည် သိတတ်သူများပီပီ ဘဝအတက်လမ်းကိုရွေးချယ်ပြီး မြင့်မြတ်သောဘဝမျိုးကို တည်ဆောက်ကြရမည်။ ဘဝဆိုသည်မှာ– ကျွန်တော်တို့ တွေးတောကြံစည်ကာ စီမံဖန်တီးသည့်အတိုင်း ဖြစ်ရ၏။ ယခင်ကလည်း ဤသို့၊ နောင်လည်း ဤနှယ်ပင်တည်း။

သည်ကနေ့ ကျွန်တော်တို့ ဖြစ်နေသမျှ နောက်တစ်နေ့ ကျွန်တော်တို့ဖြစ်ဖို့ မျှော်မှန်း



နိုင်သမျှအားလုံးပင် ဘယ်သူမပြု မိမိမူသာ ဖြစ်သည်။ တိုးတက်မှုဆိုသည်မှာလည်း ယနေ့လုပ်ဆောင်မှုများဖြစ်၍ မနက်ဖြန် အတွက် သေချာမှုပင်ဖြစ်သည်။ မိမိတို့၏ ကံကြမ္မာသည် မိမိတို့၏ စိတ်ထားပင်ဖြစ် သည်။

ကျွန်တော်တို့သည် လူလောကကြီးထဲ သို့ တာဝန်သုံးရပ်နှင့် ရောက်ရှိလာခြင်းဖြစ် သည်။ ပထမတာဝန်မှာ အောင်မြင်ပြီး အေး ချမ်းသာယာသော ဘဝကို တည်ဆောက် ရန်၊ ဒုတိယတာဝန်မှာ ဂုဏ်သိက္ခာနှင့် တန်ဖိုးမြင့်မားသော ပုဂ္ဂိုလ်အဖြစ် ရပ်တည် နေရန်နှင့် တတိယတာဝန်မှာ လောက ကောင်းကျိုးမှန်သမျှကို ဆောင်ရွက်ရန်ပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် နှစ်ဖက်လှပုဂ္ဂိုလ် မျိုးအဖြစ် ရပ်တည်ပြီး မိမိအကျိုး အတွက်နှင့် အများအကျိုး လောကအကျိုး ပရဟိုလည်း မျှတစွာ ဆောင်ရွက်ပေးရပေမည်။ ဤသို့ ဆောင်ရွက်ပေးမှသာလျှင် ကျွန်တော်တို့ သည် လူမှုကိစ္စအဝဝ ပြည့်စုံသော လူဘဝ သည်သာလျှင် အဓိပ္ပာယ်ရှိရှိ ရှင်သန်သော ဘဝဖြစ်ပေသည်။

ထို့ကြောင့် ရခဲလှသည့် လူဘဝကို တစ်ဆင့်ထက်တစ်ဆင့် တက်လှမ်းနိုင်ကြပါ စေ။ အသိနှင့်အကျင့်ကို ထပ်တူပြု၍ ကိုယ် ကျင့်အဖြစ် ကျင့်သုံးနိုင်ကြပါစေ။

မိမိရရှိထားပြီးသောဘဝကို ရိုးသား ဖြူစင် ကျန်းမာကြီခိုင်သော အခြေခံစိတ် အဆောက်အအုံဖြင့် ကောင်းမွန်စွာ ထုဆစ် ရှင်သန်၍ နှလုံးချမ်းမြေ့ ပီတိမွေ့စွာ လူမှု ကိစ္စအဝဝ ပြီးပြည့်စုံနိုင်ကြပါစေတည်း။

ထူးကြီးမြင့်ကျော်ကျော်

ဇဝနဉာဏ်ကောင်းသူ



အမျိုးသမီးတစ်ယောက်၊ ကားမရပ်ရဆိုတဲ့ တားမြစ်ဇရိယာ အတွင်းမှာ သူမရဲ့ကားကို ရပ်ထားပြီး၊ နှစ်နာရီလောက်ကြာမှ သူမ ကားရှိရာကို အလာမှာ၊ အဝေးကပင် လှမ်းမြင်ရတာကတော့ ရဲကြီးတစ်ယောက် သူမကားရဲ့ ရှေ့ခန်းမှာ အကျအနထိုင်ပြီး သားကောင်ကိုဖမ်းဖို့ စောင့်ဆိုင်းနေတာကို တွေ့မြင်ရတာပဲ ဖြစ်ပါ တယ်။


အမျိုးသမီးက ချက်ချင်းပဲ တစ်ခုခုကိုဆုံးဖြတ်ပြီး တက္ကစီ တစ်စီးတားကာ အိမ်ကိုပြန်လာခဲ့ပါတယ်။ အိမ်ရောက်တာနဲ့ ရဲစခန်း ကို ဖုန်းလှမ်းဆက်ပြီး သူမရဲ့ကား အခိုးခံရတဲ့အကြောင်း တိုင်ကြား လိုက်ပါတယ်။

တစ်နာရီလောက်ကြာတော့ သူမရဲ့ကား အိမ်ပေါက်ဝမှာ ပြန် ရောက်လာပါတယ်။ သူမ မြင်တွေ့ခဲ့ရတဲ့ ယာဉ်ထိန်းရဲကြီးက အမြန် ဆုံး သူခိုးခိုးခံရတဲ့ကားကို ပြန်ယူလာနိုင်တယ်ဆိုတဲ့ ဂုဏ်ယူနေတဲ့ မျက်နှာလေးနဲ့ပေါ့။ ။

မောင်သီဟ

အိုမင်းခြင်းကို ဘယ်လိုကြိုဆိုမလဲ...

How to Grow Old
By Bertrand Russel



အသက်အရွယ်က ကြီးလာ၊ ကိုယ့်ရဲ့ အိမ်ထောင်ဘက်ကလည်း မရှိ၊ ကိုယ်ချစ်ခဲ့ရတဲ့ သားသမီးတွေကလည်း သူတို့လုပ်ငန်းတွေနဲ့ဆိုတော့ သူတို့လည်း ကိုယ့်ကိုပြန်မချစ်နိုင်၊ ဂရုမစိုက်နိုင်တဲ့အခါမှသာ



ကဲ . . . အခုတော့ ကျုပ် လူအိုဖြစ်လာပြီ။ လူပိုဖြစ်မသွားရ အောင် မိသားစုနဲ့ ကိုယ့်အသိုင်း အဝိုင်းထဲမှာ ဘယ်လိုများ ကျုပ် နေထိုင်ရပါလိမ့်လို့ တွေးတော မိတာ ကြာပါပြီ။ ဒီကိစ္စက ကျုပ် အတွက်သာမဟုတ်ဘူး အားလုံး လူအိုကြီးတွေအတွက်ပါ အရေး ကြီးလှပါတယ်။ လူအိုတွေရဲ့ ပြဿနာကို အဖြေရှာချင်ရင် လူ တွေကြားထဲမှာပဲအဖြေရှာရမယ်။ အထူးသဖြင့်လူအိုတွေရဲ့ပြဿနာ ဆိုတော့ လူအိုကြီးတွေ၊ ဘိုး သက်ရှည်၊ ဘွားသက်ရှည်တွေ ရဲ့ ကြားထဲမှာပဲ အဖြေရှာတာက မှန်နိုင်တယ်လို့ ကျုပ် သဘော ပေါက်လိုက်တယ်။

ဒါကြောင့်လည်း အနီးကပ် ဆုံးဖြစ်တဲ့ ကျုပ်ရဲ့ ဆွေစဉ်မျိုး ဆက်ထဲက ဘိုးသက်ရှည် ဘွား သက်ရှည်အကြောင်း လေ့လာ တာကမှ အချက်အလက်လည်း ပိုပြည့်စုံမယ်လို့ ကျုပ်ထင်တယ်။

ကျုပ်ရဲ့ အဖေနဲ့အမေ နှစ် ဖက်လုံးက အဘိုးတွေ၊ အဘွား တွေဟာ အားလုံး ဘိုးသက်ရှည် ဘွားသက်ရှည်တွေဗျ။ အဘိုး နှစ်ဦးနဲ့ အဘွားတစ်ဦးက အသက်ရှစ်ဆယ်ကျော်မှ ကွယ် လွန်သွားခဲ့ကြတယ်။ ကျုပ်ရဲ့ အမေဘက်က အဘွားရဲ့အမေ အကြောင်း ပြောပြချင်ပါတယ်။ သူက အသက်ကိုးဆယ့်သုံးနှစ် မှာ ကွယ်လွန်ခဲ့တယ်။ ကွယ်လွန် ခါနီးအထိ ဘယ်သားသမီးမြေး မြစ်ကိုမှ ဒုက္ခမပေးခဲ့ဘူး။ သူ အတွက် တာဝန်မပိုစေခဲ့ဘူး။ သူ့ရဲ့ခြေထောက်ပေါ်မှာ သူဘာ သာ ရပ်တည်ပြီး သူကသာ အခြားသူတွေရဲ့အကျိုးကို တတ် နိုင်သမျှ ဆောင်ရွက်ပေးခဲ့တယ်။ သူ့ရဲ့ သားသမီးတွေ၊ မြေးမြစ် တွေက သူ့အတွက် ဂုဏ်ယူနိုင် လောက်အောင် နေထိုင်ပြသွား တယ်လို့ ဆိုရမှာပေါ့ဗျာ။

ဒုတိယမြောက်အနေနဲ့ ကျုပ်ရဲ့အမေဘက်က အဘွား အကြောင်းကို ကျုပ်တင်ပြချင် တယ်။ သူက ကလေး ကိုး ယောက်မွေးတယ်။ ကလေးတစ် ဦးကတော့ ကွယ်လွန်သွားခဲ့လို့ ကလေးရှစ်ယောက်နဲ့ သူဘဝကို သူရုန်းကန်ခဲ့ရတယ်။ ကလေး တွေ လူတန်းစေ့နေနိုင်အောင် သူကရုန်းကန်ကြိုးစားခဲ့ရတယ်။ သူ့အသိုင်းအဝိုင်းမှာ အမျိုးသမီး တွေ အထက်တန်းအဆင့်မှာ ပညာသင်ကြားနိုင်ရေးအတွက် အတတ်နိုင်ဆုံး သူကြိုးစားခဲ့ တယ်။ ဂျီတန်ကောလိပ်ကို တည်ထောင်သူတွေထဲမှာ သူ ဟာ အဓိကပုဂ္ဂိုလ်လို့ ဆိုရမယ်။ ဒါ့အပြင် အမျိုးသမီးတွေ ဆေး ပညာကို နားလည်တတ်မြောက် ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့တယ်။ သာမန်အမျိုးသမီးတစ်ယောက် ဆိုရင်တော့ တာဝန်ပိလို့ သေ သွားမှာပဲဗျ။ သူပြောပြလေ့ရှိတဲ့ အီတလီလူမျိုး ဘိုးသက်ရှည် အကြောင်းကိုလည်း ကျုပ်ပြော ပြချင်ပါသေးတယ်။

အီတလီကိုသွားလည်တော့ အဲဒီမှာ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်ဖြစ်နေတဲ့ အဘိုးကြီး တစ်ယောက်နဲ့တွေ့ရလို့ သူကို မေးမြန်းကြည့်တော့ 'ကျုပ်ရဲ့ မြေးနှစ်ယောက်ကို လွမ်းဆွတ် လို့ပါဗျာ၊ ဒီမြေးလေးတွေကို ကျုပ်က သိပ်ချစ်တယ်ဗျ' ဟု ဖြေ သည်။

''အမလေး၊ ဖြစ်ရလေရှင်၊ ကျွန်မမှာ မြေးနဲ့မြစ် ၎ဖယောက် ရှိတယ်၊ ဒီမြေးတွေနဲ့ ခွဲနေရ တိုင်း ဝမ်းနည်းကြေကွဲနေရမယ် ဆိုရင် ဘာအလုပ်ကိုမှ ကျွန်မ လုပ်နိုင်မှာမဟုတ်တော့ဘူး'' လို့ ပြန်ပြောသတဲ့။

''အသက်အရွယ်က ကြီး လာ၊ ကိုယ့်ရဲ့အိမ်ထောင်ဘက် ကလည်း မရှိ၊ ကိုယ်ချစ်ခဲ့ရတဲ့ သားသမီးတွေကလည်း သူတို့ လုပ်ငန်းတွေနဲ့ဆိုတော့ သူတို့ လည်း ကိုယ့်ကိုပြန်မချစ်နိုင်၊ ဂရု မစိုက်နိုင်တဲ့အခါမှသာ ကိုယ်က လည်း ချစ်၊ သူတို့ကလည်း ကိုယ့်ကို သံယောဇဉ်တွယ်ပြီး ပြန်ချစ်ခင်တတ်တဲ့ မြေးတွေမြစ် တွေအပေါ်မှာ သံယောဇဉ်တွယ် ပြီး အချစ်တွေပုံနေမိတာဟာ သဘာဝကျပါတယ်''

''ဒါပေမဲ့ ကိုယ့်ရဲ့ကျန်းမာ ရေး အခြေအနေ၊ အထူးသဖြင့် စိတ်ထောင်းလို့ကိုယ်ကြေ အခြေ အနေမျိုး ရောက်ရလောက် အောင်တော့ သံယောဇဉ်မထား သင့်ဘူး၊ အမှန်တကယ်တော့ ကိုယ်တိုင်ကျန်းမာမှ သူတို့ကို အလိုလိုက် အကြိုက်ဆောင်နိုင် မှာပါ''

အဘွားက ရှင်းပြခဲ့တယ်။

အဘွားရဲ့စကားကိုကြား တော့ ဒီအီတလီအဘိုးကြီးက–

''ခင်ဗျားပြောပြတာတွေက တော့ လေးလေးနက်နက် စဉ်း စားသင့်တဲ့ အချက်ပါပဲ၊ အဲဒီ

အတွက် ကျေးဇူးတင်ပါတယ်''

လို့ ပြန်ပြောရှာပါတယ်။

ကျုပ်ရဲ့အဘွားဟာ အသက်ရှစ်ဆယ်ကျော် အရွယ်ရောက်တော့ အိပ်မပျော်တဲ့ဝေဒနာ ဖြစ်လာတယ်။ အဲဒီ အိပ်မပျော်တဲ့အပေါ်မှာတော့ သူက ဘာခံစားချက်မှ မရှိဘူး။ စိတ်သောကလည်း မထားဘူး။ အိပ်မပျော်တာနဲ့ သူဝါသနာပါတဲ့ နောက်ဆုံးပေါ်သိပ္ပံစာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ဖတ်တော့တာပဲ။ ဒီလိုနဲ့ အိပ်ချင်လာတဲ့အခါမှာ သူဘာသာ အိပ်ပျော်သွားတယ်။

သူ အသက်ရှစ်ဆယ်ကျော်တဲ့ အချိန်အထိ သူကိုယ်သူ အိုမင်းလာပြီလို့ အသိအမှတ်မပြုခဲ့ဘူး။ ခန္ဓာကိုယ်ကို ကျန်းမာနုပျိုအောင် အမြဲတမ်းပြုပြင်သလို စိတ်နေစိတ်ထားကလည်း အမြဲတမ်း ပြီးပြီးရွှင်ရွှင်နဲ့ အကောင်းမြင်တတ်တဲ့စိတ်ကိုပဲ သူ မွေးမြူတယ်။

အထူးခြားဆုံးအချက်ကတော့ ရေတွက်လို့ရတဲ့ အသက်တွေ၊ နှစ်တွေ များများလာတဲ့အပေါ်မှာ အလေးအနက် အာရုံမထားတတ်၊ လျစ်လျူရှုထားတာဟာ သူ့ရဲ့အသက်ရှည်မှုအဓိကဆေးဝါးဖြစ်တယ်လို့ ကျုပ်တော့ယုံကြည်ခဲ့တယ်။

''လူတွေရဲ့သက်တမ်းဟာ အသက်ရှစ်ဆယ်ဆိုတော့ အခုငါ့ရဲ့အသက်က ခုနစ်ဆယ်၊ ဒီတော့ လူရဲ့သက်တမ်းစေ့နေရရင်တောင် နောက်ထပ်ဆယ်နှစ်ပဲ ငါနေရမယ်''ဆိုတာမျိုးလို အသက်ကိုပိုင်းဖြတ်တဲ့ စိတ်ထားမျိုးဟာလည်း လုံးဝမထားသင့်ဘူးလို့ ကျုပ်ရဲ့အဘွားက ယူဆခဲ့ပုံရပါတယ်။ သူဟာ အသက်ရှစ်ဆယ်ကျော်မှ ကွယ်လွန်ခဲ့တာဆိုတော့ သူ့ရဲ့အယူအဆတွေဟာ မှန်တယ်လို့ပဲ ပြောရတော့မှာပေါ့။

ကျုပ် တင်ပြချင်သေးတဲ့ နောက်တစ်ချက်ကတော့ ကျန်းမာရေးကိစ္စပဲဗျ။ အဲ...ကျုပ်ဟာ တစ်ခါမှ ပြင်းပြင်းထန်ထန် မကျန်းမမာ မဖြစ်ဖူးတော့ ကျန်းမာရေးကိစ္စကို သိပ်ပြီး အတွေ့အကြုံမရှိလှဘူး။ စားလို့ကောင်းတာကို စားတယ်။ ဒါပေမဲ့ အဝအပြဲ မတန်တဆမစားဘူး။ သောက်လို့ကောင်းတာကိုသောက်တယ်။ ဒါပေမဲ့ ဘယ်အခါမှ လွန်လွန်ကဲကဲ့ သောက်တာမရှိဘူး။ အိပ်ချင်တဲ့အချိန်မှာ အိပ်တယ်။ အိပ်ဖို့စိတ်မရှိရင် လုပ်သင့်တဲ့အလုပ်တစ်ခုကို ကျုပ်ထလုပ်တတ်တယ်။ ပုံမှန်အိပ်ရာဝင်ချိန်မှာ ကျုပ်ဝင်တယ်။ အိပ်မပျော်ရင်လည်း ကျုပ်တော့ စိတ်သောကမထားဘူး။ ကျုပ် အဘွားရဲ့ အယူအဆအတိုင်းပေါ့ဗျာ။ ဒါပေမဲ့ ကံအားလျော်စွာပဲ ကျုပ်လုပ်လေသမျှဟာ ကျုပ်ရဲ့ကျန်းမာရေးအတွက် အထောက်အကူ ပြုနေခဲ့တယ်။

နောက်ပြီး စိတ်ပညာရှုထောင့်က တင်ပြချင်တဲ့အချက် နှစ်ချက်ရှိသေးတယ်ဗျ။ ပထမအချက်ကတော့ ဖြစ်ပြီးခဲ့တာတွေ၊ လွန်ခဲ့ပြီးတာတွေကို တမ်းတမ်းတတနဲ့ သတိရနေတဲ့ကိစ္စပေါ့ဗျာ။ ဝမ်းသာစရာ၊ စိတ်ကြည်နူးစရာတွေကိုပဲဖြစ်ဖြစ်၊ ကြောက်လန့်စရာတွေကိုပဲဖြစ်ဖြစ် လွန်လွန်ကဲကဲ သတိရနေတာဟာ ကောင်းမွန်တဲ့လက္ခဏာတစ်ရပ်တော့ မဟုတ်ဘူးဗျ။ ရွှေထီးမဆောင်းနိုင်တော့တဲ့ လက်ရှိ ဘဝအခြေအနေမှာ တစ်ချိန်က ရွှေထီးဆောင်းခဲ့တာကို တမ်းတမ်းတတ သတိရနေတာဟာ စိတ်ပင်ပန်းပြီး စိတ်သောကရောက်ဖို့သာ ရှိတော့တာပေါ့။ အတိတ်ကဖြစ်ရပ်ဆိုတာ စဉ်းစားမှ ပြန်ပြီးပေါ်လာတာပါ။ မစဉ်းစားရင် ဘာတစ်ခုမှ မပေါ်လာတော့ ဒီအတိတ်က အရိပ်တွေကို မစဉ်းစားတာအကောင်းဆုံးပေါ့ဗျာ။

နောက်တစ်ချက်ကတော့ သားတွေ၊ သမီးတွေ၊ မြေးမြစ်တွေကို အသက်အရွယ်အလိုက် ပြောင်းပြီးချစ်တတ်ဖို့၊ ဆက်ဆံတတ်ဖို့ လိုအပ်တယ်ဗျ။ မူကြိုမြေးလေးတစ်ယောက်ကို ပူပန်စိုးရိမ်လို့ ဆုံးမသွန်သင်သလိုမျိုးနဲ့ အထက်တန်းကျောင်းသားမြေးတစ်ယောက်ကို ဆုံးမသွန်သင်တာမျိုးကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အရွယ်ရောက်လာပြီဖြစ်တဲ့ အထက်တန်းကျောင်းသားတစ်ဦးအပေါ်မှာ သံယောဇဉ်တွေကဲပြီး စိုးရိမ်ပူပန်မှုတွေ လွန်ကဲပြီး မူကြိုမြေးကို ဆုံးမသွန်သင်သလိုမျိုးနဲ့ ဆုံးမခဲ့ရင်တော့ ဖြစ်ချင်တာက တခြား၊ ဖြစ်လာတာက တခြားနဲ့ လွဲလွဲမှားမှား ဖြစ်ကုန်မှာပဲ။

ရေတွက်လို့ရတဲ့ အသက်တွေ၊ နှစ်တွေ များများလာတဲ့အပေါ်မှာ အလေးအနက် အာရုံမထားတတ်၊ လျစ်လျူရှုထားတာဟာ သူ့ရဲ့အသက်ရှည်မှု အဓိကဆေးဝါးဖြစ်တယ်လို့



ဆင်ခြင်တုံတရား မထားနိုင်ရင်တော့ ကိုယ့်အတွက် စိတ်သောကကို ကိုယ့်ဘာသာရှာယူပြီး အသက်တိုဆေး စားပိသလို ဖြစ်နေလိမ့်မယ်။

''ငါ့ရဲ့မြေးကအရွယ်ရောက်လာပြီပဲ၊ ထိုက်သင့်တဲ့ အသိဉာဏ်လည်း သူမှာရှိနေပြီ၊ သူ့အတွက် အလွန်အကျွံ ငါ စိတ်သောကရောက်နေတာဟာ သူ့ရဲ့ အသိဉာဏ်ကိုစော်ကားပြီး သူ့ကို အထင်သေးသလိုဖြစ်နေပြီ''လို့ ဆင်ခြင်တုံတရားကိုထားရှိပြီး ပူပန်သောကစိတ်ကို လျော့ရမယ့်အချိန်ပေါ့ဗျာ။ ကိုယ်ပေးကမ်းနိုင်တဲ့ ငွေကြေးကို ပေးကမ်းလိုက်ပါ၊ ကူညီနိုင်တာကိုလည်း ကူညီလိုက်ပေါ့၊ ဒါပေမဲ့ ဆုံးမသွန်သင်တဲ့အခါမှာတော့ ဆင်ခြင်တုံတရားနဲ့ ချင့်ချိန်ပြီး ပြောဆိုဆုံးမဖို့တော့လိုလိမ့်မယ်။

အမှန်တရားကို ရှာရာမှာ အမှားအယွင်းတွေနဲ့ မလွဲမသွေတွေ့ကြုံရမှာပါပဲ။ ကျုပ်လည်း အမှားအယွင်းတွေ လုပ်ခဲ့ဖူးတယ်။ အခြားလူတွေလည်း အမှားအယွင်းတွေ လုပ်ခဲ့ဖူးကြမှာပါပဲ။ လူသဘာဝမှာ အမှားအယွင်းတွေ လုပ်မိတာဟာ ဖြစ်ရိုးဖြစ်စဉ်ဆိုတော့ ကျုပ်တို့ရဲ့ မြေးမြစ်တွေ အမှားအယွင်းလုပ်လို့ စိတ်သောကတွေ သိပ်မပွားများကြဖို့ လိုအပ်တယ်ပေါ့ဗျာ။

အဲဒီလိုမှ ဆင်ခြင်တုံတရား မထားနိုင်ရင်တော့ ကိုယ့်အတွက် စိတ်သောကကို ကိုယ့်ဘာသာရှာယူပြီး အသက်တိုဆေးစားမိသလို ဖြစ်နေလိမ့်မယ်။

နောက်ဆုံးအနေနဲ့ သတိပေးချင်တာကတော့ ကျုပ်တို့အဘိုးကြီး အဘွားကြီးတချို့က သေခြင်းသဘောတရားကိုကြောက်ရွံ့နေတတ်တဲ့အကြောင်းပဲ။

လောကစည်းစိမ်ကိုအပြည့်အဝ မခံစားရသေးတဲ့ လူငယ်လူရွယ်တွေမှာသေရမှာကြောက်တယ်ဆိုတာ အဓိပ္ပာယ်ရှိတယ်။ လောကရဲ့ အကောင်းအဆိုးတွေကို ကောင်းကောင်းကြုံတွေ့ခဲ့ပြီးတဲ့ လူအိုတွေအတွက်တော့ သေခြင်းသဘောကို ကြောက်နေဖို့မသင့်တော့ဘူးဗျ။ သဘာဝတရားအရ ဘယ်သူမျှ မလွန်ဆန်နိုင်တဲ့ သေခြင်းတရား၊ ဒီမလွန်ဆန်နိုင်တဲ့ သဘာဝကို ကြောက်လန့်တဲ့စိတ်ဟာ အတော့်ကို ကျဉ်းမြောင်းသေးသိမ်တဲ့ စိတ်ထားပဲဗျ။

သေခြင်းတရားကိုမကြောက်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ 'ငါ'ဆိုတဲ့ အစွဲအလမ်းကို တဖြည်းဖြည်းချင်း ဖယ်ထုတ်ဖို့လိုတယ်။ 'ငါ'ဆိုတဲ့အစွဲကို တခြားလူတွေနဲ့ တစ်သားတည်း ဖြစ်လာအောင် ကြိုးစားဖို့လည်း လိုတာပါပဲ။ 'ငါ'နဲ့ အခြားလူတွေနဲ့ တစ်သားတည်းဖြစ်သွားတဲ့ အခါသေရမှာကိုမကြောက်တော့ဘူးပေါ့။

ဥပမာပြောရရင်တော့ တောကြိုတောင်ကြားက စီးဆင်းလာတဲ့ စမ်းချောင်းလေးဟာ ရေစီးသိပ်မြန်တယ်။ရေစီးအရှိန်အဟုန် ပြင်းတယ်။ အဲ . . . မြစ်ထဲကို ရောက်သွားတော့မယ်ဆိုရင်တော့ ရေစီးသိပ်မမြန်တော့ဘူး။ ပင်လယ်ဝကိုရောက်တော့ ရေစီးန္ဒုန်းက အတော့်ကိုနှေးသွားပြီ။ တစ်မျိုးလှည့်ပြောရရင် ရေစီးဟာ ဒေါသအရှိန်အဟုန် မရှိသလောက်ဖြစ်သွားပြီး တည်တည်ငြိမ်ငြိမ် ဖြစ်လာပြီလေ။



အဲဒီအတိုင်းပေါ့ဗျာ။ လူတစ်ဦးဟာ လူအများနဲ့ တစ်သားတည်း ဖြစ်သွားတဲ့အခါမှာတော့ သူလည်း အခြားလူတွေနဲ့ တန်းတူလူတစ်ဦးသာ ဖြစ်တဲ့အကြောင်း ကိုယ့်ကိုယ်ကိုယ် သိလာတယ်။ အခြားလူတွေ ဖြစ်ပျက်နေသလို ကိုယ်လည်း ဖြစ်ပျက်နေရတယ်။ အခြားလူတွေ သေဆုံးသလို ကိုယ်လည်း သေဆုံးရမယ်ဆိုတဲ့ အသိဟာ အလိုလို ကိုယ့်ရဲ့စိတ်ထဲကိုရောက်လာပြီး သေခြင်းတရားအပေါ် ကြောက်တဲ့စိတ်တွေ လျော့ပါးလာရတော့တာပေါ့။

ဒီတော့ ကျုပ်တို့လူအိုတွေဟာ အထီးကျန်စိတ်ဦးတည်းနေခြင်းထက် လူတွေနဲ့ ရောရောနှောနှောနေခြင်းက ပိုမိုကောင်းမွန်တယ်လို့ ဆိုချင်ပါတယ်။

ပြောမယ့်သာပြောရတယ်။ ကျုပ်ကတော့ အိုးမင်းလာတဲ့အကြောင်းလည်း မစဉ်းစားဘူး။ အသက်အပိုင်းအခြားတစ်ခုနဲ့ တွက်ချက်ပြီး သေဖို့နီးလာပြီ။ နီးလာပြီလို့လည်း မစဉ်းစားဘူး။ သေခြင်းတရားကို မနှစ်သက်ပေမယ့် ကျုပ်မကြောက်ပါဘူးဗျာ။ ဝါသနာပါတဲ့ လုပ်ငန်း တစ်ခုခုကို လုပ်ရင်းနဲ့ပဲ သေခြင်းတရားကို ကျုပ်ရင်ဆိုင်နေမယ်။ ကျုပ်ရဲ့စိတ်ထဲမှာသေခြင်းတရားကိုလည်းထည့်မထားဘူး။ ကျုပ်ဝါသနာပါတဲ့ လုပ်ငန်းကိုပဲ ထည့်ထားတယ်။ မလွဲမရှောင်သာလို့ သေခြင်းတရားနဲ့ ကျုပ်ရင်ဆိုင်လိုက်ရရင်လည်း မပြီးဆုံးသေးတဲ့ ကျုပ်ရဲ့လုပ်ငန်းကို တစ်ဦးဦးက ဆက်လုပ်ကိုင်လိမ့်မယ်လို့ အသေအချာ ကျုပ်သိနေတယ် ဆိုပါတော့ဗျာ။ ယုံကြည်နေတဲ့သူဆိုတော့သေရမှာကိုမကြောက်သလို 'နေ' ရမှာကိုလည်း အတော်လေး နှစ်သြိုက်မိပါရဲ့ဗျာ။

ဘနှင်း

ဆုံးဖြတ်ချက်မှာ သံသရာတစ်လျှောက်...

''ဟာ...အဘွားကြီး''

''ဟဲ့...သေနာလေး''

ဟိုးလွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်၊ ကျွန်တော် အလုပ်ဝင်စဉ်ကတည်းက သိကျွမ်းရင်းနှီးပြီး နှစ်ပေါင်း ၂၀ နီးပါးမျှ လူချင်းကွဲကွာသွားတာ ခုမှ တစ်ကြိမ် ပြန်လည်ဆုံခွင့်ရသည်ကြောင့် တစ်ဦးကိုတစ်ဦး ငယ်စဉ်က ခေါ်ဝေါ်နေကျစကား အာလုတ် အတိုင်း ခေါ်မိကြသည်။



ကျွန်တော်တို့သည် ဝမ်းသာအားကြီး လွန်း၍ ပါးစပ်မှ လွတ်ခနဲအော်ကာ အသံကျယ်ကျယ်ဖြင့် ခေါ်လိုက်မိပါသည်။ ဤနေရာတွင် ကာလံဒေသံဆိုသော ကာလဒေသကိုကြည့်ပြီး မခေါ်မိတာက နှစ်ဦးလုံး၏ အမှားပင်ဖြစ်၏။

နေရာကား ကမ္ဘာအေး၊ ၁၀၆ မှတ်တိုင်တွင်ဖြစ်ပြီး လူစည်ကားသောကာလ အချိန်လည်းဖြစ်၏။ ကျွန်တော်ကား စနစ်ဟောင်းပင်စင်မို့ ခြောက်လလျှင်တစ်ကြိမ် ပင်စင်လစာ သွားထုတ်စဉ်ဖြစ်သည်။ သူသည်လည်း ကားမှတ်တိုင်တွင် ကားရပ်စောင့်နေစဉ်ဖြစ်သည်။ ကျွန်တော် ဘတ်စ်ကားပေါ်မှာဆင်းလာစဉ် နှစ်ဦးသားတွေ့တော့ ကြောင်အမ်းအမ်းဖြစ်နေကာ နောက်မှ တစ်ဦးကိုတစ်ဦး အမှတ်ရပြီး အထက်ပါအတိုင်း ဝမ်းသာအားရခေါ်လိုက်မိပါတော့၏။

ထိုသို့ ကာလံဒေသံကို သတိမထားဘဲ ခေါ်လိုက်မိခြင်းကြောင့် ခရီးသည်တွေ ကျွန်တော်တို့ကို ကြည့်နေကြသည်။ သည်တော့မှ သတိထားမိကြပြီး...

''ဟာ...ဆရာလေး၊ ဘာကိစ္စနဲ့ လာတာလဲ''

''ဆရာလေးလည်း ပင်စင်လာထုတ်တာပေါ့''

ဆရာလေးသည် တစ်ခါတုန်းက ကျွန်တော်တို့ဌာနရှိ လက်နှိပ်စက်အဖွဲ့တွင် အမှုထမ်းတစ်ယောက် ဖြစ်သည်။ ထိုလက်နှိပ်စက်အဖွဲ့တွင် ဒေါ်ခင်လှ၊ ဒေါ်တင်နွဲ့၊ ဒေါ်သန်းသန်းနှင့် ယခု ဆရာလေးဖြစ်နေသော ဒေါ်မြဝေလည်း ပါပါသည်။ သူဘွဲ့အမည် ပြောပါသေးသည်။ မမှတ်မိတော့လို့ပါ။

''ဆရာလေး ဘယ်မှာ သီတင်းသုံးနေလဲ''

''ထောက်ကြီမှာလေ''

''ဒါနဲ့ ဘယ်နှဝါရပြီလဲ''

''ငါးဝါပါ ဒကာလေး''

''ဩော်...ဝါအတော်ရပြီကိုး၊ သာဓုပါ ဆရာလေး''

ကျွန်တော်သည် သီလရှင်ဆရာလေးဘဝသို့ ရောက်နေပြီဖြစ်သော ဒေါ်မြဝေကို မြင်တော့ တစ်ချိန်က လုပ်ငန်းခွင်သဘော တရားအရ တရင်းတနှီးခင်မင်ခဲ့သော ဒေါ်ခင်လှ၊ ဒေါ်သန်းသန်း၊ ဒေါ်တင်နွဲ့တို့ကို

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

သူကိုကြည့်ရတာ
ကျက်သရေရှိလှပါသည်။
ဦးပြည်းက စိမ်းစိမ်း၊
စကားဝါရောင်
သင်္ကန်းနှင့်ဆိုတော့
အသားအရေကပါ
ဝင်းဖန့်ဖန့်ဖြစ် . . .

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

သတိရမိတော့၏။ သူတို့နှင့် ကျွန်တော်သည် ဆွေမျိုးအရင်းအချာတို့ထက် ရင်းနှီးပြီး အိမ်ထောင်ရှင်များ ဖြစ်ကြသည်။ သူတို့ အိမ်ထောင်ဖက်များကလည်း သဘောထားကြီးကြပါသည်။

ခုတော့ ယခု ဆရာလေးဒေါ်မြဝေက လွဲပြီး ကျန်တာတွေအားလုံး လူလောကတွင် မရှိကြတော့ပါ။ သူကိုကြည့်ရတာ ကျက်သရေရှိလှပါသည်။ ဦးပြည်းက စိမ်းစိမ်း၊ စကားဝါရောင်သင်္ကန်းနှင့်ဆိုတော့ အသားအရေကပါ ဝင်းဖန့်ဖန့်ဖြစ်နေပါတော့၏။

''ဒါနဲ့ ဒကာလေး ပင်စင် ဘယ်လောက်ရလဲ''

''ငါးထောင်မပြည့်ပါဘူး ဆရာလေး''

''လောက်ရဲ့လား''

''ဆရာလေးက နောက်နေပြန်ပြီ''

''အေးလေ...ဖြစ်သမျှအကြောင်းပေါ့''

ဆရာလေး ပြောပုံဆိုပုံများသည် တကယ့်ကို ရင့်ကျက်လာသည်ဟု ကျွန်တော် ထင်ပါသည်။ ဟိုတုန်းက တစ်ဦးကိုတစ်ဦးတွေ့တာနှင့် ကျွန်တော်က သူတို့အား နှုတ်ကျိုးစွာဖြင့် အဘွားကြီးဟုခေါ်သလို၊ သူတို့ကလည်း ကျွန်တော့်ကို သေနာလေးဟု တုံ့ပြန်လေ့ရှိသည်။ ခုတော့ ထိုသို့မဟုတ်ပြီ။ လေသံကအစ အရာရာသည် ပြောင်းလဲခဲ့သည်။

သူယောကျ်ား ကိုသက်ဝင်းကလည်း ပြုံးပြုံး ပြုံးပြုံးနှင့် သဘောကောင်းလှသည်။ သူမှာ သားချည်းသုံးယောက်ရှိသည်ဟု ထင်ပါသည်။ ကိုတူးဆိုသည့် ချာတိတ်ကိုတော့ ကျွန်တော်တို့အလုပ်ထဲ ရောက်လာလေ့ရှိတာမို့ ရင်းနှီးနေပါသည်။ သူတို့နေတာကလည်း ကျွန်တော်တို့အလုပ်ဝင်းထဲမှာ ဖြစ်သည်။

ထို့နောက် ကျွန်တော်တို့တတွေ ဌာနအပြောင်းအရွှေ့ကြောင့် လူချင်းကွဲသွားပါတော့သည်။ အနည်းဆုံး ၁၀ နှစ်လောက် ကြာမည်ထင်ပါသည်။ ထိုအချိန်မှာမှ သူကို တစ်ကြိမ်ထပ်မံတွေ့ရပါသည်။

တွေ့ပုံကလည်း အဆန်းသား။ ကြံဖန်ကို တွေ့ရသည်ဖြစ်၏။ ထို့နေက ကျွန်တော်သည် သင်္ကန်းကျွန်းနေ ပေါင်းတည်စန်းမြင့်ထံ ရောက်ဖြစ်သည်။ အကြောင်းကလည်း တာမွေကအိမ်ကြီးကို ရောင်းထားသော သုဝဏ္ဏကျော်စိန်တစ်ယောက် သင်္ကန်းကျွန်းဆီ ရောက်နေပါသည်။ ဘုရားလမ်းမှတ်တိုင်နှင့် မနီးမဝေး ဗလီမှတ်တိုင်ထဲမှာ နေပါသည်။

ကိုကျော်စိန်ဆီသွားတော့ ကျွန်တော်နှင့် ကိုစန်းမြင့်သည် ရပ်ကွက်အတွင်းမှ ဖြတ်သွားပါသည်။ ကျွန်တော်တို့ လမ်းလျှောက်သွားရင်း အပေါ့အပါးသွားချင်သည့် စိတ် ကျွန်တော့်မှာဖြစ်ပေါ်လာတော့၏။ လမ်းဘေးနေရာကြည့်တော့ လူလစ်သည့် နေရာဟူ၍ တစ်ကွက်မှမတွေ့ရပါ။

''ဟိုမှာ သွားပါလား''

ကိုစန်းမြင့်ညွှန်ပြသော နေရာအနေအထားက မဆိုးပါ။ တိုက်ခံပျဉ်ထောင်အိမ်ကြီး၏ဘေးတွင် ဖြစ်သည်။ တိုက်ခံဆိုတော့ ပြတင်းပေါက်မှလွဲပြီး လူမြင်သူထင် နေရာတော့ မရှိပါ။ မီးဖိုချောင်တံခါးကလည်း ပိတ်ထားခြင်းကြောင့် အတော်ပဲဖြစ်နေပါတော့သည်။

ကျွန်တော် တိုက်အိမ်အနားသို့ ကပ်သွားစဉ် စောစောက ပိတ်ထားသော မီးဖိုချောင်တံခါးသည် ဘွားခနဲပွင့်သွားပြီး အိမ်ရှင်မျက်နှာကို ရုတ်တရက်မြင်တွေ့လိုက်ရပါတော့သည်။ ဤအခါ သူရောကျွန်တော်ပါ ပြိုင်တူခေါ်လိုက်ပါတော့သည်။

''သေနာလေး''

''အဘွားကြီး''

ဟူ၍ ဖြစ်၏။ သူကလည်း ပြုံးပြုံးရွှင်

ရွှင် ဖော်ဖော်ရွေရွေနှင့်ပင် ဖိတ်မန္တ္တက ပြုလုပ်ပါတော့သည်။

''အရှေ့က လှည့်ဝင်လေ''

ချော်လဲရောထိုင်ဆိုသည့်စကားအတိုင်း လမ်းကြုံ၍ ဝင်လည်သလိုလို၊ ဘာလိုလိုနှင့် ဝင်ထိုင်ရင်း အိမ်အခြေအနေကို သုံးသပ်ကြည့်မိ၏။ ဤရပ်ကွက်တွင် ဤအိမ်အခြေအနေသည် အတော်ပင် အဆင့်မြင့်မြင့် နေထိုင်နိုင်သူဖြစ်ကြောင်း သိသာပါသည်။

''ကိုသက်ဝင်းနဲ့ သားတွေကော . . ''

သူ့ခင်ပွန်းသည်နှင့် သားများအခြေအနေကို မေးကြည့်တော့ သူက ပြီးပြီးရွှင်ရွှင်ပင်–

''သူတို့ ကိုတူးပါ သဘော်ပေါ်မှာလေ''

ကျွန်တော် နားလည်ပါသည်။ သူ့အဖေက ရေနံဓာတုဗေဒလုပ်ငန်းမှ ဆီလောင်း(Oiler)ဖြစ်သည်။ သူ့သားများကိုလည်း အလုပ်သွင်းပေးထားသည်။ ရေနံတင်သဘော်ပေါ်မှာဖြစ်၏။ သည်တော့ သားအဖတွေလေးယောက် တက်ညီလက်ညီ ရှာဖွေလုပ်ကိုင်မှတော့ ဒီအခြေအနေရောက်တာ ဘာဆန်းလို့လဲ။

သည်နောက် ကျွန်တော်လည်း ဒဂုံမြောက်ပိုင်းသို့ ပြောင်းရွှေ့သွားပါသည်။ ကိုစန်းမြင့်လည်း တောင်ကြီးသို့ပြောင်းရွှေ့သွားသည်။ ကိုကျော်စိန်လည်း တစ်နေရာသို့ ပြောင်းရွှေ့သွားရာ လူချင်းကွဲသွားသလို၊ သင်္ကန်းကျွန်းကိုလည်း ကျွန်တော်မရောက်တော့ပါ။ ဒေါ်မြဝေနှင့်လည်း ပြန်မဆုံဖြစ်တော့ပါ။

ကျွန်တော်လည်း နှစ်ပေါင်း ၂၀ မျှ ကြာတော့ ဒေါ်မြဝေအား ယခုလို ထပ်မံဆုံတွေ့ရပြန်ပါတော့သည်။ ဤအခါ သူက ဘုရား၏သမီးတော်ဘဝနှင့် ကျွန်တော်က သာမန်လူတန်းစားအနေနှင့် ဖြစ်၏။

''ဘယ်လိုဖြစ်ရတာလဲ ဆရာလေးရယ်၊ ဒါနဲ့ ကိုသက်ဝင်းကော . . . ''

''ဆုံးပြီလေ''

''အို . . . ဖြစ်ရလေ၊ ဒါနဲ့ ကိုတူးရော''

''သူလည်း အိမ်ကထွက်သွားတာ ပြန်ကို မလာတော့တာ နှစ်ပေါင်း ၂၀လောက် ရှိပြီ''

''ကျန်တဲ့သားတွေကကော သဘော်ပေါ်မှာလား''

''ကုမ္ပဏီတောင် မရှိတော့ဘူးလေ''

''ဒါဖြင့် သူတို့က ဘယ်မှာလဲ''

''ရှိပါတယ်၊ နိုင်ငံခြားမှာ''

''ဟယ် . . . တော်လိုက်တာ''

''သူတို့တော်လို့ ငါ သီလရှင်ဖြစ်ရတာပေါ့''

ကျွန်တော်က သူ့သားများကို ချီးမွမ်းလိုက်တော့ သူကလည်း သူ့သားများ တော်ကြကြောင်းကို တမင်ရွှဲပြီး ပြန်ဖြေလိုက်၏။ အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်မည်ဆိုပြီး ကျွန်တော်မေးလိုက်မိ၏။

''ဘာလဲ၊ သူတို့ အလုပ်အဆင်မပြေလို့လား''

''ပြေတာမှ တိုက်နဲ့ ဖိမ်ခံပစ္စည်းတွေနဲ့''

''ဘာလဲ၊ သူတို့အထောက်အပံ့တွေနဲ့ သီလရှင်ဖြစ်သွားတာလား''

''ဒီမီးတွေကို စိတ်နာလို့ သီလရှင်ဝတ်သွားတာဟေ့၊ ခုတော့လည်း ဒီမီးတွေကြောင့် သီလရှင်ဘဝ ရောက်ရတာကိုပဲ ကျေးဇူးတင်နေရတယ်''

ပထမပိုင်းမှာတော့ ဆရာလေးသည် ပြောရင်းနှင့် ဒေါ်သပါသွားသည်ကို သိပုံရပါသည်။ နောက်တော့မှ တရားသဘောကို ဆင်ခြင်ပြီး ဖြစ်ကြောမရှည်ရန် ထိန်းသိမ်းသွားပါသည်။

သူ့ခင်ပွန်းသည်ဆုံးပြီး သဘော်ကုမ္ပဏီလည်း ဖျက်သိမ်းခံလိုက်ရသည်။ တစ်နွယ်ငင် တစ်စင်ပါသလို သားနှစ်ယောက်ပါ အလုပ်လက်မဲ့ဘဝသို့ ရောက်ပါလေတော့သည်။ ဒေါ်မြဝေကလည်း ခင်ပွန်းသည် ရှိစဉ်က ရှာဖွေထားသော ပစ္စည်းတွေနှင့်သာ ထုခွဲကာ စားသောက်နေရသည်။

နောက်တော့ သားနှစ်ယောက်စလုံး ပြိုင်တူပင် ပူဆာကြ၏။ သူတို့ပူဆာတာက ဘယ်မိဘကမှ တားပိုင်ခွင့်မရှိသော အိမ်ထောင်ပြုချင်သည့် ပူဆာမှုမျိုးပင်ဖြစ်သည်။ သည်တော့ ခင်ပွန်းသည်ရှာဖွေထားသည့် လက်ကျန်ငွေကလေးနှင့် အိမ်ထောင်ချပေးလိုက်ပါတော့သည်။

တစ်ခုတော့ကောင်းသွားသည်။ သူတို့ကလေးတွေ အိမ်ထောင်ကျသွားတော့ မိဘကို ဘာဒုက္ခမှမပေးဘဲ ယောကျ်ားအိမ်မှာသွားနေကြသည်။ နို့မဟုတ်လျှင် လင့်လုပ်စာ ခန်းနေလို့ ပူရတဲ့အပူကတစ်မျိုး၊ ချွေးမလုပ်သူ ငြူစူမှာကို ပူရတဲ့အပူက တစ်မျိုးပို့

ပထမပိုင်းမှာတော့ ဆရာလေးသည် ပြောရင်းနှင့် ဒေါ်သပါသွားသည်ကို သိပုံရပါသည်။ နောက်တော့မှ တရားသဘောကို ဆင်ခြင်ပြီး . . .



အနေရခက်ပါတော့မည်။

ခြောက်လလောက်ကြာတော့ သားတော်မောင်တွေက တစ်မျိုးပူဆာလာပြန်တော့သည်။ ဤတစ်ခါပူဆာတာကိုတော့ သူ အတော်ကြီးကို ခေါင်းခဲ၊ ခေါင်းစားရပြန်တော့၏။ သူတို့ပူဆာတာက နိုင်ငံခြားသွားပြီး အလုပ်လုပ်မှာတဲ့။ ပထမတော့–

''သွား…သွား…မြန်မြန်သာ သွား''

''သွားဆိုရင် ပိုက်ဆံပေးလေ''

''ဟာ…ဟိုယောကျ္ဍမတွေ မပေးဘူးလား''

''သားကိစ္စဆိုတော့ မေမေပဲ တာဝန်ယူပေါ့''

''မေမေ့မှာမှ ပိုက်ဆံမရှိတော့တာ''

''ပိုက်ဆံမရှိလည်း ဘာပူစရာရှိလဲ၊ အိမ်ရှိနေတာပဲ''

အိမ်ကို ခလုတ်တိုက်လေတော့ သူ ခေါင်းခဲ၊ ခေါင်းစားစရာ ဖြစ်လာပါတော့သည်။ နောက်ဆုံး မိဘဟာ မိဘပေပဲ။ ဘယ်သားသမီးတွေ၏ဆန္ဒကို ငြင်းပယ်နိုင်ရမှာလဲ။ ဟုတ်ပါတယ်လေ။ ဒေါ်မြဝေတစ်ယောက် အိမ်မြေကိုရောင်းလိုက်ပြီး သားနှစ်ယောက်ကို ခွဲဝေပေးလိုက်သည်။ ကျန်သောငွေကို သူယူကာ အိမ်ကလေးတစ်ဆောင် ဝယ်ယူသည်။ ကျန်တာကို မသေခင်စပ်ကြား စားသုံးရန် ပြန်ဖယ်ထားလိုက်သည်။

တစ်နှစ်လောက်ကြာတော့ သူငွေတွေဟာ ထိုင်စားရတာ တဖြည်းဖြည်းနှင့် ပွန်းတီးလာပါတော့သည်။ လူလည်း တစ်နေ့တခြား နွမ်းဖတ်လာပါတော့သည်။ သူတို့သား မိန်းမတွေအိမ်မှာတော့ ရွှေတွဲလဲ၊ ငွေတွဲလဲနှင့် တစ်နေ့တခြား ပြောင်ရောင်လာပါတော့၏။ ဒီတော့မှ ယောကျ္ဍမများအိမ်တွင် ဘာကြောင့် သားတွေက သွားနေရလဲဆိုတာ ခုမှသိရပါတော့၏။ သူတို့က ဒီယုန်မြင်လို့ ဒီချုံထွင်သွားကြတာကိုး။

''နောက်ဆုံးတော့ သားတွေမွေးထားတာ အလကားပဲဆိုပြီး ရှိတဲ့အိမ်ကလေးကို ရောင်း၊ ထောက်ကြွေးဘက်မှာရှိတဲ့ သီလရှင်ကျောင်းကိုသွားပြီး ရာသက်ပန်ဆွမ်းစရိတ်ရယ်၊ နေတဲ့အဆောင်လေးတစ်ဆောင်ကို လှူပြီး သီလရှင်ဝတ်ခဲ့တာပါပဲ ဒကာလေးရယ်''

''ဆရာလေးရှိရာကိုရော တစ်ခါမှ မလာကြဘူးလား''

''လာဖို့နေနေသာသာ၊ မိသားစုအားလုံး နိုင်ငံခြားကိုထွက်သွားကြပြီလေ၊ ညော်ဒါနဲ့ ခုလာတာ အောင်မြတ်နဲ့တွေ့လို့ ဆွမ်းစရိတ် တစ်ထောင်လှူတယ်လေ''

''ဘယ် အောင်မြတ်လဲ၊ ဆာဂျင် အောင်မြတ်လား''

''ဘယ်ကလာ…ဆာဂျင်ဟုတ်တော့မှာလဲ၊ မကြာခင် ကော်မရှင်ရတော့မှာမို့ ဝိုလ်ကြီးဖြစ်အုံးမှာတဲ့''


ကျွန်တော်ရှိစဉ်က တပ်ကြပ်ကြီး၊ ခုလို နှစ်တွေကြာတော့ အရာခံဝိုလ်ဖြစ်ကာ ဝိုလ်ကြီးဖြစ်တော့မှာကိုကြားတော့ ဝိတိဖြစ်ရပါသည်။ ထို့ကြောင့် ဆွမ်းစရိတ် တစ်ထောင်လှူနိုင်တာပေါ့။

''ဆရာလေး . . .တပည့်တော် ခုမှ ပင်စင်သွားထုတ်ရမှာမို့ ငွေကမရှိသေးဘူး၊ လက်နဲ့ပဲ ကန်တော့ဆွမ်းလောင်းလှူလိုက်ပါတယ်''

''ရပါတယ်ကွယ်၊ ဆရာလေးက ပြန်စွန့်ရမှာလား၊ ဟော . . .ထောက်ကြွေကားလာပြီ၊ သွားတော့မယ်နော်၊ တွေ့ကြုံဆုံကွဲမမြဲတဲ့လောကကြီးပါတကား ဒကာလေးရဲ့''

မုဒုံ–သုမွန်

ဘယ်သူ ဉာဏ်သာသလဲ



လယ်သမားတစ်ယောက်နဲ့ ပါမောက္ခတစ်ယောက်ဟာ မီးရထားနှင့် ခရီးတစ်ခုကို အတူတကွသွားဖို့ ဖြစ်လာတယ်။ လမ်းမှာ အချိန်ကုန်သက်သာအောင်ဆိုပြီး ပါမောက္ခကြီးက ဉာဏ်စမ်းပဟေဠိတွက်ပြီး ဖြေဆိုကြဖို့၊ မဖြေနိုင်တဲ့လူက တစ်ကြိမ်မှာ တစ်ဒေါ်လာပေးဖို့ ညှိနှိုင်းတယ်။

လယ်သမားကြီးက စောဒကတက်တယ်–

''ဆရာက ကျွန်တော့်ထက် ပညာအများကြီးတတ်တယ်၊ ဒီတော့ ပဟေဠိမဖြေနိုင်ရင် ဆရာက တစ်ဒေါ်လာပေး၊ ကျွန်တော်က ဆင့်ငါးဆယ်ပေးမယ်''လို့ ပြောတယ်။

ပါမောက္ခကြီးက သဘောတူတယ်။ ပြီးတော့ လယ်သမားကြီးကို ဦးစားပေးပြီး စတင်ဖို့ပြောတယ်–

''ခြေထောက်သုံးချောင်းက လမ်းလျှောက်ပြီး၊ ခြေနှစ်ချောင်းက ပျံနိုင်တဲ့အကောင်ဟာ ဘာကောင်ပါလဲ''လို့ လယ်သမားကြီးက မေးတယ်၊ ပါမောက္ခကြီးက မဖြေနိုင်ဘူးဆိုပြီး တစ်ဒေါ်လာပေးတယ်၊ အဲဒီ ပဟေဠိရဲ့အဖြေကို လယ်သမားကြီးကလည်း မသိပါဘူး၊ ဒါနဲ့ လယ်သမားကြီးက ပါမောက္ခကြီးကို ဆင့်ငါးဆယ် ပေးလိုက်ပါတယ်။ ။

မောင်သီဟ

နှုတ်စည်း

မကျေးဝ



ခင်ပွန်းသည် ကွယ်လွန်သည်မှာ ငါးနှစ်ပြည့်ခဲ့ပြီ။ ကွယ်လွန်သူကို ရည်စူးပြီး ရွှေတိဂုံဘုရားတွင် ကုသိုလ်ပြုလှူဒါန်းမည်။ မနေ့ကဝယ်ယူထားသော ဂန္ဓမာပန်းပွင့်ဖြူများနှင့် ဖယောင်းတိုင်၊ အမွှေးတိုင်များယူ၍ ကားငှားကာထွက်ခဲ့ရာ ရုံးချိန်ကျောင်းချိန်ဖြစ်နေ၍ လမ်းများပိတ်ဆို့ ကြပ်ညပ်နေ၏။

အလျင်စလိုကိစ္စ မဟုတ်သောကြောင့် အေးဆေးစွာပင် ကားဆရာဖွင့်ထားသော စိုင်းထီးဆိုင်၏ သီချင်းများထဲ စီးဝင်နစ်မျောနေမိသည်။ စိုင်းထီးဆိုင်၏ သီချင်းများမှာ ကျွန်မတို့အရွယ်များ၏ အကြိုက်၊ ကွယ်လွန်သူ ခင်ပွန်းသည်လည်းသိပ်ကြိုက်ခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် သူကြိုက်သည့် သီချင်းများကို နားထောင်နေရသည်။ ကျွန်မအနားဘုရားရောက်ခါနီး ပွိုင့်ထပ်မိလို့ တမျှော်တခေါ် ကားတန်းကိုငေးမျှော်ပြီး ကားကူရှင်နောက်ကို ကျောမှီချလိုက်တယ်။ အတော်ကြာဦးမယ့်ပုံပါပဲ…

''စံပယ်ပန်းတွေ…စံပယ်ပန်းတွေ… ယူကြဦးမလား''

မိန်းကလေးငယ်တစ်ယောက်ရဲ့ အသံစာစာလေးကိုကြားမိတော့ ပိတ်ထားတဲ့ မျက်လုံးကို ဖွင့်ကြည့်မိတယ်။ ရပ်ထားတဲ့ ကားတန်းတွေရဲ့ကြားထဲမှာ စံပယ်ပန်းကုံးတွေကိုင်ထားတဲ့ကောင်မလေးတစ်ယောက်၊ ကားတစ်စီးပြီးတစ်စီး ကူးသန်းရောင်းနေ တာတွေ့မိတယ်။ ရောင်းရဟန်တော့ မတူပါဘူး။ သိပ်မကြာပါဘူး၊ ကျွန်မတို့ကားရဲ့ ရှေ့ကားကိုရောက်လာပြီး ကားဆရာကို ရောင်းနေပါတယ်။ ကားဆရာက လက်ကာပြပြီး မဝယ်လည့်တောင်မကြည့်ဘဲ ကားသမားကို အတင်း အသနားခံရောင်းနေတာ ဘေးက ကျွန်မ ကြည့်နေရင်း သနားလာတယ်၊ ဒါပေမဲ့ ကျွန်မမှာ ပန်းတွေရှိပြီးသား။

''ယူပါ ဦးရယ်၊ သမီး နေမကောင်းလို့ အိမ်ပြန်ချင်လို့ပါ''

''မယူဘူး…သွား…သွား''

ကားဆရာက ခေါင်းတခါခါ လည်ခါခါနဲ့ ငြင်းဆန်နေတယ်။

''သမီး…တကယ်နေမကောင်းလို့ပါ၊ ယူပါ…ဦးရယ်၊ သုံးရာပဲပေးပါ၊ ပန်းတွေ အကုန်ယူပါ''

ကားဆရာက လှည့်၍ပင်မကြည့်၊ ခွန်းတုံ့မပြန်။

''သမီး…နေမကောင်းလို့ပါ ဦးရယ်၊ သမီး အိမ်ပြန်ချင်လို့ပါ''



ကျွန်မမှတစ်ပါး မည်သူ့ကိုမျှ မသိသောအခြေအနေတွင် မောဟနှင့် မကွယ်လွန်နိုင်ရန် သူ့အနားတွင် ဓမ္မတရားများအား သူကြားသာစေရန် တိုးတိုးဖွဖွ ရွတ်ဖတ်ပူဇော်ပေးနိုင်ရန်သာ . . .

မှ ထွက်ခွာခဲ့သည်ပင် ငါးနှစ်ရှိခဲ့ပြီ။ နာတာရှည် ဝေဒနာသည်အဖြစ် လေးနှစ်နီးပါး ပြုစုစောင့်ရှောက်ခဲ့ရ၍လည်းကောင်း၊ သူကို ကြည့်ကာ ဝေဒနာနှင့် ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို သံဝေဂတရားရခဲ့၍လည်းကောင်း၊ သနားကြင်နာတတ်သောရင်မှာ အသားမာတက်ကာ ခံစားချက်မဲ့လျက် မျက်ရည်စက်တို့ ကျမလာခဲ့ပါ။ ကျွန်မမှတစ်ပါး မည်သူကိုမျှ မသိသောအခြေအနေတွင် မောဟနှင့် မကွယ်လွန်နိုင်ရန် သူ့အနားတွင် ဓမ္မတရားများအား သူကြားသာစေရန် တိုးတိုးဖွဖွ ရွတ်ဖတ်ပူဇော်ပေးနိုင်ရန်သာ အသိရှိခဲ့သည်။ ''အမိတမျှ၊ နှမ,မယွင်း၊ ကျွန်နှင့် မခြား၊ ဇနီးမယား''ဆိုတာ ကျွန်မတို့လို နာတာရှည် ရောဂါသည်ရဲ့ ဇနီးမယားတွေပဲ ဖြစ်မယ် ထင်ပါရဲ့။

ကြောင်း ပြောပါတယ်။

သိပ်မကြာခင်ပဲ ကျွန်မစီးလာတဲ့ ကားဆီ ရောက်လာပါတယ်။ ကျွန်မတို့ကားနားရောက်မှ သေချာကြည့်မိပါတယ်။ အသက်က ဆယ့်သုံးဆယ့်လေး ဒီလောက်ပဲရှိမှာပါ။ မျက်နှာကလည်း နီရဲနေတယ်။ အဝတ်အစားကလည်း နွမ်းနွမ်း၊ ဆံပင်တိုတိုလေးကလည်း မသပ်မရပ်ခဲ့။

''ဦးရယ်…သမီးနေမကောင်းလို့ အိမ်ပြန်ချင်လို့ပါ၊ ဒီပန်းတွေအကုန်လုံး ငါးရာဖိုးရှိပါတယ်၊ သုံးရာနဲ့ယူပါ…အိမ်ပြန်ချင်လို့ပါ ဦးရယ်…''

ကားဆရာ လက်ခါပြတယ်။ လှည့်တောင် မကြည့်ဘူး။

''နေမကောင်းလို့ပါ ဦးရယ်…သမီးပြန်ချင်လို့ပါ''

ကျွန်မ မနေနိုင်တော့ပါ။ ကောင်မလေး မျက်နှာမှာ သနပ်ခါးမရှိ။ ပင်ပန်းနွမ်းနယ်နေပုံလည်း ပေါက်နေတော့…

''ဟော့…သမီးလေး၊ လာ–လာ၊ ပန်းတွေ အန်တီယူမယ်…လာ…''

ပန်းသည်ကလေးမလေးကို ခေါ်ပြီး ပိုက်ဆံအိတ်ဖွင့်ကာ အကြွေသုံးရာ ကမန်းကတန်း ရှာနေမိတယ်။ ကောင်မလေးက ပန်းကုံးလေးတွေကိုင်ပြီး ကျွန်မ ပိုက်ဆံရှာတာကို စောင့်နေတယ်။ မီးကလည်း စိမ်းတော့မှာ။

''ရော…သမီးလေး…ဒီမှာ သုံးရာနော်''

ကျွန်မ ငွေသုံးရာ လှမ်းအပေး၊ သူဆီက ပန်းကုံးလေးကို လှမ်းယူလိုက်တော့၊ ပန်းတွေကို တစ်ဝက်ပဲပေးပြီး၊ မြန်ဆန်တဲ့

ခြေလှမ်းတွေနဲ့ ခပ်သွက်သွက်ပြန်ထွက်သွားပြီ။

''ဟေ့...ကလေးမ၊ ပန်းတွေအကုန်လုံး ပေးမယ်ဆို၊ ဟေ့...ပန်းသည်...ပန်းသည်''

''ခေါ်မနေနဲ့ အန်တီ၊ သူတို့ ဒီလိုလုပ်စားတတ်တာသိလို့ ကျွန်တော်မယူတာ၊ အမြဲတမ်း အဲလိုပဲ''

''ဩော်...မသိပါဘူးကွယ်၊ နေမကောင်းလို့ အိမ်ပြန်ချင်တယ်ဆိုတော့ သနားမိလို့၊ နမူနာပေါ့လေ၊ ဝါးနုက ဝါးရင့်ပတ်တယ်ဆိုတာ ဒါမျိုးပေါ့''

ကားတန်းတွေကြားထဲမှာ ပျောက်ကွယ်သွားတဲ့ ကောင်မလေးကို မျှော်ငေး ရင်းဒေါသလည်းထွက်၊ ရှက်လည်းရှက်၊ ကရုဏာကို ချူစားရက်တယ်။

စံပယ်ပန်းကုံး ရောင်းနေတဲ့သူတွေတွေ့တိုင်း ဒီအကြောင်း ပြောပြမိတယ်။ သနားမိတဲ့စိတ်ကို စော်ကားခံလိုက်ရလေခြင်းရယ်လို့ ဒေါသဖြစ်မိတယ်။ ပန်းသည်ကတော့ ပန်းရောင်းပြီးသွားပြီ။ ကျွန်မကတော့ သူ့ဆီကဝယ်မိတဲ့ အကုသိုလ်ပန်း တပွေ့တပိုက်နဲ့မေ့လိုက်လို့လည်းမရ၊ ဒီအကြောင်းက ဟောင်းသွားသည်မရှိ၊ အကြောင်းတိုက်ဆိုင်တိုင်းလည်း ပြောလို့ကောင်းဆဲ။

ပထမအကြိမ် အလိမ်ခံရခြင်းက ကျွန်မ အမှားမဟုတ်၊ လိမ်သူရဲ့အမှား။ ကျွန်မလို အလိမ်မခံရစေရန်၊ အလိမ်မမိစေရန် ကရုဏာမသက်မိစေရန် ကြုံသမျှ၊ ဆုံသမျှ ဖောက်သည်ချ ဝေမျှပေးခဲ့ပါသည်။ ကျွန်မလို အလိမ်မခံရစေရန် နမူနာအဖြစ်။

တစ်နေ့ မေတ္တာရှင်(ရွှေပြည်သာ)ရေးသည့် ''ဘဝကို အသေသတ်သောစိတ်'' စာအုပ်ကလေးကို ဖတ်မိသည်။ စာမျက်နှာ ၅၇ တွင် ''ပြန်မပြောစေလိုပါ'' ခေါင်းစဉ်ဖြင့် ပုံပြင်လေးတစ်ပုဒ်ကို ဖတ်ရသည်။

''ကျွန်ုပ်ထံတွင် သနားစရာအကြောင်းပြပြီး လိမ်ညာသွားသူများကို တစ်ခု မေတ္တာရပ်ခံလိုသည်။ ကျွန်ုပ် အလိမ်ခံခဲ့ရသော အကြောင်းအရာများကို တခြားသူတို့အား ဂုဏ်ယူဝံ့ကြွားစွာ ပြန်မပြောဖို့ပင်။ အဘယ်ကြောင့် ပြောမပြစေလိုသနည်း။ လောကကြီး ပျက်စီးသွားမည် စိုးရိမ်သောကြောင့်ပေတည်း။ ကြားဖူး၊ ဖတ်ဖူးသော ပုံပြင်တစ်ပုဒ်ကို ပြန်ပြောပြပါမည်။



တစ်ခါက သူဌေးတစ်ယောက်တွင် အလွန်လှပြီး၊ သန်မာလျင်မြန်သော မြင်းတစ်ကောင်ရှိလေသည်။ ထိုကဲ့သို့ ကောင်းသောမြင်း သူတို့နယ်ထဲတွင် တစ်ကောင် မျှမရှိပေ။ ထို့ကြောင့် တခြား ချမ်းသာ သော သူဌေးတစ်ဦးက ထိုမြင်းကို လာဝယ် သည်။

''ဒီမြင်းကို ရောင်းပါ''

''မရောင်းပါဘူး၊ ကျွန်တော့်သားတစ်ယောက်လိုကို ချစ်နေလို့ပါ''

''ခင်ဗျားတောင်းတဲ့ဈေး ပေးပါ့မယ်''

''ဘယ်လောက်ပေးပေး မရောင်းပါဘူး''

လာဝယ်သော သူဌေးသည် အလွန်စိတ်ဆိုးသွားပြီး၊ ယခုကဲ့သို့ ကြိမ်းမောင်းစိန်ခေါ်ကာ ပြန်သွားသည်။

''ကြည့်ထားပါ...ခင်ဗျား မရောင်းချင်တဲ့မြင်းဟာ တစ်နေ့မှာ ကျွန်တော့်လက်ထဲရောက်ကို ရောက်ရမယ်''

လအတန်ကြာသောအခါ မြင်းပိုင်ရှင် သူဌေးသည် တစ်နယ်တစ်ကျေးသို့ ထိုမြင်းဖြင့် ခရီးသွားသည်။ တစ်နေရာရောက်သောအခါ ရောဂါဖြစ်ပြီး မြေကြီးပေါ်လဲကျနေသော သူတောင်းစားတစ်ယောက်ကို မြင်ရသဖြင့် သနားကြင်နာစိတ်ဝင်ကာ လှမ်းမေးမိ၏။

''မိတ်ဆွေ.. ဘာအကူအညီပေးရမလဲ''

''အစာရေစာပြတ်ပြီး လဲကျနေတာပါ''

''အဲဒါဆိုရင် ဟောဒီမှာ ထမင်းနဲ့ ရေယူသုံးဆောင်လိုက်ပါ''

''ရောဂါပါ ဖြစ်နေပါတယ်''

''အဲဒါဆိုရင် ဆေးကုပေးရမှာပေါ့၊ မြင်းပေါ်ကိုတက်ပါ''

''ရောဂါရပြီး အားပြတ်နေတဲ့ဟာ ခင်ဗျား မြင်းပေါ် ဘယ်လိုလုပ်တတ်နိုင်မှာလဲ''

''ခင်ဗျား မတက်နိုင်ရင် ကျုပ်တင်ပေးမှာပေါ့''

မြင်းပိုင်ရှင်သည် အောက်သို့ဆင်းကာ သူတောင်းစားကိုပွေ့ချီပြီး၊ မြင်းပေါ်သို့ တင်ပေးလိုက်သည်။ သူတောင်းစားသည် မြင်းပေါ်သို့ ရောက်သည်နှင့် မြင်းကို ဖွတ်မောင်းပြေးသည်။ ပိုင်ရှင်သည် နောက်မှ အပြေးလိုက်ရင်း တအံ့တသြဖြစ်နေသည်။

''ကဲ...မင်း ဘာတတ်နိုင်သေးလဲ၊ ငါဝယ်တုန်းက ဒီမြင်းကို မရောင်းနိုင်တဲ့ကောင်၊ အခုတော့ သူတောင်းစားယောင် ဆောင်လိုက်တာ ဒီမြင်းကို ငါ အလကားရပြီ''

''မြင်းကိုတော့ ယူလိုက်ပါ၊ ဒါပေမဲ့ အခုလိုမျိုးလိမ်ညာပြီး အရယူခဲ့တဲ့အကြောင်းကိုတော့ ဘယ်သူ့ကိုမှ လျှောက်မပြောပါနဲ့''

''ဘာလဲ...အခုမှရှက်နေလို့လား''

''မဟုတ်ပါဘူး၊ နဂိုကတည်းက ရှားပါးလှတဲ့ ကရုဏာတရား၊ အကြင်နာတရား ပျောက်သွားရင် လောကကြီး ပျက်စီးသွားမှာစိုးလို့ပါ''

ပုံပြင်လေးကား ဤမျှသာ။ တကယ်လည်း မှန်ပါသည်။ ကရုဏာတရား၊ အကြင်နာတရားဆိုသည်မှာ ရှားပါးပစ္စည်းဖြစ်သည်။ ထိုအကြောင်းကို သိသွားသူတိုင်းက ဒုက္ခသည်များကို မသနားတော့လျှင်၊ မကူညီတော့လျှင် လူ့လောကကြီး ပျက်စီးသွားစရာသာ ရှိပေတော့သည်။

ထို့ကြောင့် ရှားပါးလှစွာ ကရုဏာအတွက် ကျွန်မ နှုတ်စည်းစောင့်လိုက်ပါတော့မည်။

မကျေးဥ

နဂိုကတည်းက ရှားပါးလှတဲ့ ကရုဏာတရား၊ အကြင်နာတရား ပျောက်သွားရင် လောကကြီး ပျက်စီးသွားမှာစိုးလို့ပါ...



အထောက်အထားရချင်လို့



စကော့တ်(Scott)တစ်ယောက် အသိမိတ်ဆွေတစ်ဦးကို ငွေတချို့တစ်ဝက်ကို ချေးငှားပေးပြီးတဲ့နောက် တစ်နေ့ပြန်ဆပ်နိုးနဲ့ စိတ်ဆင်းရဲနေပါတယ်။ ဒီအကြောင်းကို မိတ်ဆွေရင်းတစ်ယောက်ကို ဖွင့်ဟတိုင်ပင်ခဲ့တယ်။

''သူဆီ စာတစ်စောင်ပို့လိုက်ဗျာ''လို့ ယင်းမိတ်ဆွေက အကြံပြုတယ်၊ ပြီးတော့ စာမှာလည်း ''ချေးငွေ ဒေါ်လာတစ်ထောင် ပြန်ပေးဖို့ တောင်းလိုက်ပါ''ဆိုပြီး ထည့်ရေးဖို့ ဆက်ပြောတယ်။

''ဒါပေမဲ့၊ သူ ကျွန်တော့်ဆီကယူတာ တစ်ရာတည်းပါ''လို့ စကော့တ်က ပြန်ပြောတယ်။

''သိပါတယ်၊ ဒါမှ အဲဒီလူက သူ ခင်ဗျားဆီကယူတာ တစ်ထောင်မဟုတ်ဘူး၊ တစ်ရာတည်းပါလို့ စာပြန်မယ်၊ အဲဒါ ကျုပ်တို့ အတွက် သက်သေခံ အထောက်အထားရတာပေါ့''လို့ ရှင်းပြပါတယ်။

မောင်သီဟ

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

အစားအသောက်နှင့် နှိုးနွယ်ဖြစ်တတ်သော ကင်ဆာများကို ကာကွယ်ပါ









ကျွန်တော်တို့နိုင်ငံတွင် အစားအသောက်နှင့် နှိုးနွယ်၍ ကင်ဆာများဖြစ်ပေါ်လျက်ရှိပါသည်။ ကင်ဆာများကြောင့် လူဘဝသက်တမ်းစေ့မနေရဘဲ ဝေဒနာကို ပြင်းထန်စွာ ခံစားရပြီး သေဆုံးသွားကြပါသည်။ ရောဂါဖြစ်ချိန်မှ သေဆုံးသည်အထိ စီးပွားရေးလူမှုရေးနှင့် ဘာသာရေးလုပ်ငန်းများကိုလည်း အနှောင့်အယှက်ဖြစ်စေပါသည်။ မှိုတက်နေသော အစားအစာ (ဥပမာ–ငရုတ်သီး၊ မြေပဲ၊ ပေါင်မုန့်၊ ပုစွန်ခြောက်၊ ကွမ်းသီး၊ အသားတုစသည်)တို့ကြောင့် အသည်းကင်ဆာဖြစ်ပွားနိုင်ပါသည်။ ဆားနယ်ထားသောအစားအစာများ (ဥပမာ–ငါးခြောက်၊ ပုစွန်ခြောက်၊ သနပ်) ကြောင့် နှာခေါင်းအနောက်ကင်ဆာဖြစ်နိုင်ပါသည်။ အနီရောင်ရှိသော အစားအစာ (ဥပမာ–အမဲသား၊ ဂျီသား၊ ဆတ်သား စသည်)တို့ကြောင့် အူမကြီးကင်ဆာ၊ ကြုပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုလုပ်ထားသောအစာများ (ဥပမာ–ဝက်အူချောင်း)ကြောင့် အစာအိမ်ကင်ဆာဖြစ်နိုင်ပါသည်။

ကင်ဆာဖြစ်စေသော အကြောင်းအရင်းများတွင် အဝလွန်ကဲခြင်း၊ အဆီနှင့်ဆီ (တိရစ္ဆာန်နှင့် အသီးအနှံမှရသောဆီများ)များကို လျှော့စားခြင်း၊ အမျှင်များသော အသီးအနှံထွက် ဆတ်၊ ဂျုံ၊ ပြောင်းများ စားသုံးမှုနည်းခြင်း၊ ဗီတာမင်အေနှင့် ဗီတာမင်စီပါသော အချို့အချဉ်ဓာတ်ရှိသော အသီးများ စားသုံးမှုမရှိခြင်း၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီနှင့်

ကည့ွတ်များစားသုံးမှု နည်းခြင်းတို့ ပါဝင်ပါသည်။

အစားအသောက်နှင့် နီးနွယ်ဖြစ်စေသော ကင်ဆာရောဂါများ၏ စောစောတွေ့ရှိနိုင်သည့် သတိပေးလက္ခဏာများစွာရှိပါသည်။ ထိုလက္ခဏာများကို သိရှိပါက အချိန်မီကုသနိုင်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများကို စားသုံးရပါမည်။ အသည်းကင်ဆာ၏ အများဆုံးတွေ့ရှိရသော လက္ခဏာများမှာ အသည်းရှိသော ညာဘက်နံရိုးအောက် ဝမ်းဗိုက်နေရာတွင် နာကျင်ခြင်း၊ အသားဝါခြင်း၊ ကိုယ်အလေးချိန်လျော့ကျလာခြင်း၊ ထိုင်းမှိုင်းလေးလံခြင်း၊ သွက်လက်လှုပ်ရှားမှု မရှိခြင်း၊ စားချင်သောက်ချင်စိတ်မရှိခြင်း၊ သတိမကောင်းခြင်း၊ ငိုက်မျည်းခြင်းနှင့် အသည်းခြောက်ရေဖျဉ်းဖြစ်ခြင်းတို့ ဖြစ်ပါသည်။

အူမကြီးကင်ဆာ၏ သတိပေးလက္ခဏာများမှာ သွေးအားနည်းဖျော့တော့နေခြင်း၊ အာဟာရချို့တဲ့ခြင်း၊ စအိုနှင့် မြီးညောင့်ရိုးတွင် အမြဲတမ်းနာနေခြင်း၊ ဝမ်းသွားသောအလေ့အထ ပြောင်းလဲခြင်း၊ ကြာရှည်စွာ ဝမ်းချုပ်ခြင်း(သို့မဟုတ်) ဝမ်းလျှောခြင်း၊ဝမ်းသွားရာတွင် သွေးပါလာခြင်းနှင့် စအိုမှသွေးဆင်းခြင်းတို့ ဖြစ်ပါသည်။

အစာအိမ်ကင်ဆာ၏ သတိပေးလက္ခဏာများမှာ အစာစားပြီးနောက် အစာမကြေခြင်းနှင့် ဝမ်းဗိုက်နာခြင်းတို့သည် အမြဲတမ်းဖြစ်ပေါ်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ကိုယ်အလေးချိန်ကျဆင်းလာခြင်း၊သွေးအားနည်းခြင်းနှင့် သွေးအန်ခြင်းတို့ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံရှိ မြို့၊ ရွာအနှံ့၊ နေရာတိုင်းတွင် အကင်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ နိုင်ငံခြားမှ တင်သွင်းလာသော တုတ်ထိုးအကင်များတွင် သုံးထားသော တာရှည်ခံဆေးများကြောင့် ကင်ဆာရောဂါ ဖြစ်စေနိုင်ပါသည်။ ထို အသားကင်များအား ရေခဲသေတ္တာ (သို့မဟုတ်) အအေးခန်းများတွင် သိုလှောင်ထားခြင်းကြောင့် အောက်ဆီဂျင်ဓာတ်တိုးမှုဖြစ်ပြီး ကင်ဆာရောဂါကိုဖြစ်စေပါသည်။ ထို့အပြင် မသန့်ရှင်းသော ဆီများနှင့်ကြော်ခြင်းကြောင့်လည်း ကင်ဆာဖြစ်နိုင်၍ အကင်များကို ရှောင်ကြဉ်သင့်ပါသည်။





ကျွန်တော်တို့နိုင်ငံရှိ ပြည်သူများသည် ကော်ဖီမစ်များကို လွန်စွာနှစ်သက်ကြပါသည်။ အချို့သော ကော်ဖီမစ်များတွင် ပါဝင်သော ကဖိန်း၊ တာရှည်ခံ ဓာတုဆေး၊ ကော်ဖီအနံ့၊ အုန်းသီးခွံအမှုန့်များနှင့် သကြား၊ အခြားကုန်ကြမ်းပစ္စည်းများကြောင့် ရင်သားကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် ပန်ကရိယကင်ဆာများဖြစ်နိုင်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ကလေး၊ လူကြီးမရွေး၊ စားသောက်တတ်သော အချိုရည်နှင့် ဂျယ်ရီများတွင်လည်း ကင်ဆာဖြစ်စေသော တာရှည်ခံဆေး၊ ပါဝါသကြား၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ကဖင်းဓာတ်များပါဝင်၍ ခံတွင်းကင်ဆာ၊ ကျောက်ကပ်ကင်ဆာများဖြစ်၍ လုံးဝမစားသောက်ဘဲ ရှောင်ကြဉ်ရပါမည်။

ကျွန်တော်တို့နိုင်ငံ၏ စားသောက်ဆိုင်များတွင် အချဉ်ရည်များကို များစွာအသုံးပြုကြပါသည်။ ထိုအချဉ်ရည်များတွင် တားမြစ်ဆိုးဆေးများ၊ ကင်ဆာရောဂါဖြစ်စေတတ်သော ဓာတုတာရှည်ခံဆေးများ၊ ဘတ်ထရီအိုးများတွင် အသုံးပြုသော ဆာလဗျူရစ်အက်ဆစ်ပြင်းများ ရောစပ်ထား၍ အစာအိမ်အူလမ်းကြောင်းကင်ဆာ၊ အူမကြီးကင်ဆာနှင့် အသည်းကင်ဆာများ ဖြစ်နိုင်၍ လုံးဝရှောင်ရှားရပါမည်။

စားသောက်ဆိုင်များနှင့် ဈေးများတွင် ရောင်းချလျက်ရှိသည့် ရောင်စုံဆိုးဆေးများဖြင့် ပြုလုပ်ထားသော အစားအသောက်များကြောင့် ကင်ဆာရောဂါဖြစ်ပွားတတ်ပါသည်။ ဒန်ပေါက်၊ ထောပတ်၊ ပဲထမင်းနှင့် ကျောက်ကျောစသည်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်ကွပ်ကဲရေးဌာနမှ ခွင့်မပြုထားသော ရောင်စုံ

ဆိုးဆေးများကိုအသုံးပြုတတ်ပါသည်။ ဈေးများတွင် အဝါရောင်ဆိုးထားသောမျှစ်၊ ပဲဝါလေး၊ ငါးပုဇွန်ဘား၊ ငါးမွှေထိုး၊ ရွှေငါးနှင့် ကြက်သားများ၊ အနီရောင်ဆိုးထားသော မျှစ်၊ ပုစွန်၊ ငရုတ်သီးမှုန့်၊ ငါးပိ၊ ပုစွန်ခြောက်၊ ပဲနီလေး၊ မက်မန်းသီးနှင့် ဆီးထုပ်များ၊ အနက်ရောင်ဆိုးထားသော ပြောင်းဖူးများကို ရောင်းချကြပါသည်။ ထိုအစားအစာများသည် အသည်းနှင့် အခြားကင်ဆာများ ဖြစ်တတ်၍ လုံးဝရှောင်ကြဉ်ရပါမည်။

စားသောက်ဆိုင်များနှင့် အိမ်များရှိ မီးဖိုချောင်များတွင် အချိုမှုန့်နှင့် ဟင်းခတ်မှုန့်များကို များစွာအသုံးပြုကြပါသည်။ ၎င်းတို့တွင် အချိုရည်၊ တာရှည်ခံ မို့သတ်ဆေးများနှင့် ဓာတုပစ္စည်းများပါဝင်၍ ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြင်းကြောင့် ရှောင်ရှားသင့်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် ယခင်က သကြား၊ ထန်းလျက်နှင့် အိမ်သုံးဆားများကို သဘာဝအတိုင်း မူလအရောင်မပျောက်ဘဲ အသုံးပြုကြပါသည်။ သို့ရာတွင် ယခုအချိန်အခါ၌ ဟိုက်ဒရိုဟုခေါ်သော ဓာတုချွတ်ဆေးကို အသုံးပြု၍ ဖြူဖွေးအောင်ပြုလုပ်ကာ စားသုံးကြပါသည်။ ဆိုးကျိုးအနေဖြင့် ကင်ဆာရောဂါ ဖြစ်ပွားတတ်၍ သတိထားရပါမည်။

ကျွန်တော်တို့နိုင်ငံသည် ''စပါးကို တောင်လိုပုံ၊ ဆီကိုရေချိုး၊ ဆေးရိုးကို မီးလှုံ'' သည့် နိုင်ငံဖြစ်ပါသည်။ ဆီကိုလွန်ကဲစွာ အသုံးပြုကြပါသည်။ ''ဆီပါရင် လွှစာ တောင်ဟင်းဖြစ်''ဟု သတ်မှတ်ကြပါသည်။ ယခင်က ပဲဆီ၊ နှမ်းဆီများသည် အစစ်များဖြစ်သော်လည်း ယခုအချိန်အခါတွင် အတုများ ဖြစ်



နေပါသည်။ နိုင်ငံခြားမှတင်သွင်းလာသော စားအုန်းဆီများကိုလည်း များစွာသုံးကြပါသည်။ ထို့အပြင် စားအုန်းဆီထဲ၌ ဆပ်ပြာမှုန့်များ ရောထည့်တတ်ပါသည်။ ဆပ်ပြာထဲတွင် ပါဝင်သော ဟိုက်ဒရောဆိုဒ် ဓာတုပစ္စည်းနှင့် ပဲဆီအနှံ့၊ နှမ်းဆီအနှံ့များကြောင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ပဲဆီ၊ နှမ်းဆီအတုများကို ဂရုစိုက်၍ ရှောင်ရှားရပါမည်။

စားသောက်ဆိုင်များနှင့် အိမ်ရှိမီးဖိုချောင်များတွင် ပိုးသတ်ဆေးအပြင်းစားများ သုံးထားသော မုန်ညှင်းထုပ်များ၊ ကိုက်လန်၊ ကန်စွန်းရွက်၊ ပန်းမုန်လာထုပ်နှင့် ဂေါ်ဖီထုပ်များကို အသုံးပြုချက်ပြုတ်ကြပါသည်။ ကြီးထွားဓာတုဟော်မုန်း အသုံးပြုထားသော မုန်လာဥများနှင့် အခြားဟင်းသီးဟင်းရွက်များကိုလည်း ဟင်းအဖြစ် အသုံးပြုနေရပါသည်။ ထမင်းစားသောက်ပြီးချိန်တွင် သန့်ရှင်းလတ်ဆတ်သော သစ်သီး၊ သစ်နှံများ အစား၊ ဆေးစိမ်၊ ဆေးဖြန်း၍ မှည့်နေသော သရက်သီး၊ ငှက်ပျောသီး၊ သဘော်သီး၊ သခွားသီး၊ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ သစ်တော်သီးနှင့် အခြားသီးနှံများကိုသာ စားနေရပါသည်။ ဆိုးကျိုးအနေဖြင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် မစားသင့်ပါ။

ကျွန်တော်တို့နိုင်ငံရှိ ပြည်သူများသည် ထမင်းပွဲတွင် ငါးပိနှင့် ပဲမပါရင် မစားတတ်သည့်ပုံစံ ဖြစ်နေပါသည်။ ပုစွန်ကိုလည်း တန်ဖိုးထား၍ စားသောက်ကြပါသည်။ ယူရီးယားဓာတ်မြေဩဇာပါဝင်သော ငါးပိရည်နှင့် အရောင်ဆိုးထားသော မျှင်ငါးပိ၊ လူသေကောင်မပုပ်အောင် ပြုလုပ်သည့် ဖော်မလင်နှင့် ပြုလုပ်ထားသော ပဲပြားနှင့် မဲနယ်ဆိုးထားသော ပုစွန်များကြောင့် ကင်ဆာရောဂါဖြစ်ပွား၍ မစားသင့်ပါ။

ပလတ်စတစ်ထဲတွင် ဆိုက်ဇာနှင့် စတိုင်ရင်းဓာတုပစ္စည်းများပါဝင်ပြီး အပူဓာတ်(သို့မဟုတ်) ဆီနှင့်ထိတွေ့ပါက ဓာတ်ပြု၍ ကင်ဆာဖြစ်ရန် အားပေးပါသည်။ ထို့ကြောင့် ပလတ်စတစ်နှင့်ထုတ်ထားသော ငါးမုန့်၊ အာလူး၊ တို့ဟူးနှင့် ကြက်သွန်ကြော်များကို မစားသင့်ပါ။ ထို့အပြင် အစားအစာများကို ဖော့ဘူးနှင့်ထုပ်ပါက ကင်ဆာဖြစ်တတ်၍ အသုံးမပြုရပါ။ မယ်လမင်း(ဖိုက်ဘာ)ပစ္စည်းများသည် အပူနှင့်ထိတွေ့ပါက ကင်ဆာရောဂါ ဖြစ်ပွားတတ်၍ လုံးဝအသုံးမပြုရပါ။ တရုတ်မို့မှုန့်များသည်လည်း ဘေးဥပါဒ်ပေး၍ ရှောင်ကြဉ်ပါ။ ထို့ကြောင့် အထက်ပါအကြောင်းအရာအားလုံးကို လိုက်နာခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)



အီးမေးလ် အိုးစာ (၅)



ကိုဇော်



''အိုင်တီနည်းပညာရှင် အိန္ဒိယလူမျိုး ဆာဗီရာဘာဒီးယားက စတင်တီထွင်လိုက်တဲ့ အီးမေးလ်ကို ကိုယ်အရမ်းကျေးဇူးတင်မိတယ်''

''ဟတ်လား...ဘာကြောင့်လဲ''

''အီးမေးလ်မှာ မင်းနဲ့ဆုံတွေ့ခွင့်ရလို့ပေါ့ . . .ဒါပေမဲ့ မြင်တွေ့ခွင့်မရသေးတဲ့ မင်းကို စိတ်ကူးလေးနဲ့ ပုံဖော်ကြည့်နေမိတာရင်မောလို့ အိပ်မပျော်ဘူး''

''ဟတ်လား...ဆံပင်တွေစမ်းပြီး ရေတွက်ကြည့်ပေါ့''

''တကယ်ပါ၊ ကိုယ်က မင်းစကားသံလေး နားထောင်...မျက်နှာလေးကိုလည်း တစ်ဝကြီးကြည့်ချင်နေတာ...နှစ်ကိုယ်ကြားပြောချင်တဲ့ စကားတွေ ကိုယ့်ရင်နဲ့အပြည့်''

''ဟတ်လား...ရင်ပြည့်နေရင်...ရင်ဖွင့်လိုက်ပေါ့''

''မင်းကိုတွေ့ချင်တဲ့ ကိုယ့်ရင်ထဲက မျှော်လင့်ချက်ဆန္ဒတွေ သိပ်ကိုပြင်းပြနေပြီ၊ ဖြည့်ဆည်းလို့ပေးပါလားကွယ်''

''အားနာလိုက်တာရှင်''

''ဘာလဲ...ကိုယ့်ကိုမယုံကြည်လို့လား၊ အမှန်အကန်ပါ . . .မင်းရဲ့ စိတ်ထားလေးနှုးညံ့သိမ့်မွေ့ပြီး...လှပချောမောတဲ့ ကိုယ့်အိပ်မက်ထဲက နတ်မိမယ်လေးလို မိန်းကလေးရယ် . . .မျှော်လင့်ဆုတောင်းရင်းတွေ့ချင်နေပြီ''

''အိပ်မက်ဆိုတာ နိုးထချိန်မှာ ပျောက်ကွယ်သွားတတ်တယ်၊ ဆုတောင်းတိုင်းလည်း မပြည့်ဝတတ်ဘူး...ယောင်နနမို့ အားနာစရာ ဖြစ်ကုန်လိမ့်မယ်''

''ဘာကြောင့်...ကိုယ့်ဆန္ဒကို မဖြည့်ဆည်းနိုင်ရတာလဲ...ခိုင်လုံတဲ့အကြောင်းပြချက်တော့ လိုမယ်...မအိပ်ကြေးနော်...ပြောပြနိုင်မလား''

''မပြောလို့မရဘူးလား...မအိပ်ကြေးလို့ အကြပ်မကိုင်ပါနဲ့နော်''

''ဒါ...သက်သက်မဲ့ ဘလိုင်း...မဖြစ်ညစ်ကျယ် အကြောင်းပြချက်ပဲ...မပြောနိုင်ဘူးလို့ ငြင်းလို့မရမယ့်အတူ...ကိုယ့်ကို တွေ့ဆုံခွင့်ပေးဖို့ပဲ ရှိတော့တယ် မဟုတ်လား၊ ဟဲ...ဟဲ''

''ကောင်းပြီလေ . . .

ဘယ်လိုမှ တောင်းပန်မရတဲ့ ဇွတ်ကြီးပဲဆိုတော့ . . . ပြောပြရမှာပေါ့ . . .ပြီးရင် သေချာစွာ စဉ်းစားဆုံးဖြတ် . . . ဟုတ်ပြီလား''

''ပြောစရာရှိတာ ပြောပါမြန်မြန် . . . သိချင်လှပြီ...ကိုယ် ဆုံးဖြတ်ချက်ချပြီးသားပါကွာ''

''ကျွန်မက ဆွံ့အနားမကြားသူတစ်ယောက်မို့ . . .တွေ့ဖို့အားနာတာပါ''

''မျက်စိမှိတ်လို့ အိပ်ချင်ပြီဗျာ...ဂွတ်နိုက်''

❖ ❖ ❖ ❖ ❖

တစ်ဖက် ပိစိမှ မိန်းမပျိုလေး . . .

''ဒီလို သေးသိမ်တဲ့စိတ်ထားနဲ့ လာကျိုးကြပြီး...လွယ်လွယ်နဲ့ လာပွားချင်လို့မရဘူး၊ သိရဲ့လား နကျယ်ကောင်လေးရယ်...အိပ်စက်အနားယူစေ...ဟိ...ဟိ''

ဤကဲ့သို့ပြောပြီး ရယ်လိုက်တဲ့အသံကို တစ်ဖက်ပိစိက ကောင်လေးသာ ကြားခဲ့ရင် အီးစာမှန်တဲ့ မျက်နှာနဲ့ . . .။

ကိုဇော်



ရုပ်ရှင်ဆိုသည်မှာ

Motion Picture ဟူသော ဝေါဟာရကို မြန်မာဘာသာအားဖြင့် ရုပ်ရှင်ဟု ပြန်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ဖလင်တစ်ကွက်စီ၌ရှိနေသော ရုပ်သေဓာတ်ပုံပေါင်းများစွာတို့ကို ရုပ်ရှင်ပြ ပိတ်ကားပေါ်တွင် သက်ဝင်လှုပ်ရှားနေသည်ဟုထင်ရအောင် တီထွင်ဖန်တီးထားသော ပညာရပ်ဖြစ်သည့် အတွက် ရုပ်ရှင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

မိုးဦးကျကာလတွင် လျှပ်လက်သည်ကို လူတိုင်းတွေ့ဖူးကြသည်။ ကောင်းကင်ယံတွင် လျှပ်လက်ပြီးသွားသည့် အခါ လူတို့၏ စက္ခုအာရုံ၌ လျှပ်စီးကြောင်း အကွေးအကောက်ကလေးများ စွဲထင်ကျန်ရစ်နေခဲ့သည်။ အလားတူပင် လျှပ်စစ်သံဂေဟဆက် အလုပ်ရုံများ၌လည်း သံဂေဟဆက်နေသည်ကို အမှတ်တမဲ့ကြည့်လိုက်ပါက သံဂေဟဆက်ရာမှ ဖြာထွက်လာသည့် အလင်းတန်းများသည် စက္ခုအာရုံ၌ စွဲထင်ကျန်ရစ်နေခဲ့သည်ကို ခံစားကြရလိမ့်မည်ဖြစ်သည်။





ရုပ်ရှင်ခေတ်ဦးမှသည် စာနာထက် ရုပ်ရှင်ခေတ်ဆီသို့

(အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

မျက်စိဟူသော စက္ခုအာရုံ ခံစားမှု ပါဝင်သည့် သတ္တဝါတိုင်းတွင် လင်းလက် တောက်ပသော အလင်းရောင်နှင့် ဖြာထွက်မှုအလင်းများကို မြင်တွေ့ပြီးသည့်အခါ ယင်းမြင်ကွင်းများသည် စက္ခုအာရုံထဲ၌ အချိန်အနည်းငယ်မျှ စွဲထင်ကျန်ရစ်ခဲ့ကြသည်။ ယင်းကို အမြင်စွဲကျန်ခြင်း (Persistance of Vision) ဟုခေါ်ဝေါ်ပြီး ယင်းသို့ အမြင်စွဲကျန်သည့် အချိန်ကာလမှာ ယေဘုယျအားဖြင့် တစ်စက္ကန့်၏ အပုံငါးဆယ်လျှင် တစ်ပုံမျှသာဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု ပညာရပ်ကို အဆိုပါ အမြင်စွဲကျန်ခြင်း သဘောသဘာဝကို အခြေခံ၍ တီထွင်ခဲ့ကြခြင်းဖြစ်သည်။ ရုပ်ရှင်ပြစက်၏ Intermittent Mechanism ခေါ် ရပ်နားရွေ့လျားမှု စက်ယန္တရားက လုပ်ဆောင်ပေးမှုကြောင့် ရုပ်ရှင်ဖလင် တစ်ကွက်ချင်းတို့သည် နောက်က အလင်းရောင် ထိုးပေးနေသည့် Picture ဂိတ်တွင် ခေတ္တ ရပ်နားပြီးမှ ဆက်လက်ရွေ့လျားကြရသည်။

ယင်းသို့ ဖလင်တစ်ကွက် ရပ်နားလိုက်ခြင်းကြောင့် ပိတ်ကားပေါ်၌ ယင်းဖလင်ကွက်၏ ပုံရိပ်သည်လည်း ခေတ္တရပ်တန့်နေမည်ဖြစ်ပြီး၊ ယင်းဖလင်ကွက် ရွေ့လျားသွားသည်နှင့် ပိတ်ကားပေါ်ရှိ ၎င်း၏ပုံရိပ်လည်း ပျောက်ကွယ်သွားမည် ဖြစ်သည်။ ပုံရိပ်ပျောက်သွားသည့်အချိန်တွင် ပရိသတ်တို့၏ စက္ခုအာရုံ၌ ယင်းပုံရိပ်၏ မြင်ကွင်းသဏ္ဌာန်သည် တဒင်္ဂမျှ စွဲထင်ကျန်ရစ်နေခဲ့သည်။ ထိုအချိန်၌ပင် နောက်ထပ်ပုံရိပ်တစ်ခုက ထပ်မံပေါ်လာပြီး၊ ဤသို့အားဖြင့် ရှေ့က ပုံရိပ်ပျောက်သွားလိုက်–စက္ခုအာရုံတွင် စွဲထင်ကျန်နေလိုက်–နောက်ထပ် ပုံရိပ်တစ်ခုက ထပ်မံပေါ်လာလိုက်ဖြင့်–အဆက်မပြတ် ဖြစ်နေခြင်းကြောင့် ပိတ်ကားပေါ်ရှိ ရုပ်သေပုံရိပ်များနှင့် ပရိသတ်တို့၏ စက္ခုအာရုံ၌ အမြင်စွဲကျန်ခြင်းသဘောတို့ ပေါင်းစပ်ကာ ရုပ်ပုံများ သက်ဝင်လှုပ်ရှားနေသည်ဟု ထင်ရခြင်းသာ ဖြစ်သည်။

ပိတ်ကားပေါ်တွင် ရုပ်သေပုံရိပ်များကိုသာ ထပ်ကာတလဲလဲ မြင်နေရသော်လည်း စက္ခုအာရုံ၌မူ ရုပ်ပုံများ သက်ဝင်လှုပ်ရှားနေသည်ဟု ထင်ရခြင်းကြောင့် **အထင်နဲ့ အမြင် တက်တက်စင်အောင်လွဲတယ်** ဟူသော ပြောနေကျ လက်သုံးစကားတစ်ခုမှာ





ပြောင်မြောင်လှသော ရုပ်ရှင်အတတ်ပညာကို ရည်ညွှန်းနေသယောင်ပင် ဖြစ်သည်။

လှည့်စားခံနေရခြင်း

ဖလင်တစ်ကွက်ချင်း၏ ရပ်နားရွေ့လျားမှုမှာ မြန်ဆန်လွန်းလှသည့်အတွက် ရုပ်ရှင်ကြည့်ပရိသတ်တို့သည် အမှောင်ချထားသော ရုပ်ရှင်ရုံခန်းမအတွင်း၌ လှည့်စားမှု ခံနေကြရသည်ကို မသိရှိကြခြင်းသာ ဖြစ်သည်။ ဖလင်တစ်ကွက်ချင်း၏ ရပ်နားရွေ့လျားမှုမှာ တစ်စက္ကန့်လျှင် ၂၄ ကြိမ် ဖြစ်ပေါ်ပြီး၊ ရုပ်ရှင်ပြစက်က တစ်စက္ကန့်လျှင် ဖလင် ၂၄ ကွက်နှုန်းဖြင့် ပြသပေးနေခြင်း ဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးခြင်း

ယင်းကဲ့သို့ တစ်စက္ကန့်လျှင် ဖလင် ၂၄ ကွက်နှုန်းဖြင့် ပြသနိုင်ရန်အတွက် ရုပ်ရှင်ရိုက်ကူးရာ၌လည်း တစ်စက္ကန့်လျှင် ဖလင် ၂၄ကွက်နှုန်းဖြင့် ရိုက်ကူးကြရသည်။ ပြသရာ၌ Slow Motion ခေါ် အနှေးလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန်အတွက် ရိုက်ကူးရာ၌ ကင်မရာ၏မြန်နှုန်းကို ပုံမှန်ထက်မြှင့်တင်ပေးရပြီး၊ အမြန်လှုပ်ရှားမှု ဖြစ်ပေါ်စေရန်အတွက်မူ ကင်မရာ၏မြန်နှုန်းကို ပုံမှန်ထက် လျှော့ချပေးရသည်။ ရုပ်ရှင်ပြသရာ၌ အမှောင်ထုလိုအပ်ပြီး၊ ရိုက်ကူးရာ၌မူ အလင်းအားကောင်းစွာရရှိရန် လိုအပ်သည်။ ရုပ်ရှင်ပြသချိန်၌ အရုပ်နှင့်အသံကို ထုတ်လွှင့်ပေးနိုင်

ရန် ရိုက်ကူးရာ၌ အရုပ်နှင့်အသံကို ဖမ်းယူကြရသည်။ ဤသို့အားဖြင့် ရုပ်ရှင်ရိုက်ကူးမှုနှင့် ပြဿမှုတို့မှာ ဆန့်ကျင်ဘက်သဘောတရားများ ရှိနေကြသည်။

ရိုက်ကူးမှုအစ

လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ကျော်က ရုပ်ရှင်ရိုက်ကူးမှုနှင့် ပြဿမှုလုပ်ငန်းများကို စတင်ခဲ့ပြီး ထိုစဉ်က လက်ဖြင့်လှည့်၍ ရိုက်ကူးရသော ကင်မရာများကိုသာ အသုံးပြုခဲ့ကြရကာ၊ အသံကိုလည်း ဖမ်းယူထည့်သွင်းမှု မပြုလုပ်နိုင်ခဲ့သေးပေ။ ထိုခေတ်က ရုပ်ရှင် ဇာတ်ကားများသည် အရုပ်ကိုသာမြင်ရပြီး အသံမကြားရသော အသံတိတ်ရုပ်ရှင်ကားများ ဖြစ်ကြသည်။ ရုပ်ရှင်ရိုက်ကူးရာ၌ အရည်အသွေး ပိုမိုကောင်းမွန်စေရန် အတွက် မှန်နှင့် ရောင်ပြန်ပြားများကို အသုံးပြုခဲ့ကြသည်။ Indoor Shooting ခေါ် အတွင်းခန်းရိုက်ချက်များတွင် လျှပ်စစ်မီးလုံးများကို အသုံးပြုခဲ့ကြသည်။ ထိုခေတ်အခါက မိတ်ကပ်ခြယ်မှုန်းသည့်ပညာ မထွန်းကားသေးသည့်အတွက် သရုပ်ဆောင်များကိုလည်း ပင်ကိုသဘာဝအတိုင်းပင် သရုပ်ဆောင်စေခဲ့သည်။

နောက်ပိုင်းတွင် ရုပ်ရှင်ရိုက်ကူးရာ၌ အသံကိုပါ ဖမ်းယူနိုင်ခဲ့ပြီး၊ ဖလင်နှုတ်ခမ်းပေါက်၏ ဘေးကပ်လျက်တွင် Sound Track ဟုခေါ်သော အသံလမ်းကြောင်းထည့်သွင်းပေးခဲ့ခြင်းဖြင့် အသံထွက်ရုပ်ရှင်ကားများအဖြစ် တင်ဆက်ပြသနိုင်ခဲ့ကြသည်။ သရုပ်ဆောင်များကိုလည်း မိတ်ကပ်ခြယ်မှုန်းစေပြီး ဆလိုက်မီးအများအပြားကို

ဖလင်နှုတ်ခမ်းပေါက်၏ ဘေးကပ်လျက်တွင် Sound Track ဟု ခေါ်သော အသံလမ်းကြောင်း ထည့်သွင်းပေးခဲ့ခြင်းဖြင့် အသံထွက်ရုပ်ရှင်ကားများအဖြစ် တင်ဆက်ပြသနိုင်ခဲ့ကြ

ပါ အသုံးပြုလာခဲ့ကြသည့်အတွက် သရုပ်ဆောင်တို့၏ ရုပ်ဆင်းအင်္ဂါကို ပို၍ တင့်တယ် ကြည့်ကောင်းစေခဲ့သည်။

ပြောင်းလဲတိုးတက်လာပုံ

ရုပ်ရှင်ရိုက်ကူးမှုကို စတင်ခဲ့ကြသော အချိန်ကာလများက အနည်းငယ်မျှသော ရုပ်ရှင်စက်ကိရိယာများကို လူတို့၏စွမ်းရည်နှင့်ပေါင်းစပ်ကာ ရိုးရှင်းစွာ ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ ဥပမာအားဖြင့်–ကားမောင်းရင်း စကားပြောသည့်အခန်းမျိုး ရိုက်ကူးကြရာတွင် ရပ်နေသောကားပေါ်၌ သရုပ်ဆောင်များကို ထိုင်စေပြီး ကားကိုလှုပ်ပေးခြင်း၊ နောက်ခံမြင်ကွင်းပိတ်ကားကို ရွေ့လျားပေးခြင်းနှင့် သရုပ်ဆောင်တို့၏ ဆံပင်ကို လွင့်နေအောင် ပန်ကာဖြင့်မှုတ်ပေးခြင်းတို့ဖြင့် ရုပ်ရှင်ဇာတ်ကားထဲတွင် ကားမောင်းနေသည်ဟု ထင်ရအောင် ရိုက်ကူးခဲ့ကြသည်။

ထိုမှတဆင့် တကယ်မောင်းနှင်နေသော ကားဘေးတွင် ကင်မရာကိုင်သူက တွယ်ကပ်လိုက်ပါ၍ ရိုက်ကူးခြင်းနည်းကို အသုံးပြုခဲ့ကြသည်။ ရုပ်ရှင်ရိုက်ကူးသည့် ကင်မရာများ ထုတ်လုပ်မှုအဆင့်မြင့်မားလာသည်နှင့်အမျှ ကားမောင်းနေသည့် မြင်ကွင်းကို ဘေးမှ နောက်ထပ်ကားတစ်စီးဖြင့် လိုက်ပါရိုက်ကူးခြင်း၊ မြင့်မားသော သစ်ပင်၊ တောင်ထိပ် စသည်တို့အပေါ်မှ မှန်ဘီလူးစွမ်းအားဖြင့် အနီးကပ်ဆွဲ၍ ရိုက်ကူးခြင်း၊ ရဟတ်ယာဉ်ဖြင့် တောက်လျှောက်လိုက်ပါ၍ အနီးကပ်ဆွဲယူ ရိုက်ကူးခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ယနေ့အချိန်၌မူ သရုပ်ဆောင်များ မောင်းနှင်နေသော ကားပေါ်တွင် ကင်မရာတပ်ဆင်ပေးထားပြီး အဝေးထိန်းခလုတ်နှင့် မော်နီတာကိုအသုံးပြုကာ လိုသလိုချိန်ညှိ ရိုက်ကူးနေကြပြီဖြစ်သည်။

သရုပ်ဆောင်များ အပြန်အလှန်စကားပြောခန်း၊ ထိုးကြိတ်သတ်ပုတ်ခန်း စသည်တို့ကို ရိုက်ကူးရာ၌လည်း အနည်းဆုံး ကင်မရာနှစ်လုံးမှ ငါးလုံးအထိ အသုံးပြုကာ မြင်ကွင်းရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးကြပြီး တည်းဖြတ်မှုပညာဖြင့် လှလှပပအချိတ်အဆက်မိအောင် စီစဉ်တင်ဆက်နိုင်ကြပြီ ဖြစ်သည်။

ကားတစ်စီးကို အခြားကားများဖြင့်



နောက်မှ လိုက်လံပစ်ခတ်ဖမ်းဆီးသည့် အခန်းများ၊ ရဟတ်ယာဉ်နှင့်လိုက်သည့် အခန်းများ၊ မောင်းနှင်နေသော ရထားခေါင်မိုးပေါ်တွင် ပစ်ခတ်သတ်ပုတ်ခန်းများ၊ သဘော်နှင့် လေယာဉ်မောင်းနှင်သည့် ဇာတ်ဝင်ခန်းတို့ကို ရိုက်ကူးရာ၌ ခေတ်မီကင်မရာ အများအပြားကို တစ်ပြိုင်တည်း အသုံးပြုနေကြသော ကုမ္ပဏီကြီးများပင် ရှိနေပြီဖြစ်သည်။ ခေတ်မီကင်မရာများ၏ စွမ်းရည်ထက်မြက်မှုကြောင့် ရောင်ပြန်အလင်းရောင်များနှင့် ဆလိုက်မီးကြောင့် အရိပ်ကျမှုများကို ဖယ်ရှားစစ်ထုတ် ရိုက်ကူးနိုင်ကြပြီဖြစ်သည်။

ရုပ်ရှင်အတတ်ပညာ ပေါ်ထွန်းလာပြီး ကတည်းက ရုပ်ရှင်လောကသားတို့သည် အရည်အသွေးကောင်းမွန်သော Arriflex အမျိုးအစားကင်မရာများကို ဆယ်စုနှစ်ပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲခဲ့ကြသည်။

ကူး-ဆေး-တည်းဖြတ်ခြင်း

ရုပ်ရှင်ခေတ်ဦးကာလက ရိုက်ကူးပြီးဖြစ်သော ဖြူမည်းနဂ္ဂတစ်ဖလင်များကို ဓာတုဓာတ်ဆေးရည်ထဲတွင် ကူးဆေးခြင်းဖြင့် ပုံရိပ်ဖော်ခဲ့ကြပြီး မျက်စိဖြင့်မြင်နိုင်သည့် နဂ္ဂတစ်ပုံရိပ်များ ရရှိလာသည့်အခါမှသာ သဘာဝပုံရိပ်ဖြစ်သော ပေါ့စတစ်ဖလင်များကို ရရှိအောင် ကားကူးကားဆေး ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် အသံကိုမူ ထည့်သွင်းခြင်း မပြုနိုင်ခဲ့ကြသေးပေ။



ရိုက်ကူးထားသော ဖလင်များထဲက မလိုအပ်သော အပိုင်းများကို တည်းဖြတ်ခြင်းဖြင့် လိုရင်းကို ထိထိမိမိ တင်ဆက်နိုင်သော ဇာတ်လမ်းနှင့် မှတ်တမ်းတင် ရုပ်ရှင်များဖြစ်လာ...



ထိုမှတစ်ဆင့် ဖလင်တည်းဖြတ်ပညာရပ် ပေါ်ထွန်းလာပြီး ရိုက်ကူးထားသော ဖလင်များထဲက မလိုအပ်သော အပိုင်းများကို တည်းဖြတ်ခြင်းဖြင့် လိုရင်းကို ထိထိမိမိ တင်ဆက်နိုင်သော ဇာတ်လမ်းနှင့် မှတ်တမ်းတင် ရုပ်ရှင်များ ဖြစ်လာခဲ့သည်။ တည်းဖြတ်မှုပညာ ပေါ်လာပြီးချိန်တွင် နဂ္ဂတစ်ဖလင်မှ ပေါ့စတစ်ဖလင်သို့ ကားကူးကားဆေး ပြုလုပ်ရာ၌ တည်းဖြတ်ပြီးဖြစ်သော နဂ္ဂတစ်ဖလင်များကိုသာ ပေါ့စတစ်ဖလင်အဖြစ်သို့ ကူးသည့်အတွက် ငွေကြေးကုန်ကျမှုကို သက်သာစေပြီး အချိန်ကုန် လုပ်ပန်းမှုများကိုလည်း များစွာလျော့ပါးစေခဲ့သည်။

အသံထွက်ရုပ်ရှင်

အသံထွက်ရုပ်ရှင်ခေတ်သို့ ရောက်ရှိလာချိန်တွင် ရုပ်ရှင်ရိုက်ကူးစဉ်ကတည်းက Sound Film ခေါ် အသံဖလင်ဖြင့် အသံဖမ်းယူခြင်းကိုပါ တစ်ပါတည်းပြုလုပ်ခဲ့ပြီး၊ အချောကူးဆေး တည်းဖြတ်ပြီးဖြစ်သော ပေါ့စတစ်ဖလင်နှင့် ထပ်တူတည်းဖြတ်ပြီးဖြစ်သော အသံဖလင်တို့ကို ထပ်ကူးမှု Sound Dubbing ပြုလုပ်ခြင်းဖြင့် အသံထွက် ရုပ်ရှင်ဇာတ်ကားများ ရရှိလာသည်။

ဤနည်းဖြင့် အသံထွက်ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်နိုင်ခဲ့ကြသော်လည်း နှစ်ကာလအတန်ကြာသည်အထိ အားနည်းချက်များ ရှိနေခဲ့သည်။ ဖမ်းယူခဲ့သော အသံများထဲတွင် ရိုက်ကွင်းပတ်ဝန်းကျင်ရှိ အခြား

အသံများ ရောထွေးပါရှိလာခြင်း၊ ဇာတ်ဝင်ခန်းနှင့် မပတ်သက်သော ဆူညံသံများကြောင့် ရုပ်ရှင်ရသခံစားမှုကို ထိခိုက်စေခြင်း၊ ယင်းနှောင့်ယှက်သံများကို ဖုံးလွှမ်းသွားအောင် နောက်ခံတေးဂီတများ ထည့်သွင်းပေးရခြင်းနှင့် ယင်း နောက်ခံတေးဂီတများသည် ဇာတ်ကားတစ်ကားလုံးနီးပါး ပါဝင်နေသည့်အတွက် ပရိသတ်ကို အနှောင့်အယှက်ဖြစ်စေခြင်း စသည်များဖြစ်ကြသည်။

ဆန်းသစ်လာသော အသံကူးပြောင်းစနစ်

နှစ်ဆယ်ရာစု၏ အလယ်ပိုင်းကာလ ခန့်မှစတင်၍ ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူများသည် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင် အသံကို တစ်ပါတည်းဖမ်းယူခဲ့ကြသော်လည်း ယင်းသို့ ဖမ်းယူခဲ့သည့် အသံဖလင်များထဲမှ ဇာတ်ဝင်ခန်းအတွက် အရေးကြီးသော အသံအချို့ကိုသာ ထုတ်နုတ်အသုံးပြုခဲ့ကြပြီး ဇာတ်ဆောင်များ၏ စကားပြောသံများကိုမူ အသံဖလင်မှ တိုက်ရိုက်ကူးယူအသုံးပြုခြင်း မရှိတော့ပေ။

အချောကူးဆေး တည်းဖြတ်ပြီးဖြစ်သော ပေါ့စတစ်ဖလင်များဖြင့် အသံသွင်းခန်းမထဲရှိ ရုပ်ရှင်ပြ ပိတ်ကားပေါ်တွင် ပြသပေးနေသော ရုပ်ပုံများကိုကြည့်ကာ သရုပ်ဆောင်အားလုံးတို့က ဇာတ်ညွှန်းကိုကိုင်၍ မိမိတို့၏ ဇာတ်ဝင်ခန်းများအလိုက် တိုက်ရိုက်ပြန်လည်ပြောဆို၍ အသံထပ်ကူးခြင်းကို ပြုလုပ်ခဲ့ကြသည်။ ဤသို့အားဖြင့် မလိုလားအပ်သော ပတ်ဝန်းကျင်နှောင့်ယှက်သံနှင့် ဆူညံသံများမှ ကင်းဝေးပြီး ရုပ်ရှင်ရသကို အပြည့်အဝခံစားနိုင်သော ဇာတ်ကားများအဖြစ် ထုတ်လုပ်လာနိုင်ခဲ့ကြသည်။

ခေတ်မီလာသော ကူးဆေးနည်း

စက်မှုနှင့် အီလက်ထရောနစ် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ဖလင်တည်းဖြတ်စက်၊ အသံဖမ်းစက်၊ ကားကူး ကားဆေးစက်၊ အသံကူးပြောင်းစက် စသည်တို့မှာလည်း ပိုမိုခေတ်မီလာခဲ့သည်။ ယခင်က နဂ္ဂတစ်ဖလင်ကို ကူးဆေးပြီးမှ ပေါ့စတစ်သို့ ကူးပြောင်းခဲ့ရသော်လည်း၊ နောက်ပိုင်းတွင် နဂ္ဂတစ်ဖလင်ကို ကူးဆေးရင်း ပေါ့စတစ်ဖလင်နှင့် အသံဖလင်များကိုပါ တစ်ပါတည်း ပုံဖော်ကူးဆေးနိုင်သော စက်များကို တီထွင်ခဲ့ကြသည်။

အသံစနစ် တိုးတက်ပြောင်းလဲလာခြင်း

အသံပိုင်းဆိုင်ရာဘက်တွင်လည်း ရိုးရိုးမိုနိုအသံစနစ်မှသည် Digital Surround စနစ်အထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။ ရုပ်ရှင်ကြည့်နေသူ၏ ပတ်ပတ်လည်တွင် အသံများ ပျံ့လွင့်ကြားရခြင်းဖြင့် ပြသနေသော ရုပ်ရှင်ဇာတ်လမ်းစဉ်အတွင်း မိမိတို့ကိုယ်တိုင် ပါဝင်ရသကဲ့သို့ စိတ်လှုပ်ရှားရစေသည့် ပတ်လည်သံကြားစနစ်ကို ရုပ်ရှင်ဖလင်အတွင်း ထည့်သွင်းလာနိုင်ခဲ့ကြသည်။

ရိုးရိုး မိုနိုအသံစနစ်ကိုပင် အသံစွမ်းအင် ပိုမိုကောင်းမွန်အောင် ရုပ်ရှင်ပြစက်များ၌ Sound Processor များဖြင့် တွဲဖက်အသုံးပြု၍ ဖန်တီးနိုင်သော်လည်း Digital Surround အသံစနစ်စစ်စစ်၏ ခံစားမှုမျိုးကို မမီနိုင်ပေ။ အမေရိကနှင့် ဥရောပနိုင်ငံအများစုတွင် ပတ်လည်သံကြားစနစ်ဖြင့် ပြသနိုင်ရန် ရုပ်ရှင်ပြစက်များ၏ အသံစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ကြပြီးဖြစ်သည်။ အာရှတွင်မူ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ပတ်လည်သံကြားစနစ်ဖြင့် ပြသနိုင်အောင် ရုပ်ရှင်ပြစက်များကို စောစီးစွာကပင် ပြုပြင်ပြောင်းလဲခဲ့ကြပြီး ဖြစ်သော်လည်း အများစုဖြစ်သည့် ရိုးရိုးမိုနိုအသံစနစ် ရုပ်ရှင်ပြစက်များကိုလည်း အသုံးပြုလျက်ရှိနေကြဆဲပင် ဖြစ်သည်။

သိပ္ပံစာရေးဆရာကိုကိုအောင်

အမောင်ထဲမှာ မြင်နိုင်အောင်လို့ပါ



တစ်ရက်၊ အလာဘားမား(Alabama)မှာ နေသာတဲ့နေ့မှာ ကလေးနှစ်ယောက် လမ်းမကြီးမှာ ဖြည်းဖြည်းနေးနေး လျှောက်နေကြတယ်။ ရှစ်နှစ်အရွယ် မိန်းကလေးကဦးဆောင်ပြီး သူထက် အငယ်ကောင်လေးက မျက်စိစုံမှိတ်ထားတယ်၊

ဖြတ်သွားဖြတ်လာတစ်ယောက်က စူးစမ်းတယ်–

''ဘာဖြစ်လို့လဲ၊ ကောင်လေးမျက်လုံး ခိုက်မိလို့လား''ပေါ့၊

''အို–မဟုတ်ပါဘူး၊ စနေနေ့၊ နေသာတဲ့အချိန်မှာ ကျွန်မတို့ ဒီလိုပဲလုပ်တယ်၊ မောင်လေးက အခုလို မျက်စိမှိတ်ထားပြီး၊ ကျွန်မက ဦးဆောင်ပြီး ရုပ်ရှင်သွားကြည့်လေ့ရှိတယ်၊ ရုပ်ရှင်ရုံထဲရောက်ရင် မောင်လေးက မျက်လုံးကိုဖွင့်လိုက်ပြီး၊ ကျွန်မတို့နှစ်ယောက်အတွက် အမောင်ထဲမှာ ထိုင်ခုံရှာတယ်''လို့ မိန်းကလေးက အမှတ်မထင် ပြန်အဖြေပေးပါတယ်။ ။

မောင်သီဟ



မြန်မာ့ဝါဆိုလ

❍ ဝါဆိုမည်မှတ်၊ ကရကဋ်ရာသီ
ပုန်းညက်ဖြူပန်း၊ ပွင့်လန်းမွှေးကြည်
လှပ်လဲ့လှပ်လဲ၊ လေချိုယိမ်းက
မြန်မာ့လယ်ယာ၊ ဖြိုးမောက်စွာ
မိုးရွာမျှတ . . .စိမ်းမြသည်နှင့်လေး။

❍ လောင်းလျာဗုဒ္ဓ၊ သန္ဓေခလာ
ဝါဆိုလှပန်း၊ ပွင့်လန်းနံ့ဖြာ
လမြတ်ချိန်ခါ၊ မင်္ဂလာယူကြ
မိဖဆရာ၊ ဦးချကာ
စဉ်လာဂါရဝ . . .ပြုကြသည်နှင့်လေး။

❍ တောထွက်သည်လ၊ ဗုဒ္ဓလောင်းလျာ
ပန်းမျိုးစုံတင့်၊ ပွင့်ကြဝေဆာ
ကျေးငှက်သာရကာ၊ မြူးထူးရွှင်ကြ
မြို့ငှည့်ရိပ်တွင်၊ ခိုလှုံဝင်
ကျင့်စဉ်ဓမ္မ . . .အေးမြသည်နှင့်လေး။

❍ ရှင်တော်ဂေါတမ၊ ဗုဒ္ဓပွင့်လာ
မိဂဒါဝုန်တော၊ သားပေါမြို့ဝန်မှာ
တရားဦးဒေသနာ၊ ဝါဆိုခါပ
ပဉ္စဝဂ္ဂီ၊ ငါးဦးညီ
နှစ်ဆီဓမ္မ . . .ဟောပြသည်နှင့်လေး။

❍ ဝါဆိုကာလ၊ ဖြဖြညီညာ
ဝါဆိုသင်္ကန်း၊ လှူဒါန်းကြတာ
သီလစောင့်ကာ၊ ဘာဝနာမှာကြ
လမြတ်ဝါဆို၊ ထူးကဲပို
ကုသိုလ်ဒါန . . .ပြုကြသည်နှင့်လေး။
ဝါဆိုမြတ်လ၊ ကိန်းခန်းပြု၊ ငြိမ်းချမ်းလှဘို၊ ကြည်လင်သာယာ။
ပုန်းညက်ပန်းလှ၊ လန်းဆန်းပ၊ စိမ်းလန်းမြအိ၊ ပြည်ခွင်မြန်မာ။

မင်းမောင်နွယ်(မွန်ဌာနီ)



ပြောင်းလဲပြုပြင် မြို့တော်တစ်ခွင်

❖ အပြောင်းအလဲ မူရေးဆွဲ၍
ရင်ထဲကပန်း နေခြည်ဖြန်းရေး
ကြိုးပမ်းအား‌ထုတ် မြို့တစ်အုပ်ကို
ရွေးထုတ်စီမံ ကိုယ်မှုဟန်နဲ့
သာမန်မဟုတ် ဉာဏ်ကတုတ်ဖြင့်
ထမ်းထုတ်နေတာ မြို့မဟာမှာ
နောင်လာ အကျိုး ထိုတန်ဖိုးကို
မျှော်ကိုးလျက်သာ စေတနာ။

❖ ဆိုးကျိုး ကောင်းကျိုး ထိုနှစ်မျိုးမှာ
ရှိရိုးစဉ်လာ ဓမ္မတာမို့
ခေတ်မှာရေစီး မေ့မျောပြီးသာ
နောက်မြီးဖက်ခွေ ခိုလိုက်နေလျှင်
ရေမြေသဘာဝ ပျက်သုဉ်းကြ၍
လောကအကျိုး ရှေ့မတိုးဘဲ
ရုပ်ဆိုး ကျည်းတန် မျိုးမသန်၍
ပုံမှန်ဘဝ ကျိုးမမျှ။

❖ ခေတ်နဲ့လျော်ညီ ဆင့်တန်းမီအောင်
ယုံကြည်မှုမွေး ဇာတိသွေးနဲ့
မျှော်တွေးကြဲဆ မြို့အလှကို
လှစ်ဟလို့ဖော် အကျိုးမြော်ရန်
မြို့တော်တစ်ခွင် အလှဆင်။

ဝိုင်းမောင်(မာန်အောင်)



သူများအကြောင်း ကိုယ့်အကြောင်း

ကျုပ်တို့ ရွာမှာဗျာ . . .
အထာမကျ . . .စာမရတဲ့ . . .
သာလှက ကျောင်းဆရာ ဖြစ်နေတယ်တဲ့။

သူခိုးယောင်ယောင် . . .ဖဝိုင်းထောင်တဲ့
ဖိုးအောင် လူညာ . . .ဘုရားဒကာလုပ်သတဲ့။

လေးတန်းမအောင် . . .ဇီဇာကြောင်တဲ့
နီလာမောင်က . . .စာရေးဆရာမတဲ့။

ဟောင်ဖွာ ဟောင်ဖွာ . . .ယောင်ချာချာနဲ့
မောင်မောင်ပြာယာ ရပ်ကွက်မှူးတဲ့။

အသာစီးက . . .ညာပြီးချတတ်တဲ့
တာတီးကလည်း ရုံးအုပ်ကြီးလေ။

ပါးစပ် မဟ တဟ . . .ပြုံးစစနဲ့
လုံမလေးက ရှေ့နေဆိုပါလား။

မယုံချင်စရာ . . .တစ်မျိုးကလေး ရိုးအေးတဲ့
ဖိုးခွေးတစ်ယောက် . . .အရက်သောက်နေသတဲ့။

ရွာရိုးကိုးပေါက် . . .တာရိုးလျှောက်တဲ့
သာအိုးယောက်ဖက . . .မီဒီယာသမား။

သတင်းဖလှယ် . . .အတင်းတွယ်တဲ့
မစင်းမယ်က . . .သီချင်းသည် ဖြစ်နေဆိုပါလား။

ဟဲ . .ဟဲ . . .မျက်ပေါက်ကျဉ်းကျဉ်း . . .ခရုသင်းတွေနဲ့
ခင်နုနဝင်းက မော်ဒယ်လုပ်နေသတဲ့။

အေးဗျာ . . .ကျုပ်ကတော့ ကဗျာမတတ် . . .စာမတတ်နဲ့
ကျုပ်ရွာက ရောင်းရင်းအပေါင်းသင်းတွေကို၊
အကြောင်းရင်းသိ . . .ကောင်းသတင်းအတိုနဲ့မို့၊
အရှိကို အရှိအတိုင်း အကြည့်မရိုင်းရအောင်၊
ညှိနှိုင်းလိုက်ပါဦးမယ်ဗျာ။ ။

စောငယ်ငယ်

ကျွန်မကိုမေးတာလား၊ သိချင်တယ်ပေါ့။ သိချင်ရင် ပြောရမှာပေါ့။ ကျွန်မနာမည် ညိုမတဲ့။ အမေက ငယ်ငယ်လေးထဲက အသားညိုလို့ ညိုမလို့ခေါ်တာ။ ဒီနာမည်က သန်းခေါင်စာရင်းထဲရော နိုင်ငံသားကတ်ပြားထဲမှာပါ အတည်ဖြစ်သွားပြီ။ သိဂီရွှေစင်ထွန်းတို့၊ ဝင်းပမျိုးမြတ်တို့ဆိုတဲ့ နာမည်တွေက ကျွန်မတို့အတွက် မဟုတ်ဘူးလေ။ နာမည်ကအစ ခြိုးခြံရတဲ့အခြေအနေမှာဆိုတော့ ခေါ်ရလွယ်အောင် မှည့်ပေးလိုက်တဲ့နာမည်။

တစ်ဈေးလုံးကလည်း ကျွန်မကို ညိုမလို့ပဲခေါ်ကြတာ။ ဆန္ဒရှိလို့ နာမည်လှလှလေး ပြောင်းချင်တာတောင် ညိုမလို့ပဲ သိကြမှာ။ သည်နာမည်ကိုပဲ သူတို့ခေါ်လာခဲ့ကြတာ၊ နှစ်တွေလည်း ကြာခဲ့ပြီလေ။ တခြားသူတွေ ဘယ်လိုပဲပြောင်းသွား၊ ပြောင်းသွားကြ ကျွန်မကတော့ ရှိနေဆဲပင်။ သည်ဈေးလေးထဲမှာပဲ

ဖြူဖြူနှင်းပန်းပွင့်



ကျွန်မဘဝကို မြှုပ်နှံထားရတာ။ စျေးကလည်း စျေးကြီးမဟုတ်ဘဲ ရပ်ကွက်စျေးလေးသာဖြစ်တယ်။ စျေးဆိုင်ကလည်း သေသေချာချာရှေ့ကြည့်လိုက်ရင် အလွန်ဆုံးရှိလှ အစိတ်နှစ်ဆယ်လောက်ပဲရှိမယ်။ စျေးရောင်းချိန်ကလည်း မနက်ခင်းလေးလောက်သာ စျေးစည်တယ်။ မနက်ကိုးနာရီသာသာလောက်ဆို စျေးကွဲပြီ။

သည်စျေးနားဝန်းကျင်က စျေးဝယ်တွေကလည်း စက်ရုံအလုပ်သမား၊ ရုံးဝန်ထမ်းနဲ့ ကျောင်းဆရာ၊ ဆရာမတွေဆိုတော့ အချိန်ကိုလုပြီး အလုပ်လုပ်ကြရတဲ့သူတွေ။ မနက်ဆို စောနိုင်သမျှစောပြီး စျေးဝယ်ထွက်ကြရတာ။ တချို့အိမ်ရှင်မတွေဆို စျေးဆိုင်တောင် မခင်းသေးဘူး၊ အစောကြီး စျေးထဲရောက်နေပြီ။ အဲဒီစျေးမှာ ကျွန်မက သန့်ရှင်းရေးအလုပ်သမားပေါ့။ ကျွန်မလို အလုပ်သမားလေးဦးလောက်ရှိတယ်။ စျေးက ခန့်တာမဟုတ်ဘူးလေ။ စည်ပင်သာယာဝန်ထမ်းပေါ့။ အဲဒီစျေးဘက်အပိုင်းမှာ တာဝန်ကျတာ ကျနော်တဲ့သုံးယောက်ထက်စောပြီး ကျွန်မက အရင်ရောက်နှင့်နေအောင် ကြိုးစားရတယ်။

''ညီမရေ ဒီဘက်လာပါဦး''

''ညီမရေ ရေတစ်ပုံးလောက် လိုချင်တယ်''

''ညီမရေ ဒီငါးတောင်းတွေ ဆိုင်ပေါ်တင်ချင်လို့''

အဲဒီအခေါ်အဝေါ်တွေနဲ့ ကျွန်မ သူတို့ကို အကူအညီပေးရတာ။ အရင်ဆုံးရောက်လာတဲ့ ငါးသည်ကို ဆိုင်နေရာထိုင်ခင်းပေးရတယ်။ တချို့ကိုတော့ ရေနှစ်ပုံး သုံးပုံးလောက် ခပ်ပေးလိုက်ရတယ်။ အလေးချိန်ခွင်တွေကို သယ်ပေးရသေးတယ်။ တောက်တိုမယ်ရ အလုပ်များစုပေါ့။

''ညီမရေ ဒီဆိုင်အောက်က အမှိုက်တွေကိုရှင်းပေးပါဦး ခုံခင်းလို့မရလို့''

အဲဒါ ဟင်းရွက်စုံ ဒေါ်စိန်နုရဲ့အသံပေါ့။ သူ့ဆိုင်က သူများထက်ထိပ်ဘက်ကျတယ်။ ဟင်းရွက်စုံရောင်းတဲ့ဆိုင်ဆိုတော့ အမှိုက်ကလည်းစုံတယ်။ တညင်းသီးအခွံ၊ ခရမ်းချဉ်သီးအပုပ်၊ ဂေါ်ဖီရွက် အရိအရွဲတွေနဲ့ တခြားဟင်းသီးဟင်းရွက် အရိအပုပ်တွေဆိုတာ ဆိုင်နားမှာပြန့်ကျဲနေတာပဲ၊ အဲဒီအမှိုက်တွေကို ကျုံးရမှာ။ ဒေါ်စိန်နုကတော့ ခိုင်းလည်း ခိုင်းတယ်။ ပေးစရာရှိလည်းပေးတယ်။ ဒီတော့လည်း မငြီးမငြူလုပ်ပေးရတာပေါ့။



''မြရိန့် အေးသန်းတို့က ခုထက်ထိ မလာကြသေးဘူးလား။ ဒီမှာရေနှစ်ပုံးလောက် လိုချင်လို့။ ညီမရေ ညည်းအားရင် ညည်းပဲ လာထည့်ပေးပါဦး''

ငါးတန်းဘက်ကလည်း ကျွန်မကိုလှမ်းအော်လိုက်တယ်။ သူတို့မျှော်နေတဲ့ မြရိန့် အေးသန်းတို့က လက်ဖက်ရည်ဆိုင်မှာ မနက်စောစော ဝမ်းအာဟာရ သွားဖြည့်နေကြလေရဲ့။ ကျွန်မမှာသာ ကိုယ့်ဝမ်းတစ်ဝမ်းမက ဖြည့်နေရတော့၊ ပဲပြုတ်ငါးကျပ်သားနဲ့ ထမင်းကြမ်းနယ်ပြီး မိသားစုအားလုံးဝမ်းကို ဖြည့်ခဲ့ရတာ။ ကိုသန်းအောင် အတွက်ကတော့ အီကြာကွေးတစ်ချောင်းနဲ့ ကော်ဖီတစ်ခွက် ဝယ်ပေးလိုက်ရတယ်။ သူက မနက်စောစောထမင်းမစားတတ်ဘူး။

ကို သန်းအောင်ဆိုတာ ကျွန်မယောကျ်ားလေ။ သူက အရင်တုန်းက အလုပ်ကြမ်းသမားတစ်ဦးပေါ့။ ပွဲရုံတွေမှာ ကုန်ထမ်းလုပ်ရင်းက ပင်ပန်းတယ်ဆိုပြီး အပန်းပြေအောင်သောက်ရင်း အရက်စွဲသွားတာ။ ဒီအရက်ကပဲ သူ့ကိုဒုက္ခပေးလိုက်တာ။ အရက်ကိုမသောက်ရင် မနေနိုင်လောက်အောင်ဖြစ်၊ သောက်တာကလည်း နေ့ညမရွောင်၊ မူးပြီဆိုရင် သွေးကဆိုးချင်ချင်၊ အလုပ်ကိုသိပ်ပြီးစိတ်မဝင်စား၊ ပင်ပင်ပန်းပန်းဒဏ် မခံနိုင်လာတော့ ဘယ်အလုပ်ရှင်က သူ့ကိုကြည်ဖြူပါတော့မလဲ။

သူအလုပ်ပြုတ်တဲ့အချိန်မှာ ကျွန်မမှာ ကလေးနှစ်ယောက်နဲ့ အမေကတစ်ယောက်၊ ကလေးကလည်း သမီးမိန်းကလေးတွေချည်းပဲ။ အကြီးမက ကိုးတန်း၊ အငယ်မက ငါးတန်း၊ စာတော့တော်ကြတယ်။ အတန်းထဲမှာ အဆင့်တစ်ဆယ်အောက် ဘယ်တော့မှ မရှိဘူး။ အဲဒီကလေးနှစ်ယောက်ရဲ့ပညာရေးအတွက် ကျွန်မအလုပ်လုပ်ရတာပဲ။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတာဆိုတော့ ရုန်းကန်ရတာပေါ့။ ကိုသန်းအောင်လည်း နောင်တရရှာပါပြီ။ အဲ...သူနောင်တက နှောင်းပြီလေ။ အရက်ကြောင့် လေဖြတ်ထားတဲ့ သူ့ကိုယ်တစ်ခြမ်းက လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်တော့တဲ့ ဘဝပေါ့။ တစ်အိမ်လုံးရဲ့ စားဝတ်နေမှုဟာ ကျွန်မခေါင်းပေါ်မှာ ဝန်လေးပေမယ့် မငြိုငြင်ရဲပါဘူး။ အမေနဲ့ ကိုသန်းအောင်တို့ ဝမ်းနည်းအားငယ်မှာရယ်၊ သမီးလေးတို့ ပညာ



တစ်အိမ်လုံးရဲ့ စားဝတ်နေမှုဟာ ကျွန်မခေါင်းပေါ်မှာ ဝန်လေးပေမယ့် မငြိုငြင်ရဲပါဘူး။ အမေနဲ့ ကိုသန်းအောင်တို့ ဝမ်းနည်းအားငယ်မှာရယ်၊ သမီးလေးတို့ ပညာရေးမှာ အနောင့်အယှက်ဖြစ်သွားမှာရယ်ကြောင့်...

ရေးမှာ အနောင့်အယှက်ဖြစ်သွားမှာရယ်ကြောင့်ပါ။

အခု ကျွန်မ အလုပ်ဝင်လုပ်တော့ လခအပြင် အပိုငွေလေးရအောင်လည်း စျေးဆိုင်တွေမှာ ဝိုင်းကူလုပ်ပေးရတာပေါ့။ အဲဒီလို ကူညီလုပ်ပေးလို့လည်း နေ့စဉ် သုံးလေးထောင်အပြင် ဟင်းစားလေးဘာလေး အတွက် ငါးကလေး၊ ဟင်းရွက်တို့ဘာတို့လည်း စေတနာရှိသလောက် ပေးတာရလာခဲ့တယ်။ မီးဖိုချောင်စရိတ် ကာမိတာပေါ့။

''ညိုမ...ညိုမ...အမလေး...ဘာများ ဒီလောက်တောင် တွေးနေတာလဲ၊ ခေါ်မကြား အော်မကြားနဲ့''

ကျွန်မပခုံးကို ဒေါ်စိန်နု လှမ်းပုတ်လိုက်မှပဲ အတွေးထဲမျောနေမိတာ သတိပြန်ဝင်လာတယ်။

''ဒါတွေ မြန်မြန်လေး လာရှင်းပေးစမ်း ပါအုံးအေ''

ကျွန်မအဖို့ကတော့ ခိုင်းသမျှ ခေါင်းညိတ်လိုက်ရတာပဲ။ ကျွန်မလို အလုပ်သမားနှစ်ယောက်က ဟိုဘက်လမ်းထဲမှာ တံမြက်စည်း သွားလှည်းနေကြတယ်။ သူတို့မရှိတော့ ကျွန်မတစ်ယောက်တည်း လုပ်ရတာ။ လုပ်အားခလေး ပိုရတာပေါ့။ ဒေါ်စိန်နု ဆိုင်နားက အမှိုက်ပုံးကလည်း များလိုက်တာ၊ ဆိုင်ကကျတဲ့ ဟင်းသီးဟင်းရွက် အမှိုက်တင်မကဘူး၊ ဟိုအိမ်သည်အိမ်က လွှင့်ပစ်ထားတဲ့ ဘဉ၊ ကြက်ဥအခွံတွေ၊ ထမင်းခဲတွေ၊ ကလေးအညစ်အကြေး အဝတ်စတွေနဲ့။

လက်တစ်ဝါးစာရှိတဲ့ သစ်သားပြားနှစ်ချပ်ကို ကျွန်မထားတတ်တဲ့နေရာကနေ သွားယူလိုက်တယ်။ ပထမဦးဆုံး အပေါ်ယံက မောက်နေတဲ့အမှိုက်ကို လက်နှစ်ဖက်မှာ သစ်သားပြားကို တစ်ဖက်စီကိုင်ပြီး ကျုံးကာ အမှိုက်တောင်းထဲ ထည့်လိုက်တယ်။ ငါးခါ၊ ခြောက်ခါလောက် ကျုံးပြီးမှ အမှိုက်လက်ကျန်ကို တံမြက်စည်းနဲ့စုပြီး ကျုံးကာ အားလုံးကို ရှင်းလိုက်ရတယ်။ ရေနဲ့ နူးမွေ့နေတော့ ကျုံးရတာ လက်ဝင်တယ်။ တကယ့်ကို လက်ဝင်တာပါ။ အမှိုက်ထဲမှာကို လက်နှစ်ဖက်က ဝင်နေရတာ။ ကျုံးပြီးတဲ့အမှိုက်က တောင်းထဲမှာ မောက်ပြည့်နေပြီ။

ပြည့်နေတဲ့ အမှိုက်တောင်းကို လက်နှစ်ဖက်နဲ့ အားစိုက်မပြီး ညာဘက်ခါးစောင်းတင်လိုက်ရတယ်။ မကြာခင်လာမည့် အမှိုက်ကားရပ်တဲ့နေရာနားမှာ သွားချထားရမှာဖြစ်တယ်။ အမှိုက်တောင်းက အမှိုက်စုံ၊ ရေနဲ့နူးနေတော့ မ,ရတာ မသွက်လက်ဘူး။ အနည်းဆုံး ခုနစ်ပိသာ၊ ရှစ်ပိသာလောက် တော့ရှိမယ်။ တညင်းသီးအခွံတွေပါ ပါလာတော့ နံလိုက်တာလည်း မပြောပါနဲ့တော့။ တောင်းဖင်အောက်က စိမ့်ကျနေတဲ့ အညစ်အပတ် ရေစက်တွေကလည်း ထဘီပေါ်မှာ စိုပြီးနံနေတယ်။

ငါးတောင်းတွေလည်း မ,ပေး၊ ကြက်ခြင်းလည်း မ,ပေး၊ ရေခဲပေးနဲ့ တစ်မနက် ပိုင်းများ ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ဘူး။ ဗိုက်ထဲတောင် နည်းနည်းဆာလာပြီ။ မုန့်ဟင်းခါးစားမလားလို့ စဉ်းစားလိုက်တယ်။ အကြော်မပါဘဲနဲ့တောင် တစ်ပွဲလေးရာကျပ်တဲ့။ လက်ထဲမှာ စုစုပေါင်းရထားတာ တစ်ထောင်လောက်ပဲရှိသေးတာ။

မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲဆိုင်နားကို သွားလိုက်တယ်။ မုန့်စားဖို့တော့ မဟုတ်ဘူး။ ရေနွေးကြမ်းနှစ်ခွက် ဆင့်သောက်လိုက်တယ်။ မောလည်းမော၊ ဆာလည်း ဆာနဲ့ အရသာကိုရှိသွားတာပဲ။

''ဟဲ့...ညိုမ ပြီးပြီလား''

အဖော်နှစ်ယောက်က အလုပ်ပြီးလို့ ကျွန်မအနားရောက်လာတယ်။ သွားနှင့်ကြတော့ ငါ နည်းနည်းနောက်ကျမယ်လို့...

သူတို့ကိုမှာလိုက်ပြီး စျေးသည်တွေအတွက် လုပ်ပေးစရာရှိတာကို လုပ်ပေးလိုက်တယ်။ ဆယ်နာရီထိုးခါနီးလောက်ကျတော့ စျေးကွဲစပြုလာပြီ။ တချို့ သားငါးသည်တွေလည်း ပြန်ကုန်ကြပြီ။ လုပ်ပေးစရာရှိတဲ့ဆိုင်တွေကို ကျွန်မ လိုက်လုပ်ပေးပြီး ပြန်ဖို့စဉ်းစားလိုက်တယ်။ လက်ထဲမှာလည်း ဟင်းချက်စရာကရလာပြီ။ ငါးစင်ရိုင်းလေးက နှစ်ဆယ်သားလောက်ရယ်၊ ချဉ်ပေါင်နှစ်စည်းနဲ့ ငါးရံ့ခေါင်းလေးခေါင်း၊ အာလူး နည်းနည်းရတယ်။ ဟိုကသည်က ပေးလိုက်တာ။

အိမ်အပြန်မှာ စျေးထဲက ကြာဆံသုပ်သုံးပွဲဝယ်လိုက်တယ်။ တစ်ပွဲကို သုံးရာကျပ်၊ ငံငံစပ်စပ်လေးက နှစ်ပွဲ၊ နောက်တစ်ပွဲက အမေစားဖို့ ငရုတ်သီးအစပ်ကို လျှော့ထည့်ခိုင်းရတယ်။ မနက် ၁၀ နာရီကျော်ဆိုတော့ နေကပူလာပြီ။ အိမ်ပြန်ရတာ မောချင်လာတယ်။ ကျောပြင်မှာလည်း ချွေးတွေကရွဲနေပြီ။

''အမေကလည်း နောက်ကျလိုက်တာ၊ ကျောင်းသွားဖို့အချိန်က နီးလာပြီ''

အကြီးမက မနက်ပိုင်းကျောင်းချိန်ဖြစ်ပြီး အငယ်မက နေ့ခင်းပိုင်းဖြစ်တော့ ထမင်းစားပြီးသွားဖို့ ကျွန်မကိုစောင့်နေတယ်။

''အမေ...ကြာဆံသုပ်ဝယ်လာတယ်၊ ဖွားဖွားအတွက် ငရုတ်သီးမပါတာ တစ်ထုပ်၊

သမီးငယ်နှင့် သူ့အဖေ အားရပါးရ ကြာဆံသုပ်ကို စားနေတာကိုကြည့်ပြီး ရင်မှာ ကြည်နူးရသည်။



သမီးနဲ့ဖေဖေ့အတွက်က တစ်ထုပ်စီ၊ ထမင်းလေးနဲ့ စားရအောင်၊ ရော့...ရော့''

ပေးလိုက်တဲ့ ကြာဆံသုတ်အထုပ်တွေကို သမီးငယ်ကယူပြီး မီးဖိုချောင်ဘက် ထွက်သွားတယ်။

''အမေကော...မစားဘူးလား''

''အမေ စွေးထဲက စားလာလို့ မဆာသေးဘူး၊ ထမင်းနဲ့ဟင်း ကျက်မှပဲစားမယ်''

''အမေကတော့ တကယ်ပဲ စွေးထဲမှာ ဆို မုန့်ကို ကြိုက်တာဝယ်စားနေမှာပဲ၊ နောက်ဆို ကြာဆံသုပ်ကို နှစ်ပွဲစားချင်တယ် ဝယ်ခဲ့နော်၊ တစ်ပွဲတည်းဆို မဝဘူး''

သမီးစကားကြောင့် ကျွန်မပြုံးလိုက်သည်။ သမီးငယ်နှင့် သူ့အဖေ အားရပါးရ ကြာဆံသုပ်ကို စားနေတာကိုကြည့်ပြီး ရင်မှာ ကြည်နူးရသည်။ ငါးကလေးများကို ကိုင်ရန် ရေတိုင်ကီနားသို့လာခဲ့သည်။ ကြာကြာ မကိုင်ရ။ ငါးအားလုံး ကိုင်ပြီးသည်နှင့် ချက်ဖို့စီစဉ်လိုက်သည်။

''အမေရေ...စားကောင်းကောင်းနဲ့ စားလိုက်တာ ကုန်သွားပြီ၊ အမေ့ဖို့တောင် မချန်နိုင်ဘူး၊ အဖေလည်းကုန်တယ်၊ သမီး ကျောင်းသွားတော့မယ်''

ဟာနေတဲ့ ကျွန်မဝမ်းဗိုက်က အစာအိမ်၏ တောင့်တမှုကို ဂရုမစိုက်နိုင်တော့ပေ။

''ညိုမ''

''ရှင်...အမေ၊ လာပြီ...လာပြီ''

ကိုင်ပြီးတဲ့ငါးကို ဆားနှင့်းနယ်ကာ ခဏထားခဲ့ပြီး အမေ့အနားကို ကျွန်မလာခဲ့သည်။

''ရော့...ညည်းစား''

''ဟင်...ဒါ အမေစားဖို့ပါ၊ ကျွန်မ ထမင်းကျက်မှပဲ စားတော့မယ်အမေ၊ မစားဘူး''

''ရော့..စားလိုက်၊ ငါလည်း သိပ်မကြိုက်ဘူး၊ မနက်က ထမင်းကြော်က ရင်ခံနေတယ်၊ ထမင်းနဲ့ဟင်းကျက်မှပဲ စားတော့မယ်၊ ဒါကို ညည်းပဲစားလိုက်''

ခါတိုင်း ကျွန်မဝယ်လာတဲ့ ကြာဆံသုပ်ကို မက်မက်မောမောစားတတ်တဲ့ အမေက အသင့်နယ်ထားတဲ့ ကြာဆံသုပ်ကို ကျွန်မကို ပေးလိုက်တယ်။ အမေ မစားချင်၍ ကျွန်မက ဆာဆာနှင့်လှမ်းယူပြီး ကျွန်မရဲ့ စားနေပုံကို အမေက သေသေချာချာ စူးစူးစိုက်စိုက် ကြည့်နေလေရဲ့...။

မြမြလှိုင်

ခွေးရန်ကိုကြောက်လို့ပါ



အတ္တလန်တာ (Atlanta) က ရှေ့နေတစ်ယောက်ဟာ အိမ်အသစ်တစ်လုံးကို ဝယ်ယူလိုက်ပြီး အိမ်ပတ်လည်ကို ခြံခတ်ဖို့ စိတ်ကူးရပေမယ့် တစ်ပတ်လည်လုံး ကာရံဖို့အတွက် ငွေကုန်မခံနိုင်ဘူး ဖြစ်နေတယ်။

ဒါပေမဲ့ စိတ်ကူးတစ်ခုရပြီး အကောင်အထည်ဖော်လိုက်ပါတယ်။ အိမ်အသစ်ကို ပြောင်းရွှေ့မလာမီရက်ပိုင်းမှာ ခွေးအိမ်တစ်လုံးကို အရင်ရွှေ့ပြီး နေရာချထားလိုက်တယ်။ ခွေးအိမ်က အတော်ကြီးတယ်။ ခွေးအိမ်ကိုကြည့်ပြီး အထဲမှာ ခွေးအတော်ကြီးကြီးကို မွေးထားမယ်လို့ အိမ်နီးချင်းတွေက မှန်းကြည့်ကြတယ်။

အဲ့ဒီနောက် ရှေ့နေကြီး အိမ်အသစ်ကို ပြောင်းရွှေ့ရောက်ရှိလာပြီး အိတ်ပတ်လည် ခြံခတ်မယ်လုပ်တော့ ရှေ့ရယ်၊ နောက်ရယ်ပဲ ခြံခတ်ဖို့ကျန်တယ်။ ဘေးနှစ်ဖက်က အိမ်နီးချင်းတွေက တစ်ဖက်စီမှာ ခြံခတ်ပြီးဖြစ်နေပြီလေ။ ။

မောင်သီဟ

GUINNESS WORLD RECORDS

အာဂအမျိုးသမီး

ဂင်းနက်စ်မှတ်တမ်းများ

ကိုခန့်(သုတေသန)



ဖွန်လ ၁၂ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ အမေရိကန်သူ အသက် ၃၀ နှစ်အရွယ်ရှိ ဒယ်နီရယ်လင်းန်၏ တစ်ကိုယ်တော်စွန့်စားမှုကလည်း ဂင်းနက်စ်မှတ်တမ်းဝင် ဖြစ်ခဲ့ရပါသည်။ ဒယ်နီရယ်အနေဖြင့် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို လွယ်လွယ်ကူကူတော့ရခဲ့ခြင်းမဟုတ်ပေ။ ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူနှင့်အတူ လေတပ်ထဲတွင် လိုက်ပါနေထိုင်ရင်း မော်တော်ဆိုင်ကယ်စီးတတ်လာရာမှ တစ်နေ့တွင် မော်တော်ဆိုင်ကယ်ဖြင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်း စီးနင်းသွားမည်ဟု စိတ်ကူးထားခဲ့သူလည်းဖြစ်ပါသည်။ ထိုစိတ်ကူးကား သူမ အသက် ၃၀ နှစ်ပြည့်ချိန်တွင် အုပ်ထိန်းသူ မိဘ၊ ဘိုးဘွားများ၏ခွင့်ပြုချက်၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရ တာဝန်ရှိသူများ၏ခွင့်ပြုချက်ဖြင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ပြည်နယ် ၅၀ ကို မော်တော်ဆိုင်ကယ်တစ်စီးဖြင့်ဖြတ်သန်းကာ ဂင်းနက်စ်မှတ်တမ်းဝင်နိုင်အောင် ကြိုးပမ်းခဲ့ပါသည်။ ထို့အတွက် သူမက အမေရိကန် ဒေါ်လာ ၁၂၀၀ တန် ၁၉၈၂ ခုနှစ်ထုတ် ဗီယာဂို မော်တော်ဆိုင်ကယ်တစ်စီးဖြင့် နိုင်ငံတစ်ဝန်း ပြည်နယ် ၅၀ ဖြတ်သန်းမည့်ခရီးစဉ်ကို ၂၀၁၆ ခုနှစ်၊ မေလကစတင်ခဲ့ပါသည်။ ရာဇဝတ်အမှုအခင်း ပေါများလှသလို ကျယ်ပြန့်လွန်းသည့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ပြည်နယ် ၅၀ လုံးကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန်အတွက် သူမအား စာနာစိတ်ရှိသူတို့က ဖေးမကူညီခဲ့ကြမှုကြောင့် နောက်ဆုံးတွင် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးရရှိသွားခဲ့ပါသည်။ သူမ ဖြတ်သန်းခဲ့သော ခရီးအကွာအဝေးသည် မိုင်ပေါင်း ၅၀၀၀၀ ဖြစ်ပြီး ကြာမြင့်ချိန်ကာလ တစ်နှစ်တိတိ ဖြစ်ပါသည်။ ထို့အတွက် သူမ၏ စွန့်စွန့်စားစားလုပ်ဆောင်မှုကို ဂင်းနက်စ်အဖွဲ့ကြီးက အသိအမှတ်ပြုသည့်အနေဖြင့် ဒယ်နီရယ်အား ဂင်းနက်စ်မှတ်တမ်းဝင်အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း ပေးအပ်ခဲ့ပါသည်။









ပုလင်းလွတ်များပေါ်မှ ဖြတ်လျှောက်ပြသူ

အီတလီနိုင်ငံ၊ ရောမမြို့၌ ဇွန်လ ၈ ရက်က တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် Lo Show dei Record အစီအစဉ်တွင် စပိန်နိုင်ငံသားတစ်ဦးဖြစ်သူ အသက် ၄၀ နှစ်အရွယ်ရှိ ဆာဗီရိုဆာဗာဗာက အံ့အားသင့်ဖွယ်စွမ်းရည်ကို ပြသသွားခဲ့ပါသည်။ အစီအစဉ်အရ ဆာဗီရိုဆာဗာဗာသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်တွင် ခင်းကျင်းထားသည့် ပုလင်းလွတ်အလုံး ၃၀ (အကွာအဝေး ၁၀ မီတာ) ပေါ်မှနေ၍ အမှားအယွင်းမရှိဘဲ ကြာမြင့်ချိန် ၂၅ ဒသမ ၃၉ စက္ကန့်ဖြင့် တစ်ဖက်သို့ အောင်မြင်စွာ ကူးဖြတ်သွားသည့် ပြသမှုကို တင်ဆက်သွားပါသည်။ ကူးဖြတ်ပြီးမှ ပုလင်းတစ်လုံး လဲကျခဲ့သော်လည်း ဆာဗီရိုဆာဗာဗာ၏ စံချိန်ကယခင်ဂင်းနက်စ်မှတ်တမ်းရှင် တရုတ်နိုင်ငံသားဖြစ်သူ တန်ဟူ၏ ၃၀ စက္ကန့်ထက် သာလွန်နေသည့်အတွက် ပွဲအပြီးတွင် ဆာဗီရိုဆာဗာဗာအား ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း အပ်နှင်းပေးခဲ့ပါသည်။

အုံဖွယ် အစားကြိုးသူ

ဇွန်လ ၃ ရက်ကထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ အမေရိကန်နိုင်ငံသားအသက် ၃၅ နှစ် အရွယ်ရှိ ကီဗင် စထရာဟေးလ်၏ အစားအစာစားသောက်မှု လျင်မြန်နှုန်းကလည်း ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် ထပ်မံအသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ကီဗင်၏အကြောင်းကို မေလထုတ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးပါသည်။

ယခုလည်း ဇွန်လ ၂ ရက်တွင် ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ အမျိုးသား ဒိုးနပ်နေ့ အထိမ်းအမှတ်ပြုငှဲပွဲတွင် ဒိုးနပ်မုန့်ကို အမြန်ဆုံးစားပြီး ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် ရယူသွားခဲ့ပြန်ပါသည်။ အမေရိကန်



ပြည်ထောင်စု၏ အမျိုးသားဒိုးနပ်နေ့ အထိမ်းအမှတ်ပြုငှဲပွဲကို ၁၉၃၈ ခုနှစ်မှစတင်ပြီး ကျင်းပလာခဲ့သည်မှာ ယနေ့ထိပင်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ပထမကမ္ဘာစစ်ပွဲကာလအတွင်း တိုက်ပွဲဝင် အမေရိကန်စစ်သည်တော်များအတွက် ရှေ့တန်းအခြေချစခန်းများ၌ အဆာပြေမုန့်ကျွေးမွေးရာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကယ်တင်ခြင်းတပ်မှ ဒိုးနပ်စစ်သမီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ကျင်းပလာခဲ့ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် နယူးယောက်စီးတီး မြို့တော်ခန်းမ၌ ဇွန်လ ၂ ရက်က ကျင်းပပြုလုပ်သည့် ဒိုးနပ်မုန့်အစားအသောက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဖြစ်သူ ကီဗင်စထရာဟေးလ်သည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ရှေ့မှောက်၌ ၎င်း၏ရှေ့တွင်ချထားသည့် ဒိုးနပ်မုန့် ၆ ခုအား ၃ မိနစ်အတွင်း ရေပင်မသောက်ဘဲ ကုန်အောင်စားသောက်ပြနိုင်သည့်အတွက် ဂင်းနက်စ်အဖွဲ့၏ အသိအမှတ်ပြုလက်မှတ်ကို ထပ်မံရရှိခဲ့ပါသည်။

ဆံပင်အရှည်ဆုံးအမျိုးသမီး







တရုတ်နိုင်ငံမှ Xie Qiuping ဆိုသည့် အမျိုးသမီးဟာ ဂင်းနက်စ်မှတ်တမ်းဝင် ဆံပင်အရှည်ဆုံး အမျိုးသမီးအဖြစ် ပြိုင်ဘက်မရှိဖြစ်နေပါသည်။ သူမဟာ ၁၉၇၃ ခုနှစ် အသက် ၁၃ နှစ်အရွယ်ကတည်းက ဆံပင်လုံးဝမညှပ်တော့ဘဲ အရှည်ထားခဲ့တာလို့ဆိုပါသည်။ သူမရဲ့ဆံပင်အရှည်ဟာ ၅ ဒသမ ၆၂၇ မီတာ (၁၈ ပေ နှင့် ၅ ဒသမ ၅၄ လက်မ)အထိ ရှိပါသည်။ သူမဟာ ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် ၂၀၀၄ ခုနှစ်ကတည်းက အသိအမှတ်ပြု လက်မှတ်ရရှိထားသူလည်း ဖြစ်ပါသည်။

ပါရမီထူးသူ



ပါရမီထူးသူ ဇွန်လ ၂၇ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ အသက်၃၅နှစ်အရွယ်ရှိ အိန္ဒိယ နိုင်ငံသားဖြစ်သူ ဆမ်းဒီဆင်း၏ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဖြစ်ခဲ့ရပါသည်။ ဆမ်းဒီဆင်းသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပွဲကြည့်ပရိသတ်များ၏ ရှေ့မှောက်တွင် ပထမဦးစွာ ဘတ်စကတ်ဘောလုံးတစ်လုံးကို လက်ညှိုးပေါ်တွင်တင်ပြီး ဘောလုံးကို မြန်မြန်လည်အောင် လှည့်လိုက်ပါသည်။ ယင်းနောက် လည်ပတ်မှုအရှိန်ရလာသည့် ဘောလုံးအား ပါးစပ်တွင် ကိုက်ထားသည့် သွားတိုက်တံပေါ်တင်ကာ ဘောလုံးအရှိန် ကုန်သည်အထိ ဟန်ချက်ညီထိန်းထားနိုင်သည့် သရုပ်ပြသမှုကို တင်ဆက်သွားခဲ့ပါသည်။ ထိုသို့ ပြသသွားသည့်အချိန်သည် ၅၃စက္ကန့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပွဲအပြီးတွင် ၎င်းအား ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်း အပ်နှင်းပေးခဲ့ပါသည်။



လက်တစ်ဖက်တည်းဖြင့် နောက်ပြန်ကျမ်းထိုးပြနိုင်သူ

ဇူလိုင်လ ၇ ရက်က ထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ နောက်ပြန်ကျမ်းထိုးပြနိုင်သူ တောင်အာဖရိကနိုင်ငံသား တန်ဘီဆာ၏ အံ့ဖွယ်စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ပုံတွင်မြင်တွေ့ရသည့်အတိုင်း တန်ဘီဆာသည် ဂင်းနက်စ်အဖွဲ့မှ တာဝန်ရှိသူများ၊ ပရိသတ်များ၏ ရှေ့မှောက်တွင် ၎င်း၏ လက်ယာဘက် လက်တစ်ဖက်တည်းဖြင့် နောက်ပြန် ကျမ်းထိုးပြသသည့်တင်ဆက်မှုကို တင်ဆက်သွားပါသည်။ ထိုသို့ တင်ဆက်ပြသရာတွင် တန်ဘီဆာသည် ၃၀စက္ကန့်အတွင်း ယာဘက်လက်တစ်ဖက်တည်းဖြင့် နောက်ပြန်ကျမ်းထိုး အကြိမ်အရေအတွက် ၃၄ကြိမ်တိတိကို ဟန်ချက်ညီစွာဖြင့် အောင်မြင်စွာ သရုပ်ပြသသွားနိုင်ခဲ့ပါသည်။ အသက် ၂၆နှစ်အရွယ်ရှိ တန်ဘီဆာအနေဖြင့် ထိုသို့ သရုပ်ပြသနိုင်ရန်အတွက် အသက် ၁၀နှစ်သားကတည်းက လေ့ကျင့်ခဲ့ပါသည်။ ထိုစဉ်က လက်နှစ်ဖက်ဖြင့် နောက်ပြန်ကျမ်းကို လေ့ကျင့်ခဲ့သော်လည်း ၁၃နှစ်သားအရွယ်တွင် လေ့ကျင့်ရင်း ဝဲဘက်လက်မှာ ချော်ပြီးထောက်မိရာက လက်ကျိုးသွားခဲ့ရပါသည်။ လက်ပြန်ကောင်းပြီး ပြန်လည်လေ့ကျင့်ချိန်တွင် ပုံမှန်လေ့ကျင့်မှုကို မရရှိတော့သဖြင့် နောက်ဆုံးလက်တစ်ဖက်တည်းဖြင့် လေ့ကျင့်ခဲ့ရာမှ ယခုလို အောင်မြင်ခဲ့ရခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ပွဲအပြီးတွင် တန်ဘီဆာအား ဂင်းနက်စ်မှတ်တမ်းဝင်အဖြစ် အသိအမှတ်ပြုလက်မှတ်ကို တစ်ပါတည်းအပ်နှင်းပေးခဲ့ပါသည်။



ခုထပ်ကွမ်း ဂင်းနက်စ်မှတ်တမ်းဝင် ပုဂ္ဂိုလ်

ဇူလိုင်လ ၄ ရက်ကထုတ်ပြန်သည့် ဂင်းနက်စ်မှတ်တမ်းသတင်းအရ ပါကစ္စတန်နိုင်ငံသားဖြစ်သူ မူဟာမက်ရာရှစ်၏ စွမ်းရည်ကလည်း ဂင်းနက်စ်မှတ်တမ်းဖြစ်ခဲ့ရပါသည်။ မူဟာမက်ရာရှစ်ဆိုသူသည် မတ်လအတွင်းက ၎င်း၏ တံတောင်ဆစ်စွမ်းအားဖြင့် စက္ကန့် ၃၀အတွင်း ဘီယာဗူး ၇၃ ဗူးအား ဖောက်ခွဲပြသနိုင်ခဲ့အတွက် ဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ်ကိုရရှိခဲ့သလို မေလအတွင်းကလည်း မူဟာမက်ရာရှစ်က ၎င်း၏ ဦးခေါင်းဖြင့် တစ်မိနစ်အတွင်း အုန်းသီးစိမ်း ၃၅လုံးကို ထုခွဲသွားနိုင်ခဲ့သည့်အတွက် နှစ်ထပ်ကွမ်းဂင်းနက်စ်မှတ်တမ်းဝင် အသိအမှတ်ပြုလက်မှတ် ရရှိထားသူလည်းဖြစ်ပါသည်။



ယခုလည်း ၎င်း၏ရှေ့တွင် ခင်းကျင်းထားသည့် သတ္တုအချိုရည်ဗူး ၂၉ဗူးကို ကြက်ဥအစိမ်းကိုင်ထားသည့်လက်ဖြင့် ဖောက်ခွဲခဲ့ရာ ကြက်ဥမှာမကွဲပဲ အကောင်းအတိုင်း ရှိနေသည့် သရုပ်ပြသမှုကို ပြသသွားနိုင်ခဲ့ပါသည်။ ပြသသွားသည့်အချိန်မှာ ၃၀စက္ကန့်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မူဟာမက်ရာရှစ်သည် ပွဲအပြီးတွင် ခုထပ်ကွမ်း ဂင်းနက်စ်မှတ်တမ်းဝင်ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။

ကိုခန့်(သုတေသန)

Source:Guinnes WorldRecords.com

ကမ္ဘာကြီးအဆုံးမှာ

(စာပေဗိမာန်စာမျက်ဆုံ)

ထင်ရှားစာသင်ခန်းတက်

နေ့လယ်ပိုင်းအချိန်သာဖြစ်၍ ကျွန်တော့်ဆိုင် လူမစည်သေးပါ။ သုံးလေးဦးသာ ဆိုင်သို့ရောက်ရှိ စားသောက်နေကြသည်။ ကျွန်တော့်ကောင်တာနှင့် အနီးဆုံးစားပွဲတွင် လူရွယ်တစ်ဦး စားသောက်နေသည်။ ထို လူရွယ်မှာ လူစိမ်းဖြစ်ဟန်တူသည်။ လာနေကျ ဖောက်သည်မဟုတ်ပေ။ ကျွန်တော့်ဆိုင်သို့ လာရောက်စားသောက်သည်မှာ သုံးလေးကြိမ်ခန့်သာ ရှိသေးသည်ဟု ထင်မိသည်။ လာရောက်စားသောက်တိုင်း ကောင်တာနှင့် အနီးဆုံးစားပွဲတွင်သာ ထိုင်လေ့ရှိသည်။



ထိုအခိုက်မှာပင် ကိုဘအောင်တို့ လင်မယား နှစ်ဦးစလုံး ဆိုင်အတွင်းသို့ ဝင်လာသည်။ ကိုဘအောင်တစ်ဦးတည်းသာ လာလေ့ရှိသော်လည်း ယခု သူဖနီးပါလိုက်လာသဖြင့် အံ့သြနေမိသည်။ အံ့သြသော်လည်း ထုံးစံအတိုင်း အရောင်းကောင်တာမှ အရက်ရောင်းသူကို ခေါင်းညိတ်ပြလိုက်သည်။ အရက်ရောင်းသူက အရက်တစ်ပိုင်း ထည့်ထားသော ပုလင်းကို ကျွန်တော့်ငွေသိမ်းကောင်တာပေါ် လာတင်ပေးသည်။

''ဒီနေ့ အိမ်မှာ ဧည့်သည်တစ်ယောက် တိုးလာလို့ တစ်လုံးပေးပါလား အထွန်း''

''ဟာ...ဒါတော့်မဖြစ်ဘူး၊ တစ်ပိုင်းပဲ ရောင်းပေးဖို့ သတ်မှတ်ထားတာလေ''

''ဦနှစ်ယောက်အတွက်ဆို လောက်ပါတယ်၊ ဒီနေ့မှ ဧည့်သည်တစ်ယောက်တိုးလာလို့ပါ။ မင်းမယုံမှာစိုးလို့ အနှင်းကိုပါ ဝါခေါ်လာတာ''

''ဟုတ်တယ် မောင်ထွန်း၊ ဧည့်သည်ထပ်တိုးလာလို့ တစ်လုံးရောင်းပေးဖို့ အဒေါ်လိုက်လာတာပါ၊ သမီးလာတော့ ကျသလောက် ရှင်းပေးမှာပါ''

''မဖြစ်လို့ပါ ဒေါ်ဒေါ်၊ ချိုချိုလာပြီး ကျသလောက် ရှင်းပေးနေကျပေမယ့် တစ်ပိုင်းထက် ပိုမရောင်းဖို့မှာထားလို့ပါ၊ တစ်ပိုင်းပဲ ယူသွားပါနော်''

''ဒါဆိုလဲ တစ်ပိုင်းပဲပေးတော့၊ လာအနှင်း သွားကြစို့''

ကိုဘအောင်က မကျေနပ်သည့် ဟန်ပန်ဖြင့် အရက်ပုလင်းယူကာ ဆိုင်ထဲမှ ထွက်သွားသည်။ ဤကိစ္စကြုံနေကျမို့ ကျွန်တော်က အလေးမထားခဲ့သော်လည်း ကျွန်တော့်ကောင်တာအနီးထိုင်နေသည့် လူရွယ်က စိတ်ဝင်စားသွားဟန်တူသည်။

''မသိလို့မေးပါရစေ၊ ခုနက လင်မယားနှစ်ယောက်စလုံး အရက်သောက်ကြတာလား''

''ဟုတ်တယ်၊ နှစ်ယောက်စလုံး သောက်ကြတာ၊ မိန်းမဖြစ်သူကပါ အရက်စွဲနေပြီ''

''အရက်ဝယ်ပြီး ပိုက်ဆံပေးသွားတာလည်း မတွေ့ဘူး၊ တစ်လုံးတောင်းဝယ်တာလည်း တစ်ပိုင်းပဲရောင်းလိုက်တယ်၊ နည်းနည်းထူးနေလို့ မေးကြည့်တာပါ''

''ငါ့ညီက ဒီဆိုင်လာတာ မကြာသေးတော့ ကိုဘအောင်တို့လင်မယားအကြောင်း ဘယ်သိပါ့မလဲ၊ သူတို့အကြောင်း ဒီရပ်ကွက်ကလူတွေအားလုံးလိုလို သိကြတာ''

''ကျွန်တော်က လူသစ်ပါ၊ ဟိုဘက်လမ်းထဲပြောင်းလာတာမကြာသေးဘူး''

''ဩော် ဒါကြောင့် ငါ့ညီက ကိုဘအောင်တို့ လင်မယား မိသားစုအကြောင်း မသိသေးတာကို၊ သူတို့လင်မယား အရက်စွဲနေကြပြီ။ ဘယ်လိုမှ ပြောလို့မရတဲ့အဆုံး တစ်ရက်ကို တစ်ပိုင်းပဲသောက်ဖို့ သမီးနှစ်ယောက်က သတ်မှတ်ခွင့်ပြုထားခဲ့တာ''

''ဘယ်လို၊ သမီးနှစ်ယောက်က အဖေနဲ့အမေကို အရက်တစ်နေ့တစ်ပိုင်းသောက်ဖို့ ခွင့်ပြုထားတယ် ဟုတ်လားအစ်ကို''

အဆက်အဆံများလာတယ်၊ တစ်ခါတလေ အပေါင်းအသင်းတွေနဲ့ မသောက်ရင်မဖြစ်၊ ဘယ်လိုမှ ငြင်းလို့မရတဲ့အခါမှာ နည်းနည်းပါးပါး မိတ်ဖြစ်ဆွေဖြစ် သောက်ရတာပေါ့

''ဟုတ်တယ် မိဘနှစ်ပါးစလုံး အရက်စွဲနေပြီး ဘယ်လိုမှပြောလို့မရတော့လို့ တစ်ရက်ကို အရက်တစ်ပိုင်းပဲသောက်ဖို့ ခွင့်ပြုထားတာ၊ ဆိုင်မှာမသောက်ရဘူး၊ အိမ်မှာပဲသောက်ရတယ်၊ အရက်ကိုလည်း ဒီဆိုင်မှာပဲဝယ်ရတယ်၊ ကျသလောက်ငွေကို သမီးနှစ်ယောက်က နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ လာရှင်းပေးတယ်''

''တော်တော်လိမ္မာတဲ့သမီးတွေပါလား၊ အစ်ကိုက သူတို့မိသားစုနဲ့ တော်တော်ရင်းနှီးတယ်ထင်တယ်''

''သိပ်ရင်းနှီးတာပေါ့၊ အစတုန်းက အစ်ကို့အိမ်ဘေး ကပ်လျက်အိမ်မှာ သူတို့မိသားစုငှားနေကြတာ၊ ခုတော့ အိုးပိုင်အိမ်ပိုင်ဖြစ်နေပြီ၊ သမီးနှစ်ယောက်လည်း ဘွဲ့ရပညာတတ်တွေဖြစ်နေပြီ၊ အလုပ်ကိုယ်စီနဲ့ပေါ့၊ အငယ်မက ဘီအီးဘွဲ့ရထားတာ၊ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်လုပ်နေတယ်''

''သမီးတွေက ဘွဲ့ရပညာတတ်တွေ ဖြစ်နေပါလျက်နဲ့ မိဘနှစ်ပါးစလုံး အရက်စွဲနေတာ ရင်နာစရာပဲ၊ ယောကျ်ားဖြစ်သူ အရက်သောက်တာ အကြောင်းမဟုတ်ပေမယ့် မိန်းမဖြစ်သူကပါ အရက်သောက်တာ သမီးတွေမတားကြဘူးလား၊ မအေဖြစ်သူကပါ ဘယ်လိုဖြစ်ပြီး အရက်စွဲသွားရတာလဲ''

''ငါ့ညီလည်း အစ်ကိုတို့ရပ်ကွက်ထဲပြောင်းလာပြီဆိုတော့ အစ်ကို့ဖောက်သည်ဖြစ်သွားပြီပေါ့၊ ကိုဘအောင်တို့မိသားစုအကြောင်း စိတ်ဝင်စားရင်ပြောပြမယ်၊ လူပါးနေတုန်းမို့ စကားပြောနိုင်တာ၊ အစ်ကိုက အိမ်ချင်းကပ်လျက်နေခဲ့တော့ သူတို့မိသားစုအကြောင်း ကောင်းကောင်းသိတာပေါ့''

''ဒါဆိုလည်း ပြောပြပါလား အစ်ကို''

''ကိုဘအောင်ဟာ ခုဆို အသက်

အလုပ်ပိုင်ရှင်သူဌေးဆီရောက်သွားတော့တယ်၊ ငွေကြေးပိုင်းဆိုင်ရာလျော့နည်းကွာဟမှုတွေဖြစ်လာတယ်၊ နောက်ဆုံးအလွဲသုံးမှုတွေဖြစ်လာတယ်၊ သူဌေးက တခြားလူယုံတပည့်တွေထားခဲ့တာပဲ၊ စာရင်းစစ်တွေနဲ့ငွေစာရင်းပစ္စည်းတွေစစ်ဆေးလိုက်တော့ ငွေတွေသိန်းချီပြီးလျော့နေတာ ပေါ်လာတယ်၊ မလျော်နိုင်မှန်းသိလို့ သူဌေးကအရေးမယူပေမယ့် အလုပ်က ထုတ်ပစ်လိုက်တော့တယ်၊ ဘဝတက်လမ်းအားလုံး အရက်ကြောင့် ပျက်စီးသွားတဲ့သူပေါ့၊ အဲဒီအချိန်တုန်းက သမီးအငယ်ကရှစ်တန်း၊ အကြီးမက ဆယ်တန်းပဲ ရှိသေးတယ်''

''အစ်ကိုပြောတာစိတ်ဝင်စားဖို့ကောင်းတယ်၊ ဆက်ပြောပါဦး''

''အလုပ်ပြုတ်သွားတော့ လင်ယောကျ်ားတစ်ဦးတည်းရဲ့ဝင်ငွေကို မှီခိုနေရတဲ့ မိသားစုလည်း ဒုက္ခရောက်ရတော့တာပေါ့၊ ဒါပေမဲ့ မိန်းမသားတွေဖြစ်တဲ့ မယားနဲ့ သမီးနှစ်ယောက်က ဘဝကိုအရှုံးမပေးပဲ ကြိုးစားရုန်းကန်ခဲ့ကြတယ်၊ ဒေါ်နှင်းက လမ်းထိပ်ထွက်ပြီး မုန့်ဟင်းခါးရောင်းတယ်၊ ဆယ်တန်းအောင်သွားတဲ့ သမီးအကြီးမက အိမ်မှာကလေးတွေကိုကျူရှင်ပြရင်း ကျောင်းဆက်တက်တယ်၊ အငယ်မကလည်း ကျောင်းဆက်တက်ပြီး အမေနဲ့အစ်မကို ကူညီတယ်၊ ဒါပေမဲ့ ကိုဘအောင်ဟာ အရက်သမားလုံးလုံးဖြစ်သွားပြီ၊ အရက်ကို မသောက်ရမနေနိုင်အောင်စွဲနေပြီ၊ မယားတားလည်းမရ၊ သမီးတွေတားလည်းမရနဲ့ဖြစ်လာတယ်၊ နောက်ဆုံး မိန်းမရဲ့ မုန့်ဟင်းခါးဆိုင်ဝင်ငွေဟာ အိမ်စရိတ်မဖြစ်ဘဲ ကိုဘအောင် အရက်ဖိုးဖြစ်လာတယ်၊ အရက်ဖိုးမရရင် မုန့်ဟင်းခါးဆိုင်မှာတင် သောင်းကျန်းတော့တာပဲ၊ လူရှေ့သူရှေ့မရှောင်တော့ဘူး၊ ဒီလိုနဲ့ အရှက်ကွဲပေါင်းများလာတော့ မိန်းမဖြစ်သူဟာ မုန့်ဟင်းခါးဆိုင်မထွက်ရဲတော့ဘူး၊ ထပ်ပြီး အရှက်ကွဲမှာစိုးလို့ အဖေဖြစ်သူကို အိမ်မှာပဲသောက်ဖို့ တောင်းပန်ထားကြတယ်''

''နေပါအုံး၊ ကျွန်တော်ဖြတ်မေးတယ်လို့ မထင်ပါနဲ့၊ အဲဒီအဒေါ်က ဘယ်လို အရက်သမားဖြစ်သွားရတာလဲ''

''ပြောမယ်၊ ဒေါ်နှင်းအရက်သမားဖြစ်သွားရတာလဲ သူ့လင်ကြောင့်ပဲ၊ ဒေါ်နှင်း အရက်သမားဖြစ်သွားရပုံက ဒီလိုပါ''

✦ ✦ ✦ ✦ ✦ ✦

''ရှင်ခုလို နေ့တိုင်း အရက်သောက်နေတာ သမီးတွေကို မသနားဘူးလား၊ ရှင့် အရက်ဖိုး နေ့တိုင်းရှာပေးနေရတဲ့သမီးကြီးကို မငဲ့ညှာတော့ဘူးလား''

''ဆိုင်မှာ သွားမသောက်ပါနဲ့၊ အိမ်မှာပဲ သောက်ပါဆိုလို့ သောက်နေတာ၊ သမီးတွေ စကားနားထောင်လို့ပေါ့၊ ကြားထဲက မင်းဘာဖြစ်နေတာလဲ၊ သမီးတွေနဲ့ဖအေကြားမှာ ဝင်မရှုပ်ပါနဲ့''

''ဝင်ရှုပ်တာမဟုတ်ဘူး၊ ရှင့်ကြောင့် ကျွန်မမုန့်ဟင်းခါးဆိုင်လေးဖြုတ်လိုက်ရတာ ရှင်အသိပဲ၊ ကျွန်မက အလုပ်လုပ်နေရမှ စားလို့အိပ်လို့ကောင်းတာ၊ ခုအလုပ်မရှိတော့ ညဘက်နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့မပျော်၊ စားလို့မဝင်နဲ့ နေထိုင်ရတာမကောင်းဘူး၊ ပြီးတော့ ဝင်ငွေမရှိတော့ ငွေမကိုင်ရဘူးဖြစ်နေတယ်''

''ငါလည်းငွေမကိုင်ရပါဘူး၊ စားလို့အိပ်လို့ ကောင်းချင်ရင်တော့ ထမင်းမစားခင် တစ်ခွက်လောက် သောက်ကြည့်ပါလား၊ သောက်ပြီးရင်စားလို့ကောင်း အိပ်လို့ကောင်းတာ သိလာလိမ့်မယ်''

''သမီးတွေ မသိစေရပါဘူး၊ မင်းထမင်း စားမကောင်းဘူးဆိုလို့ တိုက်တာပါ၊ မင်းသောက်ရင် ငါ့ရှယ်ယာတောင် လျော့သွားဦးမယ်၊ ရော့ပါ၊ တစ်ငုံလောက်ပဲ သောက်ကြည့်ပြီးတော့ထမင်းစား၊ သောက်ပြီးရင် ထမင်းစားကောင်းတာ သိလာလိမ့်မယ်''

ဒေါ်နှင်းအိမ်ရှေ့ဘက်သို့ လှမ်းကြည့်လိုက်သည်။ အိမ်ရှေ့တွင် ကလေးများစာအံသံ ဆူညံနေသည်။ သမီးနှစ်ယောက်က စာသင်ရင်းအလုပ်ရှုပ်နေသည်။ ဒေါ်နှင်းက ယောကျ်ားကမ်းသော အရက်ခွက်ကိုယူကာ ကပျာကယာ မော့သောက်လိုက်သည်။ အရက်က လည်ချောင်းထဲ ထူပူရှိန်းမြစ္စာစီးဝင်သွားသည်။ ပထမဦးဆုံးသောက်ဖူးခြင်းမို့ ကြက်သီးမွေးညင်းများပင် ထလာခဲ့ရသည်။ တစ်ငုံဆိုသော်လည်း တစ်ခွက်လုံးဖြစ်သွားသည်။ ရီဝေဝေဖြစ်လာသည်။ ပြီးနောက် လင်မယားနှစ်ယောက်ထမင်းစား



ကြသည်။ ထိုနေ့က ထမင်းစားကောင်းခဲ့သည် မကောင်းသည်ကို ဒေါ်နှင်းမသိတော့ပါ။ စောစီးစွာအိပ်ရာဝင်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားပါတော့သည်။ နောက်တစ်နေ့ နံနက်စောစော ပုံမှန်အိပ်ရာထချိန်တွင် မထနိုင်ဖြစ်နေခဲ့သည်။ အိပ်ရာမှ မထချင်သေးသော်လည်း သမီးများရိပ်မိသွားမည်စိုး၍ လူးလဲထကာ အိမ်အလုပ်များကို ဟန်မပျက် ဆက်လက်လုပ်နေလိုက်သည်။

''မနေ့က စားလို့ကောင်းရဲ့လား''

''ကောင်းတယ်လို့တော့ ထင်တာပဲ၊ ရီတီတီမူတူးတူးနဲ့ စားရတာဆိုတော့''

''ခါတိုင်းနေ့တွေထက် ပိုစားပါတယ်၊ ပြီးတော့ အစောကြီးအိပ်ရာဝင်သွားတယ်၊ အိပ်လို့ရောကောင်းရဲ့လား''

''တချို့တည်းအိပ်လိုက်တာ၊ ကျွန်မ နိုးတော့ မိုးလင်းနေပြီ''

''ဟုတ်ပါရဲ့ မျက်ခွံတောင်မို့နေပါလား၊ တစ်ခွက်လောက်သောက်လိုက်ရုံနဲ့ စားလို့ အိပ်လို့ကောင်းတာ မင်းယုံပြီမဟုတ်လား၊ ဒီညနေဆက်သောက်လိုက်ဦး၊ ငါဆိုင်သွားရင် မင်းအတွက်ပါ ပိုဝယ်လာခဲ့မယ်''

''ဟာ–ဒီလိုတော့ မဖြစ်ဘူးထင်တယ်၊ သမီးတို့က တစ်ပိုင်းပဲရောင်းပေးဖို့ ဆိုင်ကို မှာထားတာ၊ တစ်ပိုင်းထက်ပိုဝယ်လို့မရဘူးလေ၊ ကျွန်မတို့မှ ငွေမကိုင်ရတာ၊ ဘယ်လိုပိုဝယ်မှာလဲ၊ ဟင်းချက်စရာက အိမ်အတွက်လိုအပ်တာတွေ သမီးကြီးကပဲ စိမ်ဆောင်ရွက်ပေးနေတာ၊ သိသွားလို့မကောင်းဘူး၊ ကျွန်မသောက်တာ တစ်ငုံသာသာရယ်''

''မင်းပြောတာလဲဟုတ်တာပဲ၊ ငါ့ရှယ်ယာထဲက မင်းကိုတိုက်ပါ့မယ်''

''ရှင့်ပါးစပ်လည်း ပိတ်ထားနော်၊ ကျွန်မသောက်တာ သမီးတွေရှေ့ ယောင်လို့မှ စကားမဟနဲ့နော်''

''အေးပါကွာ၊ ငါသိပါတယ်''

✦ ✦ ✦ ✦ ✦ ✦

''အဲဒီလို စားလို့အိပ်လို့ကောင်းဖို့ အကြောင်းပြချက်တွေနဲ့ တစ်ငုံတစ်ခွက် သောက်ရာကအစ ဒေါ်နှင်း အရက်စွဲသွားတော့တာပဲ''

''သမီးတွေက မတားကြဘူးလား''

''ပထမတော့ သမီးတွေက မရိပ်မိဘူးလေ၊ ဖအေအရက်သမားကို မအေကပြုစုနေတာပဲလို့ ထင်နေကြတာ၊ ဆိုင်မှာ သွားသောက်တာမဟုတ်တော့ မသိကြဘူးပေါ့၊ ညနေဘက် အမေဖြစ်သူ မူပျက်နေတာတွေ့ရလို့ မသင်္ကာဖြစ်ပြီး အဖေအရက်သောက်ချိန် ခိုးကြည့်မိကြတာ၊ အဲဒီတော့မှ မအေဖြစ်သူပါ အရက်သောက်နေတာတွေ့ရတော့တာ၊ သမီးတွေသိတဲ့အချိန်မှာ မအေဖြစ်သူ ဒေါ်နှင်းဟာ အရက်မသောက်ရမနေနိုင်တဲ့အဆင့်ကိုရောက်နေပြီ၊ သမီး နှစ်ယောက်က ငိုကာယိုကာနဲ့ မိဘနှစ်ပါးကို တောင်းပန်လိုက်ကြတာ၊ ဒါပေမဲ့ အရက်မသောက်ဖို့ကို ဘယ်လိုမှတောင်းပန်လို့ မရခဲ့ဘူး၊ တားလို့မရတဲ့အဆုံး စည်းကမ်းနဲ့ သောက်ခွင့်ပြုခဲ့ကြတာ''

''အရက်သောက်ရာမှာ စည်းကမ်းရှိသေးလို့လား၊ ဘယ်လိုစည်းကမ်းနဲ့သောက်ခွင့်ပြုတာလဲ''

''စောစောကပြောခဲ့ပြီးပြီလေ၊ ဒီဆိုင်မှာပဲ အရက်ဝယ်ပြီးအိမ်မှာပဲသောက်ရတယ်၊ ကျသင့်သလောက် သမီးနှစ်ယောက်ကလာရှင်းပေးတယ်၊ ပိုက်ဆံမကိုင်ရတော့ တခြားဆိုင်မှာဘယ်လိုအရက်ဝယ်မလဲ၊ သမီးတွေရဲ့စည်းကမ်းလိုက်နာရတော့တာပေါ့၊ ဒါပေမယ့် တစ်နေ့တစ်ပိုင်းထက် ပိုမသောက်ရဘူး၊ စောစောက တွေ့လိုက်တယ်မဟုတ်လား၊ ညည့်သည်ရောက်နေလို့ဆိုပြီး တစ်လုံးရောင်းပေးဖို့တောင်းဆိုကြတာ၊ လင်မယားနှစ်ယောက်စလုံး အရက်စွဲနေပြီလေ''



''အဖေရော အမေရော အရက်သမားဖြစ်နေတာတောင် သမီးနှစ်ယောက်က ဘွဲ့ရပညာတတ်တွေ ဖြစ်ခဲ့ကြတယ်နော်''

''လူကံကြမ္မာဟာ အကောင်းနဲ့အဆိုးဒွန်တွဲနေတာသိပ်မှန်တာပဲ၊ မိဘနှစ်ပါးစလုံး အရက်သမားတွေဖြစ်နေလို့ အရှက်တွေ၊ ဒုက္ခတွေနဲ့ နပန်းလုံးနေရပေမယ့် သမီးနှစ်ယောက်လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ရှန်းကန်ခဲ့ကြတယ်၊ စိတ်ဓာတ်မခိုင်မာတဲ့ မိန်းကလေးတွေသာဆိုရင် လမ်းဘေးရောက်သွားလောက်ပြီ၊ အဲဒီအချိန်မှာ ကိုဘအောင်မိခင် ကွယ်လွန်ခဲ့တယ်၊ ကိုဘအောင်ဟာ ငယ်ငယ်လေးကတည်းက အဖေမရှိတော့တာ၊ အမေသေတော့ တစ်ဦးတည်းသောသားဖြစ်တဲ့ ကိုဘအောင်ဟာ အမေပိုင်တဲ့ အိမ်ကို အမွေရလိုက်တယ်၊ အဲဒီအိမ်က ဒီရပ်ကွက်ထဲမှာပဲ ဟို–ဆယ့်ငါးလမ်းထိပ်က အိမ်ပေါ့၊ အဲဒီအချိန်မှာ သမီးကြီးက ဒုတိယနှစ်ဖြေပြီးပြီ၊ အငယ်မကလဲ ဆယ်တန်းအောင်တယ်၊ ငွေကြေးအမွေမရပေမယ့် အိမ်တစ်လုံးပိုင်ဆိုင်ခဲ့တယ်၊ အိမ်ပိုင်ရှင် ဖြစ်လာတော့ အိမ်လခ၊ အိမ်စပေါ်ငွေပေးစရာမလိုတော့ဘူးပေါ့၊ အရင်ကထက်စာရင် ပိုပြီးချောင်လည်လာတယ်၊ သမီးတွေကျူရှင်သင်တာလည်းပိုပြီး လူသိများလာတယ်၊ အောင်မြင်လာတယ်၊ သမီးနှစ်ယောက်စလုံး ကျူရှင်ပြပြီး အိမ်စရိတ်၊ ကျောင်းစရိတ်ရှာခဲ့ကြရတာ၊ အနေအထိုင်လည်း ပိပိရိရိရှိတယ်၊ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ကြိုးစားခဲ့ကြတယ်၊ အရက်သမားသမီးမို့ ပတ်ဝန်းကျင်ကလည်း ကဲ့ရဲ့နေကြတာ၊ ဒါတွေကိုလည်း သည်းခံကျော်လွှားပြီး နောက်ဆုံး ဘွဲ့ရအောင် ပညာဆက်သင်နိုင်ခဲ့တယ်၊ အခုဆို သမီးကြီးဟာ စီးပွားရေးဘွဲ့သာမက ကွန်ပျူတာလည်း ကျွမ်းတယ်၊ အယ်လ်စီစီအိုင်လည်း လယ်ဗယ်အောင်ပြီးပြီ၊ Speaking လည်း တက်ခဲ့ပြီးပြီ၊ အစ်မဖြစ်သူက ညီမဖြစ်သူကိုလည်း ပညာတတ်ဖြစ်အောင် ပံ့ကိုင်ပေးခဲ့တယ်၊ ဦးဆောင်လမ်းပြခဲ့တယ်၊ ဒါကြောင့် အငယ်မလည်း အင်ဂျင်နီယာဖြစ်ခဲ့တယ်၊ နှစ်ယောက်

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေစဉ်မှာပင် သောက်စားနေသူများ ဆိုင်အဝင်ဝသို့ ကြည့်လိုက်ကြသည်ကို သတိထားမိလိုက်သည်။

စလုံး အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေကြပြီ''

''ကလေးမလေးနှစ်ယောက်အကြောင်း ကြားရတာ ဂုဏ်ယူစရာပဲ''

''မိဘကျေးဇူးလည်းသိတတ်လိုက်ကြတာ၊ အရက်သမားတွေဖြစ်နေပေမယ့် တစ်ချက်လေးမှ မငြူစူကြဘူး၊ အရက်ဖြတ်ဖို့ ဘယ်လိုမှပြောလို့မရတဲ့အဆုံး မိဘစိတ်ချမ်းသာအောင် ခုလိုစီစဉ်ခဲ့ကြတာ''

''လူချင်းမတွေ့ဖူးပေးမယ့် အဲဒီကလေးမနှစ်ယောက်ကို ကျွန်တော်လေးစားသွားပြီ''

ကျွန်တော်တို့နှစ်ယောက်စကားကောင်းနေစဉ်မှာပင် သောက်စားနေသူများ ဆိုင်အဝင်ဝသို့ ကြည့်လိုက်ကြသည်ကို သတိထားမိလိုက်သည်။ ချောမောလှပသော မိန်းမပျိုတစ်ဦးဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

''ဩော် ချိုချိုပါလား။ ဒီနေ့ပြန်လာတာ စောသားပဲ''

''ဟုတ်တယ် ဦးလေးထွန်း၊ ဒီနေ့ အလုပ်သိမ်းတာစောလို့ပါ၊ ဒါနဲ့ အဖေဝယ်ထားတဲ့ အရက်ကြေးဘယ်လောက်ရှိသွားပြီလဲ၊ ကျွန်မရှင်းပေးခဲ့မယ်''

''စောစောကပဲ လင်မယားနှစ်ယောက် စလုံးအတူလာပြီး အရက်ဝယ်ကြသေးတယ်''

''ဘာ...မေမေပါ အရက်ဆိုင်လိုက်လာတယ် ဟုတ်လား''

''ဟုတ်တယ်ချိုချို၊ ဇည့်သည်တစ်ယောက် ရောက်လာလို့ဆိုပြီး အရက်တစ်လုံးရောင်းပေးဖို့ လာပြောကြတာ၊ ဦး မရောင်းလိုက်ပါဘူး၊ တစ်ပိုင်းပဲပေးလိုက်တယ်''

''ကျွန်မတောင်းပန်ပါတယ်၊ တစ်နေ့ကို တစ်ပိုင်းထက်ပိုမရောင်းပါနဲ့နော်''

''စိတ်ချပါချိုချို၊ မှာထားတဲ့အတိုင်းသာ ရောင်းမှာပါ၊ ဒါနဲ့ အဖေနဲ့အမေကို အရက်ပြတ်အောင် မလုပ်နိုင်တော့ဘူးလား''

''ဦးလေးထွန်းသိပါတယ်၊ ဘယ်လိုမှ ပြောလို့မရတော့တာ၊ မိဘနှစ်ပါးလုံးအရက်စွဲနေလို့ ကျွန်မတို့ညီအစ်မ ဘယ်လောက် ထိခိုက်ကြေကွဲခံစားရတယ်ဆိုတာ ဦးလေးထွန်းအသိပဲ၊ မတတ်သာလွန်းလို့ပါ၊ အလွန်အကျွံမဖြစ်အောင်ကိုပဲ ထိန်းနေရတာ၊ မိဘစိတ်ချမ်းသာအောင် ထားခြင်းဟာလည်း တစ်နည်းအားဖြင့် ကျေးဇူးဆပ်ခြင်းပဲလို့ ကျွန်မထင်တယ်၊ တစ်ပိုင်းထက်ပိုမရောင်းပါနဲ့''

''အေးပါ ပိုမရောင်းပါဘူး၊ ရော့ ဒီမှာ ကိုဘအောင် ဝယ်ထားတဲ့စာရင်း''

ချိုချိုက ကျသင့်ငွေအားလုံး ရှင်းပေးသည်။

''အဖေတို့ ဘယ်လိုပဲပြောပြော၊ ဘယ်နည်းနဲ့အကြောင်းပြကြပါစေ၊ တစ်ပိုင်းထက်ပိုမရောင်းပါနဲ့၊ ကျန်းမာရေးကရှိသေးတယ်လေ၊ ဟင်းချက်စရာတွေဝယ်လာလို့ ပြန်အုံးမယ်''

ချိုချိုက ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်တောင်းပန်ပြီး ဆိုင်အတွင်းမှ ပြန်ထွက်သွားသည်။

''အစ်ကိုတို့ ပြောဆိုနေကြတာ ကျွန်တော် အားလုံးကြားရတယ်၊ ခုနက မိန်းကလေးဟာ စောစောက အရက်လာဝယ်တဲ့ လင်မယားရဲ့သမီးလား''

ကျွန်တော့်ကောင်တာအနီးတွင် ထိုင်သောက်နေသူ လူရွယ်က မေးလိုက်ခြင်းဖြစ်သည်။ စောစောက သူနှင့်ကျွန်တော် စကားကောင်းနေစဉ် ချိုချို ရောက်လာခြင်းဖြစ်သည်။

''ဟုတ်တယ် ငါ့ညီ၊ သူနာမည်က ချိုချိုတဲ့၊ စောစောကပြောပြတဲ့ မိသားစုရဲ့ သမီးကြီးပေါ့''

''တော်တော် ချောတယ်နော်၊ အိမ်ထောင်နဲ့လား''

''အပျိုပါ၊ မိဘတွေကြောင့် အိမ်ထောင် မပြုခဲ့ရသူပါ''

''ဘာလဲ၊ အရက်သမားမိဘတွေကို ပြုစုနေရလို့ အိမ်ထောင်မပြုတာလား''

''အဲဒီလိုမဟုတ်ဘူး၊ ချိုချိုလေးက မိဘကျေးဇူးသိတတ်ပြီး လိမ္မာရေးခြားရှိသလောက်၊ သနားဖို့သိပ်ကောင်းတဲ့ မိန်းကလေးပါ၊ ပြီးတော့ အတုယူအားကျဖို့လည်း ကောင်းတဲ့သူပါ၊ အပျိုဘဝနဲ့ ရှိနေသေးတာက သူ့မိဘကြောင့်ပဲ၊ သူအလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင် သူငွေးသားနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ သူရုပ်ရည်၊ သူ့ပညာအရည်အချင်းနဲ့ဆိုတော့ ကောင်လေးမိဘတွေက သဘောတူကြည်ဖြူခဲ့ကြတယ်''

''ဒါဆို သူတို့ ဘာလို့လက်မထပ်ကြသေးတာလဲ''

''ပြောပြမယ်၊ ကောင်လေးမိဘတွေ သဘောတူတော့ နှစ်ဘက်မိဘချင်း စကားပြောဖို့ ကောင်လေးဘက်က စီစဉ်တယ်၊ ဒီမှာတင် ချိုချိုခမျာ ဗျာများရတော့တာပဲ၊ လက်ထပ်မယ့်ကိစ္စ မိဘတွေကိုဖွင့်ပြောပြပြီး အရက်ဖြတ်ဖို့တောင်းပန်တယ်၊ တောင်းပန်တာမှ ငိုယိုပြီးတော့ကို တောင်းပန်တာ၊ ဒါပေမဲ့ သူ့ဆန္ဒမပြည့်ခဲ့ရှာပါဘူး၊ တဖြည်းဖြည်း မိဘတွေ အရက်ဖြတ်နိုးနိုးနဲ့ ချိုချိုက ကောင်လေးကို အချိန်ဆွဲထားတယ်။ ဒီဘက်မှာလည်း သူ့မိဘကို တောင်းပန်တိုးလျှိုးပြီး အရက်ဖြတ်ဖို့ နည်းမျိုးစုံနဲ့ကြိုးစားခဲ့တယ်၊ ဒီလိုနဲ့ အချိန်တွေကြာလာတယ်၊ တစ်နေ့တော့ မပြောမဆို နဲ့ ကောင်လေးတစ်ယောက်တည်း ချိုချိုတို့အိမ်ကိုရောက်လာတယ်၊ ချိုချို မိဘနဲ့တွေ့ရအောင်ပေါ့၊ ချိုချိုသူ့ကို ဘာကြောင့်အချိန်ဆွဲနေတာ သိချင်တာလဲ ပါတာပေါ့၊ ကောင်လေး အိမ်ပေါ်အရောက်မှာ အဖေနဲ့အမေ အရက်အတူတူထိုင်သောက်နေတာနဲ့ ပက်ပင်းတိုးခဲ့တယ်၊ ဖြစ်ချင်တော့ သမီးနှစ်ယောက်စလုံး အလုပ်သွားနေချိန်မို့ လွတ်လွတ်လပ်လပ်နဲ့ အိမ်ရှေ့ဧည့်ခန်းမှာ ထွက်သောက်မိလျက်သား ဖြစ်နေတယ်၊ ချိုချိုရဲ့ ရုပ်ရည်၊ ပညာတွေနဲ့ ဘယ်လိုမှ မစပ်ဟပ်တဲ့ဘဝအမှန်ကို တွေ့

သွားတယ်၊ ချိုချို ဘာကြောင့် အချိန်ဆွဲနေရတာကိုလည်း ရိပ်မိသွားတော့တယ်၊ ကောင်လေးက သူမိဘတွေကို အဖြစ်မှန် ပြန်ပြောပြလိုက်တယ်၊ အရက်သမား လင်မယားရဲ့သမီးနဲ့ ဘယ်လိုလုပ် သဘောတူနိုင်ပါ့မလဲ၊ အဆင့်အတန်းအခြေအနေ သိပ်ကို ကွာခြားနေရတဲ့အထဲ အရက်သမားမိဘတွေ ဖြစ်နေတော့ ပိုဆိုးသွားတော့တာပေါ့၊ ဒီမှာ တင်ပဲ ကောင်လေးဘက်က သဘောတူ တာတွေ ဖျက်သိမ်းပြီး နောက်ဆုတ်သွားခဲ့ တယ်၊ ချိုချိုခမျာလည်း အရှက်ရပြီး အဲဒီ ကုမ္ပဏီက အလုပ်ထွက်လိုက်ရတော့တယ်၊ တခြားကုမ္ပဏီတစ်ခုပြောင်းပြီး အလုပ်လုပ် ခဲ့တယ်၊ အဲဒီကတည်းက အိမ်ထောင်ရေးကို မစဉ်းစားတော့ဘဲ မိဘတွေကို ပြုစုစောင့် ရှောက်နေရှာတော့တာ''

''ကိုယ့်သမီးရော၊ ကိုယ့်မိသားစုပါ တစ်သက်လုံးကောင်းစားမှာကိုသိလျက်နဲ့ သိတတ်တဲ့ မိန်းကလေးမျိုးရှားပါတယ်၊ ပြီး တော့ ဘဝကိုအရှုံးမပေး၊ လက်မလျှော့ဘဲ ကြိုးစားခဲ့တာကိုလေးစားမိတယ်၊ မိန်းမသား ဖြစ်ပေမယ့် စိတ်ဓာတ်ကြံ့ခိုင်လိုက်တာ၊ သွား တော့မယ် အစ်ကို''

ကျွန်တော့်ကိုနှုတ်ဆက်ပြီး လူရွယ် ထွက်သွားသည်။ ညနေစောင်းလာသည်နှင့် လူစည်လာသည်။ စားသောက်မည့်သူများ တဖွဖွရောက်လာသည်။ ကျွန်တော်လည်း စကားပြောရန် အချိန်မပေးနိုင်တော့ပါ။

နံနက် ဆယ့်တစ်နာရီခန့်မှ ကျွန်တော် ဆိုင်ဖွင့်နေကျဖြစ်သည်။ နေမွန်းတည့်အချိန် တွင် ကိုဘအောင် နေ့စဉ်အရက်လာဝယ်နေ ကျဖြစ်သည်။ ကျွန်တော်ကလည်း အကြွေး စနစ်ဖြင့် အရက်တစ်ပိုင်းရောင်းချပေးနေမြဲ

အစ်ကို့ဆိုင်က အရက်လည်းမှန်တယ်၊ အမြည်းတွေလည်း ကောင်းတယ်၊ ဒီနေ့ အရက်လာသောက်တာ မူးချင်စိတ်တောင် ဘယ်ရောက်...

အရက်ကိုမစွန့်နိုင်တဲ့ မိဘတွေပါလားနော်''

''အရက်ဟာ ဒီလောက်တောင် ဆွဲ ဆောင်နိုင်ပါလားဆိုတာ ချိုချိုတို့မိသားစုက ပေးတဲ့ အသိတစ်ခုရခဲ့တယ်''

''ဟာ...အစ်ကိုက ဆိုင်ပိုင်ရှင်ဖြစ်ပြီး ဒီလိုစကားမျိုး ပြောရသလား၊ အစ်ကို့ဆိုင် က အရက်လည်းမှန်တယ်၊ အမြည်းတွေ လည်း ကောင်းတယ်၊ ဒီနေ့ အရက်လာ သောက်တာ မူးချင်စိတ်တောင် ဘယ် ရောက်သွားမှန်းမသိတော့ဘူး၊ အဖေနဲ့ အမေ သောက်ထားတဲ့ အရက်ဖိုးလာရှင်း သွားတဲ့ မိန်းကလေးကိုပဲ ကရုဏာသက်နေ မိတာ''

''ဘာလဲ...ငါ့ညီက ချိုချို့ကိုစိတ်ဝင် စားသွားပြီလား''

''စိတ်ဝင်စားတာထက် လေးစားတာ ဆိုရင် ပိုပြီးမှန်မယ်၊ မိဘကျေးဇူး ဒီလောက် ဖြစ်သည်။ ချိုချို သို့မဟုတ် အငယ်မတို့က သုံးလေးရက်တစ်ကြိမ် ငွေလာရှင်းပေးကြ သည်။ တစ်နေ့တွင် ကိုဘအောင်တို့ လင် မယားနှစ်ဦးစလုံး ဆိုင်သို့ရောက်လာကြ သည်။

''ဘာလဲ...ညည့်သည်ရောက်နေလို့ဆို ပြီး အရက်တစ်လုံးရောင်းပေးဖို့ လာပြော တာလား''

''မဟုတ်ပါဘူး အထွန်းရဲ့၊ ညည့်သည် ရောက်နေလို့ ဒီနေ့ အိမ်မှာသောက်လို့ မဖြစ် တော့ဘူး၊ ဆိုင်မှာပဲသောက်ဖို့လာခဲ့ကြတာ''

''ဟာ...ကျွန်တော် နားရှုပ်သွားပြီ၊ ဘယ်ကညည့်သည် ရောက်နေတာလဲ၊ ကိုဘ အောင်တို့ ညည့်သည်မဟုတ်ဘူးလား''

''ဒို့ညည့်သည်မဟုတ်ဘူး၊ သမီးအငယ် မရဲ့ ညည့်သည်ကောင်လေး ရောက်နေလို့ ပါ၊ ကောင်လေးက ရုပ်ရည်သန့်သန့်လေးနဲ့ လူရည်မွန်လေးလို့ ထင်ရတာပဲ''

''သမီးငယ်ပြောတော့ သူနဲ့ အလုပ် အတူတူလုပ်နေတဲ့ အင်ဂျင်နီယာပဲတဲ့၊ အိမ် ကို မရောက်ဖူးလို့ အလည်လိုက်လာတာတဲ့၊ ကျွန်မအထင် သမီးငယ်ရဲ့ ရည်းစားများဖြစ် နေမလား''

''တော်တော့၊ ဒီမိန်းမ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီလိုပါ အထွန်း၊ သမီးငယ်ရဲ့ ညည့်သည်ရှေ့မှာသောက်ဖို့ မသင့်တော်လို့ ဆိုင်ကိုလာခဲ့တာပါ၊ သမီး ကြီးတုန်းက ကြံခဲ့ပြီးပြီလေ၊ သမီးကြီးလိုမျိုး သမီးငယ်ကို မဖြစ်စေချင်ဘူးလေ၊ ဒို့က လည်း ဒီအချိန်ရောက်ရင် မသောက်ရမနေ နိုင် ဖြစ်နေလို့ပါ၊ ဟိုး...ချောင်ကျတဲ့စားပွဲ မှာပဲ ထိုင်ပါ့မယ်၊ ထုံးစံအတိုင်း တစ်ပိုင်းပဲ ပေးပါ၊ ဒို့ဆိုင်မှာလာသောက်တာ သမီး ကြီးကို မပြောပါနဲ့''

''ခုလို စဉ်းစားတတ်ရင် ကိုဘအောင် တို့ အရက်ဖြတ်ဖို့ကောင်းနေပြီ၊ သမီးတွေကို မသနားဘူးလား''

''ဘယ်လိုမှ ဖြတ်လို့မရလို့ပါကွယ်''

မတတ်သာသည့်အဆုံး ကိုဘအောင် တို့ လင်မယားအတွက် ချောင်ကျသည့် နေရာတွင် စီစဉ်ပေးလိုက်သည်။

''ဒီနေရာကောင်းပါတယ်၊ ရုတ်တရက် ဒို့ကိုမမြင်နိုင်ပါဘူး၊ သမီးငယ်ညည့်သည် ကောင်လေးပြန်မှ ဒို့ပြန်မှာဆိုတော့ နည်း နည်းကြာမယ်နော်''

ဆိုင်လူကျလာသဖြင့် ကိုဘအောင်တို့ လင်မယားကို သတိမထားနိုင်တော့ပါ။ ဆိုင် ကိစ္စဖြင့် အလုပ်ရှုပ်နေခဲ့သည်။ လူစည်ချိန် မို့ စကားပြောသံ၊ ဖန်ခွက်ချင်းထိသံ၊ ဇွန်း ခက်ရင်းအသံတို့ဖြင့် ဆိုင်တွင်းညံစီနေပါ တော့သည်။ ထိုအချိန်မှာပင် မျှော်လင့်မထား သော ကိုဘအောင်သမီးအကြီး ချိုချို ဆိုင် ထဲသို့ဝင်လာသည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်ကောင်တာဆီသို့ တန်းတန်းမတ် မတ် လျှောက်လာသည်။ သူရာခိုးဖြင့် မူး ယစ်ရီဝေနေကြသော ပုရိသတို့၏ မျက်လုံး များက ချိုချိုထံရောက်ရှိသွားတော့သည်။ ချိုချိုမှာ ကိုယ့်ရုပ်ကွက်၊ လာနေကျဆိုင်၊ ကျွန်တော်နှင့်လည်း ရင်းနှီးနေသူဖြစ်၍ ရဲရဲ တင်းတင်းပင် ကျွန်တော်ရှိရာ လျှောက်လာ သည်။

''ဦးလေးထွန်း...အဖေတို့အကြွေး

ဘယ်လောက်ရှိလဲ၊ ကြံတုန်း ကျွန်မရှင်းပေးသွားမယ်''

''လူကျချိန်မှ ရောက်လာတာကိုး၊ နေအုံး···မှတ်ထားတဲ့စာရင်းရှိတယ်''

ကိုဘအောင်တို့လင်မယားယူထားသော အကြွေးစာရင်း ခေါင်းငုံ့ရှာနေစဉ် မမျှော်လင့်သောအသံများ ကြားလိုက်ရသည်။

''ညီမလေးက အပျံစားလေးပဲ၊ ဘာလာဝယ်တာလဲ၊ ဘယ်သူ့အတွက်လဲ''

အသံကြား၍ ကျွန်တော် စောင်းငဲ့ကြည့်လိုက်စဉ် အရက်မူးနေပုံရသော လူငယ်နှစ်ဦး ချိုချို့အနီးသို့ ရောက်နေသည်ကို တွေ့လိုက်ရသည်။

''ဘယ်သူအတွက်ဖြစ်ဖြစ် ရှင်တို့နဲ့ မဆိုင်ပါဘူး''

''ဒီလိုအချိန် အရက်ဆိုင်ထဲ ရဲရဲတင်းတင်း ဝင်လာကတည်းက ဘယ်လိုအတန်းအစားလဲဆိုတာ သိပါတယ်၊ အစ်ကိုတို့စားပွဲ လာထိုင်ပါလား၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ကြံတုန်း ပြုစုပါရစေ''

''ရှင်တို့ ဘယ်လိုလူတွေလဲ၊ လူကို ဘာမှတ်နေလို့လဲ၊ ဦးလေးထွန်း ကြည့်ပြောပါအုံး''

ကျွန်တော် မနေသာတော့ပါ။ ကောင်တာ အပြင်ထွက်၍ ပြောရတော့သည်။

''ငါ့ညီတို့ မူးနေပြီထင်တယ်၊ သူက ဟိုဘက်လမ်းထဲကပါ၊ ငါ့ညီတို့ထင်သလို မဟုတ်ဘူး၊ မနောင့်ယှက်ကြပါနဲ့ကွာ''

''အပိုတွေဝင်မပြောပါနဲ့၊ ဒီလိုဆိုင်ထဲ ရောက်နေကတည်းက သူ့အနေအထားကို သိပါတယ်၊ လူတွေရှေ့မှာမို့ သူ မူနေတာပါ၊ လာပါ ညီမ၊ အစ်ကိုတို့စားပွဲ လာထိုင်ပါ''

ပြောပြောဆိုဆို အမူးသမားတစ်ဦးက ချိုချို့လက်ကိုဆွဲလိုက်သည်။ ကျွန်တော်က လက်ဆွဲသူ၏လက်ကို ဖယ်ပစ်လိုက်သည်။

''မင်းတို့ဘယ်လိုလဲ၊ မိကောင်းဖခင် သားသမီးပါလို့ ပြောနေတာ မရဘူးလား''

''အသာနေစမ်းပါ၊ မိကောင်းဖခင် သားသမီးဆိုရင် ဒီအချိန် ဒီလိုဆိုင်ထဲ လာပါ့မလား၊ ဒီလို အပျံစားလေးမျိုးနဲ့ ကြံရခဲတယ်၊ ခင်ဗျားဝင်ရှုပ်လို့ ပွဲပျက်တော့မယ်၊ ဖယ်စမ်းပါ''

ထိုသို့ပြောပြီး အမူးသမားက ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်းလိုက်ပြီး ချိုချို့အနား တိုးကပ်သွားပြန်ပါသည်။ ချိုချို့လက်ကိုဆွဲပြီး သူ့စားပွဲဆီသို့ ဆွဲခေါ်နေသည်။ ချိုချို့ကရုန်းဖယ်သည်။ ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် လူတစ်ဦး ပြုန်းစားကြီးရောက်လာသည်။ သူလက်ထဲတွင် ကုလားထိုင်တစ်လုံး ကိုင်လျက်သားပါလာသည်။

''ဒီလောက်တောင်းပန်နေတာမရဘူးလား၊ အဲဒါ ငါ့သမီးကွ၊ စော်ကားချင်အုံး၊ ကဲကွာ···ကဲကွာ''



ရုတ်တရက်ဖြစ်၍ ကျွန်တော် တားဆီးချိန်မရလိုက်ပါ။ ကိုဘအောင် လှုပ်ရှားမှုက အသက်အရွယ်နှင့်မလိုက်အောင်ပင် သွက်လက် လျင်မြန်လှသည်။ သမီးဖောကပ်နေ၍ ဖြစ်မည်ထင်သည်။ ချိုချို့လက်ကို ဆွဲနေသူ၏ ဦးခေါင်းကို လက်ထဲမှ ကုလားထိုင်ဖြင့် နှစ်ချက်ဆင့်ရိုက်ထည့်လိုက်သည်။ အရိုက်ခံရသူ ခွေခနဲလဲကျသွားသည်။ အရက်မူးနေသဖြင့် သူကိုယ်သူမထိန်းနိုင်တော့ဘဲ လဲကျသွားတော့သည်။ ရုတ်ရုတ်သဲသဲ ရန်ပွဲဖြစ်သွားသည်။

''ဟာ···အဖေ၊ ဘယ်ကဘယ်လို ရောက်လာတာလဲ၊ ဒုက္ခပါပဲ၊ လာ–လာ၊ ဆိုင်အပြင်ထွက်မယ်၊ ခုဖြစ်တဲ့ကိစ္စ နောက်မှ ပြန်လာပြီး ဦးလေးထွန်းနဲ့ရှင်းမယ်၊ ရှက်ဖို့ကောင်းလိုက်တာ''

နေအုံး···ဟိုမှာ သမီးအမေကျန်နေသေးတယ်၊ ခေါ်လိုက်အုံးမယ်''

သမီးနှင့်အဖေ စကားပြောနေစဉ် ကျန်သည့် အမူးသမားတစ်ဦးက တစ်စုံတစ်ခုဖြင့် ကိုဘအောင်၏ဦးခေါင်းကို နောက်ဘက်မှ ရိုက်ထည့်လိုက်သည်။ အရက်မူးနေ၍ဖြစ်မည်။ ရိုက်ချက်က အားမပါလှပေ။ ကိုဘအောင် ရှေ့သို့စိုက်ကျသွားသည်။ ထိုစဉ် ဒေါ်နှင်းပါရောက်လာသည်။ ကိုဘအောင်ကို ဇနီးနှင့်သမီးက တွဲယူဖေးမ၍ ဆိုင်ပြင်ထွက်သွားကြသည်။ ဆိုင်ထဲတွင် တစ်ယောက်တစ်ပေါက်ပြောဆိုရင်း ဆူညံနေပါတော့သည်။ အမူးသမား လူရွယ်နှစ်ယောက်က မကျေမနပ်ဖြင့် ဆူပူသောင်းကျန်းနေသည်။ ကိုဘအောင်၏ ကုလားထိုင်ဖြင့် အရိုက်ခံရသူမှာ ဦးခေါင်းမှ သွေးများစီးကျနေသည်။ ရန်ပွဲကြောင့် လူအများ ဝိုင်းအုံ ရောက်ရှိလာသည်။ ရုတ်ရုတ်သဲသဲ ရန်ပွဲသတင်းကြောင့် ဆိုင်နှင့်မလှမ်းမကမ်းတွင် ရှိသော နယ်မြေရဲကင်းမှ ရဲကင်းမှူးနှင့်အဖွဲ့ ရောက်လာသည်။ ကျွန်တော်က ဆိုင်ရှင်ဖြစ်နေ၍ တာဝန်အရှိဆုံးလူ ဖြစ်နေသည်။

ရဲကင်းမှူးနှင့်အဖွဲ့ ရောက်လာမှ ဆူပူအော်ဟစ်နေသည့် အမူးသမားနှစ်ဦး ငြိမ်သွားတော့သည်။ နယ်မြေရဲကင်းရုံးသို့ ကျွန်တော်တို့ လိုက်သွားကြရသည်။ အမူးသမား လူငယ်နှစ်ဦးလည်းပါသည်။ ကျွန်တော်တို့ ရုံးခန်းရောက်ပြီးမကြာမီ ကိုဘအောင်နှင့် သမီးကြီးချိုချိုတို့လည်း ရောက်လာသည်။ ရဲကင်းမှ အကြောင်းကြားလိုက်၍ ရောက်လာခြင်းဖြစ်သည်။ ကိုဘအောင် ဦးခေါင်းတွင် ပတ်တီးစည်းထားသည်ကိုတွေ့ရသည်။ ရန်ပွဲအစအဆုံး မြင်တွေ့သူမှာ ကျွန်တော်ဖြစ်သည်။ မြင်တွေ့ခဲ့သမျှ အဖြစ်အပျက်အားလုံး ကျွန်တော်ရှင်းပြလိုက်သည်။ လူငယ်နှစ်ဦးစခဲ့သော ရန်ပွဲသာဖြစ်သည်။ ရဲကင်းမှူးရဲတပ်ကြပ်ကြီးက–

''ဆိုင်ပိုင်ရှင် ကိုထွန်းရှင်းပြလို့ အဖြစ်မှန် သိပြီးပါပြီ၊ ဒီတစ်ယောက်လည်း ခေါင်းမှာ သွေးတွေနဲ့ပါလား၊ စခန်းသတင်းပို့ အမှုဖွင့်ရင် အရှည်အရှည်ဖြစ်တော့မယ်၊ ဆိုင်ရှင်

လည်း ပြဿနာဖြစ်နေအုံးမယ်၊ ကျွန်တော့် သဘောကတော့ ကြီးတဲ့အမှု ငယ်စေချင်တယ်၊ ဒီမှာတင် ပြီးပြတ်နိုင်ရင် အကောင်းဆုံးလို့ အကြံပေးချင်တယ်၊ ဘယ်လိုသဘောရကြသလဲ၊ ဦးဘအောင်တို့ဆန္ဒ ပြောပါအုံး''

''ကျုပ်က ကိုယ့်သမီးအစော်ကားခံနေရတာမြင်တော့ ဒေါသမထိန်းနိုင်ဘဲ စပြီး ရိုက်ခဲ့သူပါ''

''ကျွန်တော်တို့လည်း အရက်မူးနေတော့ မှားမိခဲ့ပါတယ်၊ ဒီက ညီမကို ကိုယ်ထိလက်ရောက် စော်ကားသလိုဖြစ်ခဲ့တယ်၊ ကျွန်တော့်သူငယ်ချင်းလည်း အရိုက်ခံခဲ့ရပါတယ်၊ ဦးတို့ကျေနပ်အောင် တောင်းပန်ဆိုတောင်းပန်ပါ့မယ်၊ အမှုဖွင့် အရေးယူတာတွေ မလုပ်စေချင်ဘူး''

နယ်မြေရဲကင်းမှူးက စကားဖြတ်၍ ပြောလိုက်သည်။

''နှစ်ဦးနှစ်ဖက် အပြစ်ရှိတာသိနေကြပြီပဲ၊ သူလွန်တယ်၊ ငါလွန်တယ်နဲ့ စွပ်စွဲမနေကြဘူး၊ သူလွန်တယ်၊ ငါလွန်တယ် ငြင်းခုံနေလို့လဲ မထူးတော့ပါဘူး၊ လူငယ်တွေကလည်း တောင်းပန်နေပြီပဲ၊ နှစ်ဦးနှစ်ဖက် ကျေနပ်ခွင့်လွှတ်နိုင်ရင် အမှုဖွင့်တိုင်တန်းတာတွေ လုပ်မနေကြပါနဲ့တော့၊ ဖြတ်လိုက်ရင် အကောင်းဆုံးပါပဲ''

''သမီးလည်း အစော်ကားခံရတယ်၊ ကျုပ်လည်း အရိုက်ခံခဲ့ရတယ်၊ ဒါပေမဲ့ ကျေနပ်လိုက်ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ခုလိုဖြစ်ခဲ့ကြတာဟာ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ အဓိကတရားခံက အရက်ပဲ၊ အရက်ကြောင့် ဖြစ်ခဲ့ရတာ''

''ဦးလေးစကားကြားရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့လည်း အရိုက်ခံခဲ့ရတာပါပဲ၊ ကျွန်တော်တို့ကပဲ စပြီးတောင်းပန်ပါတယ်၊ ကန်တော့ဆိုလည်း ထိုင်ကန်တော့ပါ့မယ်၊ ဒီက ညီမကိုလည်း တောင်းပန်ပါတယ်''

''ကန်တော့ဖို့မလိုပါဘူး၊ ခုလိုဖြစ်ခဲ့တာ သင်ခန်းစာယူပြီး နောက်မဖြစ်အောင် ဆင်ခြင်ပေါ့''

''ကဲ . . . ကဲ ဒါဆိုလည်း ဒီမှာတင် ရပ်ကြတော့၊ ဟိုတစ်ယောက် သွေးထွက်နေတယ်၊ ဆေးထည့်ဖို့လုပ်ကြအုံး၊ အားလုံး သွားနိုင်ပါပြီ''

အရှည်အရှည်မဖြစ်တော့၍ ကျွန်တော် ဝမ်းသာခဲ့ရသည်။ လူရွယ် အရိုက်ခံရသည် မှာလည်း သူတို့အပြစ်ကြောင့်သာဖြစ်သည်။ ကိုဘအောင်မှာ အရက်စွဲနေသော်လည်း မူးယစ်ရမ်းကားတတ်သူ မဟုတ်ပေ။ ကိုဘအောင် အသက်ကြီးမှ အရိုက်ခံရသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ သူတို့လင်မယား ကျွန်တော့်ဆိုင်သို့လာ၍ အရက်မသောက်ခဲ့လျှင် ဤသို့ဖြစ်ရန်အကြောင်းမရှိပေ။

ကိုဘအောင်တို့မိသားစုနှင့် ရင်းနှီးနေသူဖြစ်၍ နောက်တစ်နေ့ နံနက်တွင် ကိုဘအောင် သတင်းမေးရန် သူတို့နေထိုင်ရာ ဆယ့်ငါးလမ်းဘက်သို့ ကျွန်တော် ထွက်လာခဲ့သည်။ သမီးနှစ်ယောက် အလုပ်မသွားမီ မိသားစု စုံစုံညီညီရှိနိုင်မည့်အချိန်ကို မှန်း၍ သွားခဲ့သည်။ ကိုဘအောင်တို့ခြံထဲအရောက်တွင် အိမ်ပေါ်မှ မိသားစုများ စကားပြောနေသံ ကြားရသည်။ ညှို့ခန်းထဲမဝင်သေးဘဲ အပြင်မှ နားစွင့်လိုက်သည်။ ကိုဘအောင် ဦးခေါင်းတွင် ပတ်တီးစည်းလျက်သားဖြင့် စကားပြောနေသည်ကို တွေ့ရသည်။

''ဒီနေ့ သမီးတို့ အလုပ်မသွားခင် အဖေ စကားနည်းနည်းပြောချင်တယ်၊ ခုပြောမယ့် စကားကို အလေးအနက်ထားပြီး နားထောင်ပေးပါ၊ ဒီစကားပြောနိုင်ဖို့ ဖေဖေနဲ့ မေမေတို့ မနေ့ညက တစ်ညလုံးနီးပါး တိုင်ပင်ဆုံးဖြတ်ခဲ့ကြရတယ်''



ဘာဖြစ်လို့လဲဆိုတော့ ခုလိုဖြစ်ခဲ့ကြတာဟာ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ အဓိကတရားခံက အရက်ပဲ၊ အရက်ကြောင့် ဖြစ်ခဲ့ရတာ

''ဖေဖေ ဒီလောက် စကားပလွှင့်ခံနေတာ ဘာစကားပြောမှာမို့လဲ၊ သမီးတို့ နားထောင်နေပါတယ်၊ ပြောမှာသာပြောပါ''

''မနေ့ညက အရက်ဆိုင်ထဲမှာ ငါ့သမီး အမူးသမားတွေရဲ့ အစော်ကားခံနေရတာမြင်ရတော့ စိတ်မထိန်းနိုင်တော့ဘဲ စော်ကားနေသူကို ရိုက်ခဲ့မိတယ်၊ ဖေဖေလည်း အရိုက်ခံခဲ့ရတယ်၊ ကံကြီးပေလို့ ခုလောက်ပဲ ဒဏ်ရာရခဲ့တာ၊ သမီးကြီးလည်း ရုံးပြင်ကန္တား ရောက်ခဲ့ရတယ်၊ ရှက်ဖို့ကောင်းလိုက်တာ၊ အချုပ်အနှောင်မခံရတာပဲ ကံကောင်းတယ်လို့ မှတ်ရမယ်''

''ညကဖြစ်ရတဲ့ကိစ္စက သမီးကြောင့် ထင်တယ်၊ သမီးသာ ဖေဖေတို့အရက်ကြွေးဆပ်ဖို့ မသွားခဲ့ရင် ခုလိုဖြစ်မှာမဟုတ်ဘူး၊ သမီးအပြစ်လည်း ပါပါတယ်''

''မဟုတ်ဘူး သမီး၊ သမီးကို ဆွဲလားရမ်းလားလုပ်တဲ့ သူငယ်တွေရဲ့အပြစ်လည်း မဟုတ်ဘူး''

''ဒါဆို စပြီးရိုက်ခဲ့တဲ့ ဖေဖေ့ကြောင့်လို့ ပြောချင်တာလား''

''ဘယ်သူ့မှာမှ အပြစ်မရှိဘူး၊ ဖြစ်ခဲ့တာတွေအားလုံးဟာ တကယ်တော့ အရက်ကြောင့် ဖြစ်ရတာ၊ အဓိကတရားခံဟာ အရက်ပဲ၊ ဖေဖေတို့ အမှန်ကိုမြင်ခဲ့ပါပြီ၊ ဖေဖေတို့ အမှန်ကိုမြင်ရအောင် သမီးကြီးက အရှက်နဲ့ရင်းပြီးလမ်းပြခဲ့တယ်၊ နောင်တ

တွေ ရခဲ့ပါပြီ၊ ဒါကြောင့် သမီးတို့ရင်ထဲက အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ''

''သမီးတို့ရင်ထဲက အဖြစ်ချင်ဆုံးဆန္ဒကို ဖေဖေသိလို့လား''

''သမီးတို့ညီအစ်မ အတောင့်တဆုံးဆန္ဒကို ဖေဖေတို့မြင်တတ်ခဲ့ပါပြီ၊ သိလျက်နဲ့ မိုက်တွင်းနက်နေခဲ့ကြတယ်၊ ဖေဖေတို့ကြောင့် သမီးတို့ သိမ်ငယ်ရမှု ဘယ်တော့မှ မဖြစ်စေရတော့ပါဘူး၊ ငါ့သမီးအငယ်မလည်း သမီးကြီးလို မဖြစ်စေရတော့ပါဘူး၊ ဖေဖေ အရက်သမားကြောင့် ကိုယ့်ကို ချစ်မြတ်နိုးတဲ့သူက နောက်ဆုတ်စွန့်ပယ်သွားတာမျိုး နောက်ထပ်မဖြစ်စေရဘူး၊ ဖေဖေတို့ မိုက်မဲမှုဟာ သမီးတို့နှစ်ယောက်ဘဝနဲ့ ဆက်စပ်နေတယ်၊ ဒါကြောင့် ဒီနေ့ကစပြီး ဖေဖေ မေမေတို့ နှစ်ဦးစလုံး အရက်ကို မသောက်ဖို့ဆုံးဖြတ်လိုက်ပါပြီ''

''ဟာ...ဖေဖေတို့ တကယ်ပြောတာနော်၊ တကယ်နော်''

''တကယ်ပြောတာ သမီးတို့ရယ်၊ မင်းတို့ ဖေဖေပြောတာ ယုံလိုက်စမ်းပါ၊ မေမေတို့ ကတိပေးပါတယ်၊ အရက်ကို လုံးဝဖြတ်ပါတော့မယ်၊ လိုအပ်လို့ ဆေးဝါးကုသမှု ခံယူရမယ်ဆိုရင်လည်း မရှက်မကြောက် ဆေးရုံတက်ပြီး အရက်ဖြတ်ပါ့မယ်၊ မေမေတို့ နောင်တရတာ မနောင်းသေးပါဘူးနော်''

''ဖေဖေ၊ မေမေတို့ နောင်တဟာ မနောင်းသေးပါဘူး၊ သမီးတို့ ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ အဟင့်...ဟင့်''

ပြောပြောဆိုဆို သမီးနှစ်ယောက်စလုံး အဖေနှင့်အမေကိုဖက်ကာ ငိုရှိုက်နေကြသည်။ သမီးနှစ်ဦး ငိုကြသကဲ့သို့ မိဘနှစ်ဦးမှာလည်း မျက်ရည်ကိုယ်စီနှင့်သာ ဖြစ်နေသည်။ သူတို့မိသားစုများ၏ မျက်ရည်များသည် ဝမ်းသာပီတိဖြစ်မှုမှ မြစ်ဖျားခံ စီးကျလာသော မျက်ရည်များသာဖြစ်ကြောင်း ကျွန်တော်ခန့်မှန်းမိသည်။ ညီအစ်မနှစ်ဦး ရက်လများစွာ မျှော်လင့်တောင့်တခဲ့ရသော၊ အဖြစ်ချင်ဆုံးသောဆန္ဒတစ်ခု ပြည့်ဝခဲ့ကြပေပြီ။ သူတို့မိသားစု၏ ဝမ်းသာပီတိဖြစ်မှုများက ကျွန်တော့်ရင်ထဲသို့တိုင် တိုးဝင်ရောက်လာသလို ခံစားမိသည်။ ကိုတအောင်တို့ လင်မယားနှစ်ဦး မည်သည့်အခါမှ ကျွန်တော့်ဆိုင်သို့ ရောက်ရှိလာတော့မည်မဟုတ်ကြောင်း အခိုင်အမာယုံကြည်မှု ရရှိလိုက်ပါပြီ။ သမီးနှစ်ဦးက ပီတိမျက်ရည်များဖြင့် မိဘနှစ်ဦးကို လက်အုပ်ချီကန်တော့နေကြသည်။ ကျွန်တော် အိမ်ထဲမဝင်ဖြစ်ခဲ့ပါ။ သူတို့မိသားစုကို နှုတ်မဆက်တော့ပါ။ သူတို့မိသားစု အပျော်အပြုံးနှင့် ဝမ်းသာပီတိ ဖြစ်နေမှုများ ကျွန်တော့်ကြောင့် ရပ်တန့်မသွားစေလိုပါ။ ကျွန်တော်ရောက်နေကြောင်း အသိမပေးတော့ဘဲ ဝမ်းသာပီတိများနှင့် အတူ လှည့်ပြန်ခဲ့ပါသည်။

မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆု၇)

ထောင်မြင်လို့ရာစွန့်

အင်္ဂလိပ်အမျိုးသမီးကြီးတစ်ယောက်ဟာ ဆွစ်ဇာလန်ကပြန်လာတာ နယ်စပ်ကိုကျော်လာတာနဲ့ ဂနာမငြိမ်ဖြစ်နေပါတယ်။ ဘေးဘယ်ညာကြည့်လိုက်ရင်ပဲ အတော်လေးရင်းနှီးခဲ့ဖူးတဲ့ အသိမိတ်ဆွေတစ်ဦးကို အမှတ်မထင်တွေ့လိုက်ရတယ်။ စိတ်ချယုံကြည်စွာနဲ့ သူကိုရင်ဖွင့်လိုက်မိတယ်-

''ကျွန်မ အခုပတ်ထားတဲ့ လက်ပတ်နာရီကလေ ကျွန်မ မှောင်ခိုဝယ်လာခဲ့တာ၊ အခုလို ပြောလိုက်ရမှပဲ ကျွန်မရင်ထဲမှာ နည်းနည်းပေါ့သွားတော့တယ်''

မကြာပါဘူး၊ အကောက်ခွန်အရာရှိတစ်ယောက် သူတို့အခန်းတွေထဲ ဝင်လာပါတယ်။ ''ကဲဗျာ၊ ဒီက မိတ်ဆွေများက အခွန်မဆောင်ဘဲယူလာတဲ့ ပစ္စည်းများရှိရင် ကြေညာပါလားဗျာ''လို့ ပြုံးရွှင်လျက်စူးစမ်းပါတယ်။

ချက်ချင်းဆိုသလိုပဲ ဘေးကအမျိုးသားကြီးက အနီးမှာရှိတဲ့ အမျိုးသမီးကြီးကို လက်ညှိုးထိုးပြီး-



''ဒီက ကျွန်တော့်မိတ်ဆွေဆီမှာတော့ ခင်ဗျားပြောတဲ့ပစ္စည်းရှိပါတယ်''လို့ အမှတ်မထင်ပြောလိုက်ပါတယ်။

အကောက်ခွန်အရာရှိက အမျိုးသမီးကြီးဆီက နာရီကို သိမ်းယူသွားတဲ့အခါမှာတော့ အမျိုးသမီးကြီးက စိတ်မကောင်းဘူးပေါ့။''ရှင်က တော်တော်ယုတ်မာတဲ့လူပဲ''လို့လည်း တီးတိုးရေရွတ်လိုက်တယ်။

ဖော်ကောင်လုပ်လိုက်တဲ့ အမျိုးသားကြီးက သူထိုင်နေတဲ့ ထိုင်ခုံအောက်က လက်ဆွဲအိတ်ကိုထုတ်လိုက်ပြီး အိတ်ကိုဖွင့်လိုက်တယ်ဆိုရင်ပဲ သစ်လွင်တောက်ပနေတဲ့ နာရီလေးတွေ အနည်းဆုံး အလုံးတစ်ရာခန့် တွေ့လိုက်ရပါတယ်။ ပြီးတော့မှ-

''အစ်မကြီး ဒါလောက်လည်း မခံစားပါနဲ့ဗျာ၊ ဒီအထဲက ကြိုက်တဲ့နာရီ နှစ်လုံးယူပါ''လို့ ပြောလိုက်ပါတယ်။

မောင်သီဟ

လူတိုင်းသိသင့်သော မြေဆီလွှာရှိ အကောင်းဆုံးမျှော် အပင်များအပေါ် အကျိုးသက်ရောက်မှု



ဒေါ်သက်သက်ထူး


မြေဆီလွှာ၏ အကျိုးသက်ရောက်မှုကို အသက် ၅၀ ကျော်မှ သိရှိခဲ့ရသည်။ အသက်ကြီးလာသောအခါ အကျိုးပြုလုပ်ငန်းတစ်ခု လုပ်ကိုင်ချင်မိ၍ ကျောင်းများ၊ လမ်းမတန်းများ၌ သစ်ပင်စိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပျိုးပင်များဝယ်ပြီး စိုက်ခြင်းမဟုတ်ဘဲ အလေ့ကျပေါက်ပင်ဖြစ်သော ညောင်ပင်များကို ပြောင်းရွှေ့စိုက်ပျိုးခဲ့ဖူး။ မိုးရာသီဖြစ်သော်လည်း အပင်များ ရှင်သန်မှု မရှိခဲ့ပေ။ ထိုအခါမှသာ အပင်တစ်ပင် ရှင်သန်အောင် စိုက်ပျိုးရန် မလွယ်ကူကြောင်း လက်တွေ့သိရှိလာသည်။ အပင်များ စိုက်ပျိုးရာ၌လည်းကောင်း၊ ရွှေ့ပြောင်းစိုက်ပျိုးလိုလျှင်လည်းကောင်း၊ နည်းလမ်းတကျ ရွှေ့ပြောင်းစိုက်ပျိုးတတ်မှသာ အပင်ရှင်သန်မှုရှိမည်ဖြစ်သည်။

သစ်ပင်တစ်ပင် ရှင်သန်အောင် စိုက်ပျိုးရန် မလွယ်ကူကြောင်း အများသိရှိလက်ခံလာရန်အတွက် အခြေခံပညာအဆင့်ရှိ ကျောင်းများမှပင်စတင်ကာ စိုက်ပျိုးရေး အခြေခံရရှိရန် သစ်ပင်များ စိုက်ပျိုးသင့်သည်ကို ထည့်သွင်းသင်ကြားပေးသင့်သည်။ ကျောင်းဝန်းအတွင်း၌လည်းကောင်း၊ လမ်းမတန်း(သို့မဟုတ်) သစ်ပင်စိုက်ပျိုးရန် ကောင်းမွန်သည့် မည်သည့်နေရာမျိုး၌မဆို သစ်ပင်စိုက်ပျိုးခြင်းများ ပြုလုပ်သင့်သည်။ မိမိ အသက်ကြီးလာသည်နှင့်အမျှ မိမိတို့၏ စိုက်ပျိုးခဲ့သောအပင်များ မည်မျှသာ အပင်ရှင်သန်သည်၊ သက်တမ်းကြာလာသော်လည်း အပင်၏အရွယ်အစားမှာ မည်မျှပင် ရှိသေးသည်၊ သစ်ပင်တစ်ပင်ကြီးထွားရန် အချိန်မည်မျှပေးရသည်၊ အပင်များကို စိုက်ပျိုးတိုင်း ရှင်သန်ခြင်းမရှိကြောင်းနှင့် အပင်ရှင်သန်အောင် လိုအပ်ချက်များကိုလည်း လေ့လာမိလာကြမည်ဖြစ်သည်။

ကိုယ်တိုင် စိုက်ပျိုးမှသာ ကိုယ်ပိုင်အသိရရှိမည်။ သို့မှသာ သစ်ပင်များအား တန်ဖိုးထားပြီး သစ်ပင်ခုတ်ခြင်းများ ပြုလုပ်ကြတော့မည် မဟုတ်ပေ။

ငယ်စဉ် ပညာသင်ကြားခဲ့မှုအား မှတ်မိနေသေး၏။ ခြောက်တန်းနှစ်တွင် အမြဲစိမ်းသစ်တော၌ သစ်ရွက်များ ကြွေကျပြီး ၎င်းသစ်ရွက်များမှ အပင်အတွက် တဖန်ပြန်လည် မြေဩဇာဖြစ်ပြီး ထိုဒေသမှာ အမြဲစိမ်း သစ်တောကြီးဖြစ်နေကြောင်း သင်ကြားခဲ့ရသည်။ ယခုအချိန်မှ သိရှိလာရသည်။ သစ်ရွက်များအား ဆွေးမြေ့အောင် အဏုဇီဝများကပြုလုပ်ပြီး အဏုဇီဝများက ချေဖျက်ထားသော သစ်ရွက်များမှာ အမြစ်များမှ စုပ်ယူနိုင်သောအဆင့်အထိ ချေဖျက်ပြီးသားဖြစ်နေ၏။ အဏုဇီဝများ၏ တည်ရှိမှုမှာလည်း အမြစ်၏ထိပ်ပိုင်းတွင် ပို၍ အရေအတွက် များစွာရှိနေ၏။ အမြစ်၏ထိပ်မှ

FIGURE 12.25
(A) Microhabitats within soil particles as seen in a cross section of a soil crumb; this drawing also shows the uneven distribution of bacterial microcolonies and the occurrence of water and air within pore spaces. (B) Anoxic environments develop around plant roots and residues when voids between soil particles are sealed.



The effect of Distance From a Plant Root the number of Microorganisms

Microorganism Per gram of any weight of soil			
Distance from root (mm)	Non filamentous Bacteria	Streptomycetes	Fungi
	(x 10^7)	(x 10^7)	(x 10^6)
0	16.0	4.7	3.6
0-3	5.0	1.6	1.8
3-6	3.8	1.1	1.7
9-12	3.7	1.1	1.3
13-18	3.4	1.0	1.2

ကွာဝေးသည်နှင့်အမျှ အဏုဇီဝရှိသည့် ပမာဏ လျော့နည်းသွားသည်။

အဏုဇီဝများမှာ ၎င်းကြိုက်နှစ်သက်သော အခြေအနေကောင်းရှိမှသာ ရှင်သန်နိုင်သည်။ မြေကြီးများတွင်ရှင်သန်သော အဏုဇီဝများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းတို့အတွက် သင့်လျော်သော အခြေအနေကောင်းမွန်သည့် မြေအမျိုးအစားဖြစ်ပါက အဏုဇီဝများ ရှင်သန်တည်ရှိမှု အချိန်ကြာမြင့်စွာ တည်ရှိနေပြီး အရေအတွက်အားဖြင့် (၁)ဂရမ်လျှင် 10^6-10^9 အကောင်ရေအထိ ရှိနိုင်သည်။ ၎င်းပမာဏမှာ ရေချိုနှင့် ရေငံတွင် သဘာဝအလျောက် တည်ရှိသော အရေအတွက်ထက် လွန်စွာများပါသည်။ အဏုဇီဝများမှာ မြေမျက်နှာပြင် အပေါ်ယံအလွှာတွင် အများဆုံးဖြစ်ပြီး ၎င်းမှ အောက်သို့ ထောင်လိုက်ပျံနှုန်းမှုရှိသည်။ မြေမျက်နှာပြင် မြေအမျိုးအစား မတူညီသည်နှင့် မြေလွှာထုအတွင်း ဖွဲ့စည်းတည်ဆောက်ထားသော အလွှာများတူညီမှု မရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

မတူညီသော ရာသီဥတုရှိသည့် ဒေသများမှ မြေ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများမှာလည်း တူညီမှုမရှိကြပေ။ မြေဆီလွှာ၏ အခြေအနေပေါ်မူတည်ပြီး အဏုဇီဝများ၏ ရှင်သန်ကြီးထွားမှုကို ခန့်မှန်းနိုင်သည်။ (၁) အီကွေတာဒေသနှင့် ဝင်ရိုးစွန်းဒေသရှိ မြေဆီလွှာ၊ (၂) ခြောက်သွေ့သော သဲကန္တာရနှင့် မိုးရွာသွန်းမှုများသော ဒေသ၊ (၃) အချဉ်ဓာတ်ဆန်သော မြေနှင့် အယ်ကာလိုင်းဆန်သော မြေ၊ (၄) အောက်ဆီဂျင်ထိန်းသိမ်းနိုင်သောမြေနှင့် အောက်ဆီဂျင်မထိန်းသိမ်းနိုင်သော လေမဲ့မြေပေါ် မူတည်ပြီး အဏုဇီဝများ ရှင်သန်မှုများ တူညီမှုမရှိပေ။ မြေ၏ pH နိမ့်ပါက မို့ပေါက်ဖွားမှုများပြီး pH မြင့်ပါက အဏုဇီဝများ၏ ရှင်သန်မှု

များကြောင်း တွေ့ရ၏။ ထိုအချက်များကြောင့် အချဉ်ဓာတ်များသောမြေတွင် အပင်များရှင်သန်မှု ထွက်ရှိမှုများမကောင်းပေ။ သို့ဖြစ်သောကြောင့် အချဉ်ဓာတ်များသောမြေအား ထုံးထည့်ပေးခြင်းဖြင့် ပြုပြင်ကြခြင်းဖြစ်သည်။

လူအများသိပြီးဖြစ်သော E.M မှာ Effective Microorganism ပင်ဖြစ်သည်။ အခြားနိုင်ငံမှ တင်သွင်းထားသော E.M များမှာ ၎င်းနိုင်ငံ၏ မျိုးရိုးများသာဖြစ်၍ မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီချင်မှ ကိုက်ညီမည်ဖြစ်သည်။ အကောင်းဆုံးမှာ E.M များကို မိမိဒေသရှိ မျိုးများကိုသာ စုဆောင်းမွေးမြူခြင်းဖြင့်သာ အသုံးပြုသင့်သည်။

အကျိုးပြု အဏုဇီဝများမှာ မြေဆီလွှာထဲတွင် အမြဲရှိနေသော ပစ္စည်းမဟုတ်ပေ။ လိုအပ်သော ပမာဏအတိုင်းအတာထိလည်း ရှိချင်မှရှိမည်။ သို့ဖြစ်သောကြောင့် E.M များအား မိမိ၏ စိုက်ခင်းအတွင်းသို့ အခါအားလျော်စွာ ထပ်မံထည့်သွင်းအသုံးပြုပေးရမည်ဖြစ်သည်။ မြေဆီလွှာတွင်း လုံလောက်သော အဏုဇီဝများမရှိပါက Urea, Phosphate,Potash များကို အမြစ်မှ တိုက်ရိုက် စုပ်ယူခြင်းမပြုလုပ်နိုင်ချေ။ E.M များကသာ အမြစ်များမှ စုပ်ယူနိုင်မှု အခြေအနေဖြစ်အောင် ပြောင်းလဲပေးမည်ဖြစ်သည်။ E.M များ ရှိသင့်သည့်ပမာဏရှိပါက ဓာတ်မြေဩဇာ ထည့်သွင်းအသုံးပြုခြင်းများလေ မြေဆီလွှာ Acidity မြေအဖြစ်သို့ ပြောင်းလဲခြင်းအဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် E.M များအသုံးပြု၍ ပြုပြင် ထုတ်လုပ်ထားသော မြေဩဇာများကို ထည့်သွင်းအသုံးပြုခြင်းနှင့် E.M များ ထည့်သွင်းပေးခြင်းမျိုးကို ပြုလုပ်ရမည်ဖြစ်သည်။

အပင်များသည် ယူရီးယားကို ပကတိအတိုင်း စားသုံးနိုင်ခြင်းမရှိချေ။ မြေဆီလွှာအတွင်း ရောက်ရှိသွားသော ယူရီးယားများသည် အဏုဇီဝရုပ်များကြောင့် ဓာတ်ပြောင်းပြီး အပင်များစားသုံးနိုင်သော အမိုးနီးယားနှင့် နိုက်ထရိတ်များအဖြစ်သို့ ပြောင်းလဲသွားသည်။ ယူရီးယားများအားလုံး ဤကဲ့သို့ ပြောင်းလဲသွားရန် ၇ ရက်ခန့်ကြာသည်။ သို့သော် ဤဖြစ်စဉ်မှာ အစိုဓာတ်၊ အပူချိန်၊ ချဉ်ငံဓာတ်၊ သြဂဲနစ်ပစ္စည်း၊ မြေအမျိုးအစားတည်ရှိနေသော အဏုဇီဝရုပ်များနှင့် အသုံးပြုသော Urea ပမာဏပေါ်တွင် မူတည်သည်။ Bact များသည် မော်လီကျူး N_2 ကို N_2 ဓာတ်ပေါင်း အမိုးနီးယားအဖြစ်သို့ အပင်များ အာဟာရအဖြစ် စားသုံးနိုင်ရန် ပြောင်းလဲပေးသည်။ အပင် တစ်ရှူးများမှ စိမ့်ထွက်လာသော အာဟာရများဖြစ်သည့် အမိုင်နိုအက်ဆစ်များ၊ Vit များကြောင့် အမြစ်များ ကြီးထွားစေခြင်း၊ ပိုမို တိုးပွားစေခြင်း ဖြစ်စေသည်။

လွတ်လပ်စွာနေသော Bact များက N_2 စုစည်းပေးခြင်းကို Non Symbiotic N_2 Fixation ဟုခေါ်ပြီး အပင်များအသုံးပြုနိုင်သော N_2 ကို Nitrobacteria, Nitrosomonas, Nitrosococcus များကြောင့် ရရှိနိုင်သည်။ မြေဆီလွှာအတွင်းသို့ ရောက်ရှိလာသော အပင်နှင့် တိရစ္ဆာန်တို့ကို သေကြေပျက်စီးခြင်းဖြင့် ရရှိသော Organic ပစ္စည်းများ၊ တိရစ္ဆာန်များစွန့်ပစ်သော အညစ်အကြေးများကို မှီနှင့် အခြားသော Bact တို့၏ တိုက်ဖျက်မှုကြောင့် N_2 ဖြစ်ပေါင်းများ ပြိုကွဲပြီး အမိုးနီးယားအဖြစ်သို့ ကျေပျက်ပြောင်းလဲသွားကြသည်။ ယင်းဖြစ်စဉ်ကို အမိုးနီးယားစုစည်းခြင်း Ammonification ဟု ခေါ်သည်။

ယင်း အမိုးနီးယားဖြစ်ပေါင်းကို Nitrobacter, Nitromonas, Nitrosococcus bact တို့က အဆင့်ဆင့် ဓာတ်တိုးခြင်းဖြင့် နိုက်ထရိုက်(သို့) နိုက်ထရိတ်သို့လည်း ပြောင်းလဲပေးကြသည်။ ဤဖြစ်စဉ်ကို နိုက်ထရိတ်စုစည်းပေးခြင်း Nitrification ဟုခေါ်သည်။ နိုက်ထရိတ်သည် အပင်များ စားသုံးနိုင်သော N_2 အသွင် တစ်မျိုး ဖြစ်ပါသည်။

မြေဆီလွှာအတွင်းမှ အကျိုးပြုအဏုဇီဝများက လေထုထဲမှ N_2 ဓာတ်ငွေ့များကို အပင်များစားသုံးနိုင်သည့် N_2 ဓာတ်ပေါင်းအဖြစ်သို့ ပြောင်းလဲစုစည်းပေးသည့် ဖြစ်စဉ်ကို နိုက်ထရိုဂျင်စုစည်းခြင်း Nitrogen Fixation ဟုခေါ်သည်။ မြေဆီလွှာအတွင်း၌ လွတ်လပ်စွာနေသော Bact များက N_2 လွတ်ကို စုစည်းပြီး ကာဗိုဟိုက်ဒြိတ်နှင့် ပေါင်းစေခြင်းဖြစ်သည်။ ဤကဲ့သို့ ပေါင်းစပ်ခြင်းဖြင့် သြဂင်းနစ် နိုက်ထရိုဂျင်များ ဖြစ်ပေါ်လာသည်။ Bact များ သေဆုံးသွားသောအခါ သြဂဲနစ်နိုက်ထရိုဂျင်များ မြေဆီလွှာအတွင်းတွင် ကျန်ခဲ့သည်။ မြေဆီလွှာအတွင်းတွင်ရှိသည့် လေရှိသော အခြေအနေတွင် ရှင်သန်သော (Azotobacteria) နှင့် လေမဲ့အခြေအနေတွင် ရှင်သန်သော Clostridium နှစ်မျိုးမှ စုစည်းရရှိသည့် N_2 ပမာဏမှာ အကြမ်းတွက်မည်ဆိုပါက တစ်နှစ်လျှင် တစ်ဧက 10 lb မှ 50 lb အထိ ရရှိသည်။ မြေဆီလွှာကို ထွန်ယက်ပြုပြင်ခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန်စေကာ လေရှိအခြေအနေတွင် ရှင်သန်သည့် Azotobacter တိုးပွားလာစေပြီး N_2 ရရှိမှုပမာဏ တိုးတက်မြင့်မားလာသည်။

ဓာတုမြေဩဇာသုံးခြင်းဖြင့် မြေဆီလွှာပေါ် အကျိုးသက်ရောက်မှု

(၁) မြေဆီလွှာကို ပျက်စီးစေပြီး မြေဆီလွှာခန်းခြောက်ခြင်း၊ မြေပက်ကြားအက်ခြင်းများ ဖြစ်ပေါ်စေပါသည်။

(၂) မြေဆီလွှာထဲရှိ အဏုဇီဝပိုးများ သေကြေ၍ မြေသားများကျစ်လျစ်စေပြီး အမြစ်ကြီးထွားနှုန်းကို နှေးကွေးစေပါသည်။

(၃) ဓာတုမြေဩဇာသုံးခြင်းဖြင့် အပင်များအမှန်တကယ် ဖွံ့ဖြိုးသန်မာသော်လည်း ကျရောက်လာသည့် ရောဂါပိုးမွှားအန္တရာယ်ကို မကာကွယ်နိုင်ခြင်းကြောင့် ပိုးသတ်ဆေးများ၊ ကာကွယ်ဆေးများ သုံးစွဲရသဖြင့် ကုန်ကျစရိတ် ပိုမိုများပါသည်။

(၄) ဓာတုဓာတ်များပါဝင်၍ အသီးအနှံများ၏ အရသာနှင့် အရောင်အဆင်းတို့ သဘာဝအတိုင်း မဖြစ်နိုင်ပါ။

(၅) သီးနှံများ ကြာရှည်အထားမခံခြင်း၊ အပွင့်၊ အခက်၊ အရွက်များ စောလျင်စွာ ကြွေခြင်း။

(၆) ဓာတ်မြေဩဇာအပြင် ပိုးသတ်ဆေး၊ ပိုးမွှားကာကွယ်ဆေး၊ မှိုသတ်ဆေး၊ မှိုကာကွယ်ဆေး၊ အမြစ်၊ အပွင့်၊ အသီး၊ အရွက်အားကောင်းဆေးများကို ထပ်မံသုံးစွဲရခြင်းများ ရှိလာပါသည်။

ဇီဝမြေဩဇာ၏ အကျိုးကျေးဇူးများ

(၁) မြေဆီလွှာအတွင်း၌ Organic ပစ္စည်းများကို ပိုမိုလျင်မြန်စွာ ဆွေးမြေ့စေသည်။ ထိုမှတစ်ဆင့် အပင်များစားသုံးနိုင်သော အာဟာရအဖြစ်သို့ ပြောင်းလဲစေသည်။

(၂) မြေကို အနားမပေးဘဲ စဉ်ဆက်မပြတ် စိုက်ပျိုးခြင်းကြောင့် ဖြစ်ရသော မြေနာခြင်း (Soil Sickness) ကို ကာကွယ်ပေးသည်။

(၃) မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တို၊ ဓာတ်ဂုဏ်သတ္တို၊ ဇီဝဂုဏ်သတ္တိကို ပိုမိုမြင့်တက်ကောင်းမွန်လာခြင်း။

(၄) မြေဆီလွှာကို သဘာဝအတိုင်း ထိန်းသိမ်းပေးထားခြင်းကြောင့် မြေဆီလွှာခန်းခြောက်ခြင်း၊ ပက်ကြားအက်ခြင်းများမှ ကင်းဝေးစေပါသည်။

(၅) စိုက်ပျိုးအပင်များနှင့် အဏုဇီဝများ အပြန်အလှန် အကျိုးပြုလုပ်ငန်းစဉ်ကြောင့် မြေသားအတွင်း အဏုဇီဝများ အနေအထား ပိုမိုကောင်းမွန်တိုးတက်များပြားလာပြီး မြေသားအတွင်းရှိရောဂါအဖျက်ပိုးမွှားများကို ထိန်းချုပ်ကာကွယ်ပေးနိုင်ရန်။

(၆) အကျိုးပြုအဏုဇီဝများ၏ စွမ်းအားအကူအညီကြောင့် မြေသားစွမ်းအားနှင့် အပင်ပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းကောင်းမွန်သည်သာမက အပင်ရောဂါပိုးမွှားများအားလုံးကို မကုစားနိုင်သော်လည်း တဖြည်းဖြည်း လျော့ချသက်သာစေနိုင်၏။

(၇) အကျိုးပြုအဏုဇီဝများက စိုက်ပျိုးပင်များ၏ မြေဆီလွှာအတွင်းမှ ဖော့စဖိတ်ဓာတ်နှင့် ပိုတက်ဓာတ်တို့ကို ပိုမိုစုပ်ယူအားကောင်းစေသောကြောင့် ၎င်းမြေဩဇာများ အသုံးပြုမှု လျော့ချနိုင်၏။

(၈) အကျိုးပြုအဏုဇီဝများက အပင်အတွက် အစာအာဟာရဓာတ် စားသုံးရရှိမှု မြင့်မားတိုးတက်စေရာမှ ပန်းပွင့်ခြင်းစောစေသည်သာမက များများပွင့်စေရန် သီးနှံအထွက် မြင့်တက်စေနိုင်၏။ အပင်အားကိုလည်း ထိန်းထားနိုင်၏။

(၉) စိုက်ပျိုးမြေသား မြေဆီလွှာနှင့် အပင်ပတ်ဝန်းကျင်မှ အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်းများကို တဖြည်းဖြည်းဖယ်ရှားပြီး အဆိပ်သင့်မည့် အန္တရာယ်ကို ကာကွယ်နိုင်သည်။

(၁၀)အပင်၏ အဓိကလိုအပ်ချက်ဖြစ်သော အစိုဓာတ်ထိန်းသိမ်းရေးနှင့် ရေတက်ခြင်းဝေဒနာကို လျော့ကျစေပြီး ပဲမျိုး နွယ်ပင်များတွင်မူ ၎င်းမြစ်ဖျားများ၏ နိုက်ထရိုဂျင် စုစည်းခြင်းကို မြင့်မားကောင်းမွန်စေသည်။

(၁၁)မြေသားတင်းရင်းကြွပ်သည့်ပုံစံမှ မြေသားမွှေလာခြင်း။ အကျိုးပြုသတ္တဝါများ (ဥပမာ–တီကောင်)များတွေ့ရှိလာခြင်း။

(၁၂)ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး ပက်ဖျန်းပါက ဆေးဖြန်းပြီး ရ ရက်ကြာပြီးမှသာ E.M ဖျော်ရည်နှင့် E.M မြေဆွေးကို အသုံးပြုရမည်ဖြစ်ပါသည်။

မိမိ၏ စိုက်ခင်းအတွင်းရှိ Microorganism များ သေကြေမှုမရှိစေရန်အတွက် စိုက်ခင်းအား မီးရှို့ခြင်း၊ မြေပြောင်စွာ ပြုပြင်ခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။ ထိုကဲ့သို့ပြုလုပ်ပါက မြေဆီလွှာအပေါ်ယံရှိ အဏုဇီဝရုပ်များ သေကြေပျက်စီးသွားနိုင်ပြီး အပင်များစိုက်ပျိုးရာတွင် ရှင်သန်မှုများ လျော့နည်းမည်ဖြစ်သောကြောင့် သတိထားသင့်ပါသည်။

သို့ဖြစ်သောကြောင့် တောင်သူလယ်သမားအများစုမှာ မြေဆီလွှာတွင် Microorganism များ ရှိသင့်ရမည့်ပမာဏ ရှိကို ရှိရမည်ဆိုသော အချက်ကို သိရှိသူဦးရေမှာ အလွန်နည်းပါးသည့်အပြင် ၎င်းတို့၏ လုပ်ဆောင်မှုမှာ အဓိကကျပြီး လွန်စွာအရေးကြီးကြောင်း သိရှိကြရန် ရည်ရွယ်ပြီး ရေးသားခြင်း ဖြစ်ပါသည်။

ဒေါ်သက်သက်ထူး





သူ့ကို အိပ်ရာက ထစေချင်ရင်

ဆယ်ကျော်သက်ကလေးတွေနဲ့ ပတ်သက်ပြီးဖြစ်နေတဲ့ ပြဿနာများကို ဆွေးနွေးကြရင်းနဲ့ အမျိုးသမီးတစ်ယောက်က အိမ်နီးချင်းတစ်ဦးကို မေးတယ်–

''မနက် မနက် ရှင့်သားကိုနှိုးရတာ ခက်သလား''တဲ့

အဲဒီအမျိုးသမီးကြီးက ပြန်ဖြေတယ်–

''မခက်လှပါဘူး၊ ကျွန်မက သူ့အခန်းတံခါးဖွင့်ပြီး ကြောင်ကို သူ့အိပ်ရာပေါ် ပစ်တင်လိုက်တယ်''တဲ့၊

မေးခွန်းထုတ်လိုက်တဲ့ အမျိုးသမီး နားမလည်ဖြစ်သွားတယ်–

''ဘယ်လို၊ အဲဒါနဲ့ သူ နိုးသွားရောလား''

အိမ်နီးချင်းက ရှင်းပြတယ်–

''သားက ခွေးလေးနဲ့အတူ အိပ်တာလေ''တဲ့။ ။

မောင်သီဟ

မြန်မာနိုင်ငံတော်ပုံအသင်း

ဂုဏ်ယူဝမ်းမြောက်ပါသည်များ

စံပြအလှမယ် "CINOY MYAT"

သန့်စင်



ပထမ

သွယ်သွယ်ဇွန်း



၃၀ကိုယ

ဆဆတာလွင်



၈၀ကိုယ

လှမျိုးသွင်

မြန်မာနိုင်ငံဓာတ်ပုံအသင်း

၁၈၉၈ခုနှစ်ပုံပြင်လွှမ်းများ

ပြင်ပရိုက်ကူးရေး (OUTING) အစီအစဉ်

သန့်စင်

ဆောင်းနုံနက်ခင်း(အကြီးတန်း)



ပထမ

ထင်လင်းထွန်း



ဒုတိယ

ကိုကိုဇင်



တတိယ

ဝင်ငြိမ်းနိုင် (ဇွန်ကျင်)

လမ်းမီးဓာတ်တိုင်၏ ခပ်မှိန်မှိန်အလင်းတချို့နှင့်အတူ သဲကြီးမဲကြီးရွာသွန်းနေသည့် မိုးရေစက်များလည်း ဖြာကျနေသည်။ ထို ဓာတ်တိုင်၏ဘေးတွင် လမ်းဘေးမေးတင် ဆောက်ထားသည့် ယိုတို့ယိုင်တိုင် တဲအိမ်ကလေးရှိသည်။ တဲအိမ်ထဲမှ အဘွားကြည်သည် မြေးမလေးပြန်အလာကို လည်တိုင်လေးတမော့မော့ဖြင့် မျှော်နေရှာသည်။ ဖန်မီးအိမ်၏ အလင်းကလည်း ခပ်ဖျော့ဖျော့။

ဘေးပတ်ပတ်လည်တွင် ခနိကြား၊ ဝါးတိုင်ကြားမှ ယိုစိမ့်ကျလာသည့် မိုးရေစက်တို့ကို ဒန်အိုးများ၊ ရေပုံးများ၊ ကော်ဇလုံများဖြင့် ခံထားရသည်။

ဓာတ်တိုင်အောက်က ကြိုးစောင့်သူ



အချိန်ကဖြင့် ည ၇ နာရီရှိပြီ။ ယခင် အလုပ်ဆင်းချိန်ထက် နှစ်နာရီခန့် နောက်ကျနေသဖြင့် အဘွားကြည်သည် စိုးတထိတ်ထိတ်နှင့် စိတ်သောကရောက်နေသည်။ အငြိုးနှင့် ဖိရွာနေသည့် မိုးကိုလည်း မကျေမနပ်ဖြစ်နေသည်။ သို့သော် အဘွားကြည်သည် မြေးမလေးကို အန္တရာယ်ကင်းကင်း ပြန်ရောက်ရန် ဆုတောင်းပိန်နေ၏။

''ဘုရား...ဘုရား...အဘွားမြေးလေး ဘာဖြစ်လို့ နောက်ကျနေတာပါလိမ့်၊ ခါတိုင်းဆို အစောကြီးပြန်ရောက်ပြီး၊ မပြောကောင်း မဆိုကောင်း တစ်ခုခုများဖြစ်နေပြီလား၊ ခေတ်ကာလက ကောင်းတာမဟုတ်ဘူး၊ ခိုးဆိုး၊ လုယက်သူတွေက ပေါ်၊ အဓမ္မကျင့်တာတွေကလည်း မကြာခဏဖြစ်၊ အရှင်ဘုရား...မြေးမလေး အန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံးပြန်ရောက်ပါစေ''

ထိုအချိန် ခပ်လှမ်းလှမ်း လမ်းမီးဓာတ်တိုင်အောက်မှ ထဘီခပ်တိုတိုဝတ်ပြီး တစ်ဖက်က ထမင်းချိုင့်ဆွဲကာ မိုးရွာထဲ ခပ်သုတ်သုတ်ပြန်လာသည့် မြေးလေးကို အဘွားကြည် မြင်လိုက်ရသည်။ ရင်ဘတ်လေး တမမဖြင့် မောလျခြင်း၊ လှိုင်းဂယက် ပွက်ထလို့နေသည်။

''မြေးလေး...နောက်ကျလိုက်တာကွယ်၊ အဘွားက စိတ်ပူနေတာ၊ ကြည့်စမ်း ထီးယူမသွားတော့ တစ်ကိုယ်လုံးလည်း စိုရွှဲနေတာပဲ''

ချိုသဲသည် စိုစိုရွှဲရွှဲဖြင့် အဘွားကြည် ဘေးနား စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။ မျက်ရည်စများ ရစ်ဝဲလာသည့် မြေးမလေး၏ မျက်ဝန်းညိုညိုကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

''ဟီး...ဟီး...အရမ်းရက်စက်တယ်''

''ဟဲ့...မြေးလေး၊ ဘာဖြစ်လာလို့လဲ၊ အဘွားကိုပြောပြစမ်း၊ အဘွားရင်တွေပူလိုက်တာ''

အဘွားကြည် စိတ်ပူပန်စွာဖြင့် တဖွဖွ မေးသည်။ မြေးမလေး ချိုသဲက အိပ်ထောင့်ထဲက ပလတ်စတစ်ဖြင့်ထည့်ထားသည့် စာအိတ်ကိုယူဖွင့်၍ အိတ်ထဲက ငွေစက္ကူအချို့ကို အဘွားကြည်အား ပေးလိုက်သည်။

''အဘွား...ဒီမှာ လစာ၊ သမီးတို့ တစ်လလုံးလုပ်တဲ့လစာ၊ နည်းနည်းလေးပဲရတယ်၊ လစာက မြေးတစ်ယောက်တည်း နည်းတာမဟုတ်ဘူး၊ အလုပ်သမားအားလုံး လစာနည်းကြတာ၊ အားလုံးကလည်း မကျေနပ်တော့ ဆန္ဒပြကြတာပေါ့၊ အဲဒါကြောင့် မြေးလည်း နောက်ကျနေတာ၊ မနက်ဖြန်လည်း စက်ရုံရှေ့မှာ ဆန္ဒပြဖို့ ချိန်းထားသေးတယ် အဘွား''

''ဘုရား...ဘုရား''

အဘွားကြည်ရင်ကို ဆွဲရမ်းလှုပ်ခါလိုက်သလို ခံစားလိုက်ရသည်။ တိုက်ပွဲများ အကြောင်း၊ စစ်ပွဲများအကြောင်း၊ ခိုးဆိုး လုယက်သည့်အကြောင်း၊ ရန်ဖြစ်သည့်

အဘွားကြည်ကတော့ အသက်ရှူရပ်မတတ် မွန်းကျပ်သွားသည်။ အပျိုအရွယ် မြေးမလေးနှင့် ယခုလို တဲစုတ်မှာနေရသည့် ဒုက္ခ၊ ဘယ်နေ့ ဒီနေရာက ဖယ်ပေးပါလို့...

အကြောင်း၊ ဆန္ဒပြဆူပူလှုပ်ရှားခြင်း အကြောင်းများကြားလျှင် အဘွားကြည် တစ်ယောက် ခေါင်းနားပန်းကြီးလာသလို ကြောက်ရွံ့လာသည်။ မကြားရဲပေ။

တစ်ယောက်နှင့်တစ်ယောက် အတွေ့များ ရှေ့တန်းတင်၍ တိုက်ကြ၊ ခိုက်ကြ၊ ဆန္ဒပြကြသည်ကိုလည်း မနှစ်မြို့၊ မလိုလားပေ။

''မြေးလေးရယ်...ဆန္ဒမပြပါနဲ့၊ အေးအေးဆေးဆေး နေပါလားကွယ်၊ ဒီအလုပ်အဆင်မပြေရင် နောက်တစ်ခု ပြောင်းလုပ်ရအောင်ပေါ့''

''မဟုတ်ဘူး အဘွား၊ သူတို့က သက်သက် လုပ်ရလို့ လုပ်နေကြတာ၊ အလုပ်သမားတွေကို မညှာတာဘူး၊ လူပါးကို ဝတယ်၊ ဆန္ဒပြကို ပြရမယ်၊ အဘွား စိတ်မပူနဲ့၊ အခုလို ဒီမိုကရေစီခေတ်ထဲမှာ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နေကြတာပဲ၊ နောက်ပြီး မြေးတစ်ယောက်တည်း ဆန္ဒပြမှာ မဟုတ်ဘူး၊ စက်ရုံထဲက အလုပ်သမားတွေ အကုန်လုံးပဲ''

ချိုသဲသည် စိတ်ဓာတ်ကျ၊ ဝမ်းနည်းအားငယ်စိတ်များကို ဖယ်ထုတ်ကာ ကျနေသည့် မျက်ရည်များကို ပြတ်ပြတ်သားသား သုတ်လိုက်သည်။ ထို့နောက် အဘွားကြည် ဘေးမှ ဆတ်ခနဲထကာ ထရံအကာ နောက်ဖေးအခန်းကျဉ်းလေးထဲသို့ ဝင်သွားသည်။

အဘွားကြည်ကတော့ အသက်ရှူရပ်မတတ် မွန်းကျပ်သွားသည်။ အပျိုအရွယ် မြေးမလေးနှင့် ယခုလို တဲစုတ်မှာနေရသည့် ဒုက္ခ၊ ဘယ်နေ့ ဒီနေရာက ဖယ်ပေးပါလို့ ပြောလာလျှင် ဘယ်နေရာမှာ နေရမလဲဆိုတာ မသိသည့် ဒုက္ခများနှင့် အဘွားကြည် တစ်ယောက် ဝေဆာနေသည်။

အဘွားကြည်၏ ရင်ထဲက သောကမီးများနှင့်အတူ မိုးသည် အငြိုးတကြီး ရွာသွန်းနေသည်။ လျှပ်စီးတို့မှာလည်း တလင်းလင်း တလက်လက်နှင့်။

+ + + + +

အဘွားကြည်နှင့် မြေးမလေးချိုသဲတို့ အိပ်နေသည့်နေရာသာ အနည်းငယ် မိုးလုံခြုံပြီး ကျန်နေရာများက ရွှဲရွှဲစိုနေသည်။ မနက်ခပ်စောစောထ၍ ထင်းစိုစိုများဖြင့် ထမင်းအိုးတစ်လုံးရယ်၊ အဆင်သင့် ခူးဆိတ်ထားသည့် ကန်စွန်းရွက်များကို ကြော်ရန် အတွက် ချက်ပြုတ်နေရသည်။ မီးခိုးတလူလူ၊ ချောင်းဆိုးသံ တဟွတ်ဟွတ်နှင့် မျက်လုံးကို မီးခိုးငွေ့များကလည်း ရိုက်ခတ်နေသည်။

ထိုအချိန် ခေါင်းရင်းအတွဲခန်းအိမ်များမှ စောစောစီးစီး ရန်ဖြစ်သံကို ကြားလိုက်ရသည်။ ထုံးစံအတိုင်း ရန်ဖြစ်နေကြဖြစ်သော်လည်း ယခုအခါတော့ ကလေးမ တစ်ယောက်၏ ''မေမေ့ကို ကယ်ပါအုံး'' ဟူသော

အသံကို ကြားလိုက်ရသည်။

အဘွားကြည်သည် ချက်နေရင်း ဆတ်ခနဲထ၍ အိမ်ခေါင်းရင်းအပေါက်မှ လှမ်းကြည့်လိုက်သည်။ တွေ့လိုက်ရသည့် မြင်ကွင်းက မြင်မကောင်းလှပေ။ ပိုက်ဆံအတိုးပေးသည့် ဒေါ်မြရှင်နှင့် အိမ်အတွဲခန်းမှ နှင်းနုတို့ စကားအချေအတင်ပြောရာမှ နပန်းလုံးကြသည်အထိ ဖြစ်ကုန်သည်။ ဘေးတွင် နှင်းနုသမီး ခုနစ်နှစ်အရွယ် မိစုလေးကလည်း ငိုယိုပြီး အကူအညီတောင်းခံနေသည်။

မကြာလိုက်ပါ။ အတွဲခန်းမှထွက်လာသော အမျိုးသားနှင့် အမျိုးသမီးတို့က ဝိုင်းဆွဲ၍ ငြိမ်သက်သွားကြသည်။ လခထုတ်ပြီး နောက်တစ်နေ့ဆို အတွဲခန်းများမှ တစ်အိမ်မဟုတ် တစ်အိမ် ရန်ဖြစ်ကြစမြဲပင်။ နှင်းနုသည် ချိုသဲနှင့် စက်ရုံတစ်ခုတည်း အလုပ်လုပ်နေသူများ ဖြစ်ကြသည်။ နှင်းနုအနေဖြင့်လည်း လစာကနည်း၊ အိမ်လခကပေးရသည့်အပြင် ကျန်ရက်များအတွက် စားစရိတ်များလည်းရှိနေသေးသည်။ ထို့ကြောင့် အကြွေးမဆပ်နိုင်၍ အကျိုးအကြောင်းပြောပြသော်လည်း မရ။ သည်အတွက် အခုလို ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အဖြစ်သို့ ရောက်ရခြင်းဖြစ်သည်။

''အဘွား...ခေါင်းရင်းအိမ်က ဘာတွေဖြစ်နေကြတာလဲ၊ ဆူညံနေတာပဲ''

အိပ်မှန်စုံမွှားဖြင့်ထလာသည့် မြေးမလေးကိုကြည့်၍ အဘွားကြည်က အပြီးလေးဖြင့်...

''ထုံးစံအတိုင်းပေါ့ မြေးရယ်၊ အဘွားတို့လို အခြေခံလူတန်းစားတွေအတွက် စားဝတ်နေရေး အဆင်မပြေတဲ့ပြဿနာ၊ ငွေကြေး အခက်အခဲပြဿနာတွေက ဖြစ်နေကြစမြဲလေ''

''အဘွား မြေးကို ဒီနေ့ ထမင်းချိုင့်မထည့်ပေးနဲ့တော့၊ ဒီနေ့ မြေးတို့ အလုပ်သမားတွေ စက်ရုံရှေ့မှာ ဆန္ဒပြကြမှာ၊ လစာမတိုးပေးမချင်း နေ့တိုင်းကို ဆန္ဒပြကြမှာ''

အဘွားကြည် ရင်တမောမောဖြစ်ရသည်။ မတတ်နိုင်ပေ။ အမျာနှည်းတူ ဆန္ဒပြကြတာပဲဟု စိတ်ကဖြည့်တွေးလိုက်ရသည်။ ချိုသဲသည် အလုပ်ကိုထွက်သွားပြီးနောက် အဘွားကြည်တစ်ယောက် ကော်ဖီမစ် ပါကင်အိတ်ခွံများ၊ ပလတ်စတစ်အိတ်ခွံများကိုယူ၍ ညက မိုးယိုသည့်နေရာများကို ဖာထေးပြုပြင်နေသည်။ မဖာထေးလို့ကမရ။ အချိန်ပြည့် မိုးကအံ့နေသည်။

''ဗျို့...အဘွားကြည်၊ အဘွားကြည် ရှိလား''



လခထုတ်ပြီး နောက်တစ်နေ့ဆို အတွဲခန်းများမှ တစ်အိမ်မဟုတ် တစ်အိမ် ရန်ဖြစ်ကြစမြဲပင်။ နှင်းနုသည် ချိုသဲနှင့် စက်ရုံတစ်ခုတည်း အလုပ်လုပ်နေသူများ ဖြစ်ကြသည်



အိမ်ရှေ့ကခေါ်သံကြားသဖြင့် အဘွားကြည် အိမ်ရှေ့ကို ငုံ့ကြည့်လိုက်သည်။ မိုးဖွားကလေးများကလည်း ကျနေသည်။ ထီးဆောင်းထားသည့် အမျိုးသားသုံးယောက်ကို တွေ့လိုက်ရသည်။

''ဩော်...ရာအိမ်မှူးနဲ့ အဖွဲ့ဝင်တွေပဲ၊ ကြွပါရှင်၊ အိမ်ထဲကို ကြွကြပါ''

အဘွားကြည်သည် ကမန်းကတန်း ဖျာခင်းနွမ်းနွမ်းလေးကို ခင်းလိုက်သည်။ ဖျာပေါ်မှာ မိုးစိုကွက်များလည်းရှိသည်။ ရာအိမ်မှူးနှင့် အဖွဲ့ဝင်များကလည်း တံစက်မြိတ်ကို ငုံ့ဝင်လာပြီး ဖျာပေါ်ထိုင်လိုက်ကြသည်။

''အဘွားကြည်ရေ...ကျုပ်တို့လာတဲ့အကြောင်းအရင်းကတော့ အဘွားကြည်တို့ ဒီနေရာလေးက ဖယ်မှဖြစ်တော့မယ်၊ ခြံပိုင်ရှင်တွေကလည်း ဖယ်ခိုင်းနေပြီ''

အဘွားကြည် အံ့သြတုန်လှုပ်သွားသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ဖယ်ရမှာကို သိနေသော်လည်း ယခုလောက် မြန်ဆန်လိမ့်မည်ဟု ထင်မှတ်မထားခဲ့ပေ။

''ရာအိမ်မှူးကြီးရယ်...အဘွားတို့ ဒီတစ်မိုးလောက်တော့ နေပါရစေ၊ ကူညီပါကွယ်၊ အဘွားတို့က မိုးတွင်းကြီး ပြောင်းရွှေ့စရာနေရာ မရှိသေးလို့ပါ''

အဘွားကြည်က ငိုမဲ့မဲ့မျက်နှာဖြင့် အသနားခံပြောပြီး ထဘီအလိပ်ကြားထဲက ငွေစက္ကူ ငါးထောင်တန်သုံးရွက်ကိုထုတ်၍ ရာအိမ်မှူးအား လက်တုန်တုန်ဖြင့် ပေးလိုက်သည်။ ရာအိမ်မှူးသည် ချက်ချင်း မျက်နှာကြည်လင်းလာပြီး ကရုဏာမျက်ဝန်းဖြင့်–

''ကောင်းပါပြီဗျာ၊ အဘွားတို့ဘက်ကြည့်လည်း အားကိုးရမယ့်သူကမရှိ၊ မြေးဘွားနှစ်ယောက်ထဲဆိုတော့ ဘယ်တတ်နိုင်မလဲ၊ ခြံပိုင်ရှင်ကို ဒီတစ်မိုးနေလို့ရအောင်တော့ ပြောပြရမှာပဲ၊ ကဲ...ဒါဆို ကျုပ်တို့ ပြန်အုံးမယ်ဗျာ''

ခပ်တည်တည်ဖြင့် ထွက်သွားသည့် လူကြီးများ၏ကျောပြင်ကိုကြည့်၍ အဘွားကြည် မျက်ရည်များ ယိုစီးဖိတ်ကျလာသည်။

''ငါ့နှယ်...ကံဆိုးလိုက်တာနော်၊ မြေးလေးက လစာနည်းလို့ ဆန္ဒပြနေရတဲ့အထဲ အခုတော့ ခြံလစာပါ ရှိတဲ့အထဲကပေးလိုက်ရပြီ၊ စိတ်ဆင်းရဲလိုက်တာနော်''ဟု ရေရွတ်ငိုကြွေးလိုက်သည်။

အနောက်တောင်ဘက်က မိုးကြီးက

လစာထဲက ပိုက်ဆံကို စုမယ်၊ အိုးပိုင်အိမ်ပိုင်နေနိုင်အောင် ကြိုးစားမယ်၊ အပင်တွေစိုက်မယ်၊ ခြံလေးကို လှလှပပတန်ဆာဆင်မယ်...

လည်း အံ့မိုင်းလာသည်။ မကြာခင် သဲကြီးမဲကြီး ရွာတော့မည်။ အဘွားကြည်သည် နာကျင်ကြေကွဲခြင်းများနှင့်အတူ တရှုံ့ရှုံ့ငို ရင်း မိုးယိုပေါက်များကို ဆက်လက်ဖာထေးနေတော့သည်။

+ + + + +

အချိန်ကဖြင့် ညနေ ၄ နာရီရှိပြီ။ မိုးကလည်း အုံ့ဆိုင်းရွာသွန်းနေ၏။ လေပြင်းကလည်း ကြမ်းတမ်းစွာတိုက်ခတ်သည်။ အဘွားကြည်သည် စောင်လေးခြုံပြီး ခပ်ကုပ်ကုပ်လေးထိုင်ကာ မြေးမလေးပြန်လာမည့်လမ်းကို ကြည့်နေသည်။

ထိုသို့ကြည့်နေရင်း ခပ်လှမ်းလှမ်းမှ အလုပ်ရုံယူနီဖောင်းများဖြင့် အုပ်စုဖွဲ့ချီတက်လာသည်ကို တွေ့လိုက်ရသည်။ မိုးနှင့်အတူ အံတုနေကြသည်။ အဘွားကြည် ရင်ဘတ်ကိုဖိကာ သက်ပြင်းအကြိမ်ကြိမ် ချနေမိသည်။ ရင်ထဲမှာလည်း အလိုလိုမောဟိုက်ပင်ပန်းလာသည်။ ထိုလူအုပ်ကြားထဲမှ မြေးမလေး ချိုသဲက သူလုပ်ဖော်ကိုင်ဖက်များကို နှုတ်ဆက်ပြီး အိမ်ထဲဝင်လာသည်။

''အဘွား တွေ့လား၊ မြေးတို့ ဆန္ဒပြကြတဲ့အဖွဲ့၊ အဘွားမြင်ရတာ နည်းနည်းလေး၊ စက်ရုံရှေ့ဆို ဖွေးဖွေးကိုလှုပ်လို့၊ အားလုံးကတော့ လစာမတိုးမချင်း ဆူပူဆန္ဒပြကြအုံးမှာ''

''မြေးလေးရယ်၊ ဖြစ်နိုင်ရင် ဆန္ဒမပြပါနဲ့လား၊ အဘွားစိုးရိမ်လို့ပါ''

''မြေးလည်းဆန္ဒမပြချင်ပါဘူး အဘွားရယ်၊ ဒါပေမဲ့ မြေး အခုလို ဆန္ဒပြတာ လစာတိုးဖို့၊ လစာတိုးရင် မြေးလိုချင်တဲ့အရာ ရပြီပေါ့၊ မြေးရင်ထဲမှာ ခံစားနေရတာ ကြာပါပြီ အဘွားရယ်၊ သူများလို အိုးပိုင်၊ အိမ်ပိုင်နဲ့လည်း မနေနိုင်ဘူး၊ မြေး ဒီလိုဘဝမျိုး မနေချင်ဘူး အဘွားရယ်၊ ဘယ်တော့အချိန်မှ အိုးပိုင်အိမ်ပိုင်နဲ့ နေရမလဲမသိတော့ဘူး''

ချိုသဲသည် ရင်ထဲက ခံစားချက်များဖွင့်ကျလာကာ အားရပါးရ ပြောချလိုက်တော့သည်။ မြေးမလေး၏ ခံစားချက်ကို အဘွားကြည် ကောင်းကောင်းသဘောပေါက် နားလည်းသည်။ ''လစာထဲက ပိုက်ဆံကို စုမယ်၊ အိုးပိုင်အိမ်ပိုင်နေနိုင်အောင် ကြိုးစားမယ်၊ အပင်တွေစိုက်မယ်၊ ခြံလေးကို လှလှပပတန်ဆာဆင်မယ်'' ဆိုသည့် မြေးမလေး၏ စကားသံများကလည်း အဘွားကြည်၏ နားစည်ထဲမှ သံမှိုစွဲရိုက်ထားသလို အမြစ်တွယ်နေသည်။

အဘွားကြည်သည် မြေးမလေးကို ပွေ့ထားလျက် ချော့မြူဖြေသိမ့်နေရုံကလွဲ၍ မတတ်နိုင်ပေ။ ဖြစ်သမျှအကြောင်း အကောင်းဟုသာ တွေးဆနေသည်။

+ + + + +



မိုးသည် ပြင်းထန်စွာရွာသဖြင့် အဘွားကြည်၏ အိမ်ကလေးမှာ အနည်းငယ် လှုပ်ရမ်းနေသည်။ မိုးခြိမ်းသံများ၊ လျှပ်စီးများလည်း တဝုန်းဝုန်း တလက်လက်ဖြစ်နေသည်။

သို့သော် သဲကြီးမဲကြီးနှင့် အငြိုးတကြီး ရွာသွန်းနေသော မိုးမင်းကြီးကို အဘွားကြည်သည် စိန်ခေါ်အပြီးဖြင့် ပြီးနေသည်။ ကြောက်ရွံ့မှုမရှိ။ သတ္တိများသာရှိနေသည်။ ယခုတော့ အဘွားကြည်သည် မြေးမလေး၏ဆန္ဒ ပြည့်ဝတော့မည်ကိုတွေးရင်း မာန်အပြည့်ပင်။ လက်ထဲမှာလည်း မြေနေရာပေးမည်ဆိုသော ကတ်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ တိုက်ခန်းဖြင့် နေရမလား၊ မြေကွက်ပဲ ပေးမလားဆိုသည်ကို မသိသော်လည်း တစ်နေ့နေ့တစ်ချိန်ချိန် ပိုင်ဆိုင်မှုနေရာတစ်ခုကိုတော့ ကျိန်းသေသိနေသည်။

''အဘွား''

အမောတကောနှင့်ပြေးလာသည့် မြေးမလေး၏ခေါ်သံကြောင့် အဘွားကြည်သည် ခေါ်သံဆီသို့ လှည့်ကြည့်လိုက်သည်။

''အဘွား . . . မြေး ဝမ်းသာလွန်းလို့ ပြေးလာတာ၊ မြေးတို့စက်ရုံက အခု လစာတိုးပေးတော့မယ်တဲ့ အဘွားရယ်''

အဘွားကြည်သည် ထိုသတင်းကို ကြားရရုံနှင့်ပင် ကြက်သီးမွေးညှင်းများ စိမ့်ဖြာတုန်ခိုက်လာသလို ခံစားရလိုက်သည်။

''ဝမ်းသာလိုက်တာ မြေးလေးရယ်၊ အဘွားပျော်လိုက်တာ၊ မြေး ဒီထက် ဝမ်းသာစရာ အဘွားပြောမယ်၊ ဒီမှာကြည့်''

အဘွားကြည်က လက်ထဲမှ ကတ်ပြားကလေးကို ထုတ်ပြသည့်အခါ ချိုသဲက နားမလည်သော်လည်း စိတ်ဝင်တစားကြည့်လေသည်။

''အဘွား . . . အဲဒါဘာလဲဟင်''

''ဒီကတ်ပြားက ဒီနေ့ပဲ အစိုးရက ထုတ်ပေးတာ၊ အဘွားတို့လို အမှန်တကယ် နေစရာမရှိ၊ အိုးမဲ့ အိမ်မဲ့တွေကို အစိုးရက မြေနေရာပေးတော့မယ် မြေးလေးရဲ့''

''ဒါဆို မြေးတို့ အိုးပိုင်အိမ်ပိုင် နေရတော့မှာပေါ့နော် အဘွား၊ ဝမ်းသာလိုက်တာ အဘွားရယ်''

အဘွားကြည်သည် ခေါင်းတညိတ်ညိတ်ဖြင့် ပြီးနေသည့် မြေးမလေးနှင့်အတူ ဝမ်းသာပီတိမျက်ရည်များကလည်း ကျလာသည်။ မြေးဘွားနှစ်ယောက်လုံးအတွက် တစ်နေ့နေ့ ပိုင်ဆိုင်ရမည့် မြေနေရာနှင့် သူတို့၏ စိုပြေသောဘဝကို အတွေးကိုယ်စီဖြင့် စိတ်ကူးယဉ်ပြီးပျော်လျက်ရှိလေသည်။

''ဝုန်း''

ကောင်းကင်ကြီးမှာတော့ မိုးသားများ တိုက်ခိုက်တုန်း၊ တလိပ်လိပ် တည်ငြိုငြိုဖြင့် ငြိုးအားကောင်းတုန်း၊ စစ်မြေပြင်ကဲ့သို့ပင် လေပြင်းမုန်တိုင်းနှင့် လျှပ်စီးများကလည်း ဝုန်းဒိုင်းကြဲနေတုန်း . . .။

အောဘုန်းခေတ်

မွေးမြူရေးကြော်ငြာဆန်း









ခရစ်နှစ် ၁၈၅၅ က ထုတ်ဝေတဲ့ သတင်းစာတစ်စောင်မှာ (Geographical Review) ကဏ္ဍကနေ ကြော်ငြာတစ်စောင်က အောက်ပါအတိုင်း ကြော်ငြာထားတာ တွေ့လိုက်ရတယ်–


''ကြီးပွားချမ်းသာဖို့ အခွင့်အလမ်းကောင်း–ကျွန်ုပ်တို့သည် လကွန်း(Lacon) တွင် ကြောင်မွေးမြူရေးစခန်းတစ်ခု စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကြောင်အကောင် ၁၀၀,၀၀၀ဖြင့် စတင်ပါမည်။ တစ်နှစ်လျှင် ကြောင်တစ်ကောင်က သားပေါက် ၁၂ကောင် ရပါမည်။ ကြောင်အရေခွံတစ်ချပ်ကိုရောင်းလျှင် ဆင့် ၃၀ ရပါမည်။ လုပ်သားတစ်ရာဖြင့် တစ်နေ့ ကြောင်အရေခွံ အချပ် ၅၀၀၀ ရအောင် လုပ်ဆောင်နိုင်ပါသည်။ သို့ဖြင့် တစ်ရက်လျှင် အမြတ်ငွေ ဒေါ်လာ ၁၀,၀၀၀ ကျော် ရပါမည်၊

''ဟုတ်ပြီ၊ ဒီတော့ ကြောင်စာ ဘယ်လိုရမလဲ၊ ကြောင်မွေးမြူရေးစခန်းနှင့် မလှမ်းမကမ်းတွင် ကြွက်မွေးမြူရေးစခန်းတစ်ခု တည်ဆောက်ပါမည်။ ကြွက်အကောင်တစ်သန်းဖြင့် စတင်ပါမည်။ ကြွက်သားပေါက်နှုန်းမှာ ကြောင်ထက် ၁၂ ဆများပါသည်။ သို့ဖြင့် နေ့စဉ် ကြောင်တစ်ကောင်ကို ကြွက် ၄ ကောင် ကျွေးနိုင်ပါသည်၊

''သို့ဆိုလျှင် ကြွက်အတွက် အစာ ဘယ်လိုရှာမလဲ၊ အဆင်ပြေပါသည်၊ အရေခွံခွာထားပြီးသော ကြောင်၏အသားများကို တုံးတစ်၍ ကြွက်အစာအဖြစ် သုံးပါမည်၊

''ဤသို့ဖြင့် ကြောင်သားကို ကြွက်ကျွေး၍၊ ကြွက်ကို ကြောင်အား ကျွေးမွေးပါမည်၊ ကြောင်အရေခွံအတွက်မူ ဘာမျှ ကုန်ကျစရိတ် မလိုတော့ပါ။ ။

မောင်သီဟ



သိမှတ်စွယ်ရာ ခန္ဓာကိုယ်မှာ

ပေါက်ပေါက်

မိမိပိုင်ဆိုင်ထားသော ခန္ဓာကိုယ်၏ အစိတ်အပိုင်းလေးများအကြောင်းကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါတယ်။

ဦးနှောက်

ခန္ဓာကိုယ်ရဲ့ နှဲ့ဗ်အာရုံကြောစနစ်ကို ထိန်းချုပ်ပေးတဲ့ဗဟိုဌာနဖြစ်သည့်အလျောက် စက္ကန့်တိုင်းမှာ သတင်းပို့ချက် ရာပေါင်းများစွာကို ထုတ်လွှင့်ပေးသလို သတင်းပြန်ကြားချက်များကိုလည်း ပြန်လည်ရယူပေးနိုင်ပါတယ်။ ကြွက်သားများ လှုပ်ရှားခြင်း၊ အသက်ရှူခြင်း စတဲ့ ခန္ဓာကိုယ်လှုပ်ရှားမှုတိုင်းကို ဦးနှောက်က ထိန်းချုပ်ပေးတဲ့အပြင်၊ စဉ်းစားတွေးခေါ်ခြင်းနှင့် အမှတ်သညာတို့ကိုပါ ထိန်းချုပ်ပေးပါတယ်။ ဦးနှောက်ကို ပျော့ပျောင်းသော တစ်သျှူးဖြင့် ပြုလုပ်ထားပြီး ၎င်းကို မာကျောသောအရိုးများက ကာကွယ်ပေးထားပါတယ်။

မျက်စိ

ကိုယ်တွင်းအင်္ဂါတစ်စုံဖြစ်တဲ့ မျက်စိဟာ အင်မတန်နုနယ်ပါတယ်။ မျက်စိဟာ သူမြင်မြင်သမျှသော အရာဝတ္ထုများထံသို့ အလင်းလှိုင်း တန်ပြန်သက်ရောက်မှုရှိစေကာ၊ ထိုအလင်းရောင်က သူငယ်အိမ်မှတစ်ဆင့် အမြင်လွှာသို့ ရောက်ရှိလာပါတယ်။ အမြင်လွှာက ထိုအလင်းရောင်လှိုင်းများကို နှဲ့ဗ်အာရုံကြော အချက်ပြများအဖြစ် ပြောင်းလဲပေးပြီး၊ ထိုအချက်ပြများက ဦးနှောက်ဆီသို့

ရောက်ရှိသွားပါတော့တယ်။

လျှာ

ကြွက်သားများဖြင့် ပြုလုပ်ထားတဲ့ ကိုယ်တွင်း အင်္ဂါတစ်ခုဖြစ်ပြီး၊ ပါးစပ်နောက်ပိုင်းနှင့် အောက်ခြေတို့ကို တွယ်ဆက်ထားပါတယ်။ လျှာကို စိုစွတ်သောအရေပြားနှင့် ဖုံးအုပ်ထားပါတယ်။ ဒါ့အပြင် လျှာပေါ်မှာ ထောင်သောင်းမကသော အရသာဖုများပါရှိကာ လျှာပေါ်တင်သမျှ အရည်အဖတ်များ၏ အရသာအားလုံးကို ခံစားရယူနိုင်ပါတယ်။ လျှာက အစားအစာများကို လည်ချောင်းပြွန်ထဲသို့ တွန်းပို့ပေးတဲ့အပြင်၊ စကားပြောသံများကို ပြုလုပ်ရာမှာလည်း လျှာက ကူညီပေးပါတယ်။

နား


မိမိပတ်ဝန်းကျင်နှင့် ဟန်ချက်ညီစေဖို့အတွက် နားတစ်စုံက အကြားအာရုံဖြင့် ကူညီပေးပါတယ်။ အပြင်နားက အသံများကို ဖမ်းယူကာ နားစည်ကိုဖြတ်သန်းပြီး အလယ်နားဆီသို့ ထိုအသံများကို အရောက်ပို့ပေးပါတယ်။ အလယ်နားထဲရှိ သေးငယ်သည့် အရိုးသုံးခုက အသံနှင့်အတူ တုန်ခါစေပြီး၊ ၎င်း အလယ်နားထဲရှိ ခရုပတ်ထံသို့ ရောက်သွားတဲ့အခါမှာတော့ အသံတုန်ခါမှုပို့လာပါတယ်။ ထို့နောက် လျှပ်စစ်အချက်ပြလိုင်းများက နှာဝေအာရုံကြောများအတိုင်း ဦးနှောက်ဆီသို့ ရွှေ့လျားသွားပါတယ်။

သွား

သွားတစ်ချောင်းစီကို ကြွေသွားလွှာဖြင့် ဖုံးအုပ်ထားပြီး၊ ၎င်းကြွေသွားလွှာက ''သွားသား''ပေါ်မှာ တည်ရှိပါတယ်။ သွားရဲ့ ပျော့ပျောင်းသော အလယ်လွှာကို Pulp ဟု ခေါ်ပြီး ၎င်းအလွှာမှာ နှာဝေအာရုံကြောများနှင့် သွေးကြောများရှိပါတယ်။ ကလေးသူငယ်များမှာ ငယ်သွားအချောင်း ၂၀ ရှိပြီး၊ ငယ်သွားများ လဲပြီးနောက်မှာတော့ လူကြီးသွား ၃၂ ချောင်း ပေါက်လာပါတယ်။

အရိုးစု

ခန္ဓာကိုယ်၏ အရိုးများအားလုံးဟာ အဖြူရောင်ဖြစ်ပြီး၊ အရွယ်ရောက်ပြီးသူတစ်ယောက်၏ အရိုးစုတွင် အရိုးပေါင်း ၂၀၀ ကျော် ရှိပါတယ်။ ၎င်းအရိုးများကို အရိုးဆက်များနှင့် ဆက်သွယ်ထားပြီး အရိုးစုများ နေသားတကျရှိအောင် အဆက်ရွှတ်များက



The Anatomy of the Ear

ပြုလုပ်ပေးပါတယ်။ ကြွက်စွန်းရွက်တွေက ကြွက်သားအလွှာများကို အရိုးများနှင့် ဆက်ပေးထားကာ ကြွက်သားများက အရိုးစု၏ လှုပ်ရှားသောအပိုင်းများကို ထိန်းချုပ်ပေးထားပါတယ်။ ယင်းအရိုးစုများက ခန္ဓာကိုယ် ကိုယ်တွင်းအင်္ဂါအားလုံးကို ကာကွယ်ပေးပါတယ်။

နှလုံး

အဆုတ်နှစ်ခုကြားမှာရှိသော လက်သီးဆုပ်အရွယ်အစားရှိတဲ့ နှလုံးကို ကြွက်သားဖြင့် ပြုလုပ်ထားပါတယ်။ နှလုံးကို ဘယ်ဘက် အက်တရီယမ်၊ ညာဘက်အက်တရီယမ်၊ ဘယ်ဘက်ဗင်တရီကယ်၊ ညာဘက်ဗင်တရီကယ်ဟူ၍ အခန်းလေးခန်းအဖြစ် ခွဲခြားထားပါတယ်။ သွေးများကို သွေးလှည့်ပတ်စီးဆင်းသော စနစ်အတွင်း ရောက်ရှိအောင် နှလုံးက တွန်းညှစ်ပေးပါတယ်။ အကယ်၍ နှလုံးဟာ လုံးဝအလုပ်မလုပ်တော့ဘဲ ရပ်ဆိုင်းသွားပါက ခန္ဓာကိုယ်ဟာ ငါးမိနစ်ထက်ပိုပြီး အသက်မရှင်နိုင်တော့ပါဘူး။ လူကြီးတစ်ယောက်၏ နှလုံးခုန်နှုန်းဟာ တစ်မိနစ်လျှင် အကြိမ် ၇၀ ခန့် ဖြစ်ပါတယ်။

အရေပြား

အရေပြားကို မာကျောတဲ့ တစ်ရှူးဖြင့် ပြုလုပ်ထားပါတယ်။ ခန္ဓာကိုယ်၏ အကြီးမားဆုံးသော အစိတ်အပိုင်းဟာ အရေပြားဖြစ်တဲ့အလျောက်၊ ကိုယ်တွင်းသို့ ပြင်ပရောဂါ ပိုးမွှားများမဝင်အောင် ထိခိုက်မှုမဖြစ်အောင် ထိုအရေပြားက ကာကွယ်ဖုံးအုပ်ပေးထားပါတယ်။ အရေပြားရဲ့အောက်မှာတော့ အဆီပြင် ရှိပါတယ်။ အရေပြားမှာ အမွေးအမှင်၊ အဆီဂလင်း၊ သွေးကြောများ ပါရှိနေကြပြီး ၎င်းပစ္စည်းများက ခန္ဓာကိုယ်ကို ပုံမှန်ကိုယ်အပူချိန်ရှိအောင် ထိန်းညှိပေးပါတယ်။ ဒါ့အပြင် အရေပြားမှာ နှာဝေကလာပ်စည်းများပါရှိရာ၊ ၎င်းကလာပ်စည်းများက ပူခြင်း၊ အေးခြင်းနှင့် နာခြင်းစတဲ့ ခံစားချက်များကို ဦးနှောက်ထံသို့ သတင်းပို့ပေးပါတယ်။

သွေးလည်ပတ်မှု

သွေးဟာ နီရဲသောအရည်အဖြစ် သွေးကြောများအတွင်း အဆက်မပြတ် လှည့်ပတ်စီးဆင်းနေပါတယ်။ အဲဒီလို သွေးတွေ ခန္ဓာကိုယ်အနှံ့ လှည့်ပတ်နိုင်အောင် နှလုံးက ညှစ်ထုတ်ပေးပါတယ်။ သွေးဟာ တစ်ကိုယ်လုံးမှာရှိတဲ့ သက်ရှိဆဲလ်များအတွက် လိုအပ်သော အစားအစာအာဟာရများဖြင့် အောက်ဆီဂျင်တို့ကို ပို့ဆောင်ပေးပြီး၊ သက်ရှိဆဲလ်များမှ အညစ်အကြေး စွန့်ထုတ်ပစ္စည်းများကို ပြန်လည်သယ်ဆောင်ပေးပါတယ်။

အစာခြေအင်္ဂါများ

အစာခြေခြင်းဆိုတာ ခန္ဓာကိုယ်၏

အစားအစာဖြစ်စဉ်တစ်ခုပါပဲ။ အစာများဟာ ပါးစပ်ထဲသို့ရောက်ရောက်ချင်းမှာပင် အစာချေဖျက်ခြင်းကို စတင်ခံရပါတော့တယ်။ ယင်းအစားအစာများဟာ အစာခြေစနစ်ထဲဖြတ်သန်းစဉ် သေးငယ်သော အစိတ်အပိုင်းလေးများအဖြစ် ပြိုကွဲသွားပါတယ်။ အစာအိမ်၊ အူမကြီးနှင့် အူသိမ်အူမတို့ဟာ ခန္ဓာကိုယ်တွင်းရှိ အစာခြေအင်္ဂါများ ဖြစ်ကြပါတယ်။

ကျောက်ကပ်

ခန္ဓာကိုယ်တွင် အစုံလိုက်ရှိသော ကိုယ်တွင်းအင်္ဂါများအနက် ကျောက်ကပ်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ထို ကျောက်ကပ်တစ်စုံဟာ ၁၀ စင်တီမီတာ ရှည်ပြီး ကျောရိုး၏ တစ်ဖက်တစ်ချက်စီမှာ ကျောက်ကပ်တို့ တည်ရှိနေကြပါတယ်။ ကျောက်ကပ်ရဲ့ တာဝန်များမှာ သွေးကိုစစ်ထုတ်ပြီး သန့်စင်အောင် ပြုလုပ်ပေးခြင်း၊ ခန္ဓာကိုယ်က မလိုလားအပ်သော ရေတို့ကို စုဆောင်းပေးခြင်း၊ ကျောက်ကပ်က စစ်ထုတ်ပေးသော ရေနှင့် စွန့်ထုတ်ပစ္စည်းများကို အဝါရောင်အရည်(ဆီး)အဖြစ် ပြုလုပ်ပေးခြင်းတို့ပဲ ဖြစ်ပါတယ်။

ကြွက်သားများ

သန်မာ၍ ဆွဲဆန့်နိုင်သော တစ်သျှူးများဖြစ်ကြပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ ရွေ့လျားနိုင်အောင် ကြွက်သားများက ကျုံ့ခြင်း၊ တင်းခြင်း စသဖြင့် တိုပြီးဖောင်းကားသော ပုံသဏ္ဌာန်အမျိုးမျိုးအဖြစ် ဆောင်ရွက်ပေးပါတယ်။ ဥပမာအားဖြင့် ဦးနှစ်ခွကြွက်သား၊ ဦးသုံးခွကြွက်သားတို့ကဲ့သို့ အရိုးများကို ဆက်သွယ်ထားသော ကြွက်သားများကတော့ အစုံလိုက် အလုပ်လုပ်လေ့ရှိပါတယ်။ အရိုးစုငြမ်းပတ်လည် အပါအဝင် ခန္ဓာကိုယ်ကြီးကို ကြွက်သားပေါင်း ၆၀၀ ကျော်ဖြင့် တည်ဆောက်ထားပါတယ်။

နှာပ်အာရုံကြောစနစ်

နှာဇ်ကလာပ်စည်းတို့၏ ကွန်ရက်ဖြစ်ပါတယ်။ ထို့အတူ ဦးနှောက်အခြေနှင့် ကျောရိုးမ နှာဇ်ကြောတို့ဟာ နှာဇ်အာရုံကြောစနစ်၏ ဗဟိုအစိတ်အပိုင်းများ ဖြစ်ကြပါတယ်။ ၎င်း၏တာဝန်မှာ ခန္ဓာကိုယ်အနှံ့မှ သတင်းပို့ချက်များကို ဦးနှောက်ထံ သယ်ယူပို့ဆောင်ပေးရတဲ့အပြင် အသက်ရှူခြင်းနှင့် ရွေ့လျားခြင်းတို့ကို နှာဇ်အာရုံကြောများက ထိန်းချုပ်ထားပါတယ်။


အမွေးအမှင်

အရေပြားမှပေါက်ဖွားလာတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုပါပဲ။ အမွေးအမှင်တစ်ချောင်းဟာ ကာရာတင်(ခေါ်) သက်မဲ့ဆဲလ် မာကျောသော ပရိုတင်းမျှင်တစ်ချောင်း ဖြစ်ပါတယ်။ ထိုအမွေးအမှင်၏ တာဝန်မှာ ခန္ဓာကိုယ်ကို ဖုန်မှုန့်နှင့် အညစ်အကြေးများမကပ်ငြိအောင် ကာကွယ်ပေးတဲ့အပြင် ခန္ဓာကိုယ်ပူနွေးအောင် ကူညီပေးပါတယ်။

အသက်ရှူခြင်း

ကျန်းမာတဲ့လူတစ်ဦးဟာ တစ်မိနစ်လျှင် ၁၅ ကြိမ်မှ အကြိမ် ၂၀ အထိ အသက်ရှူလေ့ရှိပါတယ်။ လေကို အဆုတ်ထဲသို့ ရှူသွင်းလိုက်ရာ အောက်ဆီဂျင်များသွေးထဲရောက်ရှိသွားပြီးနောက် ခန္ဓာကိုယ်၏ ကလာပ်စည်းတိုင်းကို အားဖြည့်ပေးရန် သွေးထဲမှာ လှည့်ပတ် သွားပါတော့တယ်။ တဖန် အသက်ရှူထုတ်လိုက်တိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ကိုယ်ထဲမှ ထွက်သွားပါတယ်။

ပေါက်ပေါက်



CITY CARTOON



CELEBRITY and SHOWBIZ


ကိုသားကြိုး



မီဘတွေဆီကရခဲ့တဲ့ အိမ်ထောင်ရေးသင်ခန်းစာ

လင်ပိုင်းဆိုင်ရာတွေ အသားပေး ဖျော်ဖြေလွန်း သူရယ်လို့ ဝေဖန်ခံရဖူးတဲ့ မိုင်လေဆိုင်းရက်စ်က သူမရဲ့ လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ဟလာပါတယ်။ စက်တင်ဘာလထုတ် Cosmopolitan မဂ္ဂဇင်းမျက်နှာဖုံး အတွက် သရုပ်ဆောင်ပေးပြီးတဲ့နောက် ပြောသွားခဲ့တာပါ။ သူမဟာ ကာလရှည်တွဲခဲ့တဲ့ ချစ်သူလီယန်နဲ့ လက်ထပ်ဖို့စီစဉ်ထားပါတယ်။ တကယ်တော့ The Last Song ဇာတ်ကားမှာ ၂၀၀၉ ခုနှစ်က အတူပါဝင်သရုပ်ဆောင်စဉ်ကတည်းက သူတို့နှစ်ဦးငြိခဲ့ကြတာဆိုတော့ ချစ်သက်တမ်း အတော်လေးကြာခဲ့ပါပြီ။ ၂၀၁၂ မှာ စေ့စပ်ခဲ့ပေမယ့် တစ်နှစ်အကြာမှာခွာပြဲခဲ့ကြပြီး ၂၀၁၆ မှာ ပြန်ပေါင်းထုပ်ခဲ့ကြတာဖြစ်ပါတယ်။ လက်ထပ်ဖို့ကြန့်ကြာနေတာဟာ မီဘတွေရဲ့ အိမ်ထောင်ရေးသင်ခန်းစာကြောင့်လို့ မိုင်လေကဖွင့်ဟသွားပါတယ်။ သူမရဲ့မိဘနှစ်ပါးဟာ အိမ်ထောင်သက် ၂၃ နှစ်ရှိပြီဖြစ်ပေမယ့် ၂ ကြိမ်တိုင်ကွာရှင်းခဲ့ကြဖူးသလို ခက်ခဲကြမ်းတမ်းတဲ့ဘဝကို သားသမီး ၅ ယောက်နဲ့ ဖြတ်သန်းခဲ့ကြရသူတွေ ဖြစ်ပါသတဲ့။

ပါပါရာဇီကို ကားနဲ့တိုက်မိခဲ့တဲ့ ဂျက်စတင်ဘီဘာ



လော့စ်အိန်ဂျယ်လိစ်မှာ ဂျက်စတင်ဘီဘာ
ယဉ်တိုက်မှုကျူးလွန်ခဲ့တဲ့သတင်းက သူပရိသတ်တွေကို
အစိုးရိမ်ပိုစေခဲ့ပါတယ်။ အသက် ၂၃ နှစ်အရွယ်
အဆိုကျော်လေးဟာ Hillsong Church လို့ အမည်ရတဲ့
ဂိတအဖွဲ့နဲ့အတူ ဖျော်ဖြေပွဲတစ်ခုက အပြန်မှာ
ပါပါရာဇီတစ်ယောက်ကို ကားနဲ့ဝင်တိုက်မိခဲ့တာပါ။
ဒီဓာတ်ပုံသမားနာမည်က လာမွန်ဖြစ်ပြီး အသက် ၅၇ နှစ် ရှိပါပြီ။
ဂျက်စတင်ဘီဘာရဲ့ကားနဲ့ တိုက်မိတာကြောင့်
ခြေထောက်မှာဒဏ်ရာရသွားပြီး ဆေးရုံပို့ခဲ့ရပါတယ်။ ရဲတပ်ဖွဲ့ကတော့
လာမွန်ဟာ လမ်းစည်းကမ်းကို ချိုးဖောက်ပြီး
လမ်းပေါ်မှာရပ်နေခဲ့တာကြောင့် ပေါ့ပ်အဆိုတော်လေးကို အရေးယူမှာ
မဟုတ်ဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ စဉ်းစားစရာရှိတာက အဲဒီအချိန်မှာ
ရဲတွေရှိနေတာမဟုတ်သလို ဂျက်စတင်ဟာလည်း
မြို့တော်ဥပဒေအရ တရားစွဲခံရဖို့ရှိနေပါတယ်။
နှုတ်ခမ်းနီမလေးတွေရဲ့ အသည်းစွဲ အဆိုတော်ကတော့
ကင်မရာမီးရောင်တွေကြောင့်
သူ ဘာမှမမြင်ခဲ့ရလို့ပါလို့ တုံ့ပြန်ထားပါသတဲ့။

ပေါ်ရှင်ဘယာ ဘီယွန်းဆေးကမ္ဘာမှာ



အိမ်ထောင်တစ်ခုခိုင်မြဲဖို့ဆိုတာ အနောက်တိုင်းမှာတော့ ကံစမ်းမဲဖောက်
ရသလိုပါပဲ။ ကံကောင်းသူတွေထဲမှာတော့ ဘီယွန်းဆေးကိုထည့်ပေါင်းရလိမ့်မယ်။
သူမနဲ့ ရက်ပ်ပါကြီး ဂျေးဇက်တို့ အိမ်ထောင်သက်က ၁၀ နှစ်နီးပါးရှိလာခဲ့ပြီလေ။
အသက် ၃၅ နှစ်ရှိပြီဖြစ်ပေမယ့် ဘီယွန်းဆေး အရွယ်တင်နေတာဟာ
ဒီအကြောင်းအရာနဲ့ သက်ဆိုင်လိမ့်မယ်လို့ သူ့ပရိသတ်တချို့က ဆိုနေကြတယ်။
ဒီတစ်ပတ်မှာလည်း သူတို့စုံတွဲကို
ဟောလီးဝုဒ်အနောက်ပိုင်းက မိနီ
မောလ်တစ်ခုမှာ တွေ့လိုက်ရတယ်။
ဒါဟာ အမြွာရင်သွေးနှစ်ယောက်
မွေးပြီး ၂လနီးပါးအကြာမှာ ဘီ
ယွန်းဆေးကို လူမြင်ကွင်းမှာ ပထမ
ဆုံးအကြိမ်တွေ့ရခြင်းပါပဲ။ ကလေး
၃ ယောက်မိခင် ဖြစ်နေပေမယ့်
အမေရိကန်အဆိုကျော်ရဲ့ ခန္ဓာ
ကိုယ်ဟာ ဒီအရွယ်မိန်းမသား
အများစုလိုမဟုတ်ဘဲကြည့်ကောင်း
နေဆဲလို့ သူ့ပရိသတ်တွေကတော့
ချီးမွမ်းနေကြလေရဲ့။



© Bello / TwisT / Splash News

လေဒီဂါဂါရဲ့ ရှိုးပွဲဆို ဘယ်တော့မှမပျင်းစေရဘူး

လေဒီဂါဂါရဲ့ ရှိုးပွဲတွေဟာ ဘယ်တုန်းကမှ မပျင်းစေခဲ့ရပါဘူးတဲ့။ အခုလည်း ကနေဒါက Rogers Arena မှာ အောင်ပွဲခံနေပြန်ပါပြီ။ ဒါဟာ သူမရဲ့အယ်လ်ဘမ်သစ် Joanne အတွက် မိတ်ဆက်ဖျော်ဖြေရေးခရီးစဉ်ဆိုလည်း မှားမယ်မထင်ပါဘူး။ လေဒီဂါဂါဟာ Diamond Heart ဆိုတဲ့ အဖွင့်သီချင်းကနေ အပိတ်သီချင်း Million Reasons အထိ ပရိသတ်တွေကို ဆွဲဆောင်သွားနိုင်ခဲ့သလို Poker Face၊ Just Dance နဲ့ Born This Way တို့လို သူမရဲ့နာမည်ကျော်သီချင်းတွေကိုသီဆိုပြီးတော့လည်း ပွဲဆူစေခဲ့ပါတယ်။ သူမရဲ့ဖက်ရှင်တွေကို တမ်းတမ်းစွဲဖြစ်နေတဲ့ ပရိသတ်တွေကတော့ အနက်ရောင်သားရေဝတ်စုံသာမက အနီရောင်ကိုယ်ကြပ်ဝတ်စုံနဲ့ ဖျော်ဖြေမှုတွေကိုပါ သဘောကျနေကြတယ်ဆိုပဲ။







ဂျိမ်းစ်ဘွန်းဇာတ်ကောင်ဟာ အမျိုးသမီးဖြစ်သင့်သလား

အသက်တွေလည်း မငယ်ကြတော့ပါဘူး။ ဟီလန်မာရင်ဆိုတဲ့ ဗြိတိန်မင်းသမီးကြီးက ၎၂ နှစ်။ အမေရိကန် မင်းသမီး ဟယ်လီဘာရီတောင် အသက် ၅၀ ဖြစ်နေပြီလေ။ ၂၀၀၂ ခုနှစ်တုန်းက ရုံတင်ခဲ့တဲ့ Die Another Day ဂျိမ်းစ်ဘွန်းဇာတ်ကားမှာ ပင်လယ်ကမ်းစပ်ကနေ လိမ္မော်ရောင် ဘီကီနီလေးနဲ့ ကမ်းပေါ်တက်လာပြီး ပုရိသတွေကို ဖမ်းစားခဲ့ဖူးတဲ့ ဟယ်လီဘာရီကို မှတ်မိကြဦးမယ် ထင်ပါတယ်။ အခု သူမက ဂျိမ်းစ်ဘွန်းဇာတ်ဆောင်နေရာမှာ အမျိုးသမီးသရုပ်ဆောင်နဲ့ အစားထိုးရိုက်ကူးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ဖွင့်ဟလိုက်ပါတယ်။ ဖလဲမင်းစ်ရဲ့ ဝတ္ထုကျော်ရိုးအတိုင်း ယူရင်တောင်မှ အမျိုးသမီးဂျိမ်းစ်ဘွန်းဆိုတာ ဖြစ်မလာနိုင်ဘူးလို့ပြောသွားတာပါ။ ဒါကို ဟီလန်မာရင်က သဘောမတူပါဘူး။ သူမ အရွယ်ကောင်းစဉ်က ဂျိမ်းစ်ဘွန်းဖြစ်ဖို့ အခွင့်အရေးရခဲ့ဖူးပေမယ့် ငြင်းဆန်ခဲ့တာကို သတိရမိကြောင်း၊ အခုလည်း အရွယ်လွန်နေပေမယ့် ဒီဇာတ်ရုပ်ကိုမြတ်နိုးနေဆဲဖြစ်ကြောင်း တုံ့ပြန်လိုက်တာပါ။







ကြယ်ပြာရောင် နတ်သမီး

ဗြိတိန်ရဲ့ နွေရာသီအကြီးမားဆုံး ဖျော်ဖြေပွဲတွေထဲမှာ Brighton Pride ပွဲတော်က ထိပ်ဆုံးမှာ ရှိနေပါတယ်။ ဒီနှစ်ဖျော်ဖြေပွဲမှာလည်း နာမည်ကျော် ကြယ်ပွင့်တွေနဲ့ အတော်လေး စည်ကားခဲ့တာပါပဲ။ ဒါပေမဲ့ ပရိသတ်တွေရင်ထဲကို အကောင်းဆုံး ထိုးဖောက်နေရာယူသွား သူကတော့ လူရီဆာဂျန်ဆင်ပါတဲ့။ အသက် ၁၉ နှစ်အရွယ် အလန်းဇယား လေးဟာ သူမရဲ့ ညို့ဓာတ်ပြင်းတဲ့ ကောက်ကြောင်းတွေကိုပါ လှစ်ဟပြီး ပုရိသတွေ ငုတ်တုတ်မေ့အောင် စွမ်းဆောင် သွားနိုင်ခဲ့တာပါ။ X Factor ကြယ်ပွင့်ရဲ့သီဆိုမှုကလည်း ၂၀၁၅ တုန်းကထက် ပိုကောင်းလာတယ်လို့ ဆိုနေကြပါတယ်။ အဲဒီတုန်းက လူရီဆာဟာ X Factor ရဲ့ Twelfth UK စီးရီးစ် ပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံး ချန်ပီယံအဖြစ် ၁၇ နှစ်နဲ့ အောင်မြင်ခဲ့သူပါ။






တောင်ပိုင်းက မသန်းစောတို့အိမ်မှာ ခွေးမကြီးသားပေါက်တော့ ခွေးကလေးတွေက အားလုံး ၆ကောင်တိတိ။ ၆ကောင်စလုံး အမွေးစုတ်စုတ်၊ နားရွက်ကုပ်ကုပ်၊ ဝဝတုတ်တုတ်ကလေးတွေနဲ့ အားလုံးချစ်စရာကလေးတွေ။ ကိုရှမ်းစိန်က လမ်းကြုံလို့ဝင်ကြည့်ရင်း ''မသန်းစောရေ . . . ကျုပ်တော့ အထီးလေးတစ်ကောင်လောက် လာယူရအုံးမယ်ဗျို့''လို့ လှမ်းပြောထားခဲ့တော့ ''လာယူ၊ လာယူ၊ လိုချင်တဲ့သူရှိသေးရင်လည်း ပြောလိုက်ပါအုံး''ဆိုပြီး မသန်းစောက ရက်ရက်ရောရောပဲ တုံ့ပြန်တယ်။

ကြွေတဝင်း

(အမျိုးသားစာပေဆုရှင်)

ဖအိုကြီးတဲ



မသန်းစောတို့က စားအိုးကြီးတယ်။ ကလေးများတယ်။ ခွေးတွေပါ များလာမယ့်အဖြစ်ကို ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဒါကြောင့် မြန်မြန်ဝိတ်လျှော့ပစ်ချင်တဲ့သဘော။

နောက် ၁၅ ရက်လောက်ကြာတော့ ကိုရှမ်းစိန်က ခွေးထီးလေးတစ်ကောင်ကို သွားပြီးမွေ့ယူလာခဲ့တယ်။ ခွေးဟာ အတော်သိတတ်တဲ့ သတ္တဝါပဲ။ လမ်းမှာ ခွေးကလေးက ကိုရှမ်းစိန်ကို ပြာလဲ့လဲ့သူမျက်လုံးကလေးတွေနဲ့ မော့ကြည့်လိုက်၊ ကိုရှမ်းစိန်ကို သူလျာနုနုကလေးနဲ့ လျက်ပေးလိုက်နဲ့ တစ်လမ်းလုံးလုပ်လာခဲ့တယ်။ ကိုရှမ်းစိန်ကို သူသခင်အသစ်မှန်း ချက်ချင်းကိုသိသွားတဲ့ပုံပဲ။

ဦးခွန်သီးတို့အိမ်နားရောက်တော့ ကိုရှမ်းစိန်က ခဏဝင်လည်တယ်။ ဦးခွန်သီးဘေးမှာဝင်ထိုင်ပြီး လက်ထဲက ခွေးကလေးကိုလည်း ပွတ်သပ်ပေးရင်းနဲ့...

''မသန်းစောဆီက တောင်းလာတာဗျ၊ မျိုးကောင်းလေးတွေ၊ လေးလေးတို့လည်း တစ်ကောင်လောက်လိုချင်ရင် သွားယူပါလား''လို့ ပြောလိုက်မိတယ်။ အဲဒီအခါ ဦးခွန်သီးက ခွေးကလေးကိုတစ်ချက်ငုံကြည့်ပြီး ခပ်လေးလေးပဲ ပြောလာတယ်။

''တော်ပါပြီကွာ၊ ခွေးမမွေးချင်တော့ဘူး၊ ခံစားရလွန်းလို့''

''ဟင်...ဘာဖြစ်လို့လဲ၊ အရင်က လေးလေးတို့ ခွေးမွေးတာလည်း တစ်ခါမှ မတွေ့ဖူးပါဘူး''

''အေးပေါ့၊ ဒီမှာတော့ မမွေးဖူးဘူးပေါ့၊ မမွေးဖူးတော့ မင်းလည်း မမြင်ဖူးဘူးပေါ့၊ ငါမွေးဖူးတဲ့ခွေးကို မြင်ရရင် မင်းတောင် အသည်းကွဲသွားလိမ့်အုံးမယ်''

''ဟုတ်လား၊ လုပ်စမ်းပါအုံး၊ ပြောပြစမ်းပါအုံး၊ လေးလေးခွေးဇာတ်လမ်းကို''

''ငါ–မဲတောကြီးမှာနေတုန်းက ခွေးကို အဆက်မပြတ်မွေးခဲ့ဖူးတယ်၊ ခွေးဟာ တိရစ္ဆာန်ထဲမှာ လူကိုအလိုက်အသိဆုံး၊ ကျေးဇူးအပြုဆုံးပဲကွ၊ ဥပမာတချို့ကို ပြောပြမယ်၊ သူတို့က သခင့်အပေါ် သိပ်ချစ်တတ်တယ်၊ သိပ်သစ္စာရှိတယ်၊ သခင်အဟောင်းဆီကနေ သခင်အသစ်ဆီကို လက်ပြောင်းသွားသည့်တိုင် သူကို ကျွေးခဲ့၊ မွေးခဲ့ဖူးတဲ့ သခင်ဟောင်းကို ဘယ်တော့မှ မေ့မသွားဘူး၊ နှစ်ပေါင်းအတော်ကြာကြာ

သခင်ကျွေးသလောက်စားပြီး တင်းတိမ်နေတာပဲ၊ ရောင့်ရဲနေတာပဲ၊ မစားရသေးလို့ပဲဖြစ်ဖြစ်၊ အစာမဝလို့ပဲဖြစ်ဖြစ် သခင့်အိမ်ထဲဝင်ပြီး ခိုးစား၊ နို်က်စားတာမျိုး ဘယ်တော့မှမရှိဘူး...



ကွဲသွားပစေ၊ သခင်ဟောင်းကိုပြန်တွေ့လိုက်တာနဲ့ သူမှတ်မိတယ်၊ အပြီးလေးနှုံ့ပြီး၊ တင်ပါးလေးလှုပ်ပြီး ကြိုဆိုတယ်၊ နှုတ်ဆက်တယ်၊ ရန်လုပ်ဖို့ကတော့ ဝေးရောပေါ့ကွာ၊

နောက်တစ်ခုက အစာကိုတောင်းတော့ တောင်းတယ်၊ ဒါပေမဲ့ လွန်လွန်ကဲကဲ ပူဆာတာမျိုးတော့ ဘယ်တော့မှမလုပ်ဘူး၊ သခင်ကျွေးသလောက်စားပြီး တင်းတိမ်နေတာပဲ၊ ရောင့်ရဲနေတာပဲ၊ မစားရသေးလို့ပဲဖြစ်ဖြစ်၊ အစာမဝလို့ပဲဖြစ်ဖြစ် သခင့်အိမ်ထဲဝင်ပြီး ခိုးစား၊ နို်က်စားတာမျိုး ဘယ်တော့မှမရှိဘူး၊ အဲသလို နှစ်သက်စရာအချက်တွေ ခွေးမှာအများကြီးရှိတယ်၊ မင်းသေသေချာချာလေ့လာကြည့်၊ သူကိုယ်တွင်းက စိတ်ဓာတ်ကို အမူအရာနဲ့ဖော်ပြတဲ့နေရာမှာလည်း ခွေးကို ဘယ်တိရစ္ဆာန်မှလိုက်မမီဘူးလို့ ငါတော့ထင်တာပဲ၊ နေ့စဉ်သူမျက်နှာ၊ သူအသံ၊ အမူအရာတွေကို သတိထားကြည့်၊ ရန်သူကိုဆိုရင် ဘယ်လို၊ သူစိမ်းကိုဆိုရင် ဘယ်လို၊ ကိုယ့်အိမ်သားကိုဆိုရင် ဘယ်လိုဆိုပြီး သူရဲ့ မှန်မှန်ကန်ကန် ခွဲခြားဆက်ဆံတတ်ပုံတွေကို အလွယ်တကူပဲ တွေ့ရသိရလိမ့်မယ်၊

အင်း...ခွေးနဲ့ ကင်းကင်းနေတာပဲကောင်းတယ်ဆိုပြီး ငါသိနေတာတော့ ကြာခဲ့ပါပြီ၊ ဒါပေမဲ့ တော်တော်နဲ့ကို မဖြတ်နိုင်ခဲ့ဘူး၊ အဲသလို မဖြတ်နိုင်တော့ မင်းပြောသလို ဇာတ်လမ်းတွေကလည်း ပိုပိုပြီးများလာလေပေါ့ကွာ၊ ငါအခံစားရဆုံးကတော့ နောက်ဆုံးမွေးခဲ့တဲ့ခွေးပဲ၊ အဲဒီခွေးကပဲ ငါ့ကို တရားပြသွားတာပဲ၊ အဲဒီခွေးက ဘယ်လောက်တောင် လိမ္မာတယ်ထင်သလဲ၊ သူကို ငါက 'ဗိုလ်လေး'ဆိုပြီး နာမည်ပေးထားတယ်၊ ဗိုလ်လေးက သာမန်အိမ်စောင့်ပေးရုံလောက်ရတဲ့ ခွေးမျိုးမဟုတ်ဘူးမောင်ရ၊ သူက ကလေးလည်းထိန်းတတ်တယ်၊ သတင်းစာလည်း ယူတတ်တယ်၊ လက်ဖက်ရည်တောင် ဝယ်တတ်တယ်ကွ၊

ငါတို့က အလုပ်များနေတဲ့အခါမျိုးမှာ ကလေးကို ဗိုလ်လေးနဲ့ပဲ ပစ်ထားလိုက်တာပဲ၊ ဗိုလ်လေးက ကလေးကို လက်နဲ့ပုတ်လိုက်၊ နှာခေါင်းနဲ့ထိုးလိုက်၊ လျှာနဲ့လျက်လိုက် လုပ်တယ်၊ ကလေးကလည်း တခဲခဲရယ်ပြီး ဗိုလ်လေးကို ပြန်ကလိထိုးတာတို့၊ ပါးစပ်ဖြဲတာတို့ ပြန်လုပ်တယ်၊ အဲသလို

ကလေးနဲ့ ဗိုလ်လေး လုံးထွေးပြီးဆော့နေကြတော့တာပဲ၊ သတင်းစာသမားကို ရိပ်ခနဲ မြင်လိုက်ရလို့ကတော့ သူက သတင်းစာ ထိုးထားခဲ့တဲ့ ခြံစည်းရိုးနား ချက်ချင်း သွားတယ်၊ ခြံစည်းရိုးဘေး ပတပ်ရပ်ပြီး သတင်းစာကို ပါးစပ်နဲ့ဆွဲယူတယ်၊ ပြီးတော့ ငါပြထားတဲ့အတိုင်း စားပွဲပေါ်မှာ အဆင်သင့် လာတင်ပေးသွားတယ်၊

လက်ဖက်ရည်သောက်ချိန်ရောက်ရင်လည်း ဒီအတိုင်းပဲ၊ ချိုင့်ကိုပြလိုက်တာနဲ့ ဗိုလ်လေးကသိပြီးသားပဲ၊ ချိုင့်ကိုချီပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားတော့တာပဲ၊ ဆိုင်ရှင် ကိုတရုတ်ကလည်း ဗိုလ်လေးကိုမြင်တာနဲ့ သိလိုက်ပြီ၊ ဗိုလ်လေး ပါးစပ်ထဲက ချိုင့်ကိုယူ၊ အဖုံးကိုဖွင့်၊ အထဲက ပိုက်ဆံကိုယူထားလိုက်ပြီး ငါသောက်နေကျ ပုံမှန်တစ်ခွက်ကို ဖျော်ထည့်ပေးလိုက်တာပဲ၊ တချို့က သူ လက်ဖက်ရည်ဝယ်လာတာမြင်ပြီး၊ ဗိုလ်လေး–ငှဲ့ကို မင်းလက်ဖက်ရည် နည်းနည်းလောက် ပေးစမ်းပါအုံးဆိုပြီး လှမ်းစတတ်ကြတယ်၊ အဲဒီအခါမျိုးမှာ သူက လက်ဖက်ရည်ချိုင့်ကို အထိခံဖို့ဝေးသေး၊ ဘယ်သူမှ အနားမကပ်ရဲအောင် မျက်လုံးကြီးဖြဲပြီး မာန်ဖီပြပါလိမ့်မယ်၊

တစ်ခါတော့...ငါမှတ်မိသေးတယ်ကွ၊ ငါက ဒီကောင့်ကို လက်ဖက်ရည်အဝယ်ခိုင်းလိုက်တယ်၊ အဲဒါ ဒီကောင်က တော်တော်နဲ့ ပြန်မလာဘူး၊ ဘာကြောင့် ပြန်မလာပါလိမ့်ဆိုပြီး ငါလည်း နောက်ကနေ ထလိုက်သွားတယ်၊ လိုက်သွားတော့ ဒီကောင့်ကို လမ်းဆုံနားမှာသွားတွေ့တယ်၊ အမယ်– ဒီကောင်က ဘာလုပ်နေတယ်ထင်သလဲ၊ လက်ဖက်ရည်ချိုင့်ကို ပါးစပ်နဲ့ခဲ်ထားရင်း ဒီကောင်က မြောက်ဘက်လမ်းကြားထဲကို မျှော်ကြည့်နေတာကွ၊ ဟိုမှာ ခွေးတစ်အုပ်က မိတ်လိုက်နေကြတာကိုး၊ အဲဒီခွေးတွေကို သူက လှမ်းငေးနေတာ၊ သူဖြစ်နေပုံက အဲဒီခွေးတွေဆီကိုလည်း သွားချင်တယ်၊ လောလောဆယ် လက်ဖက်ရည်တာဝန်ကလည်း ရှိနေတယ်၊ အဲသလို စိတ်နှစ်ခွနဲ့ ရပ်ပြီး တွေဝေနေတဲ့ပုံမျိုး၊ ငါက ဟော့ကောင် ဗိုလ်လေး၊ ဘာလုပ်နေတာလဲ၊ လာပါတော့လားဆိုပြီး လှမ်းဟန့်လိုက်တော့မှ ဒီကောင်က ဟိုဘက်ကို အာရုံဖြတ်လိုက်တယ်၊ ငှဲ့ဘက်ကိုလည်း သုတ်သုတ်သုတ်သုတ်နဲ့ လှမ်းလာတယ်၊ ငါဖြင့် အဲဒီတုန်းက သူ့ကိုကြည့်ပြီး ရယ်လည်းရယ်ချင်၊ သနားလည်း သနားပေါ့ကွာ၊

ဗိုလ်လေးက တို့မိသားစုနဲ့ သုံးနှစ်လောက်ပဲ နေလိုက်ရပါတယ်၊ အဲဒီနှစ်က ငါမှတ်မိတယ်၊ ခွေးတွေတော်တော်ပေါတယ်၊ ပူလည်း တော်တော်ပူတဲ့နှစ်၊ အဲဒီနှစ်မှာ ခွေးလေခွေးလွင့်တွေ တော်တော်များလို့ သက်ဆိုင်ရာကလည်း ခွေးတွေကို ရှင်းလင်းရေး၊ နှိပ်ကွပ်ရေးတွေ တော်တော်လုပ်ရတယ်။

အဲဒီနေ့ကတော့ ညနေပိုင်းလောက်မှာ ငါက ကိုအုံးသော်တို့ခြံဘက်ကို ရောက်သွားတယ်၊ ရောက်ရွာက်ကလေး နည်းနည်းပါးပါး လိုချင်လို့ ရောက်သွားတာ၊ ငါသွားတော့ ဗိုလ်လေးက နောက်ကနေလိုက်လာတယ်၊ ငါတို့ကိုယ်တိုင်က ပေါ့လျော့တာပါ၊ အေးလေ...သူက်လည်းပါတာပေါ့၊ ဒီရက်ပိုင်းတွေအတွင်း ဗိုလ်လေးကို ဘယ်မှမသွားစေနဲ့၊ အပြင်မထွက်စေနဲ့၊ အိမ်မှာပဲ သံကြိုးနဲ့ ချည်ထားဖို့ အိမ်သားအားလုံးကို ငါကိုယ်တိုင် သတိပေးထားတာ၊ အဲဒီနေ့ကျမှ ငါအပါအဝင် အိမ်သားအားလုံးက ဘာကြောင့် သတိမေ့သွားကြသလဲကို မသိဘူး၊

ငါက ရှောက်ရွက်ခူးပြီး ကိုအုံးသော်နဲ့ ခဏတဖြုတ်ရပ်စကားပြောနေတယ်၊ အဲဒီအချိန်မှာ ဗိုလ်လေးက ရုတ်ခနဲ အပြင်ကို ပြေးထွက်သွားတယ်၊ ခွေးတချို့ကို လမ်းပေါ်မှာ တွေ့လိုက်ရလို့ ပြေးထွက်သွားတာ၊ ခွေးရဲ့သဘာဝက ဒီလိုပဲ၊ ခွေးအချင်းချင်း တွေ့လိုက်တာနဲ့ ပြေးကပ်သွားပြီး လေ့လာတာတို့၊ စပ်စုတာတို့ လုပ်ကြစမြဲပဲ၊ ငှဲ့အထင် အဲသလို အပြင်ဘက်ထွက်သွားပြီး ငါးမိနစ်လောက်ပဲ ကြာလိမ့်မယ်ထင်တယ်၊ ဗိုလ်လေးက ငှဲ့ဆီကို ဝရုန်းသုန်းကားနဲ့ ပြန်ပြေးလာတယ်၊ တကယ်တော့ တချို့ခွေးတွေဆို ဒီလိုမလုပ်နိုင်ဘူး၊ ဗိုလ်လေးက တော်တော်မာ၊ တော်တော်သွက်တဲ့ ခွေးလိမ္မာလေးမို့လို့သာ ငှဲ့ဆီကို ပြန်ပြေးလာနိုင်တာ၊

ဗိုလ်လေးက ငှဲ့ဆီပြေးလာပြီး သူ့ခေါင်းနဲ့ ငှဲ့ကိုဝင်တိုက်တယ်၊ တိုက်ပြီးတာနဲ့ ဘိုင်းခနဲလဲကျသွားတော့တာပဲ၊ ဒီနောက် သူ လူးလိမ့်ပြီး အော်ဟစ်ညည်းညူနေတယ်၊ ပါးစပ်ထဲကလည်း အရည်တွေ၊ အစာဖတ်တွေ ထွက်လာတယ်၊ မျက်ရည်တွေကြောင့်

အိမ်မှာပဲ သံကြိုးနဲ့ ချည်ထားဖို့ အိမ်သားအားလုံးကို ငါကိုယ်တိုင် သတိပေးထားတာ၊ အဲဒီနေ့ကျမှ ငါအပါအဝင် အိမ်သားအားလုံးက ဘာကြောင့် သတိမေ့သွားကြသလဲကို မသိဘူး...



ခွေးမမွေးတော့တာနဲ့ သံယောဇဉ်ဖြစ်စရာ၊ စွဲလန်းငြိတွယ်စရာတွေ ဦးခွန်သီးမှာ ကုန်သွားရောလား။ သောကမီး၊ ပရိဒေဝမီးတွေလည်း တစ်ခါတည်း အပြီးငြိမ်းသွားရောလား...



လည်း သူမျက်ကွင်းနှစ်ခုလုံး စိုရွှဲနေတယ်၊ ငါက ပျာယာခတ်သွားတယ်၊ သိလည်းသိလိုက်ပြီ၊ ဒီကောင် အမဲလုံးမိလာခဲ့ပြီ၊ သူလမ်းပေါ်ရောက်ချိန်နဲ့ ဟိုက အမဲလုံးပစ်တဲ့အချိန် ကွက်တိညားလာခဲ့ပြီ၊

တကယ်တော့ သူ ဒုက္ခတွေ့လာခဲ့ပြီဆိုတာသိလို့ ငါ့ဆီကို အားကိုးတကြီး ပြန်ပြေးလာတဲ့သဘောပဲ၊ ဒါပေမဲ့ ငါက ဘာလုပ်ပေးရမှန်းမသိသလို ဘာမှလည်း လုပ်မပေးနိုင်တော့ဘူး၊ သူ လူးလိမ့်နေတာဟာ သိပ်မကြာလိုက်ဘူး၊ အဆိပ်ကပြင်းလွန်းတော့ တစ်ခဏအတွင်းမှာပဲ သူငြိမ်သွားရှာတယ်၊ ဘာပြောကောင်းမလဲကွာ၊ ငါ့မှာ ငိုလိုက်ရတာ၊ သူ့အလောင်းထမ်းပြီး ငါပြန်လာတာလည်းမြင်ရော တစ်ခါ အိမ်သားတွေပါ တစ်ယောက်မကျန်ငိုကြရပြန်ရော၊ ငါလည်း အဲဒီကတည်းက တော်ပြီ...တော်ပြီဆိုပြီး တစ်ခါတည်းဆုံးဖြတ်လိုက်တာပဲ၊ ခံစားရပေါင်းများပြီ၊ နောက်ကို ဘယ်တိရစ္ဆာန်မှ အိမ်ပေါ်မတင်တော့ဘူးဆိုပြီး ယတိပြတ်ဆုံးဖြတ်လိုက်တော့တာပဲ''

ဦးခွန်သီးက စကားကိုအဆုံးသတ်တယ်၊ အဟောင်းကအသစ်ပြန်ဖြစ်လာတဲ့ ရင်တွင်းခံစားချက်တချို့ကြောင့် မျက်နှာပေါ်မှာပါ ဆွေးရိပ်ကလေးတွေ ရစ်သမ်းလာသယောင်ရှိပါတယ်။ အတော်အတန် 'ထိ' သွားတဲ့ ဦးခွန်သီးစကားကြောင့် ကိုရှမ်းစိန်ကိုယ်တိုင် တစ်စုံတစ်ရာ စကားမပြန်နိုင်ဘဲ ဦးခွန်သီးကိုသာ အသာငေးကြည့်နေမိတော့တယ်။

* * * * *

အပြန်လမ်းမှာ ကိုရှမ်းစိန်က တစ်တွေးထဲ တွေးလာခဲ့မိတယ်။ ဦးခွန်သီးက ခံစားရလွန်းလို့ ခွေးမမွေးချင်တော့ဘူးတဲ့။ ခွေးမွေးရင် သံယောဇဉ်ဖြစ်ရတယ်။ သေကွဲ (သို့မဟုတ်) ရှင်ကွဲ တစ်ကွဲကွဲနဲ့ကြုံရတဲ့အခါ သောကမီးတောက် လောင်ရတတ်တယ်။ ဒါကြောင့် ဒီခွေးမွေးတဲ့အလေ့အထကို တစ်ခါတည်း အပြီးဖြတ်လိုက်တယ်တဲ့။ ဦးခွန်သီးက အဲသလိုပြောသွားတယ်။

ဒီမှာတင် ကိုရှမ်းစိန်က ဆက်ပြီး စဉ်းစားကြည့်တယ်။ ဟုတ်ပြီ။ ဦးခွန်သီး ခွေးမမွေးချင်ရခြင်းရဲ့ အကြောင်းပြချက်တွေက ခိုင်လုံတယ်၊ သဘာဝကျတယ်၊ ယုတ္တိရှိတယ်ပဲ ထားလိုက်ပါတော့။ ဒါပေမဲ့ ဦးခွန်သီးမှာက ဒီခွေးတစ်မျိုးပဲရှိသလား။ အဓိကပြောချင်တာက ခွေးမမွေးတော့တာနဲ့ သံယောဇဉ်ဖြစ်စရာ၊ စွဲလန်းငြိတွယ်စရာတွေ ဦးခွန်သီးမှာ ကုန်သွားရောလား။ သောကမီး၊ ပရိဒေဝမီးတွေလည်း တစ်ခါတည်း အပြီးငြိမ်းသွားရောလား။ ဒါကို ကိုရှမ်းစိန်မေးခွန်းထုတ်ချင်တာ။

တကယ်တော့ ဘယ်ဟုတ်လိမ့်မလဲ။ ဦးခွန်သီးမှာက သံယောဇဉ်ပွားစရာတွေက အများကြီးပဲ။ သူမှာ သားသမီးတွေ တလှေကြီးရှိတယ်။ မိဘဘိုးဘွား၊ တူ၊ တူမတွေနဲ့ ဆွေမျိုးသားချင်းတွေ အများကြီးရှိတယ်။ ဒါ့အပြင် အလွန်ခင်မင်ရတဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေလည်း အများကြီးရှိသေးတယ်။ ယုတ်စွအဆုံး သူနှစ်သက်စွာ စိုက်ပျိုးထားတဲ့ သစ်ပင်တွေ၊ သူ အမြတ်တနိုးသိမ်းဆည်းထားတဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ အဲဒါတွေလည်း သူမှာရှိသေးတယ်။ ဒါတွေဟာ သူအတွက် ခင်မင်စရာ၊ တွယ်တာစရာ၊ သံယောဇဉ်ဖြစ်စရာတွေ မဟုတ်ဘူးလား။ တစ်ခါ ဒါတွေကရော ပျက်စီးတတ်တဲ့အရာ၊ စွန့်လွှတ်ရမယ့်အရာ၊ ဆုံးရှုံးရမယ့်အရာ၊ ခွဲခွာရမယ့်အရာတွေ မဟုတ်ပေဘူးလား။

ဒီတော့ စဉ်းစားကြည့်။ မပြီးနိုင်သေးဘူး။ ဦးခွန်သီးအတွက် ပြီးကိုမပြီးနိုင်သေးဘူး။ သူအတွက် လောင်စရာမီးတွေ အများကြီးကို ကျန်နေသေးတယ်။ 'ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေဏ၏'ဆိုတဲ့ စကားအတိုင်း သံယောဇဉ်မှန်သမျှ တစ်ချိန်မှာ ကွေကွင်းရမယ့်အရာတွေချည်းပဲ ဖြစ်ရိုးမှန်ရင်၊ ကွေကွင်းရတိုင်းလည်း ပရိဒေဝမီး တောက်လောင်ရရိုးမှန်ရင် ဒီခွေးကလေးတစ်ကောင်အတွက် သူရရှိလိုက်တဲ့ အကျိုးကျေးဇူးက ဘယ်မှာများများစားစား ဟုတ်တော့လို့လဲ။

ဥပမာတစ်ခုကိုပဲ ကြည့်လိုက်ဦး။ လူနဲ့ခွေး ဘယ်ဟာတန်ဖိုးပိုရှိသလဲ။ ဦးခွန်သီးရဲ့ သားသမီးတစ်ဦးဦး လတ်တလောဆုံးပါးသွားတယ်ပဲ ဆိုပါတော့။ သူစိတ်ထိခိုက်ရလိမ့်မယ်။ အဲဒီအခါ ခွေးကလေးသေသွားတုန်းက အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်လိုက်။ တူနိုင်သလား။ ဘယ်တူနိုင်မလဲ။ သားသမီး

ဆုံးရှုံးသွားတာက ပိုပြီးကြီးမားတာပေါ့။ ပိုပြီး ခံစားရတာပေါ့။ ဒါကြောင့် စာရင်းချုပ်ကြည့်လိုက်တော့ ဦးခွန်သီးက အစိတ်အပိုင်း သေးသေးကလေးလောက်ပဲ ရသွားတာပါ။ သူက သူ'ကာ'နိုင်သလောက်ကလေးကိုပဲ ကာယူသွားတဲ့သဘောပါ။ ခွေးမွေးရင် ခံစားရတယ်၊ ဒါကြောင့် မမွေးဘူး။ အဲသလို သူ 'ကာ'သွားတယ်။

လက်တွေ့မှာ သူမကာနိုင်တာတွေက အများကြီးမှ အများကြီးပဲ။ အမိသေရင်၊ အဖသေရင်၊ သားသေရင်၊ သမီးသေရင်၊ မြေးသေရင်၊ အပေါင်းအသင်းတစ်ယောက် ယောက်သေရင်၊ အာ . . . သူမကာနိုင်တာ တွေက တစ်ပုံကြီးပဲ။ မကာနိုင်တဲ့အတွက် လာလတ္တံ့သော သောကမီးတွေ၊ ပရိဒေဝမီး တွေကလည်း အလုံးကြီးတွေချည်းပဲ။ ပမာဏအားဖြင့်ပြောရရင် ဦးခွန်သီးအတွက် ခွေးဖြတ်လိုက်လို့ စိတ်အေးသွားရတယ်ဆိုတဲ့ အစိတ်အပိုင်းကလေးက ငရဲသားတစ်ယောက်ရဲ့ ပါးစပ်ထဲကျလာတဲ့ ရေတစ်ပေါက်စာလောက်ကလေးပဲ ရှိပါတယ်။ အဲသလောက်ကလေးပါ။

စဉ်းစားရင်း ကိုရှမ်းစိန်အတွက် တဖြည်းဖြည်းနယ်ကျယ်လာတယ်။ ဟ . . . လက်စသတ်တော့ ဒါက ဦးခွန်သီးတစ်ယောက်တည်းအတွက်မှ မဟုတ်ဘဲပဲ။ ငါလည်း ဒီလိုပဲ၊ တခြားသူတွေလည်း ဒီလိုပဲ။ ပြောရရင် တစ်လောကလုံးမှာရှိကြတဲ့ လူမှန်သမျှ အတွက် ဒီလိုချည်းပါပဲလား။ လူတွေအားလုံး လူမှန်းသိတတ်စအရွယ်ကနေ သေခါနီးအချိန်အထိ အပူလုံးကြီးတွေကို ဖက်တွယ်ပြီး တလိမ့်လိမ့်စခန်းသွားနေကြတဲ့ သူတွေချည်းပါပဲလား။

ဟာ . . . သေချာတွေးကြည့်လိုက်မှ လူဘဝဆိုတာ တော်တော်မောစရာကောင်းပါကလား။ အလွမ်းဇာတ်တွေကိုချည်း တကတည်း ကနေရပြီး၊ အေးကွက်ဆိုလို့ တစ်စက်မှရှာမတွေ့တဲ့ လောကကြီးပါကလား။ သာယာစရာ၊ နှစ်သက်စရာဆိုတဲ့ အရာတွေကလည်း ရေပွက်ကလေးတစ်ချက်လောက် ထပွက်ပြလိုက်သလောက်ပဲ ရှိပါကလား။ အဲသလို ချက်အကျဆုံး အကြောင်းအရာကို တွေးလိုက်မိတယ်ဆိုရင်ပဲ ကိုရှမ်းစိန်အဖို့ လူယောင်ဆောင်ထားတဲ့ ဘီလူးကို ဘီလူးအသွင်နဲ့ပဲ မြင်လိုက်ရသလိုမျိုး ဖြစ်သွားတယ်။ သူ တော်တော်လန့်သွားတယ်။ နောက်ဆုံး ဘယ်လိုဖြစ်သွားသလဲဆိုတော့ အစပိုင်းမှာတော့ သူက ဦးခွန်သီးကို ဝေဖန်ချင်လို့ အတွေးစကိုဆွဲလိုက်မိတာပဲ။ နိဂုံးချုပ်လိုက်တော့ ဦးခွန်သီးရဲ့ 'လှန်'လုံးကိုတောင် သူက ပြန်ခံလိုက်ရသလိုမျိုး ဖြစ်သွားတယ်။ ဟုတ်တယ်။ သူ ဦးခွန်သီးကို မေ့သွားပြီး လူလောကရဲ့ ကြောက်စရာ၊ လန့်စရာကောင်းပုံ အကြောင်းတွေကိုချည်းပဲ ဆက်တွေးနေမိတော့တယ်။

* * * * *

ကိုရှမ်းစိန်ဆိုတဲ့လူက 'အရင့်စား'ကြီးထဲကတော့ မဟုတ်ပါဘူး။ မဟုတ်လို့လည်း သူ ထူးထူးခြားခြားတွေးတောခဲ့ဖူးတဲ့ တွေးလုံးကလေးတွေက မကြာခင်မှာပဲ လေထဲအရုပ်ရေးသလို ပျောက်ပျက်သွားတော့

လူဘဝဆိုတာ တော်တော်မောစရာကောင်းပါကလား။ အလွမ်းဇာတ်တွေကိုချည်း တကတည်း ကနေရပြီး၊ အေးကွက်ဆိုလို့ တစ်စက်မှရှာမတွေ့တဲ့ လောကကြီးပါကလား။ သာယာစရာ၊ နှစ်သက်စရာဆိုတဲ့ အရာတွေကလည်း ရေပွက်ကလေးတစ်ချက်လောက် ထပွက်ပြလိုက်သလောက်ပဲ



တယ်။ တခြား ဗာဟီရတွေနဲ့ လုံးထွေးနေထိုင်ရင်း သူလိုငါလိုပဲ ထူးမခြားနားဖြစ်သွားတယ်။ မသန်းစောဆီက တောင်းလာခဲ့တဲ့ ခွေးကလေးကတော့ သူလက်ထဲမှာအတော်လေးကို တိုးတက်လာနေတယ်။ ခွေးလေးက အတော်မှတ်ဉာဏ်ကောင်းတယ်။ သခင်သင်ပေးသမျှ တတ်လွယ်တယ်။ ဒီထက်ကြီးလာရင် ဒီထက်ပိုပြီး တတ်လာမှာကို ကိုရှမ်းစိန်က မြင်ယောင်နေတယ်။ သူ့ခွေးလေးကို သဘောကျပြီး အချစ်တွေပွားနေမိတယ်။

အဲ . . . ကိုရှမ်းစိန်က အရင့်စားကြီးမဟုတ်သလို၊ အည့်စားထဲကလည်း မဟုတ်ပါဘူး။ အထက်က သူ့တွေးလုံးတွေကို ထောက်ချင့်ကြည့်လိုက်တာနဲ့ သူ သိပ်'မနုံ' လှဘူးဆိုတာ ပေါ်လွင်နေတယ်။ တစ်နေ့မှာတော့ သိပ်မည့်ဟုတဲ့ သူအရည်အသွေးက ပြန်ပေါ်လာဖို့ဖြစ်လာတယ်။ အဲဒီရက်ပိုင်းအတွင်း မြို့ကြီးတစ်မြို့မှာ အခြေချနေတဲ့ သူဘကြီးတစ်ယောက်က အလည်အပတ် သဘောမျိုးနဲ့ ရွာကိုရောက်လာခဲ့တယ်။ ဘကြီးက တရားသမားကြီး။ ကမ္မဋ္ဌာန်းအိုးကွဲကြီး ဆိုပါတော့။ တရားကို နှစ်ပေါင်းများစွာအားထုတ်ခဲ့ဖူးတယ်။ တရားစာပေတွေကိုပါ နှံ့နှံ့စပ်စပ် လေ့လာဖတ်ရှုခဲ့ဖူးတယ်။

ဆွေမျိုးသားချင်းတွေက ဘကြီးတည်းနေတဲ့အိမ်ကို အလည်သွားကြတယ်။ ဒါနဲ့ ကိုရှမ်းစိန်ကလည်း ဘကြီးကိုကန်တော့ဖို့ အလည်သွားလိုက်မိရာက ဘကြီးဆီက ရာထူးတစ်ဆင့် တက်သွားစေမယ့် အခွင့်အရေးကို ရလိုက်မိတာပဲဖြစ်တယ်။ ဒီလိုပါ။ သူက ဘကြီးဆီအလည်သွားတယ်။ ကန်တော့တယ်။ ပြီးတော့ ဘကြီးနဲ့ အလာပသလ္လာပ စကားပြောတယ်။ ဘကြီးက တရားသမားပီပီ တရားစကားတွေနဲ့ချည်း သူ့ကိုဆုံးမစကားပြောတယ်။ ဒါက ဖြစ်နိုင်ပါတယ်။ သဘာဝကျပါတယ်။ နွားသမားဟာ နွားအကြောင်းပဲပြောချင်မှာပဲ။ ကိုရှမ်းစိန်က ဘကြီးဆုံးမစကားကို ရိုရိုသေသေနာယူတယ်။ မသိတာ၊ နားမလည်တာပါလာရင်လည်း ပြန်ပြန်မေးတယ်။ အဲသလို စကားပြောနေကြရင်းက ပိုပြီးအပေါက်အလမ်းတည့်စရာ ဘယ်လိုဖန်လာသလဲဆိုတော့ ဖြတ်ဆို ဦးခွန်သီးနဲ့ သူ့ရဲ့ခွေးဖာတ်လမ်းတွေကို ကိုရှမ်းစိန်က ပြန်သတိရလိုက်

လူတွေဟာ အပူမီးတွေ တောက်လောင်နေကြတယ်၊ ဘာကြောင့် ဒီလိုဖြစ်နေရသလဲ၊ မြေအိုးကို ရွှေအိုးထင်မိလို့၊ တစ်နည်းအားဖြင့် တန်ဖိုးမရှိတာကို တန်ဖိုးရှိသယောင် ထင်မြင်နေမိကြလို့ ဒီလိုဖြစ်ရတာ . .



မိတယ်။ တစ်ဆက်တည်းမှာပဲ အဲသည်အကြောင်းကို အခြေခံပြီး တစ်ချိန်က သူအတွေးကွန့်ခဲ့ဖူးတဲ့အဖြစ်ကိုပါ ပြန်သတိရလိုက်မိတယ်။ ဒါနဲ့ အဲသည်အကြောင်းတွေကိုပဲ သူက ဘကြီးကိုပြန်ပြောပြလိုက်မိရောဆိုပါတော့။ ဘကြီးက ပထမတော့ ခပ်ပေါ့ပေါ့ပဲ နားထောင်နေတယ်။ တဖြည်းဖြည်းကိုရှမ်းစိန်စကားတွေ ပိုလေးလာတော့မှ ဘကြီးက စပြီး စူးစူးစိုက်စိုက်ဖြစ်လာတယ်။ ကိုရှမ်းစိန်စကားလည်း ဆုံးသွားရော ဘကြီးက ချီးကျူးတဲ့လေသံနဲ့–

''မင်းက ဘယ်ဆိုးလို့လဲကွ ရှမ်းစိန်ရ၊ ဒီလောက်သိတတ်ရင်ပဲ တော်တော် တော်နေပြီပဲ၊ ဒါပေမဲ့ မင်းက တစ်ဝက်တစ်ပျက် ဆေးသမားလိုဖြစ်နေတယ်ကွ''

''ဘယ်လိုပါလဲ ဘကြီး''

''ဆေးသမားက လူနာကို ဘာရောဂါဖြစ်နေမှန်းတော့သိတယ်၊ ဒါပေမဲ့ ပျောက်ကင်းအောင် ဘယ်လိုကုရမယ်၊ ဘာဆေးပေးရမယ်ဆိုတာကိုတော့ မသိဘူး၊ အဲသလိုဖြစ်နေတယ်''

''ဆက်ရှင်းပြပါအုံး ဘကြီး''

''အေး . . . ဟုတ်ပြီ၊ ဒါဖြင့် မင်းကိုယ် မင်း ဆေးသမားနေရာမှာ နေကြည့်လိုက်၊ မင်းလူနာကိုလည်း ပြန်ကြည့်လိုက်၊ အဲဒီအခါ မင်းလူနာက အပူလုံးကြွတဲ့ရောဂါရနေတာပါလားဆိုတာ မင်းမမြင်ရဘူးလား၊ မြင်ရတယ်၊ ဒီအပူလုံးကြွတဲ့ရောဂါ ဘာကြောင့် ရသလဲ၊ သမုဒယဆိုတဲ့အစာကို စားမိလို့ ဒီရောဂါဖြစ်ရတာ၊ ဒါကိုလည်း မင်းမသိဘူးလား၊ သိတာပဲ၊ သိတော့ ဆေးနည်းက လွယ်လွယ်လေးပဲကွ၊ ပြဿနာက ရှင်းရှင်းလေးပဲ၊ ဒီလူဟာ ဒီအစားအစာကို ဘာကြောင့် စားသလဲ၊ ကြိုက်လို့စားတာ၊ ချစ်လို့စားတာ၊ ဒီတော့ သူကိုမချစ်တဲ့ဆေး၊ မကြိုက်တဲ့ဆေး ပေးလိုက်ရုံပေါ့၊ မချစ်ရင် မလိုချင်တော့ဘူး၊ မလိုချင်တော့ရင် ရောဂါ မရတော့ဘူး၊ ရှင်းသလား ရှမ်းစိန်''

''သိသလိုလိုတော့ ရှိပါတယ်၊ သိပ်တော့ မရေလည်သေးဘူး ဘကြီး''

''အေး . . . ဆက်ရှင်းပြမယ်၊ လောကကြီးမှာ လူတွေဟာ အပူမီးတွေ တောက်လောင်နေကြတယ်၊ ဘာကြောင့် ဒီလိုဖြစ်နေရသလဲ၊ မြေအိုးကို ရွှေအိုးထင်မိလို့၊ တစ်နည်းအားဖြင့် တန်ဖိုးမရှိတာကို တန်ဖိုးရှိသယောင် ထင်မြင်နေမိကြလို့ ဒီလိုဖြစ်ရတာ၊ လူတွေဟာ ကိုယ်ပိုင်တဲ့ပစ္စည်းမှန်သမျှကို အလွန်အကျွံစွဲလန်းတတ်ကြတယ်၊ မင်းကြည့်ပါ၊ မယားကိုလည်းချစ်တယ်၊ သားကိုလည်း ချစ်တယ်၊ ကားကိုလည်းချစ်တယ်၊ နွားကိုလည်း ချစ်တယ်ကွာ၊ ချစ်စရာတွေကပတ်လည်ကိုဝိုင်းနေတာပဲ၊

သူတို့က အဲဒီအရာဝတ္ထုတွေကို ရွှေအိုး ရွှေခွက်တွေအလား ထင်မှတ်နေကြတယ်၊ တကယ်တန်းကျတော့ ဒါတွေက ဘာမှတန်ဖိုးရှိတဲ့အရာတွေ မဟုတ်ဘူး၊ တန်ဖိုးမရှိရုံမကဘဲ ကိုယ့်ကိုတောင် ပြန်ပြီး ဒုက္ခပေးမယ့်အရာတွေ ဖြစ်နေတယ်၊ မြေအိုးကလေး လွတ်ကျသွားတော့ ခွမ်းခနဲ ကွဲမသွားဘူးလား၊ ကွဲသွားတယ်၊ အေး–ဒီ

ကနေ့ လူတွေ ဖျိုးခနဲ ဖျတ်ခနဲ သေနေကြပုံ၊ နေ့မြင်ညပျောက်ဖြစ်နေကြပုံတွေဟာ အဲဒီ မြေအိုးကလေး အလွယ်တကူကျကွဲသွားပုံနဲ့ တစ်ပုံစံတည်းပဲ၊

မခိုင်မြဲတာကို ခိုင်မြဲတယ်လို့ ထင်နေတာကိုက တကယ့်အရင်းအမြစ်ပဲကွ၊ ဒါကို တူးပြီး နုတ်မပစ်နိုင်သေးသမျှကာလပတ်လုံး ဒီရောဂါ၊ ဝေဒနာတွေက ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး၊ ဒီအတိုင်းပဲ သံသရာလည်နေမှာပဲ၊ ဒီမယ်ကွ . . . ရှမ်းစိန်၊ တို့လူဘဝကိုရလာတာဟာ မဟာအခွင့်အရေးကြီးတစ်ခုကို ရလိုက်တာနဲ့ အတူတူပဲကွ၊ အဲဒီအခွင့်အရေးက ဘာအခွင့်အရေးလဲ သိလား''

''မသိပါဘူး ဘကြီး၊ ပြောပြပါ''

''စောစောက တင်စားခဲ့တဲ့ စကားနဲ့ပဲ ထိမိအောင်ပြန်ပြောရရင် တို့ လူဘဝရလာတာဟာ 'မချစ်ဆေး'ကို ရှာဖွေဖို့အတွက် အခွင့်အရေးပဲကွ၊ မချစ်ဆေးကို ဖော်စားနိုင်ဖို့အတွက် အခွင့်အရေးပဲ''

''မချစ်ဆေး ဖော်စားဖို့ . .''

တခြားမဟုတ်ဘူး၊ ဝိပဿနာအားထုတ်ဖို့ပဲကွ၊ ဝိပဿနာကိုသာ ပေါက်မြောက်အောင်အားထုတ်၊ ဒါဆိုရင် မင်းလိုချင်တာရပြီ၊ မင်းဖြစ်ချင်တာ ဖြစ်ပြီ



''အမှန်ပေါ့၊ လူတွေဟာ ချစ်စရာတွေများလှတာနဲ့အမျှ ပူပင်သောကတွေနဲ့လည်း တစ်ပုံတပင်ကြီး ရင်ဆိုင်နေကြရတယ်၊ ဒီတော့ ပူပင်သောကမရောက်ချင်ရင် ချစ်စရာတွေကိုရှောင်ဖယ်နေလိုက်လေ၊ တစ်ခါအဲသလို ရှောင်ဖယ်နေနိုင်အောင်လည်း မချစ်ဆေးကို မှီဝဲပေးဖို့လိုတယ်လေ၊ ငါပြောတာ ဟုတ်တယ်မို့လား''

''ဟုတ်ကဲ့ ဘကြီး၊ အဲလိုဖြစ်အောင် ဘယ်ကစပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ ထပ်ရှင်းပြပါအုံး''

''ဟုတ်ပြီ၊ အဲဒါအချက်ပဲ၊ ငါပြောပြမယ်၊ လုပ်နည်းကလွယ်ပါတယ်၊ ဝေးဝေးလံလံ သွားရှာနေစရာလည်း မလိုဘူး၊ အနီးအနားမှာပဲရှိတယ်၊ ဒါပေမဲ့ လုပ်ရတာ လွယ်တယ်လို့ဆိုသည့်တိုင် ပေါက်မြောက်ဖို့ကတော့ တော်တော်ခက်တယ်နော်၊ အဲဒါကိုတော့ သိထားဖို့လိုတယ်၊ အခု မင်းမြင်တယ်မဟုတ်လား၊ လူတွေဟာ မချစ်ဆေးကိုတော့ ရအောင်မရှာဘဲနဲ့ ချစ်ဆေးတွေကိုချည်း မရ,ရအောင် လိုက်ရှာနေကြတာ၊ ဒါ ဘာဖြစ်လို့လဲဆိုတော့ မချစ်ဆေးရှိတယ်ဆိုတာ သိကြသည့်တိုင် လိုက်ရှာရမှာ ဝန်လေးလို့၊ ရှာပေမယ့်လည်း တွေ့အောင်မရှာနိုင်လို့ အဲသလိုဖြစ်နေကြရတာ၊ ဒီတော့ လိုရင်းပဲ ငါပြောတော့မယ်၊ တခြားမဟုတ်ဘူး၊ ဝိပဿနာအားထုတ်ဖို့ပဲကွ၊ ဝိပဿနာကိုသာ ပေါက်မြောက်အောင်အားထုတ်၊ ဒါဆိုရင် မင်းလိုချင်တာရပြီ၊ မင်းဖြစ်ချင်တာ ဖြစ်ပြီ''

''ရိပ်သာကို ပြေးဝင်ရမယ့်သဘောပဲ၊ ဝိပဿနာအားထုတ်တော့ အားလုံးကို တကယ်ပဲ ကျော်လွှားနိုင်တယ်ပေါ့''

''ပေါက်မြောက်အောင်လုပ်လို့ ငါပြောပြီးပြီပဲ၊ မင်းပြောတဲ့ သောကပရိဒေဝဒဏ်လောက်ကတော့ ဝိပဿနာဉာဏ်ဆိုတဲ့ ဝရဖိန်လက်နက်က အသာကလေးချေမှုန်းနိုင်တာပေါ့ မောင်ရာ၊ ဒီဉာဏ်အောင်သွားတဲ့သူဟာ ဘယ်သူ့ကိုမှ မစွဲလန်းတော့ဘူး၊ ဘယ်သူ့ကိုမှ မချစ်တော့ဘူး၊ တစ်ချိန်က သူချစ်ခဲ့ဖူးတဲ့သူတွေ သူမျက်စိရှေ့အောက်မှာ လဲသေနေတာတွေ့ရင်လည်း သူက ဘယ်သူအတွက်မှ မျက်ရည်မကျတော့ဘူး၊ ဘယ်သူအတွက်မှ သောကမရောက်တော့ဘူး၊ မင်းကိုယ်တိုင် ဒီဉာဏ်ရလာတဲ့အခါ

မင်းနားကို မင်းအိမ် မီးလောင်တဲ့အကြောင်း လာပြောလည်း မင်းမဖြို့တော့ဘူး။ မင်း အိမ်သားတွေအားလုံး သူများသတ်သွားတယ်လို့ ကြားလည်း မင်းမတုန်လှုပ်တော့ဘူး၊ နောက်ဆုံးကွာ၊ မင်းကိုယ်တိုင် အသတ်ခံရပါတော့မယ်ဆိုပြီး ဇက်ပေါ် ဓားဝဲနေသည့်တိုင် ခပ်ပြုံးပြုံးပဲမောင်''

''ဟာ...အတော်ထက်မြက်ပါကလား၊ ရချင်လိုက်တာ ဘကြီးရာ''

''ရချင်ရင် လုပ်လေ၊ လူဘဝရလာတာဟာ ဒါလုပ်ဖို့အတွက် အခွင့်အရေးပဲလို့ ငါပြောခဲ့တယ်မဟုတ်လား''

''ဟုတ်ကဲ့ ဘကြီး ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ၊ ဒီအခွင့်အရေးကတော့ လက်မလွတ်သင့်တဲ့ အခွင့်အရေးပဲ၊ ကျွန်တော်လည်း တစ်ချီတစ်မောင်းလောက်တော့ ကြိတ်ဖြစ်အောင် ကြိတ်လိုက်အုံးမှနဲ့ တူပါတယ်''

''လုပ်စမ်းပါကွ၊ လူဆိုတာ အညွှန့်တလူလူနဲ့မို့ လူလို့ခေါ်တာ၊ လူဟာ အမြဲတမ်း တိုးတက်နေရမယ်၊ မင်းတောင် အခု တိုးတက်သွားပြီပဲ၊ မနေ့က သာမန်အဆင့်ပဲ ရှိတယ်၊ အခု ငါနဲ့တွေ့တော့ အသိတွေတိုးပြီး တစ်ဆင့်မြင့်သွားပြီ၊ ရာထူးတိုးသွားပြီ၊ ဒီထက်မြင့်သထက်မြင့်အောင် ဆက်သာလုပ်၊ ကြားလား ငါ့တူ''

အဲသည်နောက်တော့ ဘကြီးနဲ့ စကားလက်စသိမ်းပြီး ကိုရှမ်းစိန် အိမ်ပြန်လာခဲ့တယ်၊ သူက ဘကြီးစကားကို နာကြားလိုက်ရတဲ့အတွက် ကောင်းကောင်းဘဝင်ကျသွားမိတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သူက တစ်ခါတည်း စိတ်တွေတအားတက်ကြွပြီး ဘကြီးတိုက်တွန်းသလို မဖြစ်ဖြစ်အောင် လုပ်တော့မယ်ရယ်လို့ ဆုံးဖြတ်လိုက်တာမျိုး



တော့ မဟုတ်သေးဘူး။ အဲသည်အခြေအနေမျိုး သူစိတ်ထဲမှာ ဖြစ်ပေါ်လာတာမျိုး မရှိသေးဘူး။ ပြောခဲ့တယ်မဟုတ်လား။ သူက အထက်မရောက်၊ အောက်မရောက်လူစားမျိုး၊ 'စက'သမားမျိုးပါဆို။ ခပ်နုံနုံထဲက မဟုတ်သလို၊ ခပ်ထက်ထက်ထဲကလည်း မဟုတ်ဘူး။

နောင်ကျရင်တော့ ဘယ်လိုဖြစ်လာမလဲ မသိဘူးပေါ့။ လောလောဆယ်မှာတော့ သူက သူလိုငါလိုအဖြစ်ကနေ ရုန်းထွက်နိုင်ဖို့ မလွယ်သေးပါဘူး။ တကယ် မလွယ်သေးပါဘူး။ ဒါကြောင့်လည်း သူက အိမ်ပြန်အရောက် သူ့ခွေးကလေးက ခြံပေါက်ဝကနေ ဆီးအကြို၊ သူက ခွေးလေးကို ပွေ့ချီပြီး ကျောပွတ်ခေါင်းပွတ်လုပ်ရင်းနဲ့ 'ဟေ့ကောင်...ငါက မချစ်ဆေးကို ရှာတော့မှာနော်၊ မင်းလည်း ကြပ်ကြပ်သတိထား'ဆိုပြီး ပြောင်ချော်ချော်ပြောလိုက်ပုံကို ထောက်ရင် ဒီလူဟာ လေးနက်တဲ့အဆင့်ကို မရောက်သေးဘူး။ ခပ်ပေါ့ပေါ့ပဲရှိသေးတယ်ဆိုတာ ပိုပြီးသိသာနေစေပါတယ်။ ဟုတ်ပါတယ်။ အဲသည်အတိုင်းပဲ ဖြစ်နေပါတယ်။

ရဲမြတ်တင်(အမျိုးသားစာပေဆု၇)

သူ့အတွေးနဲ့သူ



အမေဖြစ်သူက ဈေးဝယ်သွားတဲ့အခါ သားငယ်လေး ချားလ်စ် (Charles) ကို ခေါ်သွားပါတယ်။ စတိုးဆိုင်ထဲမှာ ဆိုင်ရှင်က ချားလ်စ်ကို ပျူငှာစွာကြိုဆိုပြီး၊ ချယ်ရီသီးတွေပေးဖို့ လက်ဖြန့်ခိုင်းတယ်။ ကလေးက လက်ကိုနောက်တွန့်ပြီး လက်မဖြန့်ချင်ဘူး ဖြစ်နေတယ်။

ဆိုင်ရှင်ကမေးတယ်–

''ကလေး၊ မင်းက ချယ်ရီသီး မကြိုက်ဘူးလား''

'ကြိုက်ပါတယ်'လို့ ချားလ်စ်က ပြန်ဖြေတယ်။

ဒီတော့ ဆိုင်ရှင်က သူလက်နဲ့ ချယ်ရီသီးတစ်ဆုပ်နှိုက်ပြီး ကလေးရဲ့ ဦးထုပ်ကိုချွတ်ကာ လက်ခံယူစေပါတယ်။

စတိုးဆိုင်ထဲက ထွက်လာတော့ အမေဖြစ်သူက သားကို မေးတယ်–

''ဆိုင်ရှင်က ပထမ သားလက်ကိုဆွဲပြီး ချယ်ရီသီးပေးမယ် လုပ်တော့ သားက ဘာလို့ လက်မဖြန့်တာလဲ''

ဒီအခါ သားငယ်က ပြန်ဖြေတာကတော့–

''သူ့လက်က သားလက်ထက် ပိုကြီးလို့ပါ''တဲ့။ ။

မောင်သီဟ

CITY CARTOON





ထူးချွန်ထက်မြက်လိုသူများအတွက် မြန်မာစာပေ ဆောင်းပါး

ကိုစော (ပထဝီဝင်)

ထူးချွန်ထက်မြက်လိုသူများအတွက် မြန်မာစာပေ၏ အခြေခံအချက်အလက်များဖြစ်တဲ့ မြန်မာစာပေဖွဲ့စည်းမှု၊ အရေးအသားနှင့် အဖွဲ့အစွဲ့ရေးသားချက်၊ ရေးသားဟန်များကိုလည်း အထိုက်အလျောက် ဖော်ပြပေးခဲ့ပြီးဖြစ်တယ်။ မြန်မာစာပေအကြောင်း သင့်တင့်စွာသိရှိပြီးဖြစ်သောကြောင့် ဆက်လက် ဆည်းပူးလေ့လာခြင်းဖြင့် မြန်မာစာပေအကြောင်းကို ထဲထဲဝင်ဝင် တတ်သိနားလည်လာနိုင်မည်ဖြစ်တယ်။ ယခုဆက်လက်ပြီး စာပေပညာ လေ့လာလိုသူနဲ့ ရေးသားပြုစုသူတို့ အမြဲမပြတ် အမှီသဟဲပြုနေရမည့်နေရာကတော့ စာကြည့်တိုက်များဖြစ်သောကြောင့် စာကြည့်တိုက်အကြောင်းကို ဆက်လက်တင်ပြပေးမှာ ဖြစ်ပါတယ်။

စာကြည့်တိုက်တွင် စာပေကျမ်းဂန်အမျိုးမျိုးကို ရှာဖွေစုဆောင်းထားရှိသောကြောင့် စာပေလေ့လာလိုသူ၊ စာပေကျမ်းဂန်များ ရေးသားပြုစုလိုသူတို့အတွက် စာပေဘဏ်တိုက်ကြီးတစ်ခုဟု ဆိုရမည် ဖြစ်တယ်။ မိမိသိရှိလိုသော စာပေများနှင့်ပတ်သက်၍ အထောက်အထား၊ အကိုးအကားများ ရှာဖွေလိုလျှင်၊ ဗဟုသုတရရှိလိုလျှင် စာကြည့်တိုက်များကိုသာ အားကိုးအားထားပြုကြရမည် ဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်များသည် လူသားများ ပတ်ဝန်းကျင်တွင် မရှိမဖြစ်သော အဆောက်အဦးတစ်ခုပင်ဖြစ်တယ်။

စာကြည့်တိုက်များ ရှိနေသော်လည်း စာကြည့်တိုက်ကို အသုံးပြုကြရန်၊ အသုံးချတတ်ရန် အလွန်အရေးကြီးပါတယ်။ ဒါကြောင့် စာကြည့်တိုက်ရဲ့ ဖွဲ့စည်းမှုကိုလည်း သိရှိနားလည်ထားရန်လိုပါတယ်။ ထို့ကြောင့် စာပေပညာ လေ့လာဆည်းပူးသူနှင့် စာပေကျမ်းဂန်ရေးသားပြုစုသူတို့သည် အလိုရှိသောအကြောင်းအရာများကို ရှာဖွေရန်ခိုင်ရန်အတွက် စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်လက်ထောက်တို့ထံတွင် အကူအညီတောင်းခိုင်သည်။ ဥပမာ–အနုပြုပညာ ဗဟုသုတကင်းမဲ့သောသူသည် အနုပြုဘာသာရပ်ကို မည်သို့စတင်လေ့လာရကြောင်း မသိသောအခါ၊ သို့မဟုတ် လေ့လာဆည်းပူးလျက်ရှိသော ဘာသာရပ်များကို သာ၍ ကျယ်ပြန့်တိကျစွာ လေ့လာ



ဆည်းပူးလိုသောအခါ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်လက်ထောက်တို့နှင့် ဆွေးနွေးလျှင် အဖိုးထိုက်တန်သော လမ်းညွှန်မှုများကို ရနိုင်သည်။

စာကြည့်တိုက်တွင် စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်အား ဖတ်ရှုလေ့လာခွင့် ရှိသော်လည်း အိမ်သို့ ငှားယူနိုင်သော စာအုပ်စာတမ်းနှင့် စာကြည့်တိုက်တွင် ဖတ်ရှုလေ့လာရမည့် စာအုပ်စာတမ်းဟူ၍ ခွဲခြားထားသည်။ စာကြည့်တိုက်တွင် ဖတ်ရှုခွင့်ပြု၍ အိမ်သို့ ငှားယူခွင့်မပြုသော စာအုပ်စာတမ်းများမှာ အကြမ်းအားဖြင့်–

၁။ စာကြည့်တိုက်ရှိစာဖတ်ခန်းတွင် ထောက်ထား၊ ကိုးကားရန်အတွက်ထားသော အဘိဓာန်နှင့် အလားတူ စာအုပ်စာတမ်းများ။

၂။ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် အလားတူ စာအုပ်စာတမ်းများ။

၃။ အစိုးရဌာနများမှ အခါအားလျော်စွာ ထုတ်ဝေသော စာအုပ်စာတမ်းများ။

၄။ ဖိုင်တွင်တွဲထားသော ကြေညာစာတမ်းများ။

၅။ ရှားပါးသော စာအုပ်စာတမ်းများ ဖြစ်ကြသည်။

ကျန် စာပေကျမ်းဂန်နှင့် စာအုပ်စာတမ်းများကို အိမ်သို့ ငှားယူဖတ်ရှု လေ့လာနိုင်သည်။

စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်များကို ငှားရမ်းသောစနစ်ရှိသည်။ အချို့ စာကြည့်တိုက်တို့သည် ပြည်သူလူထုဟူသမျှတို့ကို ငှားရမ်းကြ၍ အချို့သော စာကြည့်တိုက်တို့သည် အသင်းဝင်များကိုသာ ငှားရမ်းကြသည်။ အသင်းဝင်များကိုသာ စာအုပ်စာတမ်း ငှားရမ်းသော စာကြည့်တိုက်မှ စာအုပ်စာတမ်းများကို ငှားယူဖတ်ရှုလေ့လာလိုလျှင် အသင်းသားအဖြစ် ရှေးဦးစွာခံယူရလိမ့်မည်။

စာကြည့်တိုက်မှ စာအုပ်စာတမ်းများကို အချိန်အကန့်အသတ်ဖြင့် ငှားလေ့ငှားထရှိသည်။ အကြောင်းမှာ စာကြည့်တိုက်မှ စာအုပ်စာတမ်းတို့သည် ပြည်သူလူထုအများ ဖတ်ရှုရန်ထားသည့်အတွက် အများဖတ်ရှုလေ့လာခွင့်ရရန်ကို ရည်ညွှန်းဟန်တူသည်။ အများအားဖြင့် ရက်သတ္တပတ် နှစ်ပတ်ခန့် သတ်မှတ်လေ့ရှိသည်။

စာကြည့်တိုက်မှ စာအုပ်စာတမ်းများကို ဆက်လက်ငှားယူဖတ်ရှုနိုင်သော အခွင့်အရေးရှိသည်။ မိမိဖတ်ရှုလေ့လာလျက်ရှိသော စာပေကျမ်းဂန်တို့ကို စဉ်လာကန့်သတ်ထားသော အချိန်ကာလအတွင်း၌ ကုန်ဆုံးအောင် ဖတ်ရှုလေ့လာနိုင်စွမ်း ရှိမည်မထင်လျှင် စာအုပ်စာတမ်းများကို ငှားယူစဉ် အချိန်ကပင် ကြိုတင်စာရင်းပေးထားရသည်။

စာကြည့်တိုက်မှ စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်တို့ကို စာအုပ်စင်နှင့် စာအုပ်ထည့်သော ဘီရိုများတွင် စနစ်တကျတင်ထားလေ့ရှိသည်။ စဉ်လာအားဖြင့် စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်များကို မျိုးတူစုခွဲ၍ စာကြည့်တိုက်ဆိုင်ရာ သင်္ကေတဖြင့် မှတ်သားထားကြသည်။ ထို့ကြောင့် ယင်းစာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာလိုသောအခါ ကိုယ်တိုင်ဆွဲထုတ်ယူမည့်အစား စာကြည့်တိုက်မှူထမ်း ရာထမ်းများကို အကြောင်းကြားလျှင် စေတနာကြည်ဖြူစွာဖြင့် ဆောင်ရွက်ပေးလိမ့်မည်ဟု သက်ဝင်ယုံကြည်ရသည်။

စာအုပ်စင်နှင့် စာအုပ်ဘီရိုအတွင်းရှိ စာအုပ်စာတမ်းနှင့် စာပေကျမ်းဂန်များကို စာရင်းကတ်ပြားပြုလုပ်၍ ထားကြသည်။ အများအားဖြင့် စာကြည့်တိုက်အဝင်ဝ၊ သို့မဟုတ် သင့်မြတ်လျော်ကန်သောဒေသတွင် စာအုပ်စာတမ်းဆိုင်ရာ ကတ်ပြားများကို အက္ခရာစဉ်စီ၍ ဆွဲအံပါသော သေတ္တာငယ်တွင်ထားလေ့ရှိသည်။ ၎င်းအပြင် ယင်းကတ်ပြားတို့ကို အသုံးပြုရာတွင် လွယ်ကူစေရန် အညွှန်းစာတမ်းများ ပေးထားလေ့ရှိသည်။

ယခုတင်ပြခဲ့သော အချက်အလက်များသည် စာကြည့်တိုက်နှင့်ပတ်သက်သော သိသင့်သိထိုက်သည့် အခြေခံအချက်အလက်များသာဖြစ်တယ်။ မိမိတို့နှင့် နီးစပ်ရာ၊ သက်ဆိုင်ရာ စနစ်တကျ အဆင့်မြင့်မြင့်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော စာကြည့်တိုက်များသို့ သွားရောက်လေ့လာကြပါလို့ တိုက်တွန်းလိုပါတယ်။ ထူးချွန်ထက်မြက်လိုသူများသည် အစဉ်အမြဲ လေ့လာဆည်းပူးမှတ်သား ပြုစုသွားရန် လိုအပ်ပါတယ်။ ယခု ထူးချွန်ထက်မြက်သော ကျောင်းသားကလေး မောင်ငြိမ်းချမ်းဝင်း (ယခု ဆရာဝန်)၏ စာစီစာကုံးတစ်ပုဒ်ကို ရွေးထုတ်တင်ပြလိုက်ပါတယ်။

လူငယ်နှင့်တေးဂီတ



လူငယ်သည် အနာဂတ်၏ကြယ်ပွင့်ဖြစ်၏။ အနာဂတ်နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်သူများမှ ယနေ့ လူငယ်များဖြစ်ပါသည်။ ''ယနေ့ လူငယ် နောင်ဝယ်လူကြီး''ဟု ဆိုရိုးရှိပါသည်။ အသက်၁၂နှစ်မှ ၂၅နှစ်အတွင်းရှိ လူငယ်များကို လူငယ်ဟုခေါ်ပါသည်။ လူငယ်တို့၏ ပင်ကိုသဘာဝသည် ဖျတ်လတ်သည်။ သွက်လက်သည်။ ရဲရင့်သည်။ တက်ကြွသည်။ ရိုးသားပွင့်လင်းသည်။ ဖြောင့်မတ်သည်။ စုပေါင်းဆောင်ရွက်တတ်သည်။ ကူညီရိုင်းပင်းတတ်သည်။ ယင်းပင်ကိုစရိုက်ကို အခြေခံလျက် နည်းမှန်လမ်းမှန်၊ မြေဩဇာကောင်းကောင်းဖြင့် မြေတောင်မြှောက်ပေးလိုက်ရလျှင် တိုင်းပြည်၏အားထားဖွယ်ရာ လူကောင်းလူတော်များ ဖြစ်လာနိုင်ပါသည်။

နိုင်ငံတိုင်းတွင် ကျောင်းသားလူငယ်၊ ကျေးလက်လူငယ်၊ အလုပ်သမားလူငယ်ဟူ၍ ရှိကြပါသည်။ လူငယ်တို့သည် လောကအလှကို တည်ဆောက်မည့်သူများဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းပြည်တွင် ပြည်သူလူထုအား စစ်မှန်သောစိတ်ဓာတ်ဖြင့် ရှေ့ဆောင်လမ်းညွှန်မှုပေးရမည့် ခေါင်းဆောင်ကောင်းများ အမြဲလိုအပ်ပါသည်။ လူငယ်သည် အနာဂတ်ကို စိုးမိုးမည့်သူများဖြစ်သဖြင့် ဘက်စုံဖွံ့ဖြိုးမှုရှိရပါမည်။ ဗလငါးတန်ပြည့်စုံရုံဖြင့် မလုံလောက်သေး။ အနုပညာရသ တေးဂီတကိုလည်း ခံစားတတ်ရပေမည်။ ရဲရင့်တက်ကြွနေရုံဖြင့် မပြီးသေး၊ ခံစားတတ်သောအသည်းနှလုံးလည်း ရှိရပါမည်။ ခံစားတတ်ခြင်းဆိုသည်မှာ စိတ်ပျော့ခြင်းမဟုတ်ပါ။ ရဲရင့်စရာတွေ့လျှင် ရဲရင့်ခြင်း၊ သနားစရာတွေ့လျှင် သနားခြင်း စသည်ဖြင့် စိတ်ဖြင့်ရယူခြင်းဖြစ်သည်။

လူငယ်သည် အနုပညာကို မြတ်နိုးတတ်ရမည်။ အနုပညာကိုမြတ်နိုးမှ အလှအပကို ခံစားတတ်ပေမည်။ အနုပညာဆိုရာတွင် စာပေ၊ ပန်းချီ၊ ပန်းပုနှင့်ဂီတ စသည်ဖြင့် များစွာရှိပါသည်။ တေးဂီတ သည် လူငယ်ထုအတွင်းဝယ် အရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။ လူငယ်နှင့် တေးဂီတသည် မကင်းကွာ။ ရင်းနှီးသောမိတ်ဆွေဖြစ်ပါသည်။ တေးဂီတခံစားခြင်းသည် လူသားတို့ဖန်တီးသော အနုပညာကိုခံစားခြင်းပင်။ အနုပညာသည် လူသားတို့စိတ်ကို ယဉ်ကျေးစေသည်။ ထို့အတူ တေးဂီတသည်လည်း ကျွန်ုပ်တို့၏ စိတ်ကို ယဉ်ကျေးသိမ်မွေ့စေပါသည်။ စိတ်ကူးဉာဏ်ရင့်သန်စေသည်။ စိတ်လေလွင့်မှုကို တားဆီးနိုင်သည်။ နွမ်းနယ်သောစိတ်ကို အပန်းပြေစေ၏။ အနုပညာမခံစားတတ်လျှင် စိတ်ရိုင်းမည်။ စိတ်ရိုင်းလျှင် လူရိုင်းပေမည်။

အာရုံငါးပါးအနက် တေးဂီတသည် နားအရသာခံစားခြင်းပင်ဖြစ်ပါသည်။ တေးသည်လည်းကောင်း၊ ဂီတသည်လည်းကောင်း သီချင်းဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သံရှည်ဖြင့်ဆွဲငင်၍ သီဆိုရသောကြောင့် ဂီတဟုခေါ်ကြောင်းလည်းဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ သီချင်းဆိုခြင်းနှင့် တီးမှုတ်ခြင်းနှစ်မျိုးကို ပေါင်းစပ်လျှင် တေးဂီတဖြစ်လာနိုင်ပါသည်။ တေးဂီတမှန်သမျှ သုတိသာယာဖြစ်စေသည် ချည်းပင်။ စောင်း၊ တယော၊ မယ်ဒလင်၊ ပတ္တလား၊ စန္ဒရားနှင့် ဂစ်တာ၊ ပလွေစသည့် ဂီတပစ္စည်းများ တီးမှုတ်လိုက်သောအခါ သာယာငြိမ့်ညောင်းသောအသံ ထွက်လာပြီး နားထဲသို့ အေးငြိမ့်ညင်သာစွာစီးဝင်သွားတတ်ပါသည်။ ထိုအခါ နားပီတခံစားရဘိ



တော့သည်။

တေးဂီတဟူရာတွင် မြန်မာ့ဂီတနှင့် ကမ္ဘာ့ဂီတဟူ၍ ခွဲခြားရပေမည်။ မြန်မာ့တေးဂီတကိုပင် သမိုင်းတစ်ခေတ် ဆန်းစစ်လိုက်လျှင် သီချင်းကြီး၊ ကာလပေါ်တေးနှင့် စတူဒီယိုတေးဟုကွဲပြားလာနိုင်ပါသည်။ ထိုမှတဆင့် လူငယ်တေး၊ ဓမ္မတေး၊ စစ်ချီတေး၊ ဇာတိမာန်တေး၊ အချစ်တေး၊ အလွမ်းတေး၊ တိုင်းရင်းသားတေးစသည်ဖြင့် ခက်မ များစွာ ဖြာထွက်နိုင်ပါသေးသည်။

လူသားတိုင်း တေးဂီတနှင့်မကင်း နိုင်ကြပါ။ ကျွန်ုပ်တို့ ကလေးဘဝက ''လူကလေးရယ် ငို၊ ခိုဖမ်းလို့ပေး'' အစရှိသော သားချော့တေးဖြင့် တရေးအိပ်ခဲ့ဖူးပါပြီ။ ထို့နောက် ကျောင်းသားဘဝရောက်သော အခါ ''မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်'' စသည်ဖြင့် လူငယ်တေးကို သံပြိုင်ဆို ခဲ့ကြသည်။ လူငယ်တေးသည် စိတ်ကို ရွှင်လန်းတတ်ကြစေပါသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို ပွားများစေပါသည်။

မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတ မည်သည့်ဂီတကို ခံစားသည်ဖြစ်စေ ရွှင်လန်းတက်ကြွ ခြင်း၊ ကြည်နူးခြင်း၊ လွမ်းဆွေးခြင်း စသည့် ရသတစ်မျိုးမျိုးကို ခံစားရနိုင်ပါသည်။ ကမ္ဘာ့ဂီတကို နားဆင်လျှင် သီချင်းအဓိပ္ပာယ်ကို မသိသော်လည်း ဂီတရသကိုတော့ ခံစားရပေမည်။ ထို့ကြောင့် တေးဂီတသည် လူသားတိုင်း၏ ဘုံဆိုင်ပစ္စည်းဖြစ်ပေသည်။

ကျောင်းသားလူငယ်သည် ကျောင်းစာထဲ၌သာ နစ်မြုပ်မနေသင့်ပါ။ စာလည်း ကျက်ပါ။ အားကစားလည်းလုပ်ပါ။ ထို့ပြင် ဦးနှောက်သွက်အောင်လည်း တေးဂီတကို နားထောင်သင့်ပါသည်။ ကျေးလက်လူငယ်၊ အလုပ်သမားလူငယ်တို့သည်လည်း လယ်ယာခွင်မှာ၊ လုပ်ငန်းခွင်မှာ ပင်ပန်းလာသမျှ တေးဂီတဖြင့် စိတ်အပန်းဖြေသင့်ပါသည်။ တေးဂီတသည် ပင်ပန်းနွမ်းနယ်သော စိတ်ကို ရွှင်လန်းစေသည့် စိတ်အပန်းဖြေဆေးကြီးပင်ဖြစ်ပါသည်။

ဂီတသည် တန်ခိုးထက်၏။ ဩဇာကြီး၏။ ရိုင်းသူကိုယဉ်စေ၏။ ဥတောနမင်း၏ စောင်းသံကိုကြားရလျှင် ဆင်ရိုင်းများပင် ယဉ်ကျေးလာစေသည်ဟုဆိုပါသည်။ ဂီတာတီးခတ်သံကို ကြားရလျှင် လေ့ကျင့်ထားသော ပင်လယ်ဖျံများ လာရောက်နားထောင်လေ့ရှိကြောင်း ဖတ်ဖူးပါသည်။ လောကနတ်သည် စည်းခုပ်ကိုတီး၍ ရန်မီးကိုပြေစေသောနတ်အဖြစ် ထင်ရှားပါသည်။ လူငယ်တို့သည် တေးဂီတခံစားတတ်ကြပါ၏။ အလွမ်းသီချင်းနားထောင်လျှင် လွမ်းနေပေလိမ့်မည်။ ရိရိသန့်၏ ''ချစ်မိုးကြိုး''ကို မြတ်နိုးစွာခံစားချင်တတ်ကြသည်။ မာမာအေး၏ ''မောင့်အချစ်မြား''ကို နားဆင်လျှင် မိမိရင်ကိုလာမှန်သည့်အလား ခံစားရပေလိမ့်မည်။ တစ်ခါတစ်ရံ အလွမ်းဘုရင်ကြီး ကိုတင်လိုင်ထံ ''အမုန်းခွန်အား ပေးသနားပါ'' ဟု တောင်းခံပေလိမ့်ဦးမည်။ လူငယ်တို့မည်သည် တိမ်းလွယ်၊ ညွတ်လွယ်ပါတကား။

မြူးကြွသောတေးကို နားဆင်ရလျှင်မူ လူငယ်တို့၏ စိတ်သည် တက်ကြွလာ၏။ လက်ကိုမြှောက်၏။ ခြေကိုဆောင့်၏။ ပါးစပ်ကိုပြ၏။ ယနေ့လူငယ်တို့သည် စတူဒီယိုတေးနောက် တကောက်ကောက်ပါနေကြ၏။ ဇော်ဝင်းထွဋ်၏သီချင်းများကို အချို့ အထူးကြိုက်ကြသည်။ အနောက်တိုင်းဂီတရေစီးသည် တရဟောစီးဝင်နေပါသည်။ စတူဒီယိုတေးသည် အနောက်တိုင်းတေးဂီတကို တုမှီးထားခြင်းဖြစ်ပါသည်။ အလွမ်းအဆွေးမပါ။ မြူးကြွသွက်လက်၏။ မြန်မာ့ဂီတနှင့် အသွင်ကွဲသော်လည်း အဆိုးအကောင်းပြော၍မရနိုင်။ စောင်းခေတ်၊ ဘင်ဂျိခေတ်၊ ဂီတာခေတ်ဖြစ်ရာ ခေတ်အလိုက်တော့ တစ်မျိုးစီကောင်းပေသည်။ ဂီတသည် ဂီတသာ ဖြစ်ပေသည်။

စတူဒီယိုတေးများ ခေတ်စားလာသော အခါ လူငယ်ထုအတွင်းသို့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ နိုးကြားလာစေရန် ''စစ်ချီတေး၊ စစ်သည်တေး''များကိုလည်း ခံစားနားဆင်သင့်ပေသည်။ ''xxx ရဲရဲတောက် တို့ဗမာပြည် xxx သတ္တိခဲတွေ xxx ရာဇဝင်ထိုးလောက်အောင် စွန့်ပေ xxx တို့တိုင်းတို့ ပြေ(ပြည်)''ဟူသော ''ရဲမြန်မာ'' သီချင်းကို ကြားလိုက်ရလျှင် ကြက်သီးတွေ တဖြန်းဖြန်းထလာပေမည်။

''ဗမာ့လွတ်လပ်ရေးအတွက်၊ တပ်မတော် ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်'' ဟူသော ''ဗမာ့လွတ်လပ်ရေး'' သီချင်းကို နားထောင်ရမှ လွတ်လပ်ရေး၏ ခက်ခဲစွာ ရယူမှုကို လူငယ်များသတိရကြပေမည်။

စိတ်ကို နူးညံ့သိမ့်မွေ့စေရန် လူငယ်တို့သည် ''ဓမ္မတေး''နှင့် မဝေးစေသင့်ပါ။ ''ထူးမခြားနား''သည် ဗုဒ္ဓမြတ်စွာကို ဂီတဖြင့်ကြည်ညိုခြင်းဖြစ်သည်။ မာမာအေး၏ ''အမေ့နို့ဖိုး''ကို ငြိမ်ငြိမ်ဆိတ်ဆိတ် နားဆင်ကြည့်ပါက ရသမြောက်သော ဓမ္မတေးဖြစ်ကြောင်းခံစားရပါမည်။ အဖသတ်သား အဇာတသတ်အား ရည်ညွှန်းဖွဲ့ဆိုသည့် မကြည်အောင်၏ ''မိဘမေတ္တာ''သည် ရင်နင့်အောင်ခံစားရသောတေးဖြစ်ပါသည်။ ဖခင်၏မေတ္တာသဘောကို ချစ်ပါသလောဟု မေးသောအခါ ဝေဒေဟီဖြေမဆည်ဖြစ်ရပုံ၊ ကလေးဘဝခုနှာပေါက်စဉ်'' မောင့်ဖခင် အာခံတွင်းမှာ သွင်းကာသိပ်ခဲ့သည် xxx ချစ်လှတဲ့သားပေမို့ အမေရင်ထုကာမရှုရက်နိုင်သည် xxx မင်းအနာ မသတီလောက် စရာပ ပြည်ပေါက်တာတောင် မျိုကာချရှာသည်''ဟု ပြောသောအခါ မျက်ရည်စို့မိပါ၏။ မိဘမေတ္တာကြီးမားပုံကို တစေ့စေ့အောက်မေ့မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လူငယ်တို့၏ စံပြပုဂ္ဂိုလ်ဖြစ်ပါ၏။ ''တို့ဗိုလ်ချုပ်''လည်း တေးဂီတကိုချစ်ပါသည်။ ''အမျိုးသားတွေ နိုးကြားလာကြသည် xxx ကြိုးစားလာကြသည် xxx ကူညီကာဝိုင်း တို့တိုင်းတို့ပြည် xxx သာယာပေတော့မည်''ဟူသော ''ခေတ်ဆန်းချိန်''သီချင်းကို တစ်ကိုယ်တည်း ဆိုညည်းနေတတ်ကြောင်း ''မေ့ဖျောက်၍ မရနိုင်သော အောင်ဆန်း''စာအုပ်တွင် ဖော်ပြထားပါသည်။

အချုပ်ဆိုရလျှင် လူငယ်သည် ဂီတနှင့်မကင်းပါ။

ဂီတနှင့်ဝေးသူသည် အသည်းမာသူဖြစ်လိမ့်မည်။ အသည်းမာလျှင် အကြင်နာကင်းသူဖြစ်တတ်၏။ မေတ္တာနည်းသူဖြစ်တတ်၏။ ဂီတကို မစိမ်းသင့်။ တေးဂီတဖြင့် လောကကို အလှဆင်နိုင်သည်။ ကျွန်ုပ်တို့သည် တေးဂီတကို ဖန်တီးသူများ၊ ခံစားသူများဖြစ်ရပေမည်။ လူငယ်တို့သည် တေးဂီတဖြင့် လောကကို အလှဆင်ကြပါစို့ဟု ဆန္ဒပြုရပါသတည်း။

ကိုစော(ပထဝီဝင်)



ဘဝမှ ကျေနပ်နိုင်ပါစေ

မြနှင်းဝေအောင်

မိုနိုပြပြအလင်းရောင်ဖြင့် တည်ရှိနေသော အေးမြမြအခန်းငယ်လေးကို သင်းပျံ့ပျံ့ရနံ့တစ်ခုဖြင့် ခပ်ပါးပါးလေး လွှမ်းခြုံထားသည်။ ထိုမျှမကသေး။ အိစက်ညက်ညော်ပုံရသော နှစ်ယောက်အိပ်မွေ့ရာပေါ်တွင်ရှိနေသော နှင်းဆီပွင့်ဖတ် လတ်လတ်ဆတ်ဆတ်များကြောင့်လည်း အခန်းသည် အလှပေါ်အယဉ်ဆင့်သကဲ့သို့ အမြင်တွင် ပို၍ လှပနေတော့သည်။ သည်အခြေအနေ၊ သည်အနေအထားက တင့်တောင့်တင့်တယ်၊ သာယာနာပျော်ဖွယ်အတိဖြင့် ပြည့်စုံပေ၏။

သို့သော် ညိုလေးအဖို့ ဤအခန်းငယ်အတွင်းသို့ ရောက်လာချိန်မှစတင်ကာ လေအေးပေးစက်မှထွက်လာသော မွှေးမြမြလေအေးကိုပင် ရေခဲတိုက်အတွင်း ရောက်ရှိနေသူကဲ့သို့ ခံစားလိုက်ရ၍ စက်ဆုပ်ရွံရှာနေမိသည်။ဒီလောက်ပဲလားဆိုတော့မဟုတ်။ အခန်းတွင်းရှိ မြင်မြင်ရာ အကောင်းဆုံးအသုံးအဆောင်များကလည်း ကျက်သရေကင်းမဲ့နေသလို၊ နှစ်သက်စွဲလန်းချင်စရာ မရှိသလို ခံစားနေရ၏။

ညိုလေးသည် အခန်းထဲသို့ရောက် ရောက်ချင်း အမေ့ကို ပြေးမြင်သတိရမိသည်။ အမေသာသိလျှင်ဆိုသောအတွေးက ညိုလေးရင်ကို မွန်းကြပ်ဆို့နင့်စေသည်။ မှုန်ဝါးဝါးအလင်းရောင်ထဲ မျက်ကန်းသဖွယ် လျှောက်နေမိသော ညိုလေးသည် တစ်သက်နှင့်တစ်ကိုယ် စိတ်ကူးမျှမယဉ်ဖူးသော အိစက်ညက်ညောလှသော စပရိန်မွေ့ရာပေါ် ထိုင်မိသည်နှင့်တစ်ပြိုင်နက် အိမ်က ဟောင်းနွမ်းနေသော ဖျာစုတ်လေးကိုသာ ပြန်တမ်းတမိသည်။ မကြာမီ ခန္ဓာကိုယ်ပေါ် ရောက်ရှိလာမည့် တစ်စုံတစ်ရာအကြောင်း တွေးမိပြန်တော့ ဆတ်ခနဲ ညိုလေး ထရပ်မိပြန်သည်။ ကိုယ့်ကိုယ်ကိုယ် မှန်သလား၊ မှားသလား ဝေခွဲဆုံးဖြတ်ချိန် မရလောက်အောင် အဖြစ်အပျက်တို့က မြန်ဆန်ခဲ့သည်မဟုတ်လား။

✦ ✦ ✦ ✦ ✦

ဤအိမ်နှင့် မပတ်သက်ရန် အမေမှာထားခဲ့သော်လည်း ရက်ပိုင်းအတွင်း ဆိုးရွားလာသော အမေ့ကျန်းမာရေးအခြေအနေကြောင့် ဤအိမ်ရှိရာ ညိုလေးရောက်ခဲ့ရသည်။ သည်အိမ်က အမေ အလုပ်လုပ်ရာနေရာ၊ သည်အိမ်မှာ အမေက တစ်ပတ်လျှင် နှစ်ရက် ဟင်းချက်အကူအဖြစ် အလုပ်ဆင်းပေးရသည်။ အမေသည် ထမင်းဟင်းချက်ရုံမျှမက သန့်ရှင်းရေး၊ အဝတ်လျှော်၊ မီးပူတိုက် အစရှိသည့် အလုပ်များကိုပါ လုပ်ပေးရသည်ဟု သိရသည်။ အလုပ်ဆင်းရသော ရက်များတွင် အမေ အလွန်ပင်ပန်းသည်ဟု ဆိုသော်လည်း ၈ ရက် အလုပ်ဆင်းရုံနှင့် လုပ်ခလစာ တစ်သိန်းနှစ်သောင်းရသောကြောင့် အမေက ဤအိမ်တွင် အလုပ်လုပ်ရတာ တန်သည်ဟု ပြောသည်။ သို့ရာတွင် ထိုအလုပ်မှာ အမေ ပျော်ရွှင်ပုံမရ။

ဒါ့ပြင် တစ်ခါက အိမ်တွင် အရေးကိစ္စပေါ်၍ အမေရှိရာ ဤအိမ်သို့ ညိုလေး လိုက်ခေါ်မိသည်။ အမေ အိမ်သို့ပြန်ရောက်သော အခါ သူရှိရာလိုက်ခေါ်ခဲ့သော ညိုလေးကို တစ်ခါမျှ မပြောဖူးသော ရင့်ရင့်သီးသီး စကားလုံးများဖြင့်ပြောဆို၍ ထိုအိမ်နှင့် ဝေးဝေး နေစေခဲ့သည်။ ညိုလေးကလည်း ထိုအချိန်မှစကာ အမေအလုပ်ကူပေးသော အိမ်ရှေ့သို့ ယောင်လို့ပင် ခြေဦးမလှည့်ခဲ့။ ယခုတော့ အမေ လုံးဝမသွားစေချင်ခဲ့သော ဤအိမ်သို့ ညိုလေး ရောက်ခဲ့ရုံမျှမက အမေ့အလုပ်ရှင် သူဌေးမဒေါ်စိန်သန်းပေးသော အလုပ်ကိုပင် လက်ခံမိသွားသည်။

✦ ✦ ✦ ✦ ✦

ဤအိမ်ကြီးသို့ ညိုလေးရောက်ခဲ့ရခြင်းက အမေ့ကိုယ်စား အိမ်အကူလုပ်ပေးရန်ဖြစ်၏။ သို့ပါသော်လည်း ညိုလေး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်နေစဉ် အိမ်ကြီးရှင်က ညိုလေးကို ခေါင်းအစခြေအဆုံး စုံနဆန်းကြည့်အပြီး အခြားအလုပ်များ မခိုင်းသေးဘဲ ရှင်မတောင်သနပ်ခါးတုံးကြီးနှင့် ကျောက်ပြင်ချပေး၍ သွေးစေသည်။ ထို့နောက် ညိုလေးကို ခေါင်းလျှော်ရေချိုးစေသည်။ သည့်နောက်မှာ သွေးထားသော သနပ်ခါးများကို လှအောင်လိမ်းစေပြီး ထိုအဒေါ်ကြီး အသင့်ထုတ်ပေးသော ဝမ်းဆက်အင်္ကျီကို ညိုလေး ဝတ်လိုက်ရ၏။ **အသက် ၁၅နှစ်စွန်းစွန်းသာ ရှိသေးသော ညိုလေးက ထိုကြီးဒေါ်၏ သဘောထားကို ဘာတစ်လုံးမျှ နားမလည်နိုင်ပေမယ့် ခိုင်းသမျှကို လိုက်လုပ်နေခဲ့သည်။**

ဖီးလိမ်းပြင်ဆင်ဝတ်စားပြီးသော ညိုလေးကို အားရပါးရကြီးလှည့်ပတ်၍ ကြည့်နေသည်။ ပြီးနောက် တစ်ပတ် ၃ရက်၊ တစ်လစာ ၁၂ရက်အတွက် လုပ်အားခ သုံးသိန်းပေးမည်ဟုဆိုသည်။ ကြိုးစားလျှင် ကြိုးစားသလို အပိုဆုငွေများလည်း ချီးမြှင့်မည်ဟု တစ်ဆက်တည်းပြောသည်။ ကြားကြားချင်း ညိုလေးလောက် ပျော်သူရှိမည်မထင်။ ပျော်ဆို ညိုလေးက ၉တန်းအောင်အပြီး အမေ့

အိစက်ညက်ညောလှသော စပရိန်မွေ့ရာပေါ် ထိုင်မိသည်နှင့်တစ်ပြိုင်နက် အိမ်က ဟောင်းနွမ်းနေသော ဖျာစုတ်လေးကိုသာ ပြန်တမ်းတမိသည်။ မကြာမီ ခန္ဓာကိုယ်ပေါ်ရောက်ရှိလာမည့် တစ်စုံတစ်ရာအကြောင်း တွေးမိပြန်တော့ ဆတ်ခနဲ ညိုလေး ထရပ်မိပြန်သည်...

မော်တာစက်မနင်းတတ်၍ ငါးသောင်းတန်အလုပ်ကိုပင် မရနိုင်ခဲ့သော ညီလေးအတွက် တစ်လသုံးသိန်းရမည်ဆိုခြင်းက သိန်းတစ်ထောင်ထီဆုကြီး ရတ်တရက်ထပေါက်သကဲ့သို့ ဖြစ်ရ၏...

ကျန်းမာရေး မကောင်းသောကြောင့် ၁၀ တန်း ဆက်၍မတက်နိုင်ဘဲ အလုပ်ရှာနေသူကိုး။ **မော်တာစက်မနင်းတတ်၍ ငါးသောင်းတန်အလုပ်ကိုပင် မရနိုင်ခဲ့သော ညီလေးအတွက် တစ်လသုံးသိန်းရမည်ဆိုခြင်းက သိန်းတစ်ထောင်ထီဆုကြီး ရတ်တရက်ထပေါက်သကဲ့သို့ ဖြစ်ရ၏။**

စက်ရုံတွင် ငွေ ၅သောင်းရရန် တစ်လလုံး မိုးလင်းကနေမိုးချုပ်တိုင် ခါးချိုအောင် လုပ်နေရသော ဆင်းရဲသားအလုပ်သမားများ၏ဘဝကို ညီလေး ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသည်မဟုတ်ပါလား။ မျက်လုံးတွင် အရောင်တလက်လက်ထွက်နေသော ညီလေးကိုကြည့်ပြီး ထိုကြီးဒေါ်က ညီလေး သဘောတူလျှင် ယနေ့ပင် အလုပ်စဆင်းနိုင်ကြောင်းနှင့် ယနေ့စတင်၍ အလုပ်လက်ခံပါက အမေ့အတွက်လည်း ဆေးဖိုးစရိတ်ငွေ တစ်သိန်း တစ်ပါတည်းပေးလိုက်မည်ဟုဆိုကာ စကားကိုအဆုံးသတ်လိုက်သည်။ ထိုအချိန်မှာ ညီလေးသည် ထိုကြီးဒေါ်ကို နတ်သိကြားပမာ မှတ်ထင်ခဲ့ရ၏။ အလုပ်လက်မဲ့ဖြစ်နေသော ညီလေးအတွက် ထိုကြီးဒေါ်၏စကားများက ရေတိတုန်း၊ ရေတွင်းထဲကျသူပမာ ဖြစ်ရသည်။ ရေမွန်းရမည့်အဖြစ်ကိုတော့ ဆယ်ကျော်သက် ၁၅ နှစ်သာသာ ညီလေးတစ်ယောက် ဉာဏ်မီမီတွေးချိန်မရခဲ့။ အားလုံးသဘောတူအပြီး အလုပ်စတင်လက်ခံလိုက်ပြီးနောက် ညီလေးကို မှိန်ပျပျအခန်းထဲပို့၍ အနားယူခိုင်းထားခိုက် စေ့စေ့တွေးရင်း ရေးရေးပေါ်လာသော အသိဝယ် ကိုယ်တိုင် သားကောင်ဖြစ်နေပြီမှန်း သတိထားမိတော့သည်။ ထိတ်လန့်တကြား မျက်စိမှိတ်လိုက်သည့်တစ်ခဏ ကြိုလှိဖျော့တော့နေသော အမေ့သွင်ပြင်က ညီလေးကို လွှမ်းမိုးလာသည်။

အမေ...အမေသည် ညီလေး လူမှန်းသိတတ်စကတည်းက တည်ကြည်သော အသွင်ဟန်ပန်ဖြင့်သာ ရှိခဲ့၏။ ကျောချမှ ဓားပြဖြစ်မှန်းသိခဲ့ရသော ညီလေးသည် အမေ့ကို ပြန်သုံးသပ်ကြည့်ချိန် အမေ့အပေါ် စိုးစဉ်းမျှ သံသယစိတ်မဖြစ်မိ။ မဖြစ်ဆို အမေက ညီလေးတို့မောင်နှမများ အပြာအဆို မခံရစေရန် မုဆိုးမဖြစ်ချိန်မှစ၍ နဖူးပြောင်သိမ်း၊ ဘဲကြားလိမ်း၍ တောသူမသွင်ပြင်ဖြင့်သာ နေထိုင်ခဲ့သူမဟုတ်လား။ **နဖူးမှဆံပင်ကို အပြောင်သိမ်းကာ ဘီးစပတ် အမြဲထုံးထားလေ့ရှိသော အမေ့အဆင်အပြင်က ရှိရင်းစွဲအသက်ကို ဆတိုးပိုကြီးနေစေသလို ညီလေးခံစားခဲ့ရ၏။ ထိုသို့ ခံစားရတိုင်း အမေ့ကို ပြင်**



ပြင်ဆင်ဆင်နေထိုင်ဖို့ ညီလေးပြောမြဲ။

ဆိုရလျှင် အဖေရှိစဉ်က အမေသည် မော်လမြိုင်သူပီသစွာ လုံးဖန်လုံ၍ ဖြူဝင်းသော အသားအရေပိုင်ရှင်ဖြစ်၏။ အဖေကို တွယ်တာမိချိန်မှအစပြုကာ အမေ့ဘဝ တစ်ဆစ်ချိုး ပြောင်းခဲ့ရခြင်း။ ဥစ္စာပေါ၊ ညီချောအဖေနှင့် ဝင်းဝါစိုပြေ လုံးကြီးပေါက်လှအမေတို့ကမွေးဖွားသော ညီလေးတို့ မောင်နှမသုံးယောက်သည် လက်ရှိအချိန်တွင် ဓနဥစ္စာ မွဲပြာကျနေသော်လည်း ရူပါတွေကဖြင့် မချုချာကြပေ။ ထိုမျှမက အဖေရှိစဉ် ညီလေး ငယ်ဘဝက သာယာပြည့်စုံခွင့်ရခဲ့သည်။ လူယုံလွယ်သော အဖေနှင့် အားနာလွန်းသော အမေတို့သည် အခွင့်အရေးယူတတ်သော မိတ်ဆွေဆိုးများကြောင့် ဒုတိယမြောက် ရင်သွေးဖြစ်သည့် မောင်ငယ်လေးမွေးချိန်မှစ၍ စီးပွားရေးအခြေအနေ ပျက်ယွင်းခဲ့ရသည်။

တစ်သက်လုံး ရိုးသားကြိုးစားသော အဖေက ဥတစ်လုံး တစ်ကောင်ကြွက် အမေ့ကို သိပ်ချစ်သလို သားသမီးများအပေါ်တွင်လည်း အလွန်ကြင်နာသည်။ ဒါ့ပြင် လူယုံသတ်၍ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသော စီးပွားရေးအခြေအနေကို ပြန်တည့်မတ်နိုင်ရန် အဖေ အစွမ်းကုန်ကြိုးစားခဲ့သည်။ သို့ပေမယ့် ကံကြမ္မာက အဖေနဲ့အမေ့ကို မျက်နှာသာမပေးခဲ့ဘဲ ညီမအထွေးဆုံးလေးကို အမေ ကိုယ်ဝန်လွယ်ထားစဉ်တွင် အဖေ ရုတ်တရက်နှလုံးဖောက်၍ ကွယ်လွန်ခဲ့ပြန်သည်။

အဖေ့မျက်နှာ တစ်ရွာထင်၊ အဖေ့အားကိုး၍ နေထိုင်ခဲ့သော အမေ ထိုအချိန်မှစ၍ သားသမီးသုံးယောက်၏ဝန်ကို ထမ်းခဲ့သည်မှာ ယခုဆို ညီလေးညီမအငယ်ဆုံး

ပင် ငါးတန်းတက်နိုင်ခဲ့ပြီဖြစ်သည်။ အစ ပထမ မလုပ်တတ် မကိုင်တတ်ဖြင့် ကုန်ခြောက်ဆိုင်လေးတည်ခဲ့သော အမေသည် ကြွေးပေးပြီး ပြန်မတောင်းတတ်မှုကြောင့် ဆိုင်ပြုတ်ရသည်အထိ ဖြစ်ခဲ့ဖူး။ သို့သော် သားသမီးများ၏ မျက်နှာကြည့်ရုံမျှဖြင့် ခွန်အားသစ်များ ပြန်လည်ဖြစ်စေသည်ဟု အမေ ကြွေးကြော်ခဲ့သည်။ ညိုလေး သတိထားမိသည်မှာ ကုန်ခြောက်ဆိုင် အရင်းပြုတ်ချိန်မှစ၍ အမေ့မျက်နှာတွင် အရယ်အပြုံးများ မတွေ့ရတော့သလို အားနာတတ်သော အရိပ်များလည်း ပျောက်ဆုံးသွားခဲ့သည်။

အသက်သုံးဆယ်စွန်းစွန်းဖြင့် မုဆိုးမဖြစ်ခဲ့ရသော အမေက နဖူးမှချွေး ခြေမကျသည့်တိုင်အောင် အလုပ်ကို ကြိုးစားလုပ်သူ။ အိမ်ဆိုင်ပြုတ်ပြီးသည့်နောက် ယခင်ထက် အနေပိုတည်သလို၊ စည်းကမ်းလည်း ပိုကြီးလာသည်။ လက်ကျန်ငွေစလေး အနည်းငယ်ဖြင့် အလုပ်မျိုးစုံ လှည့်လည်လုပ်ကိုင်ကျွေးမွေးခဲ့ရသော အမေသည် ညိုလေး ဆယ်တန်းတက်မည့်နှစ်တွင် သိသိသာသာ ကျန်းမာရေးချို့ချာခဲ့လေပြီ။ လောကဓံ၏ အထုအထောင်းကို မငြီးမငြူ အမေ မာန်တင်း၍ အံကြိတ်ခံခဲ့သော်လည်း ပင်ပန်းမှု၏ နောက်ဆက်တွဲဒဏ်များက အမေ့ကို စတင်နှိပ်စက်လေပြီ။ မောင်လေးက ပညာရေးထက် အတတ်ပညာပိုင်းဆိုင်ရာကို ပိုအားသန်သည်ဟုဆိုကာ ရှစ်တန်းနှင့် ကျောင်းထွက်၍ ကားဝပ်ရှော့တစ်ခုတွင် အသက်မွေးပညာ သင်ယူနေသည်။ လိမ္မာရေးခြားရှိသော မောင်လေးက မုန့်ဖိုးမျှသာရသော ဝင်ငွေဖြင့် အိမ်ကိုအပူမကပ်ဘဲ ရှိနေသည်ကိုပင် အမေ စိတ်မကောင်းကြီးစွာဖြစ်ရ၏။ အမေ့ကျန်းမာရေးနှင့် ပို၍ကျပ်တည်းလာသော အိမ်အခြေအနေကြောင့် ညီမငယ်ပညာရေးကို ဦးစားပေးကာ ညိုလေး ကျောင်းထွက်ခဲ့ရပြန်သည်။ သားသမီးများအပေါ် တာဝန်ကျေချင်လွန်းသော အမေက ဒါကိုပင် စိတ်ထောင်းကိုယ်ကြေဖြစ်နေပုံရသည်။

ယခုလို ညိုလေးအဖြစ်ကို အမေသိပါလျှင်...ညိုလေး ဆက်မတွေးရဲ။ တစ်ချိန်က ဤအိမ်ကြီးတွင် မလုပ်ချင်ဘဲ လုပ်နေရသည်ဟု ညည်းခဲ့သော အမေ့စကားကို



ညိုလေး ပြန်ကြားယောင်လာသည်။ ဤအိမ်ရှေ့မှ ဖြတ်လျှောက်ခြင်းကိုပင် တူးတူးခါးခါး ဖြစ်ခဲ့သောအမေ့ခံစားချက်ကို တဖြည်းဖြည်း ညိုလေး သဘောပေါက်လာသည်။ အမေသည် လုပ်ခလစာ မြိုးမြိုးမြှက်မြှက်ရသော ဤအိမ်နှင့် မပတ်သက်ချင်ဘဲ ပတ်သက်နေခဲ့ရခြင်းသာဖြစ်မည်။ အမေ့အပေါ်တော့ စိုးစဉ်းမျှ ညိုလေး စိတ်ကွက်မသွားမိခဲ့။ အမေက မသန့်ရှင်းသောငွေနဲ့ ညိုလေးတို့ မောင်နှမတစ်တွေကို ရှင်သန်စေမည့်သူမဟုတ်မှန်း ညိုလေးယုံကြည်သည်။ နှုတ်နည်း၍ အနေတည်သော အမေ့ကို ဤအိမ်ပိုင်ရှင် ကြီးဒေါ်က အလွန်သဘောကျသည်ဖြစ်၍ ထိုမျှလစာပေးထားခြင်းသာဖြစ်မည်။ ဤအိမ်ကြီးသည် ညိုလေးတို့ ကျူးကျော်ရပ်ကွက်၏ တစ်ဖက်တွင်ရှိ၍ လူချမ်းသာများသာ နေထိုင်နိုင်သည့် ခြံဝန်းကျယ်ကြီးများရှိသော အရပ်တွင်တည်ရှိနေသည်။ ခြံပိုင်ရှင်များသည် တစ်ခြံနှင့်တစ်ခြံ ကူးလူးဆက်ဆံခြင်း မရှိကြ။ မည်သူများနေ၍ မည်သည့်လုပ်ငန်းများ လုပ်နေမှန်းပင် မသိနိုင်အောင် ခြံဝန်းများက လုံခြုံကျယ်ဝန်းလှသည်။ ဒါ့ပြင် လုံခြုံရေး စီစီတီဗီကင်မရာများ တပ်ဆင်ထားသောကြောင့် ကိုရီးယားကားများကဲ့သို့ အိမ်ထဲမှလူသည် အိမ်ပြင်မှည့်သည်ကို အထင်အရှား တွေ့မြင်နိုင်သည်။ ကွန်ထရိုးအဖွင့် အပိတ်ဖြင့်သာ ဝင်ထွက်နိုင်သော ခြံဝန်းတံခါးများကြောင့် အိမ်ကြီးကို ပို၍လုံခြုံစေသည်။

ထိုကဲ့သို့ အိမ်ကြီးထဲတွင် မလုံမခြုံဖြစ်

ငွေကြေးချမ်းသာတဲ့ မိန်းမသားတွေအတွက် အလှဆိုတာ ဂုဏ်ယူနိုင်စရာဖြစ်ပေမယ့် အမေတို့လို ချို့တဲ့သူတွေအတွက်တော့ အဲ့ဒါဟာ အန္တရာယ်ကို လက်ကမ်းဖိတ်ခေါ်နေသလိုပါပဲသမီး၊ လူယုတ်မာတွေမှာ ချိုပေါက်မနေတော့...

နေရသည်က ညိုလေး။ ဝင်ချင်တိုင်းဝင်၍ ထွက်ချင်တိုင်းထွက်ခွင့်မသာသော ဤအိမ်ထဲသို့ ညိုလေးက မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ ကိုယ့်သဘောနှင့်ကိုယ် ကျေကျေနပ်နပ်ကြီး ဝင်လာခဲ့မိခြင်း။ ထိုအဖြစ်က ညိုလေးကို အငိုလွယ်၍ အရှိက်ခက်သူ ဖြစ်စေခဲ့ရပြီ။ ကိုယ့်ကိုယ် ကိုယ် နစ်မွန်းမခံလိုသောစိတ်နှင့် အမေ့ကို ဆေးကုသပေးချင်သော ဆန္ဒတို့က လွန်ဆွဲတိုက်ခိုက်နေကြသည်။ ဘာပဲဖြစ်ဖြစ် ညိုလေး မတွေ့မမြင်ဘူးသောလူကိုသာ ဒူးထောက်တောင်းပန်ရန် ဆုံးဖြတ်လိုက်မိသည်။

✦ ✦ ✦ ✦ ✦

ကျားဆိုတာ ဥပုသ်မစောင့်ဘူးသမီး၊ အမေက သမီးတို့ကို ကြိုရာကျပန်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးနေရတဲ့ မုဆိုးမမို့ အမေ့အလှတွေကို အတတ်နိုင်ဆုံး ဖုံးထားနိုင်မှ လုံခြုံမှာသမီးရဲ့၊ တကယ်တော့ ငွေကြေးချမ်းသာတဲ့ မိန်းမသားတွေအတွက် အလှဆိုတာ ဂုဏ်ယူနိုင်စရာဖြစ်ပေမယ့် အမေတို့လို ချို့တဲ့သူတွေအတွက်တော့ အဲ့ဒါဟာ အန္တရာယ်ကို လက်ကမ်းဖိတ်ခေါ်နေသလိုပါပဲသမီး၊ လူယုတ်မာတွေမှာ ချိုပေါက်မနေတော့ အရာရာကို ကြိုတင်ကာကွယ်ထားတတ်မှ တန်ကာကျမယ်၊ အမေလေ အမေ့သားသမီးတွေကို သန့်ရှင်းတဲ့ငွေနဲ့ပဲ ပြုစုစောင့်ရှောက်ပေးချင်လို့ ဒီလိုတမင်နေရတာပါ'' ထိုစကားများက ပြင်ဆင်ခြယ်သမှုကင်းပြီး အဘွားအို့ပေါက်စလိုနေတတ်သော အမေ့ကို ညိုလေးအပြစ်တင်တိုင်း အမေမကြာခဏပြောတတ်သော စကားများဖြစ်၏။

ရိုးသားဖြူစင်သော အမေ့အကြောင်းများကိုပြန်တွေးရင်း အမေ့ကို ညိုလေး စိတ်ဖြင့် တောင်းပန်ကန်တော့နေမိသည်။ အပျိုပိပိ ပြင်ဆင်ခြယ်သ၍ လှပစွာနေလိုချိန်တိုင်း **အမေပြောတဲ့ ''အလှအပဆိုတာ ငွေကြေးမပြည့်စုံသူတွေအဖို့ အန္တရာယ်ကို လက်ကမ်းဖိတ်ခေါ်နေတာမျိုး ဖြစ်တတ်တယ်၊ ကိုယ့်ရဲ့အပြင်အဆင် အခြယ်အသကို အမြဲသတိထားပါသမီး'' ဆိုတဲ့ စကားတွေကို ခုချိန်မှာ ညိုလေး သဘောပေါက်ပါပြီ အမေရယ်။**



အမေ့ကို တမ်းတနေရင်းက ညိုလေး ငယ်စဉ်ကတည်းက အမေနှုတ်တိုက်သင် ပေးထားသော မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါး၊ သရဏဂုံနှင့် ၂၄ ပစ္စည်းပဋ္ဌာန်း အကျဉ်း စသည်တို့ကို အာရုံပြု၍ ပွားများနေရန် ဆင်ခြင်မိသွားသည်။ ဆင်ခြင်မိသည့် အတိုင်း မလွဲမှားစေအောင် ရွတ်ဆိုနေခြင်းဖြင့် လာမည့်ဘေး ပြေးတွေ့နိုင်အောင် စိတ်ကို ပြင်ဆင်ထားလိုက်သည်။ အားကိုးရာအမှန် မြတ်ဗုဒ္ဓကို ရှိခိုးဦးတင်ရင် ဆုတောင်းနေမိသည့်တစ်ခဏ...''ဂလောက်''ဆိုသော အခန်းတံခါးပိတ်သံကို ကြားလိုက်ရသည်။ ချက်ချင်းဆိုသလို အဲယားကွန်းအအေးခန်းထဲတွင်ရှိနေသော ညိုလေး ဆောက်တည်ရာမရ ဖြစ်သွား၏။ တရွေ့ရွေ့လှမ်းလာသော ခြေသံပိုင်ရှင်က ညိုလေးအနားအရောက်တွင်–

''မင်းက အသစ်ဆို''

တည်ငြိမ်သောအသံဖြင့်မေးလာသည်။ 'လာမည့်ဘေး ပြေးတွေ့မည်'ဟု ဆုံးဖြတ်ချက် ချထားသော်လည်း လက်တွေ့မှာမူ ငယ်ရွယ်သူ ညိုလေးနှုတ်က ဘာဆိုဘာမျှ ပြောမထွက်နိုင်ဘဲ မျက်ရည်များသာ တတွေတွေ စီးကျခဲ့ရသည်။ ညိုလေးအဖြစ်ကို ကြည့်ရင်း သူကပြုံးသည်။ ပြီးနောက်–

''သမီးက အသစ်ဆိုရင် ဦးကို သမီးကြောက်စရာမလိုပါဘူး၊ ဦးက သမီးအတွက် ပျော်ရွှင်မှုတွေပေးမယ့်သူပါ''

''ရှင်''

ထင်မှတ်မထားသော အခေါ်အဝေါ်နှင့် တည်ငြိမ်သောအပြောအဆိုများကြောင့် ညိုလေး သူ့ကိုမော့ကြည့်မိသည်။

✦ ✦ ✦ ✦ ✦

"ဦး"၏ အပြောအဆိုတည်ကြည်မှု၊ ကြင်နာနွေးထွေးသော ဆက်ဆံမှုနှင့် ညိုလေးအပေါ် စာနာငဲ့ညှာတတ်မှုများက ညိုလေးဘဝအတွက် ခွန်အားများဖြစ်ခဲ့ရသည်။ မတွေ့ခင်က ရွံရှာမုန်းတီးနေခဲ့မိသော ညိုလေးက...

''အမေ''

''ဟော...သမီးပြန်လာပြီ၊ ဘယ်တွေသွားနေတာလဲ သမီးရယ်၊ အမေစိတ်ပူနေတာ''

''အမေ့အတွက် ငါးဆန်ပြုတ်လေးလုပ်ပေးချင်လို့ စျေးခဏသွားနေတာပါ အမေရဲ့၊ ဒါနဲ့ သမီးစျေးမှာ ဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ အမေ''

ညိုလေး အမေ့ကို မျက်နှာချင်းမဆိုင်ဘဲ ဖြေရင်း မေးပြော ပြောလိုက်သည်။

''ဘယ်သူနဲ့တွေ့လို့တုန်း''

''အမေအလုပ်လုပ်တဲ့အိမ်က သူဌေးမကြီးနဲ့ တွေ့ခဲ့တယ်လေ''

ထိုစကားကိုတော့ အသံမတုန်အောင် ညိုလေး သတိထားပြီး ဖြေလိုက်ရသည်။

''ဟင်...ဟုတ်လား၊ သူက သမီးကို မှတ်မိလို့လား''

''ဘယ်မှတ်မိပါ့မလဲ အမေရဲ့၊ သမီးက စပြီး နှုတ်ဆက်လိုက်တာပါ''

စိုးရိမ်ပူပန်မှုအပြည့်နှင့် လှမ်းကြည့်ရင်း မေးလိုက်သောအမေ့ကို မျက်နှာလွှဲ၍ ညိုလေး ဖြေရပြန်သည်။ ထိုအခါ...

''ဘာလို့များ သွားနှုတ်ဆက်လိုက်ရတာလဲ မိညိုရယ်''

အမေက ညိုလေးကို တစ်စုံတစ်ရာ မကျေနပ်လျှင် 'မိညို'ဟု သုံးတတ်သည်။

''ဩော်...အမေက နေမကောင်းလို့ အလုပ်မသွားနိုင်ဘူး မဟုတ်လား၊ အဲဒါ သူနဲ့တွေ့တုန်း သမီးက အကျိုးအကြောင်းပြောပြပြီး အမေ့အတွက် ခွင့်တောင်းပေးချင်လို့ နှုတ်ဆက်မိတာပါ အမေရဲ့''

အမေ မရိပ်မိအောင် အကြောင်းရင်းကို ခပ်သွက်သွက်ရှင်းပြနေရင်းက ညိုလေး အမေ့ကို မသိမသာအကဲခတ်လိုက်သည်။ အမေ ယုံကြည်ပုံရသည်မို့ ညိုလေးစကားကို ရှေ့ဆက်လိုက်သည်။

''အမေ သိပ်ကံကောင်းတယ်သိလား၊ အမေ့သူဌေးမကြီးက အမေဆေးကုဖို့အတွက် ငွေငါးသောင်းပေးလိုက်တယ်၊ ပြီးတော့ လုပ်အားခ တစ်လစာကိုလည်း ကြိုထုတ်ပေးလိုက်သေးတယ်၊ အဲဒါကိုတော့ အမေ အလုပ်ပြန်ဆင်းနိုင်မှ လစာထဲက ဖြည်းဖြည်းချင်း ပြန်ဖြတ်မယ်ပြောတယ်အမေ''

ထိုစကားကိုတော့ ညိုလေး ဟန်မပျက်ဘဲ ပြောထွက်နိုင်ခဲ့သလို အမေလည်း ခုမှစိတ်အေးသွားပုံဖြင့်–

''မမစိန်ကို ကျေးဇူးတင်လိုက်တာကွယ်''

ဟု တိုးတိုးလေးပြောရှာသည်။ အမေ့ကို ကျောခိုင်းရင်း ညိုလေး မချိပြုံးလေးပြုံးကာ ဆန်ပြုတ်ပြုတ်ရန် ပြင်ဆင်လိုက်သည်။

✦ ✦ ✦ ✦ ✦

အမေ့ကျန်းမာရေးအခြေအနေ တစ်နေ့တခြား တိုးတက်လာခြင်းက ညိုလေးအတွက် အားရစရာဖြစ်ခဲ့ရသည်။ သည်အတောအတွင်း 'ဦး'နှင့် ညိုလေးတို့ တစ်နေ့ထက်တစ်နေ့ ပို၍ရင်းနှီးလာခဲ့သည်။ ခုဆိုလျှင် ထိုအိမ်ကြီးရှိရာသို့ သွားနေရသည်ကိုပင် ညိုလေးအနေဖြင့် ကြောက်ရွံ့မနေတော့ပါ။ မကြောက်ဆို 'ဦး'က အမြဲရှိပေးနေသည်ကိုး။ သူတို့စကားနှင့်ပြောရလျှင် ညိုလေးရဲ့ ပင်တိုင်ဖောက်သည်က 'ဦး'တစ်ယောက်တည်းသာ။ 'ဦး'က ညိုလေးကို တခြားသူလက်ထဲ မထည့်စေရန် အိမ်ကြီးရှင်စိတ်ကြိုက် ပုံအောပေးထားရသည်ဆိုပဲ။ **'ဦး'ကို ညိုလေး သိပ်ကျေးဇူးတင်သည်။ 'ဦး'၏ အပြောအဆိုတည်ကြည်မှု၊ ကြင်နာနွေးထွေးသော ဆက်ဆံမှုနှင့် ညိုလေးအပေါ် စာနာငဲ့ညှာတတ်မှုများက ညိုလေးဘဝအတွက် ခွန်အားများဖြစ်ခဲ့ရသည်။ မတွေ့ခင်က ရွံရှာမုန်းတီးနေခဲ့မိသော ညိုလေးက 'ဦး'ကို ခု သံယောဇဉ်ဖြစ်နေခဲ့ပြီ။**

'ဦး'ကတော့ ညိုလေးခံစားချက်အစစ်တွေကို သိမည်မထင်။ သိအောင်လည်း မကြိုးစား။ သို့မဟုတ် ဘယ်လိုမှ မဖြစ်နိုင်မှန်းသိထား၍ မသိဟန်ဆောင်နေခြင်းလည်း ဖြစ်နိုင်သည်။ ဘာလိုလိုနှင့် ကျန်းမာရေးကောင်းလာပြီဖြစ်သော အမေက မနက်ဖြန်ဆိုလျှင် ထိုအိမ်တွင် အလုပ်ပြန်ဆင်းတော့မည်။ ညိုလေးနှင့် 'ဦး' တွေ့ချိန်မှာလည်း တစ်လစွန်းစွန်းကြာခဲ့ပြီဖြစ်သည်။ သန်းခေါင်ကျော်သည့်တိုင်အောင် အိပ်မပျော်နိုင်ဖြစ်နေသော ညိုလေးက တဲအိမ်လေးထဲကနေ ကောင်းကင်ကျယ်ကြီးကို မော့ကြည့်ရင်းက အတွေးနယ်ချဲ့နေ၏။ ဟိုးဝေးဝေးမှာ တစ်လုံးတည်း ထင်ရှားတောက်ပစွာ လင်းနေသော ရုပ်ကြယ်ကိုတွေ့ရတော့ 'ဦး'အမှတ်နဲ့ ညိုလေး ပြုံးလိုက်မိသည်။ 'ဦး'ကဲ့သို့ လူမျိုးနှင့် ဆုံဆည်းခွင့်ရသောညိုလေး သိပ်ကံကောင်းသည်ဟု တွေးမိသည်။ အမေသာ ညိုလေးလုပ်ရပ်များကိုသိပါက မည်သို့ပြောဆိုမည် မတွေးတတ်။ ထိုအခါ သက်ပြင်းကို အသံမထွက်အောင် မျှင်းမျှင်းလေးချရင်း ညိုလေး မျက်လုံးကိုစုံမှိတ်လိုက်တော့သည်။

✦ ✦ ✦ ✦ ✦

''သမီး...သမီး..ညိုလေး..ထ...ထစမ်းပါအုံး''

ညက အတွေးနယ်ချဲ့ရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားသော ညိုလေးတစ်ယောက် အမေ့ရဲ့ ရေးကြီးသုတ်ပျာခေါ်သံကြားမှ လူးလဲထလိုက်ရ၏။

''ဟင်...ဘာလဲ အမေ...ဘာဖြစ်လို့လဲ''

တချို့လူတွေဟာ ပညာတွေတတ်၊ ပိုက်ဆံတွေလည်း ချမ်းသာပါရဲ့နဲ့ ကိုယ့်အတွက်ပဲ ကိုယ်လုပ်တယ်၊ ကိုယ့်ပတ်ဝန်းကျင်ကို လှည့်မကြည့်တတ်ဘူး၊ ဒီလိုလူမျိုးတွေဟာ ငွေရှိ၊ ပညာတတ်ပေမယ့် တန်ဖိုးမရှိတဲ့သူတွေ...

မျက်စိမျက်နှာပျက်နေသောအမေက–

''မနေ့ညက မမစိန်တို့ အဖမ်းခံလိုက်ရပြီတဲ့ သမီးရဲ့''

''ရှင်''

''ဟုတ်တယ်၊ အမေလည်း ခုပဲ ဈေးထဲက ကြားခဲ့တာ''

ညီလေး ကြားကြားချင်း ခုန်ပေါက်အော်ဟစ်ပစ်ချင်လောက်အောင် ဝမ်းသာသွားသည်။ ကောင်းတယ်။ သိပ်ကောင်းတယ်။ ဒီလိုပဲဖြစ်ရမှာပေါ့။ ချက်ချင်းဆိုသလို 'ဦး'ကို အာရုံထဲမြင်ယောင်လာပြီး ညီလေးပြုံးလိုက်၏။

''.....''

''သနားပါတယ်သမီးရယ်...နော်''

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးနေသော ညီလေးက အမေ့ရဲ့ သနားပါတယ်နော်ဆိုသော အသံကြားမှ သတိပြန်ဝင်သည်။

''အို...အမေကလည်း သူလိုလူကို ဘာသနားစရာလိုလို့လဲ''

''ဟင်...သမီးက သူ ဘာအမှုနဲ့ အဖမ်းခံရတယ်ဆိုတာ သိလို့လား''

အပျော်လွန်ပြီး ညီလေးစကားပြောမှားသွားခြင်းကို သိလိုက်သည့်အတွက် ချက်ချင်းဆိုသလို...

''အမေရယ်...အဖမ်းခံရမှတော့ မကောင်းတာလုပ်လို့ ဖြစ်မှာပေါ့၊ လူကောင်းဆို ဘယ်သူကလာဖမ်းပါ့မလဲ၊ အဲဒါတွေးမိလို့ ပြောမိတာပါ၊ ဒါနဲ့ ဘာအမှုတဲ့လဲ အမေ''

''တိတိကျကျတော့ မသိခဲ့ရသေးပါဘူး၊ ပြည့်တန်ဆာမှုလိုလို၊ လူကုန်ကူးမှုလိုလို၊ အဲဒါမှ ဒုက္ခပါပဲအေ၊ ငါ့နယ့် နေလေးကောင်းလို့ အလုပ်လေးပြန်လုပ်မယ်ကြံကာရှိသေး၊ ခုတော့ အလုပ်ရှင်ပျောက်ကိန်းဆိုက်ပြီ''

အမေကတော့ ညီလေးအဖြစ်တွေကို ဘာမှမသိခဲ့သူပီပီ သူ့အလုပ်အတွက်သာ စိတ်ပူနေသည်။ ထိုအခါ ညီလေးက အမေ့ကို နားလည်စေရန်ရှင်းပြဖို့ ကြိုးစားရသည်။

''လူကုန်ကူးမှုဆိုရင်တော့ အဖမ်းခံရတာတောင် နည်းသေးတယ်အမေရယ်၊ ပြစ်ဒဏ်ကြီးကြီးပါ တစ်ပါတည်းချဖို့ကောင်းတယ်''

''မိညီရယ်...ကိုယ့်အပေါ် ကျေးဇူးရှိသူကို ဘယ်လိုပြောလိုက်တာလဲ''

အမေ့စကားကြောင့် ညီလေး ခပ်မဲ့မဲ့ပြုံးလိုက်၏။ ပြီးမှ–

''ဒီလိုလူမျိုးကို ကျေးဇူးရှင်လို့ သတ်မှတ်မနေပါနဲ့ အမေရယ်၊ လူကုန်ကူးတယ်ဆိုတာ အမေသိအောင်ပြောရရင် သမီးတို့လို အရွယ်မရောက်သေးတဲ့ ငယ်ရွယ်နုနယ်သူတွေ၊ ဘာမှမသိနားမလည်တဲ့ အမေတို့လို တုံးတုံးအအတွေ၊ စာမတတ်၊ ပေမတတ်နဲ့ ဘဝအတွက် ရှင်သန်နေထိုင်ဖို့ ခက်ခဲသူတွေကို အသုံးချပြီး ကိုယ်ကျိုးစီးပွားရှာတာပဲ အမေ၊ ကိုယ်ချင်းစာစိတ် လုံးဝမရှိဘဲ ခေါင်းပုံဖြတ် စီးပွားရှာနည်းတစ်မျိုးပေါ့၊ ဘယ်သူသေသေ၊ ငတေမာပြီးရော ခံယူသူတွေလုပ်တဲ့ အလုပ်ပါ''

''ပြီးတော့ အဲ့လို လူကုန်ကူးခံရသူတွေက တခြားနိုင်ငံတွေကို ရောင်းစားခံရတာမို့ ငယ်ငယ်ရွယ်ရွယ်ဆို သူများအငယ်အနှောင်းဖြစ်ရ၊ ခြေတော်တင်ခံရ၊ ဖျက်ဆီးခံရတာများတယ်၊ တချို့ကတော့ အခိုင်းခံ ပျော်တော်ဆက်မယ်ဘဝနဲ့ မျက်နှာပန်းမလှ ဖြစ်ကြရတာလေ၊ အဲ့လို ဘဝနဲ့ရင်းပြီး မတော်မတရား အခိုင်းခံနေရပေမယ့် လုပ်ခလစာကျတော့ ပေးဆပ်ရတာနဲ့ လုံးဝမတန် ချီးနှိမ်ခံထားရတာ၊ တချို့ဆို အိမ်ကမိဘတွေဆီကို ပြန်ပို့ဖို့နေနေသာသာ သူတို့ကိုယ်တိုင် စားလောက်တယ်ဆိုရုံပဲရတာ၊ လူကုန်ကူးခံရသူတိုင်းလိုလိုက မတန်တဆအခိုင်းခံရတာချည်းပဲ အမေရဲ့''

''အထူးသဖြင့် မိန်းကလေးတွေ လူကုန်ကူးခံရပြီဆိုရင် မိတကွဲ၊ ဖတကွဲဖြစ်ရတဲ့အပြင် ဆွေမဲ့မျိုးမဲ့ အနေအထားမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာအပြည့်နဲ့ ဘဝကို သိမ်သိမ်ငယ်ငယ်နဲ့ နာနာကျင်ကျင် ဖြတ်သန်းကြရတော့တာ၊ တချို့သည်းမခံနိုင်သူတွေဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိတောင် ကြိုးစားတတ်ကြတယ် အမေ၊ သမီးတော့ တွေးကြည့်တာနဲ့တင် ကျောချမ်းမိပါရဲ့၊ ဒါကြောင့် ကိုယ့်လူမျိုးအချင်းချင်း လူကုန်ကူးဖို့ကြိုးစားတဲ့ အသားထဲကလောက်ထွက်သူတွေကို အမေသနားသင့်ရဲ့လား''

''အင်း...ခုလို ငါ့သမီးရှင်းပြတော့လည်း မသနားသင့်မှန်း အမေသိရပါပြီ၊ ဒါနဲ့ ငါ့သမီးကဘယ်ဆိုးလို့လဲ၊ ဆယ်တန်းတောင် မတက်ရသေးဘဲ ဒါတွေကို ဘယ်လိုသိနေတာလဲ၊ ဒီလိုသမီးမျိုးကို ကျောင်းဆက်မထားပေးနိုင်တာ အမေလေ...''

နှုတ်ဖျားမှ ဂုဏ်ယူအပြုံးခွေလျက် ပြောလိုက်သော အမေ့စကားတစ်ပိုင်းတစ်စနှင့် စိတ်မကောင်းခြင်းအရိပ်လက္ခဏာအဖြစ် ချက်ချင်းဝင်တက်လာသော အမေ့မျက်ဝန်းထဲက မျက်ရည်များ။ ထိုအခါ အမေ့စိတ်ကို ခံစားမိသော ညီလေးက...

''အမေရယ်...ဘဝပေးအခြေအနေအရ လတ်တလော အတန်းပညာဆက်မသင်နိုင်တာကို စိတ်ဓာတ်ကျနေမယ့်သူထဲ အမေ့သမီးမပါပါဘူး၊ ပြီးတော့ သမီးက ရပ်ကွက်စာကြည့်တိုက်က စာအုပ်တွေကို အမြဲငှားဖတ်နေတယ်မဟုတ်လား၊ အတန်းပညာတွေနဲ့ပဲ တွက်လို့ရတာမဟုတ်ဘူးတဲ့၊ အဲဒီ

လူဟာ သူ့ပတ်ဝန်းကျင်နဲ့ သူ့ရဲ့အသိုင်းအဝိုင်းပေါ်မှာ ဘယ်လောက်စေတနာထားတယ်၊ ဘယ်လိုလုပ်ဆောင်တယ်ဆိုတာနဲ့ တွက်ရမှာတဲ့လေ''

''တချို့လူတွေဟာ ပညာတွေတတ်၊ ပိုက်ဆံတွေလည်း ချမ်းသာပါရဲ့နဲ့ ကိုယ့်အတွက်ပဲ ကိုယ်လုပ်တယ်၊ ကိုယ့်ပတ်ဝန်းကျင်ကို လှည့်မကြည့်တတ်ဘူး၊ ဒီလိုလူမျိုးတွေဟာ ငွေရှိ၊ ပညာတတ်ပေမယ့် တန်ဖိုးမရှိတဲ့သူတွေလို့ ပြောလို့ရတယ်တဲ့လေ၊ တစ်နည်းပြောရရင် သူတို့ဟာ ပတ်ဝန်းကျင်အတွက် အဆိပ်အတောက်ဖြစ်စေနိုင်တဲ့လူတွေပေါ့ အမေရယ်၊ သေချာတာ အမေ့သမီးက ပတ်ဝန်းကျင်အတွက် အဆိပ်အတောက်ဖြစ်မယ့်သူထဲ မပါစေရဘူးလို့ ပြောရဲတယ် သိလား''

''အမယ်လေး..လေး၊ ငါ့သမီး ညိုလေးက အတန်းပညာ ကိုးတန်းလောက်တတ်ပေလို့ပဲ၊ ဘွဲ့မျှားရရင် ကမ္ဘာပတ်ပြီးတောင် ဟောပြောပို့ချနိုင်မယ်ထင်ပါရဲ့၊ ဒီလောက်တော်တဲ့ အမေ့သမီးကို အမေ မရရအောင် ပညာဆက်သင်ပေးအုံးမှာ၊ ခုလို သမီးဆီက တန်ဖိုးရှိတဲ့စကားတွေကြားရတာ အမေဂုဏ်ယူလိုက်တာ သမီးကြီးရယ်''

အမေက ညိုလေးပြောသမျှ ပြုံးပြုံးကြီးကြည့်ကာ နားထောင်နေရင်းမှ ညိုလေးလက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး ပြောရှာသည်။ အမေ့ကို သဘောပေါက်နားလည်အောင် ရှင်းပြလိုက်နိုင်သဖြင့် ညိုလေး စိတ်ထဲမှာလည်း ပေါ့သွားသည်။

''အမေမြောက်တာနဲ့ သမီး မြောက်တက်ပြီး တဲအမိုးလန်သွားပဲ့မယ် အမေရယ်၊ အဟင်း...ဟင်း''

သားအမိနှစ်ယောက် သဘောကျစွာ လွတ်လွတ်လပ်လပ်ရယ်မောလိုက်ကြသည်။ စိတ်လွတ်ကိုယ်လွတ်ရယ်နေသော အမေ့ကို ကြည့်ပြီး ညိုလေးလည်း ပျော်နေမိ၏။ အမေ့မျက်နှာပေါ်မှာ သည်လိုကြည်နူးပျော်ရွှင်မှုတွေ ပျောက်နေခဲ့တာ ကြာပြီမဟုတ်လား။ တစ်ခုပဲ တောင်းပန်ပါရစေ အမေ။ အမေ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မှာကို မလိုလားသူမို့ တဒင်္ဂ သိမ်ငယ်စွာခံစားခဲ့ရတဲ့ သမီးရဲ့အဖြစ်တချို့ကိုတော့ အမေ မသိအောင် ထိမ်ချန်ထားခွင့်ပြုပါ အမေ။



✦ ✦ ✦ ✦ ✦

အမှန်ဆိုလျှင် လွန်ခဲ့သော တစ်လကျော် ထိုနေ့က ထိတ်လန့်တုန်လှုပ်နေသော ညိုလေးရှိရာ အခန်းထဲသို့ အကြောင်းတိုက်ဆိုင်စွာ ရောက်လာခဲ့သူက **''လူကုန်ကူးမှုကာကွယ်တားဆီးရေး''**အတွက် တာဝန်အရ မြေပြင်ကွင်းဆင်း ထောက်လှမ်းရေးလုပ်ခဲ့ရသူတစ်ဦး။ သို့ကြောင့်သာ ညိုလေးသည် သားကောင်ဘဝမှ လွတ်မြောက်ခွင့်ရခဲ့ခြင်း။ သည့်နောက် ထို'ဦး'က ညိုလေးနှင့်ဇာတ်လမ်းများဆင်၍ ထိုအိမ်ကြီးအတွင်းရှိ မကောင်းသောရာဇဝတ်မှုလုပ်ငန်းများကို အကွက်ကျကျ ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်၏။ သို့ဆိုလျှင် ညိုလေးကို အမေ ဘယ်လို ဝေဖန်သုံးသပ်မှာပါလိမ့်။ မည်သို့ဖြစ်စေ ညိုလေးက ဒေါ်စိန်သန်း၏ သားကောင်မဖြစ်ခဲ့သည့်အပြင် မိန်းကလေးအချို့၏ ဘဝများကိုပါ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နောက်ကွယ်မှ အချိန်မီပူးပေါင်း ပါဝင်ကယ်တင်ခွင့်ရလိုက်ခြင်းကို တစ်ကိုယ်တည်း ဂုဏ်ယူကျေနပ်မဆုံးဖြစ်နေကြောင်း အမေ့ကို အားပါးတရ ပြောလိုက်ချင်ပါတော့သည်။

မြနှင်းဝေအောင်

အင်္ဂြိုလ်ကျွန်း ဒေါက်ပြိန်း

မှန်းကြွယ်သူတို့ ပေါ်ခဲ့ပုံများ....

အသံထက်မြန်သော ဂျက်လေယာဉ် မဟုတ်ပေမယ့် လယ်ကြွက်သည် အသံနှီးပါးတော့ လျင်မြန်၏။

မောင်ဖိုးမှင်သည် မီးကွက်အတွင်း ဝင်လာသော ကြွက်ကြီးကို မှိန်းဖြင့်ဖမ်းထောက်လိုက်သည်။ ကြွက်က အင်မတန်မြန်ပေမယ့် မောင်ဖိုးမှင်ကလည်း လျင်၏။ ထို့ကြောင့် မိလိုက်ခြင်းဖြစ်သည်။

ကြောင်တစ်ကောင်လောက်ကြီးသော ထိုကြွက်၏ အော်သံက စီစီညံသွား၏။ မောင်ဖိုးမှင်မှာ ထောက်အားကိုဖိပေးသည်။



ပိုင်ပိုင်မထိလျှင် လွတ်သွားမည်။ မသေမရှင် ဆွဲယူလျှင် အကိုက်ခံရမည်။ လယ်ကြွက် ကိုက်ခံရသော် သွားပါလေရော တစ်မိုးတွင်း ...။

သို့စဉ် ကြွက်ကြီးတစ်ကောင် မီးကွက်တွင်း ဖြုတ်ခနဲဝင်လာ၏။

''လူလေး...ချ..ချ''

သား တင်မောင်ဝင်းသည် ကြွက်ကြီးကို ဝါးရင်းတုတ်ဖြင့် နှက်၏။

''ဒါတောင် မထိဘူးလားကွ''

မောင်ဖိုးမှင်၏အော်သံနှင့် နောက်ရောက် ကြွက်ကြီး၏အော်သံများ ရောထွေးသွားသည်။

ကြွက်ကြီးမှာ အော်ရင်းဟစ်ရင်းဖြင့် မှိန်းသွားအောက်က ကြွက်ကိုနမ်း၏။ သို့စဉ် တွင် တင်မောင်ဝင်း၏တုတ်ချက် မိသွားသည်။ တစ်ချက်အော်ပြီး ငြိမ်သက်သွား၏။

''လာပြန်ပီဟေ့...ချ..ချ''

ရုတ်တရက် ကြွက်ပေါက်စကလေး တစ်အုပ် ပြေးဝင်လာပြန်သည်။ တင်မောင်ဝင်းက တဖုန်းဖုန်းချ၏။ လွတ်သည်လည်း ရှိ၊ သေသည်လည်းရှိ၏။

ကြွက်ကလေးများသည် ကြွက်မကြီးကို နမ်းကြ၏။ ဖင်ကနမ်း၊ ခေါင်းကနမ်း။ တင်မောင်ဝင်းကလည်း ချသည်။ ကြွက်ကလေးနှစ်ကောင် သေကျန်ခဲ့၏။

''ကော်တာပဲ အဖေရေ့၊ ဒါကြီးက ကြွက်မပဲ''

တင်မောင်ဝင်းက ကြွက်တွေကို ကြိုးဖြင့်သီရင်း ပြော၏။

''ဟာ...ဒီကောင်က အထီးပဲအဖေရ၊ ကြွက်မကြီးအော်သံကြားလို့ သူပြေးလာတာပဲ၊ ဒီကောင်ကလေးတွေက ဒီကြွက်မကြီးရဲ့ ကလေးတွေဗျ၊ သူတို့အမေဆီ ပြေးလာတာ ဖြစ်ရမယ်''

တင်မောင်ဝင်းသည် ကြွက်တွဲကြီးကို တုတ်ဖျားတွင် ချိတ်ထမ်း၏။ တစ်ချီတည်း နှင့် ကြွက်ကြီးနှစ်ကောင်အပြင် ကြွက်ကလေးနှစ်ကောင် အဆစ်ရလိုက်သည်။ ဒါအတွက် အင်မတန်ဝမ်းမြှောက်နေ၏။

မောင်ဖိုးမှင်သည်သားငယ်ကိုမထောက်ခံ။ သို့ရာတွင် ကန့်လည်းမကန့်ကွက်ပေ။

စင်စစ် သူမျက်လုံးသည် သေနေ၏။ ခြေကလှမ်းသည်။ ဘယ်လက်က မီးအုပ်ကို ကိုင်ထားကာ ညာလက်က မှိန်းကိုမြှောက်ထား၏။ သို့သော် သူ၌ စိတ်ဝင်စားသက်မရှိ။ အရုပ်လို လျှောက်နေမိသည်။

မောင်ဖိုးမှင်အား ဖမ်းစားလိုက်သူများမှာ ချက်တဖြုတ် လာရောက်သွားကြသော ကြွက်မိသားစုဖြစ်၏။

''ကြည့်စမ်း၊ သူတို့မှာတော့ တိရစ္ဆာန်သာဆိုတယ်၊ လင်ရယ် မယားရယ်လို့ ကြင်နာရမှန်းသိတယ်၊ အသေခံပီး မေတ္တာတရားကို ပြတယ်၊ ငါတို့လင်မယားမှာတော့ ဘယ်မှာလဲ မေတ္တာ''

''အဖေ ဟိုမှာ...ဟိုမှာ''

တင်မောင်ဝင်းအော်သံကြောင့် မောင်ဖိုးမှင် လန့်သွား၏။

မီးကွက်တွင်းမှ ကြွက်တစ်ကောင် လွတ်သွားသည်။ မီးလိုက်ထိုးရင်း မှိန်းဖြင့် ပြေးစိုက်၏။ မမိ။

''အဖေကလည်းဗျာ၊ မျက်စိက ဒါလောက်ပဲ သေရသလားဗျ၊ ပေး-ကျွန်တော် ထိုးမယ်''

''မဟုတ်တာ မလုပ်ချင်စမ်းပါနဲ့ သားရယ်၊ မှိန်းကို မင်းမနိုင်ပါဘူး''

မောင်ဖိုးမှင်က သားငယ်၏ခေါင်းကို ပွတ်၍ နှစ်သိမ့်ရ၏။

ဒီကောင်မှာ အကောင်ငယ်ပေမယ့် သတ္တိရှိ၏။ ခြောက်နှစ်သားသာဆိုရသည်။ ဖအေကို ပြေးပြေးပြီး ပခုံးချင်းယှဉ်သည်။ အခုပင် သူ မှိန်းကိုင်မည်ဟုဆိုတာကိုကြည့်။

တင်မောင်ဝင်းသည် မောင်ဖိုးမှင်၏ သားသမီးများထဲ၌ အကြီးဆုံးဖြစ်သည်။ ညကြီးမင်းကြီး၌ ဒီလက်တောက်လောက်ဟာကို မြွေတောသို့ မခေါ်သင့်ဟု မောင်ဖိုးမှင် ထင်၏။ သို့ပေမယ့် အဖော်မပါလျှင် မဖြစ်၍ သူကိုပဲသုံးရသည်။ မတတ်နိုင်။

မောင်ဖိုးမှင်တို့ဆီတွင် ယခုအချိန်၌ မိုးမရွာသေး။ ချည်မျှင်ရှည်ဝါတွေ ပွင့်၍ကောင်းဆဲ။ နှမ်းခင်းတွေ မိုးမျှော်တုန်း။ စိုက်ခင်းနှင့် ပျိုးခင်းတွေ အခြောက် ထွန်ထားချိန်။

သည်အချိန်တွင် မောင်ဖိုးမှင်တို့လို မြေယာနေ့စား လုပ်သားတွေ ကြွက်လိုက်ကြ၏။ နေ့တွင် ခွေးအကူနှင့် ကြွက်တွင်းကို တူးသည်။ ညတွင် မီးအုပ်နှင့် မှိန်းနှင့်



လိုက်ထိုးကြ၏။

လယ်ကြွက်သည် ရန်ကုန်ကြွက်လောက် ရှိသည်။ တစ်ကောင်ကို အစိတ်သားထက် မအောက်။ အူအသဲထုတ်ကာ မီးကင်ပြီး အကောင်ကို စျေးတင်ရောင်း၏။ အဆီထုတ်၍လည်း စားဆီနေရာ၌ အစားထိုးနိုင်၏။ ရောင်းချနိုင်၏။

ကြွက်ဖမ်းရာသီတွင် မောင်ဖိုးမှင်တို့လို လက်သေးသမားများပင် တစ်နေ့တစ်နေ့ ကိုးဆယ်၊ တစ်ရာစီသည်။

သို့ရာတွင် ညဥ့်အန္တရာယ်ရှိ၏။ မှိန်းချက်မိသော ကြွက်အော်သံရှိရာသို့ မြွေလာလေ့ရှိသည်။ ထန်းမွေ့ မြက်ရှောနှင့် လင်းမြွေဆိုလျှင်ကား အကြောင်းမဟုတ်၊ ဟင်းပင် ဖြစ်သေး၏။ ကြွက်သံသို့လာသော မြွေမှာ မြွေဟောက်၊ သို့မဟုတ် မြွေပွေး။

လက်တစ်ဖက်က မီးခွက်၊ လက်တစ်ဖက်ဖြင့် ကြွက်ကို မှိန်းထောက်ထားစဉ် မြွေရောက်လာလျှင် တစ်ယောက်တည်းသမားသည် ထွက်ပြေးရုံသာရှိ၏။ သို့မဟုတ်လျှင် မတော်တဆ အကိုက်ခံရမည်။

သို့ကြောင့် မောင်ဖိုးမှင်သည် လူပိုခေါ်ရ၏။ မသုံးလောက် မစားလောက် ဤလက်တောက်လောက် ကောင်လေးသည် မြွေကိုရိုက်၏။ ကြွက်သေကိုလည်း ထမ်းနိုင်သေး၏။

ယခု သည်အကူကောင်လေးက မှိန်းကိုင်မည်ဟု တက်ကျယ်သည်။ အဖေ မျက်စိသေသည်ဟု ကြိမ်း၏။

ငါအဖေကို ကြိမ်းရပါမို့လားဟု မောင်ဖိုးမှင် စိတ်မဆိုး။ လူရည်လည်သည်ဟု ဝမ်းသာ၏။ လူဟုတ်ပဲဟု ကျေနပ်၏။ သို့ ကျေနပ်သလို မောင်ဖိုးမှင် တစ်ဆိတ်ဝမ်းနည်းရပြန်သည်။

''ကြွက်ကလေးတွေနဲ့ ကြွက်မကြီးတောင် ချစ်ကြ ခင်ကြတယ်၊ ငါ့သားလေးနဲ့ ငါ့သမီးလေးတွေမှာတော့...''

မောင်ဖိုးမှင်၏စိတ်မှာ လေးလံထုံထိုင်းတော့သည်။ ဝမ်းနည်းညှိုးငယ်ရသည်။

သူသည် မီးရောင်ထိုးကျရာ မြေပြင်ကို မမြင်။ ကိုယ်နှင့် ဇနီး။ ဇနီးနှင့် ကလေးတွေ၏ ဖြစ်ပုံ၊ လုပ်ကိုင်ဆက်ဆံပုံကိုသာ ကြားယောင်မြင်ယောင်ရင်း နာကျင်လာ၏။

(၂)

ဝေးဝေးမဟုတ်။ ညနေတုန်းကဖြစ်ပုံ ပူပူနွေးနွေး။

ညနေက မောင်ဖိုးမှင် ဝါခင်းဆေးပက်အငှားလိုက်ရာ မောမောနှင့်ပြန်လာပြီး ''ငွေတင်ရေ–ကျက်ပီလားဟေ့''ဟု အိမ်ပေါ်တက်တက်ချင်း မေးမိသည်။

''ဟိုမြွေပွေးကိုက်ကို ဆန်ဝယ်လွှတ်လိုက်တာ ခုထိမပြန်လာသေးဘူး၊ ကျက်ပါလိမ့်မယ် ထမင်းကြီး''

ဇနီးငွေတင်က ကြမ်းပြင်တွင် ကားကားယားယား ထိုင်နေရာက ပြန်ဖြေ၏။ သူလုံချည်ထဲတွင် နို့စို့ကလေးက နို့စို့နေသည်။ နို့ညှာကလေးသည် ငွေတင်၏ဘေးတွင် အိုးဖုတ်အပဲ့တစ်လုံးနှင့် ကစားနေ၏။

မရှိတာသိလျှင် ပို၍ဆာလောင်တတ်တာ လူအကျင့်။ သို့ကြောင့် မောင်ဖိုးမှင် ဆာမွတ်လာသည်။ သို့သော် သူမပြောရဲ။

''ဟိုကောင်မလေးကောကွ၊ မမြင်ပါလား''

မောင်ဖိုးမှင်က မီးဖိုထဲဝင်လာရာက မေးသည်။

''မသိပါဘူး၊ ဘယ်သချိုင်းကုန်းသွားနေသလဲလို့''

မောင်ဖိုးမှင်သည် ညတွင်အသုံးပြုရန် မီးခွက်ကို ရေနံဆီဖြည့်၏။ ထို့နောက် အိုးတွေ ခွက်တွေကို လျှောက်လှန်သည်။

''ခွေးယက်သထက်တောင် ပြောင်သေးသဟ''ဟု စိတ်ထဲကရေရွတ်မိ၏။

ဟင်းအိုးသည် ဘာဟင်းချက်ခဲ့သည် ဆိုတာလဲ သဲလွန်စမရအောင် ပြောင်ရှင်းနေသည်။ ထမင်းအိုးမှာမူ ကော်ကပ်ချင်လို့ တစ်စေ့မရှိ။

မရှိတာသိလျှင် ပို၍ဆာလောင်တတ်တာ လူအကျင့်။ သို့ကြောင့် မောင်ဖိုးမှင် ဆာမွတ်လာသည်။ သို့သော် သူမပြောရဲ။ သံယောင်လိုက်၍ နို့ညှာကောင်မ ကြည်ကြည်ဌေးကထပြီး သူပါစားမည်ပြောမည်။ မစားရလျှင် ငိုမည်။ နောက် ဘီလူးလက်ဝါးနှင့် တွေ့မည်။ ထို့ကြောင့် မောင်ဖိုးမှင် ရေထသောက်ရာ နို့ညှာမအထက်က တင်မေမြင့် အိမ်ပေါ်သို့ အူလျားဖားလျား ပြေးတက်လာတာနှင့် တိုးသည်။

''အဖေ ဘာပါလဲ''

တင်မေမြင့်က မောင်ဖိုးမှင်ကို လာဖက်ကာ မေး၏။

''အလုပ်သွားတာ ဘာပါရမလဲ၊ စောစောကပဲ ကဆစ်သီးတွေ စားထားတယ် မဟုတ်လား၊ ထပ်မမေးနဲ့၊ ပါးကျိုးမယ်''



တင်မေမြင့်သည် မအေကို မျက်စောင်းထိုးကာ ဖအေကို မော့ကြည့်သည်။

''ညကျမှ အဖေ ပြောင်းဖူးချိုးခဲ့ပါ့မယ် မိန်းကလေးရယ်၊ ရော့...ရော့ အရိုးကကိုင်''

ကလေးကျေနပ်စေမည့်စကားကို ရှာဖွေပြောရင်း ရေတစ်မှုတ်လှမ်းပေး၏။

''တမီးချားမယ်၊ ဖေ့-တမီး ကျောင်းဘူး ချားမယ်''

ကြည်ကြည်ဌေးက ထပူသည်။

''ဟာ...စားရမှာပေါ့ သမီးရယ်၊ အဖေ အားကြီး အများကြီးချိုးခဲ့မယ်''

မောင်ဖိုးမှင်က လက်ဟန်ခြေဟန်ဖြင့် ဖြေလိုက်သည်တွင်-

''မစားရဘူး၊ တစ်နေ့လုံး ကာလနာတိုက်နေတာ ဘယ်နှစ်လောရှိပီလဲ''

ဒွေတင်က ဝင်၍ဟန့်တား၏။ ဗိုက်နာနေသောကြောင့် ဖြစ်သည်။

ကြည်ကြည်ဌေး မဲ့သွား၏။

''ဘာမဲ့တာလဲ သေသွားမယ်''

ဒွေတင်က လက်ဝါးဖြင့်ရွယ်ရာ၊ ကြည်ကြည်ဌေးက ဖအေကိုမော့ကြည့်ပြီး ငိုချလိုက်ပါလေတော့သည်။

''ဟဲ့-တိတ်''

ဒွေတင်သည် ပြောပြောဆိုဆို ဆောင့်ဆွဲလိုက်၏။ ကြည်ကြည်ဌေး ထိုင်ကျသွားသည်။

''တိတ်ဆိုနေ''

ကလေးက မတိတ်။

ဒွေတင်က ကလေး၏ကျောကို အွတ်ခနဲ အွတ်ခနဲမြည်အောင် ဆက်၍ထုလိုက်၏။ ကလေး မျက်လုံးပြူးသွားသည်။ အရှိုက်မှားသွားသလား၊ ကြောက်ပြီး တိတ်သွားသလား၊ တိတ်တော့တိတ်သွား၏။

မောင်ဖိုးမှင်သည် စိတ်ပျက်လက်ပျက် ထိုင်မိသည်။ တစ်စက်မျှ သာယာညှင်းပျောင်း မရှိသော မိန်းမ။ ပျူပျူငှာငှာမရှိသော မိန်းမ။ ငါဘယ်လို မျက်စိလယ်ပီး ဒင့်ကိုယူမိပါလိမ့်ဟု တွေး၏။ သက်ပြင်းချမိ၏။

''တစ်ခုခိုင်းလိုက်ရင် မပေါ်လာတော့ဘူး၊ အခုမှ ဘယ်မှာဝင်သေနေလို့ ဒါလောက် ကြာနေရတာလဲဟင်...သေခြင်းဆိုး''

ဆန်ထုပ်ကလေး ခေါင်းပေါ်ရွက်၍ ပြန်လာသော တင်မောင်ဝင်းအား ဒွေတင်က ဆီးကြိုနှုတ်ဆက်လိုက်ခြင်းဖြစ်၏။

''လူတွေကအများကြီ အမေရ၊ တန်းစီနေရတယ်''

တင်မောင်ဝင်းက မီးဖိုထဲဝင်လာကာ ဆန်အိုးကို ဖွင့်သည်။

''များတော့ကော တိုးပါလား၊ ဖြတ်ဝင်ပါလား''

''ဒီလိုလုပ်တာဟာ ယုတ်မာတဲ့လူတွေမှ လုပ်တာအမေရဲ့၊ လူဆိုတာ စည်းကမ်းရှိရမယ်လို့ ဆရာကပြောတယ်''

တင်မောင်ဝင်းက ဒုတိယတန်းသားပီပီ မှတ်သားဖူးသလောက်ဖြင့် ချေပလိုက်၏။

သည်အဖြေက ဒွေတင်ကိုထိခိုက်၏။ သို့သော် သားတော်မောင် လူရည်မွန်ကိုကား ပြန်လည်မချေပ။ ခါးပန်းတွင်ထိုင်နေသော တင်မေမြင့်ကို ''ဟဲ့-ဘယ်လင်ကို မျှော်နေတာလဲ၊ ထမင်းအိုးတည်ပါလား''ဟု လှမ်းပြော၏။

တင်မေမြင့် ဖောင့်ဖောင့်နှင့် မီးဖိုထဲဝင်သွားလျှင် ရင်ခွင်ထဲက ကလေးကို ဖျန်းခနဲမြည်အောင်ရိုက်ပြီး ကြမ်းပေါ်ဆောင့်ချသည်။ ကလေးငိုသံ တစ်အိမ်လုံးလွှမ်းသွား၏။

''လက်တစ်ဖက်က ဆိတ်၊ ပါးစပ်က ကိုက်နဲ့ ကြာရင်အနာဖြစ်တော့မယ်''

လုံချည်ကို ဗရုတ်သုတ်ခဖြန့်ရန်ခါခက်လိုက်ပြီး ရင်လျားကာ ဒွေတင် အိမ်နောက်ဖေးသို့ ဆင်းသွားသည်။ နို့စို့ကလေးသည် ကြမ်းပေါ်လက်ထောက်ကာ ငိုနေ၏။

''သမီး လာလာ၊ အဖေ့ဆီလာဟေ့''

မောင်ဖိုးမှင်သည် စိတ်မချမ်းသာစွာ ထသည်။ လက်ခုပ်တီးကာခေါ်သည်။

ကလေးက လှည့်ကြည့်၏။ မငိုတော့၊ ရှိုက်ရုံသာ ရှိုက်တော့၏။

''ညီမရေး၊ ရာရာ''

ကြည်ကြည်ဌေးက မနိုင်မနင်းချီသည်။

''ပေးပါသမီးရယ်၊ လွတ်ကျသွားပါ့မယ်၊ အမယ်...သမီးကသဘောကျတယ်ဟုတ်လား၊ မမချီတာ သဘောကျတယ်ဟုတ်လား၊ ဟော-ဟော ငိုရီ ငိုရီ ဆန်တစ်ပြည်ဟေ့''

ကလေးကို မောင်ဖိုးမှင်က ညင်သာစွာ ဆွဲယူရင်း မြူ၏။ ကလေးသည် ကြည်ကြည်ဌေးကို ကုတ်ဖဲ့ရင်း ရယ်မြူးသည်။

တစ်ခုခုကိုမျှ သာယာညှင်းပျောင်း မရှိသော မိန်းမ။ ပျူပျူငှာငှာမရှိသော မိန်းမ။ ငါဘယ်လို မျက်စိလယ်ပီး ဒင့်ကိုယူမိပါလိမ့်ဟု တွေး၏....



အလုပ်က ပြန်လာရင် ပင်ပန်းတာကတစ်မျိုး၊ မင်းပါးစပ်က ပေါက်ကရလေးဆယ် ဂွတ်ဖတ်နေတာ တစ်မျိုးနဲ့ ကိုယ်ချင်းစာဖို့ ကောင်းတယ်ကွာ....



မောင်ဖိုးမှင်၏လက်ထဲရောက်လျှင် ကလေး၏ ရယ်မောသံသည် တစ်အိမ်လုံးညံလေ၏။

''နီမယေး''

ကြည်ကြည်ဌေးက မပီမသမြွှသည်။ ကလေးက ရယ်မော၏။ ခုန်၏။ တွန့်ကွေးမြူးတူး၏။

''ဂါလိ ဂါလိ''

ကလေးကို ကလိထိုးသည်။ ကလေးက ကော့ပျံရယ်မောသည်။ မောင်ဖိုးမှင်က လွတ်မကျအောင် ပြီးပြီးကြီးကိုင်ထားသည်။

''ကလေး လွတ်ကျသွားအောင် လုပ်နေတာလား...ဟင်၊ သေတော့မလို့လား''

မိုးချုန်းသလိုအသံကြီးက ရုတ်တရက် ပေါ်လာ၏။ ငွေတင်သည် နောက်ဖေးသို့ ဆင်းသွားရာက ပြန်ရောက်လာခြင်းဖြစ်သည်။ ကြည်ကြည်ဌေးမှာ မဲ့ခွေသွား၏။

''တစ်ခါတည်း အချိန်ရှိသရွေ့ ပြောနေရတာပဲ''

ငွေတင့်မျက်နှာက မှုန်မှိုင်းနေ၏။ ဘာကို အလိုမကျ၍ သည်လောက် ထန်မာန်နေရသနည်း။ နှုတ်ခမ်းက စူနေသည်။ ဘာကြောင့်ရယ်မသိ။

တင်မောင်ဝင်းတို့ မောင်နှမသည် မီးဖိုထဲ၌ အလုပ်ရှုပ်နေကြ၏။ ဟင်းအိုးပြင်သူက ပြင်၊ ငရုတ်သီးထောင်းသူက ထောင်း။

''မင့်မလဲကွာ၊ ငါရောက်ကတည်းက အကောင်းပြောတာ တစ်ခွန်းမှမကြားရသေးဘူး''

မောင်ဖိုးမှင်က ကလေးလှမ်းပေးရင်း ပြောသည်။

''အကောင်းပြောရမလား၊ ဒီတစ်ယောက်က ခုထက်ထိမအိပ်ဘူး၊ ဟို မြန်မြန်သေမယ့် ကောင်မက ဒီမသာမကို စတော့ငို၊ ပီးတော့ ဟိုဟာပူ ဒီဟာပူနဲ့''

''ကလေးပဲကွာ၊ ပူမှာပေါ့''

''အဖေ ထမင်းအိုး ငဲ့ပေးပါအုံး''

တင်မောင်ဝင်းက လှမ်းပြော၏။ မောင်ဖိုးမှင်က မီးဖိုထဲဝင်လာရင်း ''အလုပ်က ပြန်လာရင် ပင်ပန်းတာကတစ်မျိုး၊ မင်းပါးစပ်က ပေါက်ကရလေးဆယ် ရွတ်ဖတ်နေတာ တစ်မျိုးနဲ့ ကိုယ်ချင်းစာဖို့ကောင်းတယ်ကွာ''ဟု ငွေတင်ကြားအောင်ပြောကာ ထမင်းအိုးငဲ့၏။

''သနပ်ခါး ခြေဆုံး ခေါင်းဆုံးလိမ်းပြီး ပြီးပြီးကလေး ကြိုမနေနိုင်ဘူးဟေ့၊ အချော အယဉ် ဒါလောက်ကြိုက်ရင် ဘာပြုလို့ သူဌေး သမီးကို မယူသလဲ''

''သူဌေးသမီးကိုမရလို့ မင်းကိုယူတာပေါ့ကွာ၊ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းရမယ်လို့ ငါမပြောပါဘူး၊ အနည်းဆုံး မရီချင် မပြုံးချင်နေပါ၊ မဆူရင် မမာန်ရင် တော်ပါပြီ''

''ဆူသံ မာန်သံမကြားချင် နားအေးပါးအေးရှိတဲ့ဆီ သချိုင်းကုန်းသွားနေပါလား''

''တယ်...ငါ...''

မောင်ဖိုးမှင် တုပ်လိုက်တော့မည့်တဲတဲဖြစ်သွား၏။ ကလေးတွေကြောင့် သူမတုပ်ဖြစ်။

ထမင်းအိုးကို ခွင်(ဖိုခနောက်)ပေါ် ပြန်တင်ပေးခဲ့သည်။ ခွင်ဘေးမှာ မီးကျီးယက်၍ ကလေးတွေ သူတို့ဘာသာ သူတို့နှပ်ကြလိမ့်မည်။

''ငါ ဘာဖြစ်လဲ၊ ဆဲလိုက်စမ်းပါလား၊ ဘာဖြစ်သွားမယ်ထင်သလဲ''

''အလကား၊ ကလေးတွေလည်း တစ်ခွန်းမှ အကောင်းမပြောဘူး၊ ခမျာများမှာ မျက်နှာငယ်လေးတွေနဲ့ ဘယ်လောက် သနားစရာကောင်းလဲ''

''သနားရင် ရှိခိုးနေ''

''ဘယ်လောက်ပဲ ရိုက်ရိုက် ဒီအမေပဲ ကပ်စရာရှိတယ်၊ ဒီအဖေပဲ ကပ်စရာရှိတဲ့ ကလေးတွေကို ပြောလိုက်ရင် ပိုးစိုးပက်စက်''

''ကျုပ်တို့ ဒီလိုပဲပြောတတ်တယ်''

မောင်ဖိုးမှင် ဆက်မပြောတော့။ လက်က ယားလာသည်။ ရင်ထဲက မခံချိဖြစ်လာ၏။ မကြာမီ ထသတ်ကြရတော့မည်စိုးသဖြင့် အိမ်အောက်သို့ ဆင်းလာသည်။

လဲပြိုနေသော ခြံစောင်းရန်း၊ ခြုတက်နေသော အိမ်တိုင်နှင့် စပါးပုတ်၊ အိုကျနေသော ထရံ၊ ဒါတွေကို လျှောက်လုပ်လိုက်လျှင် ရင်ထဲမှာ သက်သာသွား၏။

အတန်ကြာလျှင် တင်မေမြင့်က''အဖေရေ...ထမင်းစားရအောင်''ဟု ကုန်းအော်သည်။

''သေရာသွားနေတာ မဟုတ်ဘူးဟဲ့၊ ဒါလောက် အော်မနေနဲ့''

သို့သော် မောင်ဖိုးမှင်က မကြားယောင်ပြုကာ ထမင်းဝင်စား၏။ ထမင်းစားပြီးလျှင်ပြီးချင်း သားအဖနှစ်ယောက်သား

ကြွက်ထိုးရန် ထွက်လာခဲ့ကြသည်။

နေဝင်ခဲ့ပေပြီ။

မောင်ဖိုးမှင်သည် လယ်ပြင်ရောက်သည်နှင့် စိတ်လက်ရွှင်လန်းလာ၏။ ကြွက်မြည်သံကြား၍ ကြွက်တစ်ကောင်တလေ ရှိုးခနဲ ရွှတ်ခနဲမြင်ရသော် ငွေတင်ကို မေ့တော့သည်။

(၃)

''ကြွက်ထီးတောင် သေခါနီး သူ့မယားကို လာနမ်းတယ်၊ အားပေးတာ ဖြစ်မှာပဲ၊ ကြွက်ကလေးတွေမှာလည်း မအေကို ခင်လွန်းလို့ တချို့သေကြရရှာတယ်၊ တို့လင်မယားတွေမှာတော့...''

မောင်ဖိုးမှင်မှာ ဝမ်းနည်းလာသည်။

''အဖေကလည်း မီးကို ဘယ်ထိုးတာလဲဗျ၊ ရှေ့ကိုထိုးပါ''

တင်မောင်ဝင်းက သတိပေး၏။

''အေးပါကွာ...အဖေက ဟိုဟိုသည်သည် ကြည့်တာပါ''

မောင်ဖိုးမှင်က ရောထိုင်ရင်း မီးရောင် တည့်တည့် ထိုး၏။

ထယ်ခဲများသည် ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ မလှမ်းမကမ်းမှ ထယ်ခဲတို့၏အရိပ်သည် ရှည်လျား၏။ ကြွက်များသည် လှစ်ခနဲ လှစ်ခနဲ မီးရောင်ထဲ ဝင်လာကြသည်။

''ဟိုမှာ အဖေ...ဟိုမှာ''

မောင်ဖိုးမှင် လှမ်းထိုး၏။

''ဟိုမှာတစ်ကောင်''

လွဲသွားသော မှိန်း ပြန်နှုတ်ဆဲ၍ တင်မောင်ဝင်းက အော်သည်။ မှိန်းချက်ကား မမိပေ။

''ဟာ...ဟာ...ဒီမှာ တစ်ကောင်''

တင်မောင်ဝင်းသည် ဖအေကို အားမကိုး၊ သူဘာသာသူ တုတ်ဖြင့်လိုက်ရိုက်၏။ မှိန်းသမား မရပေမယ့် တုတ်သမားက တစ်ကောင်ရပြီ။

''အဖေကလဲဗျာ''

တင်မောင်ဝင်း အားမလိုအားမရ ညည်းသည်။

မောင်ဖိုးမှင်မှာ ကလေးပြောလည်း ပြောစရာပင်။

မြေပြင်တွင် ကြွက်ထီးနှင့် ကြွက်မ၊ ကြွက်ကလေးတွေ နမ်းလှုပ်နေကြတာပဲ မြင်နေ၏။ သူတို့တတွေ ချစ်ခင်တာကို အားကျတိုင်း တိုးဆင့်ရင်နာသည်။



မောင်ဖိုးမှင် လန့်ခုန်၏။ မြွေက မောင်ဖိုးမှင်၏ခြေတွင် ငြိပါလာပြီး လျှောကျသွားသည်။ တင်မောင်ဝင်းက မြွေကိုရိုက်သတ်၍ မောင်ဖိုးမှင်ထိုင်သည့်ဘေး ပြေးထိုင်၏။

''အဖေ ဘယ်နာသွားလဲ''

ခြေချင်းဝတ်တွင် အစွယ်ရာမှ သွေးစို့နေ၏။

''မနာဘူးကွ''

''မနာပေမယ့် ပြန်ရအောင်ဗျာ''

''ခဏနေပါအုံးကွာ''

မောင်ဖိုးမှင်က အေးဆေးစွာဖြေသည်။ မိုန်းကိုယူ၍ အသွားကို လုံချည်ဖြင့် သုတ်၏။ မြေတွင် စိုက်ရလွန်းသဖြင့် ပြောင်လက်ချွန်မြ နေသည်။

အမြှေဆုံး အချောင်းထိပ်ကို မီးခွက်တွင် မြှိုက်၏။ နောက် မိုန်းသွား အေးသလောက်ရိုလျှင် မြွေစွယ်ရာကို ခြစ်သည်။ သွေးကို ညှစ်ထုတ်၏။

''ကျွန်တော် စုပ်ပေးမယ်အဖေ''

''မလုပ်နဲ့၊ မင်းပါးစပ်မှာ 'ပသက်' ပေါက်တယ် မဟုတ်လား လူလေးရဲ့''

မောင်ဖိုးမှင်မှာ ပြောပြောဆိုဆို ထန်းပင်ပေါက်ကလေးမှ အကြောခွာ၍ ခြေသလုံးတွင် စည်း၏။

''ကဲ···သွားကြစို့ဟေ့''

သားအဖနှစ်ယောက် ရွာသို့ သုတ်ခြေတင်ခဲ့ကြသည်။ ကြွက်တွဲကိုထမ်း၍ မောင်ဖိုးမှင်က နောက်မှ မီးခွက်နှင့် တုတ်ကိုင်၍ တင်မောင်ဝင်းက ရှေ့မှ။

''အဖေ ဘယ့်နယ်နေသလဲဟင်''

တင်မောင်ဝင်းသည် မကြာခဏ လှည့်၍မေးသည်။

''ဘယ့်နယ်မှမနေဘူး လူလေး၊ မင်းသာ လမ်းကိုကြည့်သွား''

သားမေးတိုင်း မောင်ဖိုးမှင်က ကျေနပ်စွာဖြေ၏။

သည်သားနှင့်အတူ လူမမယ် သမီးကလေးတွေကလည်း ကိုယ့်ကိုချစ်ကြသည်။ ဒီကောင်ကြီးက ကြင်နာတတ်၏။

သို့သော် နှုတ်အာကြမ်းထော်သော မယား ငွေတင့်မျက်နှာ ပြေးမြင်သည့်ခဏ ဝယ်၊ သေရမှာ မပူပန်ချင်တော့။ မြွေကိုက်ခံရသည့် ဝေဒနာဖြင့် သေပါစေတော့ ဆုတောင်းချင်သည်။

သို့သော် အရွယ်နှင့်မလိုက် သိတတ်သော သည်သားနှင့် လိမ္မာသော သမီးလေးတွေကိုခွဲ၍ သွားရမည်ကိုမူကား မောင်ဖိုးမှင် မလိုလား။ တွေးရုံနှင့် ရင်တွင်းစူးကျင်၏။

မောင်ဖိုးမှင်၏ ရင်တွင်းမှာ မီးတစ်လှည့်၊ ရေတစ်လှည့်၊ လွန်ဆွဲနေသည်။ နာကျည်းခြင်းနှင့် တွယ်တာခြင်းတို့ အရှုံးအနိုင် မပေါ်မီ ရွာသို့ရောက်ကြလေ၏။

''ဟေ့ကောင်တွေ ပြန်လာတာ စောလှချည့်လား''

ရွာသားတစ်ယောက်က ဆီးမေးသည်။

''အေးကွာ···ဆေးမှူး ဘယ်သွားတယ် ကြားလဲဟေ့''

နှုတ်အာကြမ်းထော်သော မယား ငွေတင့်မျက်နှာ ပြေးမြင်သည့်ခဏဝယ်၊ သေရမှာ မပူပန်ချင်တော့။ မြွေကိုက်ခံရသည့် ဝေဒနာဖြင့် သေပါစေတော့ ဆုတောင်းချင်သည်။



''ရှိတယ်၊ ရှိတယ်၊ ငါအခုပဲ မြင်ခဲ့တယ်''

''ကဲ···လူလေး၊ အိမ်ကိုသွား၊ အဖေ ဆေးမှူးဆီ သွားမယ်''

မောင်ဖိုးမှင်က တင်မောင်ဝင်းအား အိမ်ပြန်ခိုင်းပြီး သူက ဆေးမှူးအိမ်သို့ ပြေးလေ၏။

''ဗျို့···ဆေးမှူးရှိလား၊ ကျုပ်-မြွေကိုက်လိုက်လို့ဗျို့''

မောင်ဖိုးမှင်က လမ်းမမှ လှမ်းအော်ရင်း ပြေးဝင်လာသည်။

ဆေးမှူးနှင့် စကားဝိုင်းဖွဲ့နေသူများသည် မောင်ဖိုးမှင်အား အထိတ်တလန့် ကြည့်ကြ၏။

''ဟ···ပိုးထိတယ် လုပ်ပါဟ''

''ဘယ်က ထိလာတာလဲ''

တစ်ယောက်တစ်ခွန်း မေးတာကို မောင်ဖိုးမှင် ပြန်ဖြေနေစဉ် ဆေးမှူးက ''လာ-လာ၊ ဒီမှာထိုင်''ဆိုကာ မောင်ဖိုးမှင် ပြသော နေရာကို စစ်ဆေးသည်။

''ခင်ဗျားလုပ်လာတာ သိပ်ကောင်းတယ်ဗျို့၊ ခင်ဗျား မသေနိုင်ပါဘူး၊ ဟဲ-ဟဲ''

''သေလည်း ဝမ်းမနည်းပါဘူးဗျာ၊ ဒီမိန်းမနဲ့ဝေးတာပေါ့၊ အေးတောင်အေးသေး''

အကြောင်းသိများဖြစ်သဖြင့် ဆေးမှူးနှင့် ရွာသားများက ရယ်မောလိုက်ကြသည်။

''ကိုဖိုးမှင်၊ ကိုဖိုးမှင်၊ တော့်ကို ပိုးထိလာလို့ဆို၊ ဘယ်မှာလဲဟင်၊ ဘယ့်နယ်နေလဲ၊ အမလေး ဆရာဝန်ကြီး လုပ်ပါ၊ ကျုပ်ယောကျ်ားကို ကုပေးပါ''

အိမ်ရှေ့မှာတင် အော်ဟစ်လာပြီး၊ ဆေးမှူးဘေးသို့ ရောက်သည်အထိ အမျှင်မပြတ် အမောတကြီး ပြောနေသူမှာ ကလေးတွေတထွေးကြီးဖြင့် ပြေးလာသော ငွေတင်ဖြစ်၏။ ငွေတင်သည် မောင်ဖိုးမှင်၏ နဖူးကိုစမ်းသည်။ ပခုံးကိုကိုင်သည်။

''ကိုဖိုးမှင်···ဘယ့်နယ်နေလဲဟင်''

''နေကောင်းပါတယ်ဟာ၊ ဟဲ့-သမီးဝိုက်နာတယ်ဆိုပီး ဘာတွေစားလာပြန်တာတုံး''

ကြည်ကြည်ဌေးအား လှမ်းမေးလိုက်သော မောင်ဖိုးမှင်၏အသံမှာ သေရမည်ကို ကြောက်နေပြီဖြစ်သော အသံပေတည်း။ ။

ဆင်ဖြူကျွန်း-အောင်သိန်း

ကြော်ငြာများ ပိတ်ခါခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြန်မာစာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြန်မာအသိုးသိုးသို့ ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-0973091587, 09420170940